
www.burmeseclassic.com

ပုညခင်စာအုပ်တိုက်

# ပုညခင်

အဝေးချစ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခြင်း - ၂၀၁၄ ခုနှစ်၊ မတ်လ
ပထမအကြိမ်
မျက်နှာဖုံးဒီဇိုင်း - L လင်း
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၅၀၀ ကျပ်
ထုတ်ဝေသူ - ဒေါ်သင်းသင်းမာ
ပုညခင်စာပေ၊ (မြဲ - ၀၄၅၅၈)
တိုက် (၆၁)၊ အခန်း (၁၁)
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။
အတွင်းပုံနှိပ် - ဒေါ်နီနီနိုင် (၀၇၁၃၅)
သီရိမေရောင်ပုံနှိပ်တိုက်၊
အမှတ်(၁၅)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်
မျက်နှာဖုံးပုံနှိပ် - ဦးမြသိန်း
(သိန်းမြင့်ဝင်း ပုံနှိပ်တိုက်)
အမှတ် (၉၆)၊ (၁၁) လမ်း၊ ရန်ကုန်။
ဖြန့်ချိရေး - ပုညခင် စာအုပ်တိုက်

၈၉၅.၈၃
ပုညခင်
အဝေးချစ်/ပုညခင်၊ - ရန်ကုန်။
ပုညခင်စာအုပ်တိုက်၊ ၂၀၁၃။
၃၃၆ - စာ၊ ၁၈ x ၁၂ စင်တီ။
(၁) အဝေးချစ်

ပုညခင် စာအုပ်တိုက်

# ပုညခင်

## အဝေးချစ်

www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"ဟဲ့ ... တေးသီသူ ..."

"ရှင် ... မမေ"

"ညည်း ရည်းစားနဲ့ ညည်း အသက် ဘယ်လောက်ကွာတယ်"

"လေးနှစ် မမေ ... လေးနှစ်"

ဘောလုံးပွဲလာနေသည့် တီဗီဆီက အကြည့်မခွာဘဲ ဘေးရဲ့ လက်လေးချောင်း နောက်ပြန်ထောင်ပြလိုက်ပုံကြောင့် ခေါ်သူသူလင်းက မျက်မှောင်ကြုတ်သွားကာ ...

"ဟင် ... ဟိုတစ်နေ့က ညည်းပြောတော့ သုံးနှစ်ဆို ..."

"ဟင် ... ပြောမိလို့လား၊ မပြောမိပါဘူး၊ ဟာ ... ဒိုလေး ကတော့ကွာ၊ ဟာ ... ဟာ ... ဟာ ... ဂိုး၊ ဟား ... ဟား ဂိုးပြီကွ ... ဂိုးပြီ ..."

"ဟဲ့ ... အမလေး ... နားကို အူသွားတာပဲဟယ်၊ ကြီး မငယ်နဲ့ အော်ဟစ်မနေစမ်းပါနဲ့၊ ငါ့နှယ် ... သမီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် မွေးထားတာ ဒီအရွယ်ပဲရောက်နေပြီ၊ ခုထိ သူငယ်နာ မစင်သေးတော့ ခက်တာပဲ"

"ဟား ... ဟား ... ဂိုးပြီ မေမေ ... ဂိုးပြီ၊ သမီးရဲ့ ဒီလေးသွင်းလိုက်တာ ဂိုးသွားပြီ၊ ဂိုး ... ဂိုး ... ဂိုး ... ဟာလေဟာလေးဟာလေး၊ ဂိုး ... ဂိုး ... ဂိုး ... ဟာလေဟာလေးဟာလေး၊ ဂိုးသွင်းကောင်းတယ်၊ ဂိုးသွင်းကောင်းတဲ့ တို့ကိုကိုပါ၊ ဂိုး ... ဂိုး ... ဂိုး"

"ဟဲ့ ... ဟဲ့ ... ဩော် ... တေးသီသူရယ် ... ဖယ်စမ်းပါ၊ ဘာလုပ်တာလဲ ... ငါ မောတယ်ဟဲ့၊ လွှတ် ... လွှတ်စမ်း"

တီဗီရှေ့မှာ ဘောလုံးပွဲကြည့်နေသော သမီးဖြစ်သူ တေးသီသူဟာ သူ့ စီရော်နယ်ဒိုလည်း ဂိုးသွင်းရော ဝုန်းဆို ခုန် ထ၊ လက်သီးလက်မောင်းတန်းကာ ဘဝင်ညံအောင် အော်ရုံနဲ့ အားမရသေးဘဲ အမေဆီ ပြေးလာကာ အမေ့လက်နှစ်ဖက်ကို ဆွဲမြှောက်၍ ကလည်း က၊ သီချင်းတွေလည်း ဆို ...။

ဒေါ်သူသူလင်းမှာ နားတွေလည်းအူ၊ ခေါင်းတွေလည်း မူးလာကာ သမီးလက်ထဲက လွတ်အောင် ရုန်းကန်ရင်း တဟဲ့ဟဲ့ အော်ဟစ်နေရသည်။ ဒီသမီးတစ်ယောက်နဲ့တော့ ရူးတော့မှာပင် ...။

"ဖယ်စမ်းပါဟဲ့ ... အမလေး သေချင်တော့တာပါပဲ"

ဒေါ်သူသူလင်းက ကိုယ့်လက်ကို ဆောင့်ကာ ရုန်းထွက်လိုက်ပြီး တလှပ်လှပ် တုန်နေသော ရင်ဘတ်ကို ဖိထားရသည်။ သူက ဒီအမေရဲ့ လက်ကိုဆွဲပြီး လှည့်ပတ်ကခုန်ချင်နေ





တာလေ ...။ သူကသလိုသာ လိုက်ကနေရရင် အမောဆို့ သေလေား မပြောနိုင် ...။

"ဂိုး ... ဂိုး ... ဂိုး ... ဟာလေဟာလေးဟာလေး ..."

တေးသီသူက လက်ကိုမြှောက်ကာ တင်ကိုယမ်းကာ ဆက်ကနေတုန်းမှာ ...

"တီတီတေး ..."

"ဟဲ့ ... ပလုတ်တုတ် ... ကလူ ... ကလူ ..."

နောက်ထပ် ပေါ်လာသော အသံတစ်သံကြောင့် ဒေါ်သူသူလင်းမှာ နောက်တစ်ကြိမ် ရင်တုန်လန့်ဖျပ်ရပြန်သည်။ ကိုယ့်သမီး တေးသီကို စိတ်မရှည်သလို လှမ်းအော်ခေါ်လိုက်သူဟာ ကိုယ့်သမီးကြီး 'ဂီတသူ' က မွေးတဲ့ သမီးကလေး သုသုသော်။ သုသုသော်ဟာ ကိုယ့်မြေး။ တေးသီရဲ့ တူမတော်စပ်သူ။ သုသုသော်ဟာ ခုဆို ၁၆ နှစ် ရှိပြီ။ အဲ့ဒီ ၁၆ နှစ်သမီးနဲ့ တေးသီသူဟာလည်း မျက်နှာကြောသိပ်မတည့်လှ ...။ ၁၆ နှစ်သမီးကို ပြိုင်ဘက်လို ... သူငယ်ချင်းလို ... ရွယ်တူလို သဘောထားချင်တဲ့ ကိုယ့်သမီး တေးသီသူရဲ့ အသက်ဟာ ၃၃ နှစ်။

"ဟဲ့ ... ဘာလဲ၊ နင်က ငါ့ကို ဘာလို့ အော်တာလဲ သော်သော်"

"တီတီတေးက သောင်းကျန်းလွန်းတာကိုး ...၊ တစ်ခါတည်း တစ်အိမ်လုံး သူ့အသံချည်းပဲ၊ ဘောလုံးပွဲကြည့်တာ ငြိမ်ငြိမ်မကြည့်ဘူး၊ ဆူညံနေတာ ကမ္ဘာပျက်တဲ့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပောက် … ပောက် ပောက် … အမလေး မိသော်ရယ် စကားကို ဆင်ဆင်ခြင်ခြင် ပြောမှပေါ့ဟယ်၊ ပါးစပ်ကြီး ပိတ်ပြီး ငူငူကြီးထိုင်ကြည့်နေရအောင် ဒရာမာကားကြည့် နေတာမှ မဟုတ်ဘဲဟဲ့ …၊ ဘယ်ဘောလုံးပွဲကြည့်တဲ့သူက ပါးစပ်ပိတ်နေလဲ၊ သူ့ဘောလုံးပွဲ မကြိုက်တိုင်း မစာမနာ …"

"တီတီလေးက လွှန်လွှန်းတာကိုး၊ တစ်ယောက် အားက လူတစ်သောင်းအားနဲ့ ညီတယ်ဆိုတာ တီတီတေးလိုလူမျိုး၊ သူတစ်ယောက်တည်း အိမ်မှာရှိတာ ဘောလုံးကွင်းထဲက လူအကုန် အိမ်ထဲရောက်နေသလိုပဲ …၊ ဂိုးပြီဆိုလည်း အိမ်မှာရှိရှိသမျှ လူအကုန် လိပ်ပြာလွှင့်အောင် အော်တယ်၊ အိပ်နေတဲ့လူတိုင်း လန့်နိုးတယ်၊ အိမ်သာတက်နေတဲ့သူတိုင်း လန့်ဖျပ် ဝမ်းချုပ်သွားမယ့် အသံ မျိုးနဲ့ …"

"ဟဲ့ … နင် ဘောလုံးပွဲမကြိုက်တိုင်း ငါ့ကို လာအပြစ်တင်ရှုံ့ချ ဆန္ဒပြမနေစမ်းနဲ့ … မိသော်"

"ကြိုက်စရာလား၊ ဒီအလုံးလေးတစ်လုံးကို လူတွေအများကြီး လုကန်နေတာ၊ ပျင်းစရာကြီး"

"ဟဲ့ … နင် ဘာပြောလိုက်တယ်၊ ဒီလောက်ကြီးကျယ်တဲ့ ကမ္ဘာကျော်တဲ့ ပေါ်ပြူလာဖြစ်တဲ့ နိုင်ငံကိုယ်စားပြုတဲ့ အမျိုးသား အားကစားတစ်ခုကို သိမ်နုတ်အောင် မပြောနဲ့ ဟဲ့ … ငအမရဲ့"

"မကြိုက်လို့ မကြိုက်ကြောင်း ပြောတာပဲ … ဘာဖြစ်လဲ၊ တီတီတေး အကဲပိုလွန်းတာကို တကယ်ပဲ ကြည့်မရတော့





ဘူး၊ ဘာလဲ … ဒိုလေးဆိုလား၊ ဒိုလေးက ဂိုးသွင်းလို့ ဂိုးသွင်းကောင်းတဲ့ တို့ကိုကို သီချင်းဆိုတယ်လား …၊ ဟား … ဟား … ခိ … ခိ … တို့ကိုကိုလို့ ဆိုရအောင် အဲ့ဒီ စီရော်နယ်ဒိုကဖြင့် တီတီတေး သားလောက်ရှိတာကို …"

"ဘာ … ဘာ … ဘာ … ဟဲ့ … နင် မဟုတ်တာ မပြောနဲ့၊ ငါက သူ့အမေထက် အများကြီးငယ်တယ်ဟဲ့၊ မရဲမောင်လေးတောင် လုပ်လို့ရတဲ့ အရွယ်ဟဲ့၊ ငါ့ရည်းစား တော်လို့ရတဲ့ အရွယ်ဟဲ့ …"

"အပောက် … ပောက် … တီတီတေးလည်း အဲ့ဒါလေးတွေကို စိတ်ကူးယဉ်ရင်း တဖြည်းဖြည်း အပျိုကြီး ဖြစ်လာပြီနော်"

"ဟဲ့ … မိသော် … နင် …"

"တော်ပြီ … တီတီတေး၊ ငြင်းရခုန်ရတာ သော် မောလာပြီ၊ တီတီတေး သိပ်မသောင်းကျန်းပါနဲ့၊ သော် ဂျက်ကီချန်းကား ကြည့်နေတာ အနှောင့်အယှက်ဖြစ်တယ်၊ တကယ်ပဲ ကောင်းကောင်း မကြည့်ရဘူး …"

"ဘာ … ဂျက်ကီချန်း ကြည့်တယ်၊ နင် ဂျက်ကီချန်း ကြိုက်တယ် … ဟုတ်လား"

"ကြိုက်တယ်လေ … ဘာဖြစ်လဲ"

"အပောက် … ပောက် … ပောက် … အဘိုးကြီးပဲ သွားကြိုက်နေ၊ ကြိုက်ပါလား နုနုထွတ်ထွတ် လီမင်ဟိုတို့၊ ရိန်းတို့"

"အဲ့ဒီ ကိုရီးယားမင်းသား နွဲ့နွဲ့ကြီးတွေကို တီတီတေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၊ သော်က ယောက်ျားပီပီသသ ကျားကျားလျားလျား ဆွဲပဲ ကြိုက်တယ်၊ အပျိုကြီးတွေသာ အဲ့ဒီလို ကောင်ချော လေးတွေကို ကြိုက်တာ"

"ငါ့မင်းသားတွေက မနွဲ့ဘူးဟဲ့၊ အပေါ်ယံကြည့်ရင် နုဖတ် နေပေမယ့် အင်္ကျီချွတ်ပြလိုက်ရင် အထဲမှာ ဗလက တွေနေ တာဟဲ့ ..."

"ဟဲ့ ... အမလေး ... အမေရှေ့မှာ ဘာတွေပြောနေကြတာ လဲ၊ တော်ကြစမ်းပါ၊ တေးသီ တော်၊ မိသော်လည်း တော်၊ နင်တို့ တူဝရီးဟာ တွေ့လိုက်ရင် ကြောင်နဲ့ ကြွက်လိုပဲ၊ တေးသီကလည်း ကိုယ့်တူမလေးဆိုပြီး မညှာ၊ မိသော်က လည်း ကိုယ့်အဒေါ်ဆိုပြီး မလေးစား ..."

"လေးစားအောင်မှ မနေဘဲကိုး ..."

"ညှာစရာမှ မကောင်းဘဲကိုး ..."

"ဟဲ့ ... တော်တော့ဆို၊ မိတေးသီ ..."

"ရှင် ... မေမေ"

"လာ ... ဒီရှေ့မှာ ဖင်ငြိမ်ငြိမ်လာထိုင်"

"ဟုတ် ... မေမေ"

တေးသီသူက မေမေ မမြင်အောင် တစ်ဖက်သို့ လှည့်၍ နှာခေါင်းရှုံ့လိုက်ပြီးမှ မေမေ လက်ညှိုးထိုးပြသည့် ခုံမှာ ဝင်ထိုင်လိုက်ပါသည်။

"ဘွားဘွားလင်း ... တီတီတေးရယ် ဟိုဘက်လှည့်ပြီး နှာ ခေါင်းရှုံ့လိုက်တာ သော် မြင်တယ်"





"ကုန်းချော့မ၊ ငါ့ဘာသာ ငါ နှာစေးလို့ နှပ်ချေးရှုံ့တာဟဲ့၊ နင် မယုံရင် ငါ နှပ်ညှစ်ပြရမလား"

"ဟယ် ... ညစ်တီးညစ်ပတ်တွေ မပြောစမ်းပါနဲ့ တေးသီ ရယ်၊ နင်ဟာလေ ဒီကလေးနဲ့ပဲ ရန်ဖက်ဖြစ်နေတာ မရှက် ဘူးလား"

"သူက ကလေးလိုမှ မနေတာ"

"သူက လူကြီးလိုမှ မနေတာ"

"ညည်းက အကြီးပဲ တေးသီရယ်၊ ညည်း မွေးရင် ညည်း သမီးအရွယ်လောက် ရှိတဲ့ ကလေးနဲ့ ရန်ဖက်ဖြစ်စရာလား"

"တေးအရွယ်က သူ့အရွယ်လောက် မွေးထားရအောင် တေးက သူ့အမေလို ငယ်ငယ်ရွယ်ရွယ်နဲ့ ဖလန်းဖလန်း ထပြီး အိမ်ထောင်အစောကြီးပြုမယ့်သူမျိုးမှ မဟုတ်တာ"

"ဟဲ့ ... ကိုယ့်အစ်မကို ဒီလိုပြောရသလား"

"ပြောမှာပဲ ...၊ မမဂီတသူတင် မဟုတ်ပါဘူး၊ ကိုကိုကြီး သီဟသူတို့၊ ကိုကိုလေး ဇေယျသူတို့လည်း ဖလန်း ဖလန်း ထပြီး အိမ်ထောင်အစောကြီး ပြုပြုသွားကြတာ သိပ်မုန်းဖို့ ကောင်းတာပဲ၊ သူတို့က တေးကို တစ်ယောက်တည်း ထား ပစ်ခဲ့ကြတာ၊ တေးတစ်ယောက်တည်း ကျန်ခဲ့ရတာ၊ တေး ကို နည်းနည်းမှ မသနား မစာနာတဲ့ အကြီးမပီသတဲ့ တစ်ကိုယ်ကောင်း သမားကြီးတွေ ..."

ကလေးကြီးလို မျက်နှာစူပုပ်ပုပ်နှင့် အသက်မပြတ်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသော သမီးဖြစ်သူကိုကြည့်ရင်း ဒေါ်သူသူလင်းမှာ ရယ်လည်းရယ်ချင်၊ စိတ်မကောင်းလည်း ဖြစ်၊ တေးကိုလည်း သနားသွားမိပါသည်။

တေးသီသူဟာ အငယ်ဆုံးသမီးလေးမို့ အစ်မတစ်ယောက်နှင့် အစ်ကိုနှစ်ယောက်ရဲ့ ဖူးဖူးမှုတ် အလိုလိုက်ခံရသူကလေး ဖြစ်ခဲ့ပါသည်။

အကြီးဆုံး အစ်မနဲ့ အစ်ကို နှစ်ယောက်က အသက်ချင်း နှစ်နှစ်စီသာ ကွာသဖြင့် ရွယ်တူတွေလို ဖြစ်နေကြကာ တေးကိုတော့ သုံးငယ် ဖေယျသူကို မွေးပြီး ရှစ်နှစ်ကြာမှ မထင်မှတ်ဘဲ ရလာခဲ့တာမို့ တေးဟာ မိသားစုရဲ့ အသည်းတုံးကလေး၊ အဆုတ်လုံးကလေး၊ နှလုံးသည်းပွတ်ကလေး ...။ ထို့ကြောင့် တေးဟာ မိသားစုဝင်တွေကို ချွဲကာ နွဲ့ကာ မိုခိုကာ ပျော်ရွှင်စွာ ကြီးပြင်းလာခဲ့ရသည်။

သို့သော် ... တေး အရွယ်မရောက်ခင်လေးမှာ အကြီးဆုံး သမီး ဂီတသူက အိမ်ထောင်စကျခဲ့ပါသည်။ ဂီတ အိမ်ထောင်ပြုခါနီးတုန်းက တေးဟာ ငိုလိုက်တာများ ကျုံးကျုံးပါအောင်ပင်။ ဂီတသူ အိမ်ထောင်ပြုမည့်သူဟာ စစ်ဗိုလ်တစ်ဦးမို့ ခင်ပွန်းတာဝန်ကျရာ လိုက်ပါရမှာပင်။ ထိုခွဲခွာခြင်းက တေးရဲ့ နှလုံးသားကို စတင်နာကျင်စေခဲ့တာပါ ...။

"အီး ... ဟီး ... ဟီး ... မမဂီတ အရမ်းရက်စက်တယ်၊ တေးကို မသနားဘူး၊ တေးကို မညာဘူး၊ မမဂီတ လူဆိုးကြီး၊ မမဂီတကို ယူမယ့် ငနဲကြီးကလည်း လူဆိုးဗိုလ်ကြီး၊





သူများသားသမီးကို ယူပြီး အဝေးကြီးကို ခွဲထုတ်သွားမယ့် လူကြီး ... အီးဟီးဟီး ... မမဂီတမရှိတော့ တေးကို ဘယ်သူ ငါးအရိုးနွှင်ကျွေးမလဲ၊ တေးဝတ်ဖို့ ဘယ်သူ အင်္ကျီချုပ်ပေးမလဲ၊ တေးနဲ့ ဘယ်သူ ရုပ်ရှင်ကြည့်မလဲ"

အဲ့ဒီတုန်းကများ ကလေးကြီးလို ပြောဆိုအော်ငိုနေသော တေးသီသူရဲ့ ဘေးမှာ မိသားစုအားလုံး ဝိုင်းဝိုင်းထိုင်ကာ တစ်ယောက်တစ်ပေါက် ပြောဆိုနှစ်သိမ့် ချော့မော့ခဲ့ရတာပင် ...။

"ငါကြည့်မယ် ... ငါကြည့်မယ်၊ တေး ဘာကားကြည့်ချင်လဲ ပြော၊ ကိုကိုကြီးရော ကိုကိုလေးရော အတူကြည့်ပေးမယ်၊ ငါးဟင်းချက်ရင်လည်း အရိုးနွှင်ပေးမယ်ကွာ၊ ဖေယျမင်းလည်း တေးနဲ့ အဖော်လုပ်ပေးမယ် မဟုတ်လား ..."

"လုပ်ပေးမှာပေါ့ကွ၊ ဂီတလို အင်္ကျီတော့ ကိုယ်တိုင်ချုပ်မပေးတတ်ပေမယ့် ငါ့မိတ်ဆွေ နာမည်ကြီး ဒီဇိုင်နာဆီမှာ တေး ဝတ်ဖို့ အပ်ပေးမယ်ကွာ၊ လုံးဝ အလန်းကြီး ဖြစ်စေရမယ်ကွာ၊ တေး ပျင်းရင် တေးနဲ့အတူ ချက်စ်ထိုးမယ်ကွာ၊ ခရီးသွားချင်ရင် လိုက်ပို့မယ်ကွာ"

"တွေ့လား ... ညီမလေး၊ အားကိုးရတဲ့ နင့်အစ်ကို နှစ်ယောက်လုံး ရှိပါသေးတယ်ကွ၊ အဲ့ဒီ ဂီတမ မရှိလည်း ဘာဖြစ်လဲ၊ ညီမလေး ဘာဖြစ်ချင်သလဲသာ ပြောလိုက် ... ကိုကိုတို့ အားလုံးလုပ်ပေးမယ်"

"ဟုတ်သားပဲ သမီးလေးရယ် ... သမီးအစ်ကို နှစ်ယောက်စလုံး သမီးနားမှာ ရှိသေးတာပဲ၊ သမီး ဖေဖေလည်း ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ မေမေ တစ်ယောက်လုံးလည်း ရှိတယ်၊ ဘာ၀မ်းနည်းစရာ ရှိလဲ ...”

“မမလည်း တေးဆီ ခဏခဏ ဖုန်းဆက်ပြီး ခဏခဏ ပြန်လာမှာပေါ့ တေးရဲ့၊ တေး လိုက်လည်ချင်လည်း ရတာပဲ၊ နိုင်ငံခြားသွားတာမှ မဟုတ်ဘဲ၊ နိုင်ငံခြားသွားရင်တောင် အချိန်မရွေး Viber နဲ့ဖြစ်ဖြစ်၊ Skype နဲ့ဖြစ်ဖြစ် ပြောဆိုဆက်သွယ်လို့ ရနေတာပဲလေ၊ မမ ညီမလေးအတွက် အင်္ကျီလေးတွေ ချုပ်ပြီး ပို့ပေးမှာပေါ့ ... နော် ... ညီမလေး”

အဲ့ဒီလို အားလုံးက ချော့မော့ဖျောင်းဖျတော့မှ တေးသီသူက သိပ်မသောင်းကျန်းဘဲ ငြိမ်သက်သွားခဲ့တာပါ။ ဂီတသူ ယောကျ်ားယူမယ်ဆိုတာ စသိကတည်းက နေ့ရောညပါ သတိရတိုင်း တရှုံ့ရှုံ့ ထထငိုခဲ့တာမို့ မျက်နှာကလေးလည်း မို့အစ်ဖောင်းကားနီရဲကာ မင်္ဂလာဆောင်နေ့မှာ မျက်ရည်က အသံတိတ် ကျခဲ့သေးတာ။

သူ့အစ်မ ခင်ပွန်းသည်နောက် လိုက်သွားမယ့် နေ့မှာတော့ တစ်နေကုန် အခန်းအောင်းကာ ကျိတ်ငိုနေခဲ့သော တေးဟာ သူ့အစ်မ ကားထွက်သွားတာကို အပေါ်ထပ် သူ့မအခန်းပြတင်းကနေ လှမ်းကြည့်နေရင်း အငိုလွန် သတိလစ်သွားတဲ့အထိ ခံစားချက် ပြင်းထန်ခဲ့သူပါ။

နောက်တော့ အစ်ကိုနှစ်ယောက်နဲ့ တဖြည်းဖြည်း အသားကျ ပျော်ရွှင်လာခဲ့ပြီး ဘာမှမကြာလိုက်ခင်မှာ သီဟသူနဲ့ ဓေယျသူဟာလည်း တစ်ယောက်နဲ့ တစ်ယောက် နှစ်နှစ်စီ ခြား





ကာ အိမ်ထောင်ပြုခဲ့ကြပါသည်။ ခုတော့ သီဟသူက စင်ကာပူမှာ။ ဓေယျသူက သဘော်အရာရှိမို့ ရန်ကုန်မှာ အမြဲမရှိ၊ ရှိလည်း သူ့အိမ်ထောင်နှင့်သူ အိမ်သပ်သပ်ခွဲနေသူ ...။ တေး ဖေဖေက နိုင်ငံ့၀န်ထမ်းမို့ နေပြည်တော်မှာ ...။ ဂီတသူ၏ ခင်ပွန်းက တပ်မတော် နည်းပညာတက္ကသိုလ်မှာ ဆရာမို့ ဂီတသူကလည်း ပြင်ဦးလွင်မှာ အခြေချ ...။

အသီးသီး အိမ်ထောင်ကျသွားချိန်မှာ ဆူညံစည်ကားခဲ့သော တေးတို့အိမ်ကြီးဟာ တိတ်ဆိတ်ခြောက်ကပ်၍ ကျန်ခဲ့ပါသည်။

အစ်ကိုတွေ အိမ်ထောင်ပြုချိန်မှာတော့ တေးက မငိုတော့ပါ။ ခံစားချက် မရှိတဲ့ မျက်နှာအေးစက်စက်နဲ့ ...

“မမဂီတရော ... ကိုကိုကြီးရော ကိုကိုလေးရော သုံးယောက်စလုံးက ပုံပြောကောင်းသူတွေပဲ။ တေးအနားမှာ အမြဲပဲ အဖော်လုပ်ပေးတော့မလို အမြဲ ပုံတွေယုံလောက်အောင် ပြောပြီးမှ တေးကို ကိုယ့်အားကိုယ် မကိုးတတ်အောင်၊ သူများကို မှီခိုတတ်အောင် လုပ်ပစ်ခဲ့ကြတယ်၊ တေးကို ပျော့ညံ့အောင် လုပ်ခဲ့ပြီးမှ အဝေးကို ထွက်သွားကြတယ်”

ဟု အေးစက်စက် ပြောရုံသာ ပြောပြီး ငိုလည်းမငို၊ ရန်လည်းမလုပ်ဘဲ အေးစက်တိတ်ဆိတ်သွားခဲ့တော့တာပင် ...။

တေးရဲ့ အစ်ကိုတွေနှင့် အစ်မမှာလည်း သူတို့ဆင်ခြေလေးတွေနဲ့ သူတို့ပင်။

“တေးရာ ... ငါတို့ဘက်ကလည်း နည်းနည်းတွေးပေးမှပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟား၊ နင်လည်း တစ်နေ့ ချစ်တဲ့သူတွေ့ရင် အိမ်ထောင်ပြုမှာပဲဟာ၊ နင်နဲ့ ငါတို့က ဒီလောက် အသက်တွေကွာနေတာကို၊ နင်ပြုပြီးမှ ငါတို့ပြုရင် ငါတို့လည်း ဟိုင်းပြီ၊ အရွယ်ကောင်းတုန်း အိမ်ထောင်ပြုရတာပါဟာ၊ နားလည်စေးပါတွာ ...”

“အိမ်ထောင်ပြုတာကို တေး ဘာမှမပြောလိုပါဘူး၊ ကိုကိုကြီးတို့က တေးထက်အရင် အိမ်ထောင်ပြုရမှာကို တေးသိသားပဲ၊ ဒါပေမယ့် ကိုကိုကြီးတို့က တစ်သက်လုံးပဲ လူပျိုကြီးလုပ်ပြီး တေးအနားမှာ နေတော့မလိုကြီး ဘာလို့တေးကို ပြောထားလဲ ...၊ တော်ပါပြီ ... ဒီနေ့ကစပြီး တေး ဘယ်သူ့မှ မမှီခိုတော့ဘူး၊ တေး တစ်ယောက်တည်း နေတတ်အောင် နေတော့မယ်၊ မမတို့ ကိုကိုကြီး ကိုကိုလေးတို့ပဲ ကိုယ့်အိမ်ထောင်နဲ့ ကိုယ် ပျော်အောင်သာနေကြ ...”

တေးက အဲဒီလိုမျိုးလေး မာနထားလိုက်ကာ မာကျောကျော ဂျစ်ကန်ကန်လေး ဖြစ်သွားခဲ့တော့တာပင်။ အလိုလိုက်ခံခဲ့ရသော အငယ်ဆုံးသမီးလေး အပျော့အနွဲ့လေး အဖြစ်ကနေ သူ့သဘောသူဆောင် မာရေကျောရေ ကျွတ်ဆတ်ဆတ် ဘုတောတော အမျိုးသမီးအဖြစ်ကို ပြောင်းလဲလာခဲ့သော်လည်း ကလေးဆန်သော အကျင့်ကလေးကတော့ ခုချိန်ထိ ပါလာတုန်းပါ။

ဒီအိမ်ကြီးမှာ တေးသီသူရယ်၊ မေမေ ဒေါ်သူသူလင်းရယ်၊ ခြံစောင့်ကုလားလေး အမီတာရယ်၊ အိမ်မှုကိစ္စတွေ ဦးဆောင်





လုပ်ကိုင်ရသည့် ငယ်မွေးခြံပေါက် မကြူရယ်၊ အိမ်အကူကောင်မလေး အေးမူနဲ့ သန်းသန်းရယ်၊ ဒရိုင်ဘာ ဦးမြမောင်ရယ်၊ နေထိုင်ကြကာ အိမ်ထောင်ဦးစီး ဦးထွန်းသူရကတော့ နေပြည်တော်ကနေ တစ်လတစ်ခါသာ အိမ်ပြန်လာနိုင်တာပင်။

ဒေါ်သူသူလင်းက ဗိုလ်ချုပ်ဈေးမှာ ရွှေဆိုင်ဖွင့်ထားသူမို့ တစ်ပတ်မှာ တစ်ရက်သာ အားတာပင် ...။ တေးသီသူကတော့ မိန်းကလေးတန်မဲ့ ဘာစိတ်ကူးပေါက်တယ်မသိဘဲ သူ့ယောကျ်ားလေး သူငယ်ချင်းတစ်ယောက်၊ မိန်းကလေး သူငယ်ချင်းတစ်ယောက်နှင့် သုံးယောက်အတူ ကားအလှဆင်ပစ္စည်းအရောင်းဆိုင်နှင့် ကားရှိုးရွမ်း ဖွင့်လိုက်ပါသည်။

ဒေါ်သူသူလင်းက တေးလိုသည့် အရင်းအနှီးငွေကို ထုတ်ပေးရုံကလွဲပြီး တေးအလုပ်ထဲကို ဘာမှဝင်မစွက်ဖက်ခဲ့။ ဒီသမီးငယ်ကို ယုံကြည်တာမို့ တေးသဘောနှင့် တေး ... ဘာပဲဆုံးဖြတ် ဆုံးဖြတ် ... ဆုံးဖြတ်ပါစေဟု လွှတ်ထားခဲ့တာပင်။

တေးဟာ ခရီးသွားလည်း ဝါသနာပါလှကာ သူ့သူငယ်ချင်းတွေနဲ့အတူ ကိုယ်တိုင် ကားမောင်းပြီး ခရီး မကြာခဏထွက်လေ့ရှိခဲ့ပါသည်။ ဒေါ်သူသူလင်းက ကိုယ့်သမီးကို ‘အိမ်ကပ်ပါဦးလား’ဟုလည်း မပြောရက်။ အိမ်ကပ်တော့ရော အိမ်မှာ ဘယ်သူရှိတာမှတ်လို့။

ဒီလိုနဲ့ သမီးကြီး ဂီတသူရဲ့ သမီး သုသုသော်လေး ၉ တန်းအောင်လို့ ၁၀ တန်းတက်ရသည့်နှစ်မှာ သမီးကြီးက သူ့ဆော်ကို ရန်ကုန်မှာပဲ ကျောင်းလာတက်စေတာမို့ အိမ်ကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ပြန်လည်စည်ကား ဆူညံလာရပါသည်။ မြေးလေး သော်က အပေါင်းအသင်း များတာမို့ သူ့သူငယ်ချင်း ကောင်မလေးတွေဟာ အိမ်ကို ဝင်ကာထွက်ကာ အတူစု၍ စာကျက်ကြ၊ ခြံထဲမှာ ဆော့ကြနှင့်မို့ ခြောက်ကပ်နေခဲ့သော အိမ်ကြီးဟာ ဒေါ်သူသူလင်းရဲ့ သားသမီးတွေ ငယ်စဉ်တုန်းကလို ပြန်လည်နုပျို လတ်ဆတ်လာပါသည်။

တေးတစ်ယောက် သူ့ဘူမလေးနဲ့ အဖော်ရလေမလားဟု ထင်မိသော အထင်ဟာ တက်တက်စင်အောင် လွဲခဲ့ပါသည်။ တေးဟာ သူ့အစ်ကိုတွေနှင့် အစ်မတွေကို အိမ်ထောင် အပြုစောသူများဟု ယူဆထားခဲ့သူ။ သူ့ကို စောစောစီးစီး မညားမတာ ထားရစ်ခဲ့ကြသူများဟု စိတ်နာနေသူပီပီ ဂီတရဲ့ သမီးလေး သုသုသော်ကို နွေးနွေးထွေးထွေး မဆက်ဆံဘဲ ပြိုင်ဘက်လို ရွယ်တူလို ဆက်ဆံကာ သုသုကို လုံးဝကြည့်မရ၊ ဘုဘောက်ကျ။ သော်ကလည်း သော်ဟု ပြောရမလား မသိ ...။ ခုခေတ်ကလေးတွေများ အရာရာကို စောစောစီးစီး တတ်သိနားလည်ကာ ဆရာကြီး စတိုင်လ် ဖမ်းထားတတ်သူပင်။

တေးဟာ တူမနှင့်လည်း တကျက်ကျက်၊ မရင့်မကျက် နေလာရင်းကပဲ မကြာခင်ကမှ အမေဖြစ်သူကို ခပ်တည်တည်ဖြင့် ဖွင့်ပြောလာပါသည်။

"မေမေ ... တေးမှာ ချစ်သူရှိပြီ၊ တေး သူ့ကိုယူမှာ၊ သူနဲ့ တေး အသက်က နည်းနည်းတော့ ကွာတယ်"

တေး ပြောလိုက်ပုံက သူ့ဟာသူ သေချာနေသော





ပုံစံမျိုး ...။ ရှက်စနိုး မဝံ့မရဲ ပုံစံမျိုးလည်း မရှိ၊ စကားတွေဘာတွေ ပျိုးမနေတော့ဘဲ အမေ့ရှေ့လာထိုင်ကာ ဟောဟောဒိုင်းဒိုင်း ပြောချလိုက်ပုံကြောင့် ဒေါ်သူသူလင်းမှာ အံ့သြမျက်လုံးပြူးကာ သိချင်သည့် အချက်အလက်တွေ စုပြုံလာပါသည်။

"အသက်ကွာတယ်ဆိုတာ ဘယ်လို ကွာတာတုန်း၊ သူက ကြီးတာလား၊ ညည်းက ကြီးတာလား"

"သမီးက နည်းနည်းကြီးတာ"

"နည်းနည်းဆိုတာ ဘယ်လောက်လဲ၊ အတိအကျပြော"

"သုံးနှစ်လောက်ပါ ..."

တေးက အဲဒီလောက်ပဲ ပြောပြထားပြီး ရှေ့ဆက်ဘာမှသေချာမပြောဘဲ အိယောင်ဝါးလုပ်နေသည်။ ဒေါ်သူသူလင်းမှာတော့ ဒီကိစ္စပဲ ခေါင်းထဲရောက်နေကာ ဒီနေ့တော့ မေးကိုမေးတော့မည်ဟု အားခဲထားကာမှ တေး အကြိုက် ဘောလုံးပွဲနဲ့ တည့်တည့် တိုးနေကာ တေးရဲ့ အာရုံက ဘောလုံးပွဲမှာသာ ...။

"ကဲ ... တေး၊ တေးကို မေမေကို မေးစရာတွေရှိတယ်၊ မေမေ ဒီနေ့ ဆိုင်ပိတ်လို့ အားတုန်းလေး မေးရတာ၊ မေမေ သိချင်တာတွေ ငါ့သမီးက တိတိကျကျ ဖြေပါ ..."

"ဟုတ် ... မေမေ၊ ဒါပေမယ့် ဘောလုံးပွဲလေး ပြီးအောင် ကြည့်ချင် ..."

"ဟိုမှာ ညည်း ဘောလုံးပွဲက ပြီးနေပြီ"

"ဟာ ... ပြီးပြီလား၊ ဟဲဟဲ ... ဒါဆို နိုင်ပြီ၊ တေး ပျော်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ၊ မေမေ မေးချင်တာ မေးတော့၊ တေး ပျော်ပျော်ကြီး ဖြေပေးမယ် ...”

“မေမေ မေးချင်တာ ညည်းအချစ်ရေးပဲ သမီး”

“ဟုတ် ... မေမေ၊ မေးပါ၊ တေး ဖြေပါ့မယ်”

“ညည်းအရွယ်နဲ့ ရည်းစားထားတာ အဆန်းတော့မဟုတ်ဘူးပေါ့၊ ဒါပေမယ့် ညည်းက အဲ့ဒီရည်းစားကို ယူမယ်လို့တောင် ဆုံးဖြတ်ထားပြီဆိုတော့ ညည်းချစ်သူအကြောင်းကို မေမေတို့ သေချာသိထားမှ ဖြစ်မှာ ...”

“ဟုတ် ...”

“အင်း ... အသက်ကပဲ စမေးမယ်၊ အသက်က ဘယ်လောက်ရှိတယ် ...”

“ငါးနှစ်ပါ မေမေ ...”

“ဟင် ... မိတေး၊ ညည်းစကားက အမျိုးမျိုးပါလား၊ ဟိုတစ်နေ့က ပြောတော့ သုံးနှစ်ဆို၊ ခုန ဘောလုံးပွဲကြည့်ရင်းလည်း လက်လေးချောင်း ထောင်ပြပြီး လေးနှစ်ဆို၊ အခု ငါးနှစ်ဆိုတော့ ငါက ဘာကိုယုံရမှာလဲ၊ ဘာကအမှန်လဲ”

“ဘာကမှ အမှန်မဟုတ်ဘူး ဘွားဘွားလင်း၊ တီတီတေးက ညာနေတာ၊ သူ့ဘာသာသူ ညာရင်းညာရင်းက ဘယ်တုန်းက ဘယ်သူ့ကို ဘာပြောထားမှန်းမသိဘဲ တလွဲတွေ ဖြစ်နေတာ ...”

“ဟဲ့ ... မိသော် ... နင် ဝင်မပါနဲ့”

သုသုသော်က family room အကျယ်ကြီးရဲ့ ထောင့်





က တီဗီအသေးတစ်လုံးရှေ့မှာ တီဗီကြည့်နေရင်းက လှမ်းပြောလိုက်တာမို့ တေးက ခပ်ဆတ်ဆတ် ဟောက်လိုက်သည်။ အန္တရာယ်မ မိသော်။ ဖော်ကောင်မ မိသော် ...။

“ဘွားဘွား အညာခံနေရမှန်း သိလို့ သော်က ဝင်ပြောရတာ၊ ဟိုတစ်နေ့က တီတေးရဲ့ သူငယ်ချင်းနဲ့ ဖုန်းပြောနေတာ သော် ကြားသားပဲ၊ ငါ့ရည်းစားက ငါ့ထက် ခြောက်နှစ် ငယ်တယ်တဲ့ ...”

“ဘုရားရေ ... ခြောက်နှစ် ... ဟုတ်လား၊ ဒါ ... ဒါကတော့ မဖြစ်ဘူးအေ၊ များတယ်အေ၊ မိန်းကလေးက အဲ့ဒီလောက် ကြီးလို့တော့ မဖြစ်ပါဘူးအေ ...”

“အဲ့ဒါလည်း အမှန်ဟုတ်ချင်မှ ဟုတ်မှာ ဘွားဘွားရဲ့”

“ဟေ ...”

“မနေ့က တီတေး သူ့သူငယ်ချင်း တစ်ယောက်ကို ဖုန်းထဲမှာ ပြောပြနေတာတော့ ခုနစ်နှစ်တဲ့ ...”

“ဘုရား ... ဘုရား၊ ဟဲ့ ... တေး ... ဘယ်ဟာက အမှန်လဲ၊ ငါ့ကို မြန်မြန်ပြောစမ်းပါဟဲ့ ...”

ဒေါ်သူသူလင်းမှာ ရင်တွေတောင် တုန်လာရပါသည်။ ကိုယ့်သမီး အသက်ဟာ သုံးဆယ်စွန်းပြီမို့ ရှယ်တူတွေကြီးတာတွေရဖို့ သိပ်မလွယ်ရင်တောင်မှ အလွန်ဆုံး သုံးနှစ်လောက်ငယ်ရင်လည်း ခွင့်ပြုဖို့ စဉ်းစားထားပြီးသားပါ ...။ တေးအသက် ၃၃ ဆို ယောကျ်ားလေးက ၃၀။ ဒီလောက်ဆိုလည်း ရင့်ကျက်တဲ့ ယောကျ်ားသားတစ်ယောက်တော့ ဖြစ်နိုင်ပြီဟုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူသူလင်းက ကိုယ့်ရှေ့မှာ ထိုင်နေသည့် သမီးဖြစ်သူရဲ့ပုံစံကို သေချာစေ့နကြည့်မိသည်။

တေး ထိုင်နေပုံက ပေါ့ပေါ့ပါးပါးရှိလှသည်။ ဒီကိစ္စကို သိပ်စိုးရိမ်သောက ရောက်မနေတဲ့ပုံမျိုး။ အေးရာအေးကြောင်းပုံစံမျိုး ...။

တေးဟာ နတော့လည်း နပျိုသား။

ဒီလိုနေတတ်တာကြောင့်ပဲ နပျိုနေသလား မသိပါ။

စိတ်ထဲရှိတာဆို ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောချတတ်တဲ့အတွက်ပဲ နလုံးသား ပေါ့ပါးလန်းဆန်းလေသလား။ ဂျစ်ကန်ကန် ဘုဆတ်ဆတ်နဲ့ သူထင်ရာ သူ့စိတ်တိုင်းကျ သူ့သဘောသူဆောင် လုပ်ခွင့်ရနေလို့များ သောကကင်းဝေးလန်းဆန်းသေးတာလား ...။

တေးပုံစံက အရပ်မြင့်မြင့်၊ ကြံ့ကြံ့ခိုင်ခိုင် ပုံစံမျိုး။ ဥပမာပြောရရင် ခပ်ထွားထွား မော်ဒယ်လ်တစ်ယောက်လိုမျိုး ...။ ဘောင်းဘီရှည်ကို အချိန်တော်တော်များများ ဝတ်တတ်ပြီး အပေါ်ဝတ် ကုတ်အင်္ကျီရှည် ခပ်ပါးပါးကို နှစ်သက်လှကာ ကုတ်အင်္ကျီထဲ လက်နှိုက်ပြီး ခြေတံရှည် တလွှားလွှားဖြင့် မိန်းမ မပီမသလမ်းလျှောက်သွားလေ့ရှိသော တေးပုံစံက မိုက်တော့ မိုက်တယ်ဟု ဆိုရလေမလား။

ဆံပင် ထူထူစင်းစင်း နက်နက်ဖြောင့်ဖြောင့်ကို နဖူးအလယ်တည့်တည့် ခွဲချထားကာ ရှေ့နောက်တညီတည်း ရှည်သည့် ဆံပင်ဟာ ကျောပြင်ရဲ့ သုံးပုံတစ်ပုံ အထက်နားထိရှည်လျား





ဆင်းကျ ဝဲဖြာနေတတ်ကာ မျက်နှာရဲ့ တစ်ဖက်တစ်ချက်ကို အုပ်အုပ်သွားရင် တစ်မျိုးကြည့်ကောင်းပြီး ထိုဆံပင်ကို ထိပ်နားမှာစုစည်းထုံးဖွဲ့လိုက်လျှင်လည်း ပြောင်နေသော နဖူးပြင်ကျယ်ကတစ်မျိုး ဟန့်ထည်နေတတ်သည်။ ထိုပုံစံနှင့် နေကာမျက်မှန်အကြီးကြီး တပ်၍ ခြေလှမ်းဖြောင့်ဖြောင့် လှမ်းသွားတတ်သော၊ မျက်နှာထား ခပ်တည်တည်နေတတ်သော တေးပုံစံဟာ ကိုရီးယားဂိုဏ်းစတားမလိုလို စတိုင်လ်မျိုးပေါက်ကာ ထူးခြားထိုးထွင်းလျက် ထက်မြက်သော ပုံစံကလေးက ထင်းနေပါသည်။

ငယ်ငယ်တုန်းကလို အစ်ကို အစ်မတွေကို မှီခိုချွဲနွဲ့တတ်တဲ့ အိညက်ညက်ပုံစံမျိုးကလေးကနေ သူ့ဟာသူ မာန်တင်းပြီး သူ့ပုံစံ သူပြောင်းကာ မာရေကျောရေ နေနေတတ်ပေမယ့်လည်း တေးရဲ့ ပကတိအတွင်းစိတ်ကလေး ပျော့ပျောင်းလှတာကို ဒေါ်သူသူလင်းက အမေမို့ ထိုးထွင်းသိမြင်ပါသည်။

တေးရဲ့ နှုတ်ခမ်းလေးတွေ တင်းတင်းစေ့နေတတ်ပေမယ့်လည်း တေးရဲ့ မျက်လုံးလေးတွေကို သေချာစိုက်ကြည့်ရင် ထိုမျက်ဝန်းထဲက နူးညံ့ပျော့ပျောင်းမှုကို မြင်နိုင်သည်ပင်။

"တေး ... ပြောလေ၊ ဘယ်ဟာအမှန်လဲ၊ ခုနစ်နှစ်လား ..."

"မဟုတ်ပါဘူး မေမေ"

"ဒါဆို ခြောက်နှစ်လား"

"မဟုတ်ပါဘူး"

"ငါးနှစ် ..."

"မဟုတ်ဘူး မေမေ ..."



www.burmeseclassic.com

www.burmeseclassic.com



"လေးနှစ်အေ ..."

"မဟုတ်ပါဘူး"

"ဒါဆို သုံးနှစ်ပေါ့၊ ဟုတ်လား ... သုံးနှစ်ပဲကွာတာပေါ့"

"ဟင့်အင်း ..."

"ဟယ် ... ဒါဆို နှစ်နှစ်လောက်ပဲလား ..."

"ဟင့်အင်း မေမေ ..."

"ဩော် ... ဩော် ... တစ်နှစ်ပဲကွာတယ်ပေါ့၊ အမလေး ဒါဆို တော်သေးတာပေါ့ ..."

"ဒါလည်း မဟုတ်သေးဘူး မေမေ"

"ဩော် ... ဒါဆို ရွယ်တူပဲလား၊ ညည်းထက် မငယ်ဘူးပေါ့ ... ဟုတ်လား"

ဒေါ်သူသူလင်းက ကိုယ်ဖြစ်ချင်တာကိုမဲကာ တစ်နှစ်စီ တစ်နှစ်စီ လျှော့ကာ လျှော့ကာ မေးလာပြီး ခုနစ်နှစ်ရဲ့အထက်ကို တိုးမေးဖို့တော့ မေ့လျော့နေခဲ့တာပင်။

"ဟင်း ... ဟင်း ... တခြားအချက်တွေ ခဏအသာထားလိုက်ဦး၊ ရွယ်တူဆိုရင်ပဲ မဆိုးရဘူးလို့ ဆိုရမှာပေါ့၊ မေမေက သမီးကို ငယ်တာလေးတွေနဲ့ မတွေ့စေချင်တာတော့ အမှန်ပဲ ..."

ဒေါ်သူသူလင်းက ရင်ဘတ်ကို အသာကလေး ဖိ၍ သက်မချဆဲတွင် ...

"ရွယ်တူလည်း မဟုတ်ပါဘူး မေမေ"

"ဒါဆို သမီးထက် ကြီးတယ်ပေါ့၊ ပိုတောင် အဆင်ပြေ





သေးတယ်၊ ယောကျ်ားလေးက ကိုယ့်ထက် တစ်နှစ် နှစ်နှစ် ကြီးတာ အကောင်းဆုံး ..."

"သမီးထက် ရှစ်နှစ် ငယ်တယ် မေမေ ..."

"မြတ်စွာဘုရား ..."

ဒေါ်သူသူလင်းမှာ ဘုရားတလျက် ခဏတိတ်ဆိတ်သွားပါသည်။ မျက်လုံးပြူးကာ တေးကို စိုက်ကြည့်ရင်း ဘာဆက်ပြောလို့ ပြောရမှန်းမသိ ရင်ဝမှာ အလုံးနင်နေသည်။

တေးကတော့ အေးအေးဆေးဆေး။ သူ ဘာမှ ထူးဆန်းတာ မလုပ်ခဲ့သလို မျက်နှာထားရော ကိုယ်နေဟန်ထားပါ သက်သောင့်သက်သာလေး ရှိနေသည်။

ဒေါ်သူသူလင်းက စိတ်တိုတိုနှင့် တေးရဲ့ ပခုံးတစ်ဘက်ကို ဖြန်းခနဲ လှမ်းရိုက်လိုက်ရင်း ...

"ဟဲ့ ... အဲဒီလောက် ငယ်တာကို ကြိုက်စရာလား၊ ကြိုက်စရာလား၊ နင့်မှာ ဦးနှောက်မရှိဘူးလား"

"အား ... မေမေကလည်း နာလိုက်တာ၊ အရမ်းရိုက်တာပဲ"

"ခိ ... ခိ ... ခွိ ... ခွိ ..."

"ဟဲ့ ... မိသော် ... နင်က ဘာရယ်တာလဲ၊ နင်က တစ်မျိုး၊ သွား ... နင့်အခန်းထဲ နင်သွားနေစမ်း မိသော် ..."

"ဟီး ... ဟီး ... ရယ်ချင်လို့ပါ ဘွားဘွားလင်းရဲ့၊ ခွိ ခွိ ..."

"ဟဲ့ ... သွားဆို ... ပြောနေတာကို"

သုသုသော်က ပါးစပ်ပိတ်ကာ တခွိခွိ ရယ်လျက် သားကို လှမ်းကြည့်ရင်း အခန်းထဲမှ ထွက်သွားသည်။ တေးက



www.burmeseclassic.com

www.burmeseclassic.com



သော့်ကို မျက်စောင်းလှည့်ထိုးရင်း ပါးစပ်တလှုပ်လှုပ်ဖြင့် အသံမထွက်ဘဲ ပွစိပွစိ ရေရွတ်ကျန်ခဲ့သည်။

"ဟဲ့ ... အဲ့ဒီပါးစပ် တလှုပ်လှုပ်ကို ရပ်၊ ငါ့ကိုကြည့်၊ ဟင်း ... တူမက သော်ကောင်တာလည်း မပြောနဲ့လေ၊ တူမ အရွယ်သာသာကလေးကို နင်က ရည်းစားတော်ထားတာကိုး၊ ဦးနောက်မှ မရှိဘဲကိုး ..."

"တေး ... ဦးနှောက်ရှိလို့ သူ့အရွယ်ကိုကြိုက်တာပါ မေမေ"

"အံမယ် ... ပြောစမ်းပါဦး အကြောင်းပြချက်ကလေး"

"မေမေပဲ စဉ်းစားကြည့်လေ ... တေးထက် အသက်ကြီးတဲ့သူဆို ဇီဇာကြောင်ကြောင် အတ္တကြီးကြီး လူပျိုကြီးဖြစ်နေပြီ၊ တေး အဲ့ဒီလို လူမျိုးတွေနဲ့ ခဏတစ်ဖြုတ် တွဲသွားတွဲလာ လေ့လာဖူးပါတယ်၊ မမိုက်ပါဘူး ... တေးနဲ့ ရွယ်တူထဲကဆိုလည်း တေး စိတ်တိုင်းမကျတာ များတယ်၊ သူတို့က တေးနဲ့ ရင်ပေါင်တန်းပြီး ပြိုင်ဆိုင်ချင်ကြတာမျိုး၊ အဲဒီလိုလူမျိုးနဲ့ အမြဲ တကျက်ကျက် ဖြစ်နေရမှာ၊ တေးကလည်း ခေါင်းလျှို ပျော့ညံ့ပြချင်တဲ့ မိန်းမမျိုး မဟုတ်ဘူးလေ၊ တေးထက်ငယ်တော့ တေး ပြောစကား နားထောင်မယ်၊ တေးကို လေးစားရိုသေမယ်၊ အဲ့ဒါ မကောင်းဘူးလား"

"အမလေးဟဲ့ ... ငါ့သမီး ဉာဏ်ကြီးရှင်ရယ်၊ ဟိုက ကလေးသာသာဆိုတော့ ညည်းပြောသမျှ ခေါင်းညိတ်ပြီး ညည်းကိုမှီခိုစားနေမှာကျတော့ မမြင်ဘူးလား"





"အို ... မေမေကလည်း ဘယ်က ကလေးဟုတ်ရမှာလဲ၊ အသက်ပဲ အစိတ်ဖြစ်နေပြီ"

"ဟဲ့ ... ညည်းထက်စာရင်တော့ ကလေးပဲဟာ၊ သူ့အရွယ်နဲ့ ညည်းအရွယ်ကို ကြိုက်ထားရင် ညည်းကို မှီခိုမှာပဲ၊ ညည်း ဘောင်းဘီရှည်နား ခိုစားမှာပဲ ..."

"မမှီခိုပါဘူး မေမေရယ်၊ တေး အိုလာရင်တောင် သူ့ကို ပြန်မှီခိုရဦးမှာ၊ သူက သူ့မြို့မှာ သူ့အလုပ်နဲ့သူပါ"

ဒေါ်သူသူလင်းက နောက်တစ်မျိုး ရင်ထိတ်သွားကာ

"သူ့ ... သူ့မြို့မှာဆိုတော့ သူက ဒီရန်ကုန်က မဟုတ်ဘူးလား"

"မဟုတ်ဘူး မေမေ ... ပုပ္ပားက ..."

"မြတ်စွာဘုရား ... ဒါ ... ဒါဆို တောသားပေါ့၊ အံမယ်လေးလေ ... ကိုယ်ကျိုးနည်းပါပြီတော်၊ ညည်း ခြေထောက်မှာ ပန်ကာတပ်ပြီး ခရီးတကာ လည်သွားနေကတည်းက ငါ တားခဲ့ဖို့ကောင်းတာ၊ ဒီအရွယ်မို့ သူ့ကိုယ်သူ ထိန်းတတ်မှာပါလေဆိုပြီး လွှတ်ထားမိတာကိုက ငါ့အမှား၊ ညည်း ခရီးသွားရင်း တွေ့ခဲ့တာ မဟုတ်လား"

ဒေါ်သူသူလင်းမှာ မျက်လုံးမှိတ်ကျ ရင်ဘတ်ဖိရင်း အသက်ရှူရပ်မတတ် ဆို့နင်သွားသည်။ တေးက အနားက ဂျာနယ်စာစောင် ကောက်ယူကာ မေမေ့ကို ယပ်ခပ်ပေးလိုက်ရင်း ...

"မေမေ ပြောသလိုဆို တေးက ခရီးသွားရင်း မဟုတ်တရုတ် ဖြစ်ခဲ့တဲ့အတိုင်းပဲ၊ တေးက သူငယ်ချင်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ခရီးတွေသွားလာတာ ကြာလှပြီ၊ ခုဟာက သူ့ဖူးစာပါလို့ တွေ့လာခဲ့တဲ့ ကိစ္စ ...”

မေးနေသော ဒေါ်သူသူလင်း၏ မျက်လုံးတွေက ဖျတ်ခနဲ ပွင့်လာကာ ...

“ညည်းသာ ကိုယ့်ရန်ကုန်မှာ ကိုယ် ခြေငြိမ်ငြိမ်နေနေရင် ဒီလို တောသားနဲ့ တွေ့စရာအကြောင်းရှိမလား ...၊ ညည်း အဲ့ဒီဘက်ကို ဂဒီး ဂဒီး သွားနေလို့ တွေ့လာတာ မဟုတ်လား ...”

“မေမေရယ် ... ဖူးစာဆိုတာ ဟိုမှာနေမှ ဒီမှာနေမှ မဟုတ်ပါဘူး၊ သူ့ဖူးစာပါလာရင် ကမ္ဘာ့အနောက်ခြမ်းကလူနဲ့ အရှေ့ခြမ်းကလူလည်း ကြုံဖန်တွေ့ဆုံရမှာပဲ၊ ပြီးတော့ ... ကမ္ဘာကြီးဟာ ရွာကြီးလိုဖြစ်နေတဲ့ ဂလိုဘယ်လိုက်ဖေးရှင်းခေတ်ကြီးမှာ မြို့နဲ့ တောဟာလည်း ဘာမှမကွာတော့ပါဘူး၊ ပုပ္ပားဆိုတာလည်း ပုဂံ ညောင်ဦးတို့၊ မန္တလေးတို့နဲ့ နီးနီးလေး၊ ဖုန်းလိုင်းတွေလည်းရ၊ အင်တာနက်တွေလည်းသုံး၊ လမ်းတွေကလည်း ကောင်း၊ မန္တလေးသွားလိုက်ရင်လည်း ခဏလေးပဲ၊ အားလုံးလည်း ခေတ်မီနေကြပြီပဲ ... မဟုတ်ဘူးလား”

တေးက ခပ်အေးအေးဖြစ်နေသလောက် ဒေါ်သူသူလင်းမှာတော့ ရင်ဘတ်စည်တီးရတော့မတတ် ဖြစ်လာသည်။

“ညည်းအေ ... မန္တလေးလောက်၊ မော်လမြိုင်လောက် တောင်ကြီး လားရှိုးလောက်က လူဆိုရင်တောင် ငါမပြော

ပုညခင်စာအုပ်တိုက်



ဘူး၊ ခုဟာက ပုပ္ပားလို တောသာသာနေရာမျိုးက လူဆိုတော့ ညည်းဟာက မလွန်လွန်းဘူးလား၊ ညည်း ဦးနှောက်နည်းလုချည်လား၊ ဒါနဲ့ နေစမ်းပါဦး ... အလုပ်ကရော ဘာများလုပ်တုန်း ...”

“နဂါးမောက်ခြံ စိုက်တယ် မေမေ ...”

“အမလေး ...”

ဒေါ်သူသူလင်းမှာ အံ့အားသင့် ယူကြုံးမရ ရင်ဆို့ကာ ဆိုဖာနောက်မှီပေါ် ပျော့ခွေမှိုကျသွားသည်။ ဘုရား ... ဘုရား ခြံသမား တောသားတဲ့ ...။ ဒီလိုဟာမျိုးကို ကိုယ့်သမီး ရုပ်ချော ပညာတတ် လုပ်ငန်းရှင်က ကြိုက်ထားသတဲ့။

တေးက မေမေ့ မျက်နှာနားကို ယပ်တောင်ဖြင့် တဖျပ်ဖျပ် ခတ်ပေးထားရင်း ...

“မေမေ ... မေမေ ... တေး ပြောတာကို ဆုံးအောင်နားထောင်ပါဦး”

“အမယ်လေး ... လေး၊ နားမထောင်ချင်ဘူး၊ နားမထောင်ပါရစေနဲ့၊ ဘုရား ... ဘုရား ... ဘုရားကယ်ပါ၊ ဒီခြံသမား တောသားကို ကျွန်မ သမီးလေးနဲ့ ကွဲအောင် ကယ်တင်စောင့်ရှောက်တော်မူပါ၊ နတ်မြတ်နတ်အပေါင်းတို့ ဘုရား”

ဒေါ်သူသူလင်းက မျက်လုံးမှိတ်လျက် အရပ်မျက်နှာအဘက်ဘက်သို့ လက်အုပ်ချီမြှောက်ရင်း တတွတ်တွတ် ဆုတောင်းလိုက်သည်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ခြံသမား မဟုတ်ပါဘူး မမေရယ်၊ နဂါးမောက်ခြံ ပိုင်ရှင်ပါ၊ ပုပ္ပားနဲ့ ကျောက်ပန်းတောင်းကြားမှာ သူပိုင်တဲ့ နဂါးမောက်ခြံက ငါးဧကလောက် ရှိတာ၊ သူက ရေဆင်းတက္ကသိုလ်က ဘွဲ့ရထားတဲ့ စိုက်ပျိုးရေးပညာရှင်၊ ဝါသနာပါလို့ အေးအေးချမ်းချမ်း နေချင်လို့ ခြံစိုက်စားနေတာ၊ သူ့ဦးလေးတွေက ပုဂံ ညောင်ဦးမှာ နေကြတာ၊ Tour ကားတွေ ထောင်ထားကြတာ၊ အားလုံး ပြေပြေလည်လည်ပါ"

"ငါးဧက ...၊ ညည်း နဂါးမောက်ခြံ ငါးဧကက ဘာလုပ်ရမှ လဲ၊ နဂါးမောက်ခြံ ငါးဧကပိုင်တဲ့ သမက်ဆိုပြီး ငါက ဝမ်းသာအားရ ကြိုဆိုလက်ခံလိုက်ရမှာလား၊ ငါ့သူငယ်ချင်းတွေရဲ့ သမီးတွေ အားလုံး အိမ်ထောင်ကျကုန်ပြီ၊ ကုမ္ပဏီပိုင်ရှင်နဲ့ ရတဲ့သူနဲ့၊ ဆရာဝန်နဲ့ ရတဲ့သူနဲ့၊ အရာရှိနဲ့ ရတဲ့သူနဲ့၊ သင်္ဘောကပ္ပတိန်နဲ့ ရတဲ့သူနဲ့၊ အပွင့်တွေနဲ့ ရတဲ့သူနဲ့ သူ့ဟာသူ တင့်တောင့်တင့်တယ်၊ ညည်းကျမှ ခြံစိုက်စားတဲ့ တောသားနဲ့ရရင် ငါ့သူငယ်ချင်းတွေကြားမှာ ငါ့မျက်နှာ ဘယ်လိုသွားထားရမလဲ၊ ငါ ဘယ်လောက် မျက်နှာငယ်ရမလဲ ..."

"ဒါဆို တေးက မမေ အဆင်ပြေဖို့ ယောကျ်ား ယူရမှာလား၊ တေး အဆင်ပြေဖို့ ယူရမှာလား ..."

"အင် ..."





တေးရဲ့ ချက်ကျလက်ကျ မေးခွန်းကြောင့် ဒေါ်သူသူလင်းက ဘာပြောရမှန်းမသိဘဲ ငြိမ်သွားသည်။ ဘာပဲပြောပြောပေါ့ ... ကိုယ့်သမီးကိုလည်း သူများသမီးတွေလို တင့်တောင့်တင့်တယ်လေး ရစေချင်သားပေါ့။ ဒါမှ ကိုယ်လည်း သူငယ်ချင်းတွေကြားမှာ ခေါင်းမော့နိုင်မှာပေါ့ ...။

"မေမေ့ သူငယ်ချင်းရဲ့ သမီးတွေ ယူတဲ့ ယောကျ်ားတွေအကြောင်းရော မေမေ သေချာသိလို့လား၊ အပေါ်ယံ ဘာကြီးညာကြီး ဖြစ်တိုင်းရော အားလုံး အဆင်ပြေ စိတ်ချမ်းသာရရောတဲ့လား၊ သူတို့ကတော့ မေမေ့ကို ပြောရင် အပေါ်ယံ တောက်ပတင့်တယ်တာချည်းပဲ ရွေးပြောမှာပေါ့၊ တကယ်တမ်း အဆင်မပြေတာလေးတွေ၊ ကိုယ့်ဘက်က သည်းခံအလျှော့ပေး ပေါင်းရတာတွေကျတော့ မပြောဘဲ ချန်ထားမှာပေါ့ ..."

"အို ... ဘာပဲဖြစ်ဖြစ် သူတို့ ရသလောက်တော့ ညည်းလည်း ရနိုင်တာပဲ"

"ရနိုင်လည်း မလိုချင်ပါဘူး၊ အပွင့်ရရင်လည်း သူတို့ပြောင်းတဲ့နောက် လျှောက်လိုက်နေရမှာ၊ သင်္ဘောကပ္ပတိန်ရတော့လည်း သူက သင်္ဘောချည်းတက်နေတော့ ခွဲနေရဦးမှာ၊ သူဌေးရတော့လည်း သူ့စီးပွားရေးနဲ့ သူ့အပေါင်းအသင်းနဲ့သူ လုံးပန်းလိုက်၊ လူကြီးတွေနဲ့ ဂေါ့ဖ်ရိုက်လိုက် လုပ်နေရင် ကိုယ်က ဂေါ့ဖ်ကွင်းနားကပဲ သွားမျှော်နေရမလား၊ အနိပ်ခန်းကပဲ လိုက်ခေါ်ရမလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဩော် ... ဟင်း ... ဟင်း ... အဲ့ဒါမျိုးတွေ မလိုချင်လို့ ဒီ နဂါးမောက်ခြံ ငါးဧကပဲ ပိုင်တဲ့ တောသားကို ယူမယ်ပေါ့လေ ... ဟုတ်လား ဉာဏ်ကြီးရှင် ..."

"မေမေကလည်း သူများကို တောသား တောသားနဲ့ ပြောနေလိုက်တာ ကိုယ့်လိပ်ပြာလည်း ကိုယ် ရှက်ပါဦး၊ မေမေတို့လည်း တောသူပဲ မဟုတ်လား၊ မေမေ့ဇာတိက ရွှေဘို၊ ဖေဖေ့ဇာတိက ဟင်္သာတက၊ ရန်ကုန် မန္တလေးလို မြို့ကြီး မဟုတ်ရင် တောပဲလို့ မေမေယူဆရင် မေမေတို့လည်း တောကပဲ၊ အခု မြို့ပေါ်တက်ပြီး ချမ်းသာအောင်မြင်ကြီးပွားနေတဲ့ အနုပညာရှင် အတတ်ပညာရှင် စီးပွားရေးသမားကြီးတွေ တော်တော်များများလည်း တောကပဲ၊ တောကလာတော့ ပိုပြီး အောက်သက်ကြေတယ် မဟုတ်ဘူးလား"

"ဟဲ့ ... ဒါပေမယ့် တို့က တောကလာပြီး ရန်ကုန်မှာ တက္ကသိုလ်တက်ရင်း တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေအဖြစ် ဆုံကြ သိကြတာ၊ တစ်ယောက်အကြောင်း တစ်ယောက် အတွင်းသိ အစင်းသိ၊ ညည်းလို ခရီးသွားဟန်လွှဲ တွေ့လာခဲ့တာ မဟုတ်ဘူး"

"ခရီးသွားဟန်လွှဲ တွေ့ပေမယ့် ခရီးသွားဟန်လွှဲ အချစ်မှ မဟုတ်တာ မေမေ၊ ဒီလိုပဲ ခရီးသွားရင်းတွေ့ပြီး ဖူးစာဆုံကြတဲ့ သူတွေမှ ရိုက်သတ်လို့တောင် မကုန်ဘူး"

"ဒါပေမယ့်အေ ... နဂါးမောက်ခြံ ငါးဧကလောက်ပိုင်တဲ့ ယောကျ်ားမျိုးကိုတော့ ..."





"မေမေနော် ... ဒီနဂါးမောက်ခြံချည်းပဲ ခလုတ်တိုက်မနေနဲ့၊ နဂါးမောက်သီး ဘယ်လောက်ဈေးကြီးတာ မေမေ မသိလို့လား၊ မေမေလည်း နဂါးမောက်သီး ကြိုက်တာပဲဟာ၊ ဟိုက ပို့ပေးတာတွေတော့ အကြိုက်စားထားပြီးတော့ ..."

"ဟမ် ... ဘယ် ... ဘယ်တုန်းကပို့ ..."

ဒေါ်သူသူလင်းရဲ့ ပြောလက်စ စကားက တစ်ဝက်တစ်ပျက်မှာ ရပ်သွားသည်။ လွန်ခဲ့တဲ့ ခြောက်လလောက်ကာစလို့ အိမ်ကို ရောက်ရောက်လာတတ်တဲ့ နဂါး မောက်သီးတွေကို ကိုယ်ပဲ ဝမ်းသာအားရ ပါးဖြိနားဖြိ စားခဲ့တာလေ။ ကိုယ့်ရွှေဆိုင်နားက အပေါင်းအသင်းတွေကိုတောင် ဝေမျှ ကျွေးခဲ့သေးတာလေ ...။ ကျွေးရင်းနဲ့လည်း ...

"ကျွန်မသမီးက ကျွန်မ နဂါးမောက်သီး ကြိုက်မှန်းသိလို့ သေတ္တာလိုက် သေတ္တာလိုက် ဝယ်ဝယ်ကျွေးတာလေ၊ တစ်သေတ္တာ ကုန်ခါနီးပြီဆို နောက်တစ်သေတ္တာက အဆင်သင့် ရောက်လာရော၊ အမေကို အရမ်းဂရုစိုက်တဲ့ သမီးလေးလေ"

ဟု ကြွားလုံးထုတ်ခဲ့သေးတာ ...။

"အဲ့ ... အဲ့ဒါတွေက ညည်း ဝယ်ကျွေးတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး မေမေရဲ့၊ အဲ့လောက်အများကြီး ဝယ်စရာလား၊ အရင်တုန်းက တော့ စီးတီးမတ်ကနေ မေမေ့ဝယ်



www.burmeseclassic.com

www.burmeseclassic.com



လာရင် ငါးလုံးထက် ပိုလို့လား၊ အဲ့ဒါတွေအားလုံးက တေး ချစ်သူ ပို့ပေးတာ၊ အဝေးပြေးကားနဲ့ ပို့ပေးလိုက်တာကို တေးက သွားသွားရွေးလာပေးတာ၊ မေမေ ကြိုက်တယ်လို့ တေး ပြောဖူးလို့ သူက မေမေစားဖို့ ဂရုတစိုက် ပို့ပို့ပေးနေတာ၊ တစ်လုပ်စားဖူး သူ့ကျေးဇူးဆိုတာလည်း ရှိတယ်မဟုတ်လား မေမေရယ်၊ ကျေးဇူးရှိတဲ့ သူကို သိပ်ပြီးတော့လည်း မှိုချိုးမျှစ်ချိုး မပြောပါနဲ့လား ..."

"မိတေးသီ ..."

ဒေါ်သူသူလင်းမှာ တေးနာမည်ကို ခပ်မာမာထန်ထန်ကြီး တစ်ခွန်းခေါ်လိုက်ပြီး မျက်လုံးကြီးပြူးကာ တေးကို စိုက်ကြည့်နေရင်း ...

"ညည်း ... ညည်း ... ဒါ သက်သက် ငါ့ကို ထောင်ချောက်ဆင်တာ၊ လုပ်ကြံတာ ..."

"မဟုတ်ရပါဘူး ချစ်မေမေရယ်"

တေးက ပြုံးစိစိနှင့် မေမေ့ခါးကို လှမ်းဖက်၍ ချော့လိုက်သည်။

ဒေါ်သူသူလင်းက ဒီလို ဉာဏ်များပြီး လုပ်ချင်ရာလုပ်နေတဲ့ သမီးကို အချိုသတ်မည်ဟု စဉ်းစားကာ လေသံကလေးကို လျှော့ချလိုက်ရင်း ...

"သမီးရယ် ... အဲဒီ နဂါးမောက်ခြံသမားနဲ့ စာရင် ညည်းနဲ့ အလုပ်စပ်တူလုပ်နေတဲ့ ညည်းသူငယ်ချင်း မိုးဇေကို စဉ်းစားကြည့်တာ မကောင်းဘူးလား၊ မိုးဇေက ကိုယ်နဲ့ အဆင်





အတန်းတူ၊ အရွယ်တူ၊ လုပ်ငန်းလည်း စပ်တူ၊ သူက ရုပ်ကလေးလည်း ချောသားပဲ၊ သူငယ်ချင်းတွေ ဆိုတော့ အတွင်း သိ အစင်းသိ"

"ဟင်း ... ဟင်း ... အတွင်းသိ အစင်းမို့လို့ ခက်နေတာပေါ့ မေမေရယ်၊ ဒီကောင် ဘယ်လောက် ပွေတယ် ရှုပ်တယ်ဆိုတာ တေးက အစင်းသိ၊ သူ့ရဲ့ အမွှေဖယားတွေ၊ လေဒီဖယားတွေကို တစ်နေ့တစ်မျိုး မရိုးအောင် နားဆင်နေရတာလေ၊ တချို့ သူ့အရှုပ်ထုပ်တွေ သူမနိုင်တော့ရင် တေးနဲ့ ခွာညိုအောင်ကိုပါ ကယ်ပါ ယူပါ လာလုပ်လို့ တေးတို့ နှစ်ယောက်မှာ လိုက်လိုက်ရှင်းပေးနေရတာ၊ ဇိမ်ကျရမယ်၊ ပျော်ပါးရမယ်ဆို သူချည်းရှေ့ဆုံးက၊ သူ နေ့ခင်းဘက် ပျောက်နေပြီ ဆို ဗေဒင်မေးစရာ မလိုဘူး Spa ရောက်နေတာ၊ ညဘက် ပျောက်နေရင် နိုက်ကလပ်မှာ၊ အလုပ်ကိစ္စမှာ မြိုးမြိုးမြက် မြက်လေးများ ရပြီဆိုရင် ကောင်မလေး တစ်ယောက်နဲ့ ဘန်ကောက်ကို ဒိုးပြီ၊ အဲ့ဒီလိုလူမျိုးကိုမှ မေမေက သမက် တော်ချင်တယ်ဆိုရင်လည်း ..."

"တော် ... တော်ပါပြီ ... မတော်ပါရစေနဲ့၊ အဲ့ဒီလိုမှန်း မသိလို့ ပြောမိတာပါဟယ်"

ဒေါ်သူသူလင်း အသံက တဖြည်းဖြည်း စိတ်ဓာတ်ပေါက်လာကာ ...

"ညည်းလူက သူ့ခြံထဲ သူနေနေတာပဲ မဟုတ်လား၊ ညည်းလည်း သူ့ခြံထဲ လိုက်နေနိုင်တာမဟုတ်၊ သူကလည်း

www.burmeseclassic.com



သူ့ခြံပစ်ပြီး ဒီကိုလာနေမှာမှ မဟုတ်တာ၊ ညည်းတို့ ယူ
လည်း ခွဲနေရမှာပဲ မဟုတ်လား"

"သူက တေး ပြောရင် ရပါတယ် မေမေ၊ သူ့ကို ဒီလိုက်
နေဖို့ တေး ပြောမှာပါ၊ တေး ဘဝမှာ လိုအပ်တာက
တေး အနားမှာ အေးအတူ ပူအမျှ နေပေးမယ့် အဖော်ပါ၊
ယောကျ်ားတစ်ယောက်ရဲ့ ဖြစ်တည်မှုထဲမှာ ကိုယ်က ပါဝင်
ဖြည့်ဆည်းပေးရမှာမျိုးထက် တေးရဲ့ ဖြစ်တည်မှုထဲကို ပါ
ဝင်ဖြည့်ဆည်းပေးမယ့်သူမျိုးကိုပဲ တေး လိုချင်တာ၊ စိတ်
ဓာတ် အခံကောင်းရင် ကျန်တဲ့ အဆောင်အယောင်တွေ
ရဖို့ ကြိုးစားယူလို့ရပါတယ်၊ ကျန်တဲ့ အဆောင်အယောင်
တွေရှိပြီး စိတ်ဓာတ်မကောင်းရင်သာ ပြင်ဖို့ခက်တာပါ"

"ညည်းကလေ ညည်းလုပ်ချင်တာ လုပ်ဖို့ဆို ဆင်ခြေက
အပြည့်ပဲ"

"ဆင်ခြေ မဟုတ်ပါဘူး ချစ်သော မေမေရယ်၊ အမှန်တရား
တွေပဲ ပြောပြနေတာပါ"

"ဖယ်စမ်းပါအေ ..."

တေးက အမေ့ပခုံးကို ဖက်ကာ ချွဲနွဲ့နေတာမို့ ဒေါ်
သူသူလင်းက တေးလက်ကို ဆွဲဖြုတ်ဖယ်ပစ်ကာ မျက်နှာရှုပ်ပု
ဖြင့် ...

"ဒါဖြင့် နေပါဦး ... ညည်းထက် ဒီလောက်ငယ်တဲ့ [illegible]
သမား ကောင်လေးက ညည်းလို မာမာချာချာ တော[illegible]
တောက် ပြောင်ပြောင် မိန်းမမျိုးကို ဘယ်လိုသတ္တိမျိုးနဲ့ [illegible]





ရည်းစား စကားပြောလိုက်တာလဲ၊ သူ ဒီလိုပြောရဲလာ
အောင် ညည်း က ဘယ်လိုတွေ အနေအထိုင် မတတ်ခဲ့လို့
လဲ ..."

"သူက မပြောပါဘူး ..."

"ဘာ ... ဘာ ...၊ ဒါဆို ညည်းက စပြောတယ်ပေါ့ ...
ဟုတ်လား မိတေး ..."

"ဟင်း ... ဟင်း ... တေးလည်း စမပြောပါဘူး"

ဒေါ်သူသူလင်းက ရိုက်ဖို့ လက်ရွယ်လိုက်တာကို
တေးက ခန္ဓာကိုယ်ကို ယိမ်းကာ ရှောင်ရင်း ပြုံးစိစိနှင့် ပြန်ပြော
တာမို့ ဒေါ်သူသူလင်းက ပို၍ ပို၍ အသည်းယားလာသည်။

"တေးက မေးရုံပဲ မေးတာ ..."

"ဘယ်လို ..."

"သူ တေးကို ချစ်နေတာ တေး သိတယ်လေ၊ သူ တေး
ကို မပြောရဲတာလည်း တေး သိတယ်လေ၊ တေးကလေ
စောင့်ရတဲ့အလုပ်မျိုးဆို သိပ်မုန်းတာ၊ စိတ်မရှည်ဘူးလေ၊
အဲ့ဒါကြောင့် တေးက သူ့ကို မေးလိုက်တယ် ..."

"ဘယ် ... ဘယ်လို မေးလိုက်တာလဲ"

"နင် ငါ့ကို ချစ်နေသလားလို့ ..."

"ဖြန်း ..."

"အား ... လား ... လား ... မေမေ၊ နာတယ် မေမေရဲ့"

ဒေါ်သူသူလင်းက အံကိုကြိတ်ကာ တေးရဲ့ ပေါင်
[illegible]ာင်းကို ဖြန်းခနဲ လှမ်းရိုက်လိုက်တာမို့ တေးက သူ့လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



သူပွတ်ကာ ရှုံ့ရှုံ့ရှားရှား ဖြစ်နေသည်။ ဒေါ်သူသူလင်းက လက်ကို နောက်တစ်ကြိမ် မြှောက်ကာရွယ်ထားရင်း ...

"အဲ့ဒီတော့ သူက ညည်းကို ဘာပြန်ပြောလဲ ... ပြောစမ်းပါဦး"

"ဟုတ်ကဲ့ ... တဲ့"

"ကဲ ... ကဲ ..."

"အား ... နာတယ် မေမေရ၊ အမှန်အတိုင်း ပြန်ပြောပြတော့လည်း တစ်မျိုး ..."

ဒေါ်သူသူလင်းက တေးရဲ့ လက်မောင်း၊ ပခုံး၊ တင်ပါးတွေကို တဖျပ်ဖျပ် လိုက်လိုက်ရိုက်ရင်း စိတ်လည်းတိုကာ ရယ်လည်းရယ်ချင်လာသည်။ ကိုယ့်သမီး တေးဟာ လုပ်လိုက်မှဖြင့် အဲ့ဒီလိုမျိုး။ မကွယ်မဝှက် ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်းပြောတာက ချစ်စရာကောင်းပေမယ့် ကိုယ်က အမေမို့ နားလည်းရှက်ကာ စိတ်တိုရတာပင်။

တေးကတော့ အမေ ရိုက်နေတာကို ပန်းနဲ့ပေါက်နေတယ်များ ထင်သလားမသိ တခိခိရယ်ရင်း တိမ်းကာ ယိမ်းကာ ရှောင်လျက် အခန်းထဲမှာ ပတ်ပြေးနေပါသည်။ အိမ်နေရင်းဝတ်သည့် ဘောင်းဘီရှည်ပွပွ ရှပ်အင်္ကျီပွပွဖားဖားနှင့် ဆံပင်တွေကို ဘီးကုပ်နှင့် နဖူးပြောင်အောင် ပင့်တင်ထားသော တေး ပုံစံက ကလေးကြီးလိုပင်။ အပြင်ထွက်ရင်သာ သူက ထက်ထက်မြက်မြက် စမတ်တကျ ပုံမျိုး ဖြစ်နေတတ်ပေမယ့် အိမ်မှာနေရင်တော့ တေးက ကလေးကြီးလို လွတ်လွတ်လပ်လပ် နေတတ်သူပင် ...။





ဘောပွဲကြည့်ရင်း ထအော်တာမျိုး၊ MTV ကြည့်ရင်း သူပါ သီချင်းဆိုတ်ဆိုရင်း စိတ်ပါလာရင် ထကချင်တာမျိုး။ အတည်ပေါက်လိုပြောရင်းက ဟာသထဖောက်တတ်သူမျိုး။ အားငယ်တတ်တာကို ဒီကာ မာကျောခက်ထန်ပြချင်သူမျိုး။ ဒီလို စရိုက်အမျိုးမျိုးနဲ့ ဆော့ရဲ့ စိတ်ရင်းကလေးကတော့ ရိုးသားလှပေတာပင်။

အဲဒီလို ရိုးသားလို့ပဲ ဒီလို တေးသားကို ကြိုက်နိုင်ခဲ့ပုံပင် ...။ အစ်မနဲ့ အစ်ကိုတွေက ခွဲခွာသွားခဲ့တာမို့၊ သူချစ်တဲ့ အဖေကလည်း နေပြည်တော်မှာပဲ အနေများသူမို့ သူ့ဘာသာ အထီးကျန်နေလို့များ စိတ်တွေအလွယ်တကူ ယိမ်းယိုင်သွားလေသလားဟု တွေးကာ စိတ်မကောင်းလည်း ဖြစ်ရသည်ပင်။

သို့သော် ... ဒီလောက် အခြေအနေမျိုးနဲ့တော့ ကိုယ့်သမီးကို အလွယ်တကူ သဘောမတူပေးချင်။

"လက်စသတ်တော့ ညည်း ဆတ်ဆော့လို့ရလာတဲ့ ရည်းစားပဲ မိတေးသိရဲ့၊ သူက ညည်းကိုချစ်နေပါတယ်ဆိုတာ သူမပြောဘဲ ညည်းက ဘယ်လိုသိမလဲ ...၊ ဟိုက ညည်း မေးလို့သာ အားနာလို့ ချော်လဲရောထိုင်လုပ်လိုက်တာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး မေမေ၊ သူ တေးကို တကယ်ချစ်နေတာ တေး ခံစားမိတယ်၊ တေး ခံစားချက်ကို တေး ယုံတယ်"

ဒေါ်သူသူလင်းက တေးကို မျက်စောင်းထိုးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ငါ လုံးဝ သဘောမတူဘူးဆိုရင် ညည်းဘာလုပ်မလဲ"

"သူ တေးနောက် လိုက်လာတာကို မေမေ လက်မခံရင် တေးက သူ့နောက်လိုက်ပြီး သူ့ခြံထဲမှာ နဂါးမောက်ပင် သွားစိုက်ရတော့မှာပေါ့၊ မေမေ့ကိုတော့ နဂါးမောက်သီး မှန်မှန်ပို့မှာပါ"

တေးပုံစံက အတည်ပေါက်။ ဒင်းတော့ ငါ့ကို ရွဲ့နေပြီဟု ဒေါ်သူသူလင်းက တွေးမိကာ ...

"ကဲ ... ဒါဆို ဒီလိုလုပ်၊ ညည်းကောင်လေးက ညည်းဆီ လိုက်နေနိုင်တယ်ဆိုတာ သေချာရင် သူ့ကိုလှမ်းခေါ်လိုက်၊ ငါတွေ့ကြည့်မယ်၊ တွေ့ကြည့်လို့ မဆိုးဘူးဆိုရင် ငါ့မျက်စိ ရှေ့မှောက်မှာ တစ်လလောက်ထားပြီး အကဲခတ်မယ်"

"မေမေ့ မျက်စိရှေ့မှောက်မှာ ထားမယ်"

"အေးလေ ... ခြံထောင့်မှာ တိုက်အသေးတစ်လုံးလည်း အားနေတာပဲ၊ အဲဒီမှာ ခဏ လာနေခိုင်းပြီး သူ့အနေအထိုင် ကို အကဲခတ်ရမှာပေါ့ ...၊ ကိုယ့်သမီးထက် ရှစ်နှစ်ငယ် တဲ့ တောသားနဲ့ သဘောတူပေးဖို့ဆိုတာ အမေတစ်ယောက် အတွက် ဘယ်လောက် ခက်ခဲသလဲ ညည်း နားလည်မှာ ပါ"

တေးက ငြိမ်သွားသည်။ ဒီလိုသာဆိုရင်လည်း မဆိုး ဘူးဟု ထင်မိလို့ပင်။ ဘာက မဆိုးသလဲဆိုရင် ညချမ်းနဲ့ အဝေး ကြီး ခွဲမနေရဘဲ အနီးလေးမှာ နေခွင့်ရမှာမို့ပင် ...။ တေးရဲ့





ကိုကိုလေး ဇေယျ အိမ်ထောင်ပြုခါနီးတုန်းက ကိုကိုလေးတို့ ခနီးမောင်နှံနေဖို့ ခြံထဲမှာပဲ ချစ်စရာ တိုက်ပုပုလေးတစ်လုံး ဆောက် ဆးခဲ့ပါသည်။ တေးတို့ ခြံက ပေ ၁၀၀ ပတ်လည်လောက် ကျယ်ဝန်းတာမို့ တိုက်ပုကလေးဟာ တေးတို့ ပင်မ အိမ်ကြီးနဲ့ ခပ်ဝေးဝေး ခြံထောင့်မှာ ရှိနေတာပင်။ ကိုကိုလေးတို့ အိမ်ထောင် ကျစက ဒီတိုက်ပုကလေးမှာ နေခဲ့ပေမယ့် နောက်တော့ ကိုကိုလေး ယောက္ခမ ဆုံးသွားတာမို့ ကိုကိုလေးက ဒီအိမ်မှာမနေတော့ဘဲ ယောက္ခမအိမ်မှာ သွားနေလိုက်ရာ ဒီတိုက်ပုကလေးကို ဒီအတိုင်း ပဲ ပိတ်ထားလိုက်ရပါသည်။ အဲဒီမှာ ညချမ်း လာနေရင် တေး လည်း အလွမ်းပြေရမှာပင် ...။

"ဟုတ် ... မေမေ၊ တေး သူ့ကို ပြောပြီး ခေါ်လိုက်မယ်၊ သူ့ကိုတွေ့ရင် မေမေသဘောကျမှာပါ၊ တေးထက် အသက် ငယ်တာကိုလည်း မေမေ့စိတ်ထဲမှာ စနိုးစနောင့် မဖြစ်ပါနဲ့၊ သူက ရင့်ကျက်ပါတယ်"

"စနိုးစနောင့်ကတော့ ဖြစ်ရမှာပဲအေ့၊ ဒီလောက်ငယ်တာ ယူထားရင် ညည်းပဲ အသက်ကြီးရင် ဒုက္ခရောက်မှာ၊ ညည်း ပဲ အလိုလိုက်ရ၊ အလျှော့ပေးရမှာ ..."

"ဟင်း ... ဟင်း ... ဒီလိုလည်း ပုံသေမမှတ်ယူပါနဲ့လေ၊ နိုင်ငံခြားက အဆိုတော် မက်ဒေါနားဆို သူ့ထက် အသက် အများကြီး ငယ်တဲ့သူကို ယူထားတာတောင် သူ့ကို အလို မလိုက်နိုင်လို့ဆိုလား ကွာရှင်းပစ်လိုက်တာ၊ မင်းသမီး ဒယ်မီမိုး ဆိုလည်း သူ့ထက် အသက် ၂၀ လောက်ငယ်တာ



www.burmeseclassic.com

www.burmeseclassic.com



ယူတာပဲ၊ ခေတ္တကလျာလည်း သူ့ထက် အသက် ၂၀ လောက်ငယ်တဲ့ နတ်သျှင်နောင်ကို ယူခဲ့တာ၊ ဟိုက ချစ်လိုက်တာများ တုန်လို့၊ သူ့ ခေတ္တကလျာကြီးရဲ့ အလှဘွဲ့တွေတောင် ရေးသွားခဲ့သေးတာ မဟုတ်လား"

"ညည်းက မက်ဒေါလား ... ဒယ်မီမိုးလား ... ခေတ္တကလျာလား၊ သူတို့ အဆင်ပြေတိုင်း ညည်းပြေမယ်လို့ ထင်မနေနဲ့၊ မတူတာကို တုပြီး လျှောက်ပြောမနေနဲ့၊ ဟွန်း ... ပြောလိုက်ရင်တော့ ဆင်ခြေလေးတွေ တန်းစီလို့၊ အေး ... ညည်းရည်းစားတော့ လာစမ်းပစေဦး၊ ငါ့မျက်စိထဲ အချိုးမပြေလို့ကတော့ ညည်း မလွယ်ဘူးမှတ်"

ဒေါ်သူသူလင်းက ခပ်ကျိန်းကျိန်းလေး ပြောလိုက်တော့ တေးက 'ဟုတ်'ဟု ခေါင်းလေးညိတ်ပြရင်း ပါးစပ်ပိတ်နေလိုက်သည်။

ဘာပဲပြောပြော ဒီအခြေအနေလောက်ဆိုရင်ပဲ မဆိုးဟု ဆိုရမှာမို့ပင် ...။

"ဒါနဲ့ ... ညည်း ကောင်လေးနာမည်က ဘယ်သူ"

"နေညိုညချမ်း တဲ့ မမေ ..."



"အိုကေပြီ ညချမ်းရေ၊ မေမေက နင့်ကိုတွေ့မယ်တဲ့ဟ"

တေးက တေးအခန်းထဲ ပြန်ရောက်ရောက်ချင်း ခုတင်ဘေး စားပွဲပေါ်က ညချမ်းရဲ့ ဓာတ်ပုံလေးကို ဆွဲယူပြီး ခုတင်ပေါ်သို့ လှိမ့်ချလိုက်ပါသည်။

ပြီးတော့ တေးက ခုတင်ပေါ်မှာ ပက်လက်လှဲရင်း ညချမ်းရဲ့ ဓာတ်ပုံကို မျက်နှာနားမှာ ခပ်ခွာခွာထား၍ စိုက်ကြည့်ပါသည်။

"ရုပ်ကိုက ဟင်း ... ဟင်း ..."

တေးက ညချမ်းပုံကို ကြည့်ရင်းက နှာခေါင်းတစ်ချက် ရှုံ့ပြရင်း ပြုံးလိုက်မိသည်။

အစိမ်းရောင် နဂါးမောက်ပင်တွေနှင့် အနီရောင် နဂါးမောက်သီးတွေကြားက အကျႌဖြူဖြူနဲ့ ကောင်ကလေး ...။

ကောင်ကလေးဟုသာ ဆိုရသော်လည်း ပါးတစ်ဖက်တစ်ချက်မှာ ပေါက်နေတဲ့ အမွေးအမျှင်တွေကြောင့် သူ့အသက်ကို ငယ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မထင်ရ . . . ။ မျက်ခုံးမွေးထူထူ၊ မျက်လုံး ရှူးတောက်တောက်၊ အရပ်က သိပ်မမြင့်လှပေမယ့် ကျစ်လျစ်ကြံ့ခိုင်သည့် ပုံစံမျိုး . . . ။ စိတ်ရောလူပါ မာချာမယ့် ခပ်ဂျစ်တစ်တစ် မျက်နှာထားမျိုး။ လူကြီးလည်းဆန်ကာ ရင့်ရင့်ကျက်ကျက် တွေးတတ်သူမျိုးမို့ တေး စိတ်ထဲတော့ သူ့ကို တေးနဲ့ အသက်ကွာလှတယ်လို့ကို မထင်ဘဲ ရွယ်တူ သူငယ်ချင်းတွေလို ဖြစ်နေသည်။

ဒီပုံကလေးဟာ သူ နဂါးမောက်သီး ခူးနေတာကို တေးက နဂါးမောက်ပင်တွေကြားကနေ တေးရဲ့ ဖုန်းကင်မရာနဲ့ အမှတ်တမဲ့ ခိုးရိုက်ထားသည့်ပုံလေးပင် . . . ။ အဲဒီတုန်းက သူနဲ့ တေးဟာ ဘာမှလည်း မဟုတ်သေး။ သူ့ကိုချစ်မိလိမ့်မည်လို့လည်း မထင်မိသေး . . . ။ သို့သော် ဘာ့ကြောင့်မှန်းမသိ သူ့ကို ချစ်စနိုးလိုလို ရယ်ချင်မိသလိုလို စိတ်ခံစားချက်မျိုးဖြင့် သတိထားကာ လိုက်လိုက်ကြည့်နေမိခဲ့ရင်း ဘာရယ်မဟုတ် အမှတ်တမဲ့ လှမ်းရိုက်ထားခဲ့မိတာပင်။

တေးက ဓာတ်ပုံလေးကို ကြည့်နေရင်းက မျက်နှာနားသို့ ဆွဲကပ်၍ ရွတ်ခနဲ တစ်ချက်နမ်းပြီးမှ ရင်ဘတ်ပေါ်မှာ မှောက်တင်လျက် မျက်လုံးလေးတွေ မှေးမှိတ်လိုက်စဉ်မှာ လွန်ခဲ့သော တစ်နှစ်ခန့်က ပုံရိပ်တွေကို ပြန်မြင်ယောင်လာခဲ့ရပါသည်။



♥ ♥ ♥

အဲဒီနေ့ ညနေက ပုဂံ ညောင်ဦးကနေ ပုပ္ပားဘက်သို့ မောင်းလာသော တေးတို့ကားဟာ ပုပ္ပားနဲ့ ကျောက်ပန်းတောင်းကြားမှာ စတင် ဖွဲဖောက်လာခဲ့ပါသည်။

"ဟဲ့ . . . ဟဲ့ . . . တေး၊ ကားက တုံ့ဆိုင်းတုံ့ဆိုင်းနဲ့ နင် အိပ်ငိုက်နေတာလား . . . "

"မိုးတောင်မချုပ်သေးဘဲနဲ့၊ ဒီအချိန် ငိုက်စရာလား ခွာညို ရဲ့"

"ဟဲ့ . . . ဟဲ့ . . . သတိထားနော်၊ ကားက ဘာဖြစ်တာလဲ၊ ဆီပြတ်တာလား"

"နင့်ရှေ့တင် ဆီဆိုင်မှာ ဆီအပြည့်ထည့်လာတာ မမြင်ဘူးလား ရွှေယမင်းရဲ့"

"မေ့သွားလို့ပါဟဲ့ . . . "

"ဟယ် . . . မောင်းလေ၊ ဆက်မောင်းလေ၊ ဘာလို့ ရပ်ပစ်လိုက်တာလဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘာသာ ရပ်သွားတာဟ၊ ဆက်မောင်းလို့ မရတော့ဘူး"

"ကွန်ပျူတာ စစ်စတမ် ကြောင်သွားပြီလား မသိဘူး"

"အဲ့ဒါမှ ဒုက္ခပဲ"

"မိုးလည်း ချုပ်တော့မယ်"

"ဒီနားမှာလည်း ဝပ်ရှော့ မရှိ..."

"ရှိလည်း မော်ဒယ်မြင့်ကားကို ကိုင်နိုင်မယ် မထင်"

ကားထဲမှာ ပါလာသည့် တေးသီသူ၊ နွာညိုအောင်နှင့် ရွှေယမင်းတို့ သုံးယောက်လုံး တစ်ယောက်တစ်ပေါက် အလုအယက် ပြောရင်း စိတ်ညစ်သွားခဲ့ကြပါသည်။

"ဒီတစ်ခေါက်မှ မိုးဇေကလည်း ပါမလာဘူးဟာ"

"အေးလေ... သူပါရင် ဒီလို ကားကိစ္စဖြစ်ရင် အားကိုးရတယ်"

"အဲ့ဒီကောင် ငကြောင်၊ ငါတို့နဲ့ မလိုက်ဘဲ သူ့ကောင်မလေးနဲ့ ဘန်ကောက်ထွက်သွားတာ၊ တွေ့မယ်... ပြန်လာမှဒင်းတော့လား"

ခုလို ကားပျက်တော့ မိုးဇေကို တေးတို့ သတိတရ မေတ္တာပို့သလိုက်ကြပါသည်။

အရင်တုန်းက ခရီးထွက်တိုင်း မိုးဇေ ပါနေကျပင်။ မိုးဇေရယ်၊ တေးရယ်၊ နွာညိုအောင်ရယ်၊ သူငယ်ချင်းသုံးယောက်က ကားမောင်းဖို့၊ ခရီးထွက်ဖို့ဆို တက်ကြွသည့် ကြက်ဖကလေး





တွေလိုပင်။ ကားဝါသနာပါတာချင်းလည်း အတူတူမို့ လုပ်ငန်းလည်း စပ်တူလုပ်ဖြစ်ခဲ့ကြတာပင်။

တေးတို့နဲ့ အလုပ်အတူလုပ်တာ မဟုတ်ပေမယ့် ခရီးသွား ဝါသနာပါသည့် ယမင်းကလည်း တေးတို့သွားတိုင်း အမြဲလိုက်သည်။ လေးယောက်သား တစ်လှည့်စီ ကားမောင်းကာ မြန်မာပြည်အနှံ့ ခြေဆန့်ကြမြဲပင်...။

ဒီတစ်ခေါက်တော့ မိုးဇေက မိုဒယ် ကောင်မလေးတစ်ယောက်ကို ကြောင်ဆဲကာလမို့ ကောင်မလေး ဈေးဝယ်ထွက်သည့် ဘန်ကောက်ကို အတူလိုက်ပါသွားသည်။ တေးတို့က သူ့ကို ခိတ်ဆိုးကာ 'နင်မပါလည်း ဘာမှမဖြစ်ဘူး၊ ငါတို့ဘာသာ သွားမယ်၊ နောက်လည်း နင် ငါတို့နဲ့ မလိုက်နဲ့'ဟု ပြောပြီး သုံးယောက်သား ထွက်လာခဲ့ကြတာပင်။

ရန်ကုန်ကနေ ပုဂံထိ မောင်း၊ ပုဂံမှာ နှစ်ရက်နေပြီး ပုပ္ပားကို ဆက်သွား၊ ပုပ္ပားမှာ တစ်ညအိပ်ပြီး ရန်ကုန်ပြန်ဖို့ ကျောက်ပန်းတောင်းဘက်ကို ဦးတည်မောင်းလာခဲ့ကြတာ ဖြစ်ပါသည်။ အဝေးပြေးလမ်းမှာ ညဘက်အေးအေးလူလူ မောင်းချင်တာမို့ ညနေ လေးနာရီလောက်မှ ပုပ္ပားကနေ ထွက်ခဲ့ကြတာပင်။

တေးတို့မောင်းလာတဲ့ ကားက ဆိပ်ကမ်းက ချလာတာ မကြာသေးသော Crown Royal saloon ကား။ မော်ဒယ်ကလည်း မြင့်ကာ ကွန်ပျူတာနှင့် ထိန်းချုပ်သည့် စစ်စတမ်တွေကလည်း များလှပါသည်။

"ကဲ... ကဲ... စကားမများနဲ့၊ ငါကြည့်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



တေးက ကားဘောနက်ကို သွားဖွင့်သည်။

"နင်က ဘာကြည့်တတ်မှာ မို့လို့လဲ ..."

"ရေဆူလား ... ဘာလား ညာလားပေါ့ဟယ်၊ ကွန်ပျူတာ စစ်စတမ်ကြောင့် ဖြစ်တာဆိုရင်တော့ ငါလည်း မတတ်နိုင်ဘူး"

"ကားကလည်း လမ်းလယ်ခေါင်ကြီးမှာ ပျက်ရတယ်လို့"

"မိုးလည်း ချုပ်တော့မယ်၊ ပြဿနာပဲ"

သုံးယောက်သား ဖွင့်ထားတဲ့ ဘောနက်ထဲ ဟိုဟိုဒီဒီ ငုံ့ကြည့် ဖွင့်ကြည့်ပြီးမှ ...

"ဟီး ... ဟီး ... ငါလည်း မသိဘူး"

"ကွန်ပျူတာပဲ ဖြစ်မယ်"

"ဘယ်လိုလုပ်ကြမလဲ ..."

ဟု တစ်ယောက်မျက်နှာ တစ်ယောက် ပြူးစီစီ ကြည့်ရင်း ခေါင်းကုပ်လိုက်ကြသည်။

ခွာညိုက လက်ဖျောက်တစ်ချက် တီးလိုက်ရင်း ...

"အိုကေ ... ငါ သတိရပြီ"

"အင်း ... ဆိုပါဦး"

"ညောင်ဦးမှာ တိုးကားတွေ ထောင်ထားတဲ့ ဦးကျော်တင့်တို့ လင်မယား ရှိတယ်လေ၊ သူတို့ကားတွေက ငါတို့ဆီကပဲ ဝယ်တာ ..."

"အေးလေ ... သိပါတယ်၊ ပုဂံမှာတုန်းက ညနေစာတောင် သူတို့အိမ်မှာ သွားစားထားတာ၊ အဲ့ဒါ ဘာဖြစ်လဲ"





"ငါတို့ ပုပ္ပားသွားမယ် ပြောတော့ ဦးကျော်တင့်က ပြောတယ်လေ၊ ကျောက်ပန်းတောင်းနဲ့ ပုပ္ပားကြားမှာ သူ့တူ နဂါးမောက်ခြံ ရှိတယ်တဲ့၊ အချိန်ရရင် ကြုံတုန်း ဝင်လည်ကြပါလားတဲ့၊ အရမ်းသာယာတယ်တဲ့၊ ဦးကျော်တင့် ပြောတဲ့ ပုပ္ပားနဲ့ ကျောက်ပန်းတောင်းကြားဆိုတာ ဒီနေရာပဲ၊ ဒီနေရာ အနီးတစ်ဝိုက်က နဂါးမောက်ခြံကိုရှာပြီး အကူအညီ တောင်းရင် ရတာပဲ"

"သူ့တူနာမည်က ဘယ်သူတဲ့လဲ ..."

"အဲ ... အဲ့ဒါတော့ အမှတ်တမဲ့ပဲ ..."

"နာမည်မသိဘဲ ဘယ်လိုမေးမလဲဟဲ့ ..."

"နဂါးမောက်ခြံရှာပြီး လူတွေ့ရင် ဦးကျော်တင့် တူလား မေးမြန်းပြီး ပြောရ ဆိုရမှာပေါ့ဟယ် ..."

"ဝပ်ရှော့တစ်ခုခုကို ဖုန်းဆက်ရင်ရော ..."

"ဝပ်ရှော့ဖုန်းနံပါတ်မှ မရှိတာ ..."

"ဦးကျော်တင့်ကို ဆက်ကြည့်ပါလား၊ သူ့ဖုန်း ရှိတယ် မဟုတ်လား၊ သူက ကားထောင်ထားတာပဲ၊ ဝပ်ရှော့ အဆက်အသွယ်တော့ ရှိရမှာပေါ့၊ သူ့ကို အရင် အကူအညီ တောင်းကြည့်ဦး၊ မရမှ နဂါးမောက်ခြံရှာတာပေါ့ ..."

ခွာညိုက ဦးကျော်တင့်ဖုန်းကို ဆက်ကြည့်လိုက်သော်လည်း ဖုန်းက ပိတ်ထားလေသည်။

"ကဲ ... ဖုန်းပိတ်ထားတော့ ဘာမှမတတ်နိုင်တော့ဘူး နဂါး



www.burmeseclassic.com

www.burmeseclassic.com



မောက်ခြံပဲ သွားရှာတော့မယ်၊ ယမင်း နင်က ကားနားမှာ စောင့်၊ ငါနဲ့ ခွာညိုနဲ့ သွားရှာမယ်”

“ဟင် … ငါတစ်ယောက်တည်း မစောင့်ရဲဘူး၊ ဒီနေရာက လူပြတ်တယ်”

“နင်နဲ့ တစ်ယောက် အဖော်ကျန်ခဲ့ရင် နဂါးမောက်ခြံ ဝင်ရှာတဲ့သူက တစ်ယောက်တည်း သွားနေရမှာပေါ့ ယမင်းရဲ့”

“ဘာပဲဖြစ်ဖြစ်ဟာ … ငါတစ်ယောက်တည်းတော့ မကျန်ရစ်ခဲ့နိုင်ဘူး”

ယမင်းက ဂျီကျနေတာမို့ ဘေးက စိတ်တိုလာကာ

“ကဲ … ဒါဆိုလည်း ခွာညိုကို ခေါ်ထားလိုက်တော့၊ ငါ တစ်ယောက်တည်းပဲ သွားရှာလိုက်တော့မယ်”

ဟုပြောကာ ထွက်လာတော့ သူတို့နှစ်ယောက်လုံးက နောက်ကနေ ပြေးလိုက်လာကာ …

“နင်တစ်ယောက်တည်းတော့ မလွှတ်လိုက်နိုင်ပါဘူး၊ ကားကိုပဲ ဒီအတိုင်း lock ချထားခဲ့တော့မယ်”

ဟုပြောပြီး သုံးယောက်သား လမ်းဘေးက စိမ်းစိမ်းစိုစို ခြံတွေဘက်သို့ သွက်သွက် လျှောက်လာခဲ့ကြပါသည်။

အတွင်းပိုင်းထဲ ဝင်လာမိတော့မှ ကျယ်ဝန်းလှသော နဂါးမောက်ခြံကြီးကို တွေ့လိုက်ရပါသည်။ ခြံရဲ့ ထောင့်အဆုံးနားလောက်မှာတော့ တိုက်ဖြူဖြူပုပုလေး နှစ်လုံးနှင့် တိုက်ရှေ့မှာ ရပ်ထားသော ထော်လာဂျီ တစ်စီးကို တွေ့လိုက်ရသည်။





“လှလိုက်တာဟာ … ငါဖြင့် နဂါးမောက်ပင်ကို ခုမှမြင်ဖူးတာ …”

ခွာညိုက တန်းစီနေသော နဂါးမောက်တိုင်တွေကြား ဟိုဒီငေးမောရင်း အံ့သြနေသည်။ နဂါးမောက်ပင်က အပူပိုင်း ပေါက်သည့် တဖောင်းဆူးပင်လို အပင်မျိုးပင်။ ထိုအပင်ရဲ့ မှာ ကပ်၍ တိုင်ထူထားကာ အပင်က ထိုတိုင်ရဲ့ ထိပ်ဖျားထိ က်သွားပြီး ထိပ်မှာ ခွေပတ်လျှက် အသီးတွေ သီးနေသည်။ င်တွေက စီတန်းညီညာလှပါသည်။

“တစ်လုံးလောက် ခူးစားချင်လိုက်တာ …”

“အေး … စားမယ်ဟာ ဘာဖြစ်လဲ၊ အပင်ကနေ ကိုယ်တိုင် ခူးစားရရင် အရမ်းအရသာရှိ … အဟိ …”

“ပိုင်ရှင် တွေ့တော့မှ ပိုက်ဆံပေးလိုက်ကြတာပေါ့၊ ခိုးစားတာမှ မဟုတ်တာ … ခိခိ”

သုံးယောက်သားဟာ နဂါးမောက်သီး တစ်လုံးစီ ပြီး လက်သည်းဖြင့် ထိုးကော် အခွံခွာကာ အားရပါးရ တာ ကိုက်ကာ စားနေဆဲ …

“ခင်ဗျားတို့ ဒါ ဘာလုပ်နေကြတာလဲ …”

ဟူသော အသံနှင့်အတူ တေးတို့ရှေ့ အပင်တန်း ထွက်လာသော ယောကျ်ားတစ်ယောက်ကို တွေ့လိုက်ရ ည်။

ထိုယောကျ်ားဟာ ပါးဘေးနှစ်ဖက်မှာ သွယ်ဆင်း ာက်နေသော အမွေးအမျှင်များနှင့်မို့ အသက်ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်မယ့်အရွယ်လဲဆိုတာ ချက်ချင်း မခန့်မှန်းနိုင်။ ဆံပင်က ခပ်ထူထူ ဘေးခွဲနှင့် ...။ ရှမ်းဘောင်းဘီ ဆန်ဆန် ချည်ကြမ် ဘောင်းဘီရှည်ပွပွ အနက်ရောင်နှင့်၊ သိပ်မဖြူတော့သော ရှပ်လက် ရှည် အဖြူကို တံတောင်ဆစ်ကျွေးနားအထိ ခေါက်တင်ထားသည်။ ခြေခပ်ချဲချဲနှင့် လက်ပိုက်ထားကာ တေးတို့ကို ကြည့်နေသော သူ့မျက်လုံးတွေက စူးရှတောက်ပလှပါသည်။

တေးက မှန့်ခိုးစားနေတုန်း လူမိသည့်ကလေး ဖြစ်သွားကာ စားလက်စ နဂါးမောက်သီးကို နောက်မှာ ဝှက် မလို ဘေးမှာဝှက်ရမလို ဖြစ်နေပြီးမှ ဘယ်မှာမှ မဝှက်တော့ ရှေ့တိုးပြလိုက်ရင်း ...

"နဂါးမောက်သီး ခူးစားနေတာလေ၊ စားပြီးမှ ပိုင်ရှင် ပြီး ပိုက်ဆံပေးမလို့ပေါ့၊ ဒါနဲ့ ရှင်က ဒီခြံကလား၊ ညောင် က ဦးကျော်တင့် တူ ဆိုတဲ့ လူကို ရှင် သိလား ..."

"သိတယ် ..."

"သူက ဘယ်မှာလဲ"

"ကျုပ်ပဲ ..."

တေးက သူ့ဖြေပုံကို နည်းနည်း ရယ်ချင်သွား

"ဒါဆို ... ဒါက ရှင့်ခြံလား"

"ဟုတ်တယ် ... အစ်မတို့က ကျုပ်ကို ဘာလို့ရှာတာ

အွန့် ... အစ်မတဲ့။ ခေါ်ပုံက မမိုက်လိုက်တာ။ တို့ကပဲ သိပ်အသက်ကြီးပုံ ပေါက်နေလို့လား။ မသိရင် အစ အစိတ်လောက်ပဲ ထင်ရတဲ့ ပျို့ပျို့နုနု ဖလန်းဖလန်းကလေး





အစ်မလို့ ခေါ်စရာလား။ အေးလေ ... ထားပါတော့။ လေးစား နဲ့ ခေါ်တယ်ပဲ ထားလိုက်ပါတော့ ...။

တေးက ခွာညိုဘက်လှည့်ကာ နှာခေါင်းရှုံ့ပြလိုက် သူ့ဘက်ကို ပြန်လှည့်လိုက်ရင်း ...

"တေးတို့ကား ပျက်သွားလို့ လမ်းပေါ်မှာ ဒီအတိုင်း ရပ် ထားခဲ့ရတယ်၊ အဲ့ဒါ ဒီနားမှာ ဦးကျော်တင့် တူရဲ့ နဂါး မောက်ခြံ ရှိတယ်ဆိုလို့ အကူအညီတောင်းဖို့ လာရာတာ၊ တေးတို့က ဦးကျော်တင့်ရဲ့ မိတ်ဆွေတွေပါ"

"သြော် ... ဒါဆို အစ်မတို့ ကျွန်တော့်ခြံထဲမှာ ခဏနားပါ၊ ကျောက်ပန်းတောင်းက ကျွန်တော့် အသိ ဝပ်ရှော့ကို ဖုန်း ဆက်ပေးမယ်"

"ညောင်ဦးကို မဆက်ဘူးလား"

"ကျောက်ပန်းတောင်းနဲ့က ပိုနီးတယ်၊ သူတို့ ကားလာဆွဲ သွားလို့ ရတယ်လေ၊ ကျွန်တော် ဖုန်းဆက်မေးလိုက်ပါ့ မယ်"

သူကတေးတို့ကို ခြံနောက်ဘက်က တိုက်ပုလေးကို သည်။

စိမ့်ညို့ညို့ ခြံထဲက တိုက်ပုလေးက နေချင့်စဖွယ် ။ ထိုတိုက်ပုလေးနှင့် မလှမ်းမကမ်းမှာ ဆင်တူတိုက်ပု စ်လုံးလည်း ရှိပါသည်။

သူက တေးတို့ကို တိုက်ပုလေးရှေ့မှာ ချထားသည့် လေးမှာ ထိုင်ခိုင်းသည်။ ပြီးတော့ သူက မလှမ်းမကမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီး ဝပ်ရှော့ကို ဖုန်းဆက်နေသည်။

တေးတို့ သုံးယောက်က ခေါင်းချင်းဆိုင်ကာ ...

"ဟဲ့ ... သူက တို့ကို အစ်မလို့ခေါ်ရအောင် တို့က အသ
ဘယ်လောက်ကြီးတဲ့ပုံ ပေါက်နေလို့လဲ ..."

"သူက တို့ထက် ငယ်ပုံရပါတယ်"

"မငယ်ပါဘူး၊ မျက်နှာမှာ အမွေးအမျှင်တွေနဲ့ ရုပ်ရင့်ကြီး
ကို ..."

"အဲ့ဒီ ပါးမြိုင်းမွေး (ပသိုင်းမွေး) တွေကြောင့် ရင့်သလို
ဖြစ်နေတာပါဟယ်၊ ငယ်တာတော့ ငယ်မယ့်ပုံပါ"

"ငယ်လည်း တစ်နှစ် နှစ်နှစ်လောက်ပါဟာ၊ သူ့ပုံစံ
တောသားဆိုပေမယ့် မိုက်တော့ မိုက်သားနော်၊ နိုင်ငံခြား
ကားထဲက ရက်အင်ဒီးယန်းမင်းသားလိုလို ဘာလိုလိုနဲ့ ..."

"အေး ... အရိုင်းဆန်ပြီး ဆွဲဆောင်မှုရှိတာဟ"

"အဟမ်း ... ဟမ်း ..."

"အမေ့ ..."

"အမလေး ..."

ခေါင်းချင်းဆိုင် တွတ်ထိုးနေသော သုံးယောက်သား
မှာ နောက်နားမှာ ကပ်၍ ပေါ်လာသော ချောင်းဟန့်သံကြောင့်
လန့်ဖျပ်ကာ နောက်သို့ လှည့်ကြည့်လိုက်မိကြပါသည်။

သူက ရုပ်တည်နှင့် ...

"ခဏနေ ကျောက်ပန်းတောင်းက ကားလာဆွဲလိမ့်မယ်
မိုးလည်းချုပ်နေပြီဆိုတော့ ကားက မနက်ဖြန်ညနေလော





မှ ဒီကိုပြန်လာပို့နိုင်မှာ၊ အစ်မတို့ ဒီညတော့ ဒီမှာအိပ်လိုက်
မှ အဆင်ပြေမယ်ထင်တယ်၊ ဟိုဘက် တိုက်တစ်လုံးက
ညောင်ဦးက ဦးလေးတို့မိသားစု လာရင် တည်းဖို့ ဆောက်
ထားတာ၊ အဲ့ဒီမှာ အစ်မတို့နေလို့ရတယ်၊ အဲ့ထဲမှာ အိပ်ရာ
ပစ္စည်းလည်း အပြည့်အစုံပဲ"

တေးတို့သုံးယောက်က တစ်ယောက်ကိုတစ်ယောက်
တိုင်ပင်သလို ကြည့်လိုက်ပြီးမှ မတိုင်ပင်ဘဲ ပြိုင်တူခေါင်းညိတ်
လိုက်ကြပါသည်။

ခွာညိုက ခြံထဲတစ်ဝိုက်ကို မျက်လုံးဝေ့ကြည့်လိုက်
ရင်း ...

"ခြံအကျယ်ကြီးထဲမှာ ရှင်က တစ်ယောက်၊ ကျွန်မတို့က
သုံးယောက်ဆိုတော့ ရှင့်ကို အားနာစရာများ ကောင်းနေ
မလား ..."

"ဟဲ့ ... ဘာတွေ လျှောက်ပြောနေတာလဲ ..."

"သြော် ... သူ အားငယ်နေမလားလို့ပါ"

တေးက ခွာညို့ပေါင်ကို မသိမသာ ဆိတ်လိုက်ပြီးမှ

"ရှင်က ဒီမှာ တစ်ယောက်တည်း နေတာလား"

"ရွာထဲက ကလေးတစ်ယောက်တော့ ညလာအိပ်ပေးပါ
တယ်၊ နေ့ခင်းဘက်ဆိုရင်တော့ အလုပ်သမားတွေ ရှိတာ
ပေါ့၊ ကဲ ... အစ်မတို့လည်း အေးအေးဆေးဆေး လွှတ်
လွှတ်လပ်လပ် နားကြပါဦးခင်ဗျ"

"ကားထဲမှာ ပစ္စည်းလေးတွေ ယူစရာရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကားသော့ ကျွန်တော့်ကို ပေးလိုက်လေ၊ ကျွန်တော် သွားယူပေးမယ်၊ ဒီကနေ လမ်းပေါ်ပြန်တက်ရတာ နည်းနည်းဝေးတယ်၊ ကျွန်တော့် ကောင်လေးကို ကားနားမှာ စောင့်ခိုင်းထားလိုက်မယ်၊ ကားအတွက်လည်း စိတ်မပူနဲ့၊ ခဏနေကျရင် အစ်မတို့စားဖို့ စီစဉ်ပေးမယ်"

"အို … အားနာစရာ၊ ဘာရှိလဲဟင် …"

"ဟဲ့ …"

ခွာညိုက ဗိုက်ဆာနေသူမို့ ဟန်မဆောင်နိုင်ဘဲ မေးမိတော့ သူက မသိမသာလေး ပြုံးလိုက်သည်။ ထိုအပြုံးကို တေးက ငေးခနဲ ဖြစ်သွားပါသည်။ ဘယ်လိုလေးမှန်းမသိ ချစ်စရာကောင်း လိုက်တာ။

"အားမနာပါနဲ့၊ ရှိတာလေးနဲ့ စားကောင်းအောင် စီစဉ်ပေးပါ့မယ်၊ ဒီမှာ ဟိုဘက်တိုက် သော့ပါ"

တေးက သူလှမ်းပေးသည့် သော့ကို လှမ်းယူပြီး တေးရဲ့ ကားသော့ကို သူ့ကို ပေးလိုက်သည်။

သူက တေး လှမ်းပေးသည့် ကားသော့ကို ယူပြီး လှည့်ထွက်သွားတော့မှ တေးက မေးဖို့ သတိရကာ …

"ဒီမှာ … ဒီမှာ … ရှင့်နာမည်က ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် နေညိုညချမ်းပါ ခင်ဗျ"

"ကျွန်မက တေးသီသူ၊ သူက ခွာညိုအောင်၊ သူက ရွှေယမင်းပါ၊ ရန်ကုန်က လာကြတာပါ"

"ဟုတ်ကဲ့ …"





သူက ခေါင်းတစ်ချက်ဆတ်၍ ဟုတ်ကဲ့လိုက်ပြီး တေးတို့နားက ထွက်သွားသည်။

"သူ ဟုတ်ကဲ့လို့ ပြောပုံလေးက တစ်မျိုးလေးဟဲ့၊ နာမည်လေးကလည်း နေညိုညချမ်း တဲ့၊ ချစ်စရာလေး …"

"အေး … တေးရေ နင်ပဲချစ်၊ နင်ပဲချစ်နေ၊ ငါတော့ ဗိုက်ဆာတာ အူလိပ်နေပြီ"

ခွာညိုက ဗိုက်ကိုနှိပ်၍ ညည်းတွားလိုက်သည်။ ပြီးတော့ သုံးယောက်သား တည်းခိုရမည့် တိုက်ပုလေးဆီသို့ လျှောက်လာခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နာရီခန့် ကြာတော့ ညချမ်းရဲ့ အဖော်ကောင်လေးက တေးတို့ကို လာခေါ်သည်။

"အစ်မ ... စားဖို့အဆင်သင့် ဖြစ်ပါပြီခင်ဗျ၊ အစ်ကိုညချမ်း အိမ်ရှေ့က စားပွဲမှာ ပြင်ထားပါတယ်၊ လာစားလို့ ရပါပြီ"

"လာပြီ ... လာပြီ ..."

"ဟဲ့ ... ဟဲ့ ... ခွာညို ဖြည်းဖြည်းသွားပါဟဲ့၊ ခလုတ်တိုက်နေပါဦးမယ်"

"ဗိုက်ဆာတာ သေတော့မယ်ဟဲ့၊ အစာအိမ်ထဲက အက်ဆစ်က ဘက်ထရီအိုးတစ်လုံးစာလောက် ထွက်နေပြီ"

"အေး ... အဲ့ဒါဆိုလည်း ကားဘက်ထရီလဲဖို့လိုရင် မဝယ်တော့ဘူး၊ နင့်ဆီကပဲ ယူတော့မယ်"

ခွာညိုနှင့် ယမင်းက ဗျစ်တစ်တွေပြောရင်း အိမ်ထဲက ထွက်ဖို့ပြင်သည်။

တေးက ခေါင်းဖြီးချင်သေးတာမို့ ...





"နေဦး ... နေဦး ... ငါ့ကို စောင့်ဦး၊ ငါ ခေါင်းဖြီးလိုက်ဦးမယ်"

ဟုပြောရင်း စလင်းဘတ်ခ်အိတ်ထဲက ဘီးနှင့်မှန်အသေးလေးကို ထုတ်ယူကာ ခေါင်းဖြီးလိုက်သည်။ တေး ခေါင်းဖြီးနေတုန်းမှာ အသံတွေ တိတ်ဆိတ်သွားတာကို တေးက သတိမပြုမိလိုက်။ ခေါင်းဖြီးပြီးလို့ လှည့်ထွက်တော့မှ တေးနောက်မှာ လက်ပိုက်ရပ်လျက် တေးကို ရုပ်တည်တည်နှင့် စိုက်ကြည့်နေသော ခွာညိုတို့ နှစ်ယောက်ကို တွေ့ လိုက်ရပါသည်။ တေးက နည်းနည်းရှက်သွားကာ ...

"ဘာကြည့်တာလဲ ... နင်တို့က"

"တေး ... နင် မရိုးဘူး"

"ဟမ် ... ဘာကို မရိုးရမှာလဲ"

"အရမ်းလှချင်တဲ့ ငါတို့တောင် ခေါင်းဖြီးဖို့ သတိမရတာ၊ သိပ်မလှချင်တဲ့ နင်က ခေါင်းဖြီးဖို့ သတိရတာ မထူးဆန်းဘူးလားဟင်"

"ဆံပင်တွေ ပွနေလို့ ဖြီးတယ်ဟယ် ... ဘာဖြစ်လဲ၊ လာ ... သွားမယ်၊ ဟိုမှာ ကျွေးမယ့်သူက စောင့်နေရမှာ အားနာစရာ ..."

တေးက ရှက်ရှက်နှင့် ခပ်ဆတ်ဆတ်ပြောပြီး ရှေ့ကထွက်လာနှင့်တော့ ခွာညိုတို့က တခွိခွိ အသံတွေ ထွက်ရင်း နောက်မှလိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တေးတို့ သုံးယောက်ပေါင်းလျှင် စကားတွေလည်း အလုအယက် ပြော၊ ဦးသွ နှိပ်ကွပ်စတမ်း၊ ဟာသတွေပြောရင်း ရယ်ရတာလည်း အမောပင် ...။ သုံးယောက်လုံးဟာ အသက်သာ သုံးဆယ်စွန်းစ ဖြစ်လာပေမယ့် စိတ်ပျိုလို့လားတော့ မသိ၊ လူတွေကလည်း တကယ်ပင် နုပျိုကြပါသည်။

ခုလို ဆောင်တွင်းဘက် ခရီးထွက်လာကြချိန်မှာ သုံးယောက်သားဟာ Nobody ဂျင်းဘောင်းဘီကိုယ်စီ၊ ပေါ့ပေါ့ပါးပါး တီရှပ်နှင့်၊ အပေါ်ဝတ် ဂျာကင် အလှအပကလေးတွေနှင့်၊ sport shoes ပန်းရောင်ကလေး၊ အနီကလေး၊ အပြာတောက်ကလေးတွေ ဝတ်လျက်။ ခေါင်းစွပ် အလှအပကလေးတွေ၊ လည်စည်းပဝါရောင်စုံကလေးတွေဖြင့် ဖက်ရှင်ကျကျ လှပလန်းဆန်းနေကြသည်ပင်။

ယမင်းက ဆံပင်တို မျက်နှာတစောင်းအုပ်ကလေး၊ နွာညိုက ပခုံးတစ်ဝိုက်မှာ စပရိန်ကောက်ကောက်ထားသော ဆံပင်ဖွာဖွာ ခပ်မိုက်မိုက်။ တေးကတော့ ကျောလည်မရှိတရှိ ဆံပင်ဖြောင့်ဖြောင့်ကို ဖြန့်ချတဲ့အခါချ၊ နဖူးပြောင် ပင့်သိမ်းက ထိပ်လယ်မှာ ထုံးတဲ့အခါထုံး၊ တစောင်းမြင့်မြင့်လေး စီးတဲ့အခါ စီးထားဖြစ်သည်။ တေးတို့ သုံးယောက်ထဲမှာ တေးက အရပ်မြင့်ဆုံး။ တေးက လက်ခလယ်ဆိုရင် နွာညိုက လက်သူကြွယ်၊ ယမင်းက လက်သန်းကလေးလို အရပ်ချင်း ကွာကြပါသည်။ တေးရဲ့ အစ်ကိုတွေရော၊ အစ်မပါ အိမ်ထောင်ကျသွားကတည်းက နွာညိုတို့နဲ့ ပိုပြီး တွဲဖြစ်ခဲ့တာပင် ...။





တေးတို့ သုံးယောက် နေညိုညချမ်းတို့ အိမ်ရှေ့ရောက်တော့ ခုံဝိုင်းကြီးပေါ်မှာ ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများကို တွေ့လိုက်ရပါသည်။

သုံးယောက်သားရဲ့ မျက်လုံးတွေက လင်းလက်တောက်ပသွားပါသည်။

စားပွဲပေါ်မှာ ပူပူနွေးနွေး ထမင်း ဆီဆမ်း သုံးပန်းကန်။ ပဲဆီနံ့ကလေး မွှေးနေသော ထမင်းဆီဆမ်းကို မြေပဲနီကြော်လေးတွေဖြင့် ရောနယ်ထားပြီး အပေါ်က ကြက်ဥ ဟပ်ဖရိုက်တစ်လုံးစီ အုပ်ပေးထားသည်။ ပြီးတော့ ငါးပိကြော်လေး၊ ငါးနီတူခြောက်ကြော်ကလေးနှင့် ဆိတ်သားခြောက်ဖုတ်၊ အအီပြေ သရက်ချဉ်ကလေးလည်း ပါသေးသည်။

တေးတို့သုံးယောက်မှာ ဗိုက်ဆာနေချိန်မို့ ထမင်းဆီဆမ်း ပန်းကန်တွေကို ငုံ့ကြည့်ရင်း သွားရည်တမြားမြား ကျမတတ်ဖြစ်သွားသည်။

"ထိုင်ပါ အစ်မ၊ စားလို့ရပါပြီ"

ညချမ်းရဲ့ တပည့်ကောင်လေး စကားမဆုံးခင် တေးတို့က ထိုင်နှင့်နေပြီ။

တေးက ကောင်လေးကို လှည့်ကြည့်ရင်း ...

"ကလေး ... မင်းနာမည်က ဘယ်သူ ..."

"အောင်ချိုပါ ခင်ဗျ ..."

"ဒါတွေ မင်း လုပ်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ခင်ဗျ၊ ဒါတွေအားလုံး အစ်ကို ညချမ်း စီစဉ်တာပါ"

"ဟင် ... ဟုတ်လား၊ အကုန် သူ စီစဉ်တာလား ..."

"ဟုတ်ကဲ့ဗျ ... အစ်ကိုပဲ ထမင်းအိုးထပ်တည်ပြီး ရှိတာလေးတွေနဲ့ အဆင်ပြေအောင် စီစဉ်လိုက်တာပါ၊ ကျွန်တော်က စားကောင်းအောင် မလုပ်တတ်ဘူး ခင်ဗျ"

"အခု ... သူရော ..."

"ရေနွေးအိုး အဆူစောင့်ပြီး လက်ဖက်ခြောက်ခပ်ပြီး ယူလာမယ် ပြောပါတယ် အစ်မ ..."

"အားနာစရာလည်း ကောင်း၊ စားလို့လည်း ကောင်း၊ နေညိုညချမ်းလေးကလည်း ချစ်ဖို့ကောင်း ..."

နွာညိုက ဗရွတ်ရွတ်တပြောရင်း အားရပါးရ စားနေသည်။ တေးကလည်း ထမင်းဆီဆမ်း တစ်ဇွန်းခပ်စားလိုက်ရင်း ညချမ်းရှိနေသည့် အိမ်လေးဘက်ကို လှမ်းကြည့်လိုက်တော့ အိမ်ထဲက ထွက်လာသော သူ့ကို တွေ့လိုက်ရသည်။

ခေါင်းစွပ်ဆွယ်တာ အညိုရောင်ကလေး ဝတ်ထားသော ညချမ်းက ရေနွေးကြမ်းဗန်းကို မကာ တေးတို့ စားပွဲဝိုင်းသို့ လျှောက်လာနေပါသည်။

ခုလို နေညိုညချမ်းမှာ တွေ့ရသော နေညိုညချမ်းကို တေးက ငေးခနဲ ကြည့်မိရင်း ရင်ထဲ လှိုက်ခနဲဖြစ်သွားတာဟာ ဘယ်လို ခံစားမှုမျိုးလဲတော့ မသိပါ။ လူတစ်ယောက်ကို တွေ့စ





ထဲ ရင်းနှီးသည့် ခံစားချက်မျိုး ခံစားရတာ ဒါပထမဆုံးအကြိမ်ဖြစ်ပါသည်။

ပါးစပ်ထဲရောက်နေသော ထမင်းလုတ်ကို ဆက်ဝါးဘဲ ငုံထားကာ သူ့ကိုငေးကြည့်မိသော တေးရဲ့ မျက်ဝန်းတွေနဲ့ တေးကို လှမ်းကြည့်လိုက်သော သူ့မျက်ဝန်းတွေ ဆုံစည်းမိခိုက် အင်း ... ဘယ်လိုပြောရမလဲပေါ့ နော် ... တစ်မျိုးလေးပေါ့နော်။

မျက်ဝန်းနှစ်စုံဟာ ခပ်စူးစူးလေး စိုက်ခနဲ ကြည့်လိုက်ပြီးမှ ကပျာကယာ လွှဲဖယ်လိုက်ကြသည်။

သူက တေးတို့ဆီ လျှောက်လာပြီး ရေနွေးကြမ်းအိုး တည့်ထားသည့် ဗန်းကို တေးတို့ရှေ့ စားပွဲမှာ ချပေးလိုက်ရင်း ...

"စားလို့ အဆင်ပြေရဲ့လားတောင် မသိဘူး၊ ကျွန်တော်လည်း ရှိတာလေးနဲ့ အဆင်ပြေအောင် လုပ်လိုက်ရတာ"

"အွန်း ... အဆင်ကအပြေတောင် လွန်နေသေး ... အဟွတ် အဟွတ် ..."

"ဟဲ့ ... နွာညို ... ပလုတ်ပလောင်းနဲ့ စကားပြောတော့ သီးပြီပေါ့ဟယ်၊ ဖြည်းဖြည်းစား ... ဖြည်းဖြည်းစား၊ ဘယ်သူမှ လုမစားဘူး"

"ရော့ ... ရော့ ... ရေနွေးလေး သောက်ချလိုက်"

"ဟဲ့ ... အပူကြီး သွားမတိုက်နဲ့လေ၊ လျှာကျွပ်သွားဦးမယ်"

"အယ် ... မေ့လို့ ... မေ့လို့ ... ဆောရီး"

တေးတို့သုံးယောက်ဟာ ကလေးတွေလို ကျောင်းစီ ရှုပ်ထွေးဆူညံသွားသည်။ နွာညိုက သီး၊ ကပျာကယာ



www.burmeseclassic.com

www.burmeseclassic.com



ရေနွေးငှဲ့သူက ငှဲ့နှင့် အဆီအငေါ်မတည့်တာလေးတွေ ရှုပ်ယှက်ခတ်နေသည်။

သူကတော့ တေးတို့လို မဟုတ်၊ အနေတည်တံ့လှတာမို့ တေးတို့ကတောင် သူ့ပြန်ရှိန်နေရသည်။ မသိမသာ ညှော်ခံပြုံးကလေးသာ ပြုံးရုံမှတစ်ပါး သူရုပ်ဟာ ခပ်တည်တည်။ နဂါးမောက်ခြံ စိုက်စားသည့် တောသားဆိုသော်လည်း အနံ့ညာတာအိုးအိုးအအကြီး မဟုတ်။ မသိနားမလည် နုနယ်ပုံလည်း မရှ ရင့်ကျက်ပြည့်ဝကာ စိတ်ရောလူပါ ကြံ့ခိုင်ပုံမျိုး။

သူက အေးအေးဆေးဆေးပင် ရေနွေးကြမ်းခွက်လေးတွေထဲကို ရေနွေးငှဲ့ပြီး တေးတို့ တစ်ယောက်စီရှေ့မှာ ချပေးလိုက်ပြီး တေးတို့နှင့် မလှမ်းမကမ်း ခုံမှာ ဝင်ထိုင်နေလိုက်သည်။

အလင်းရောင်တို့ ဖျော့တော့မှေးမှိန်လာချိန်မှာ ရာသီဥတုက တဖြည်းဖြည်း အေးစိမ့်လာနေသည်။ အညာဆောင်းက အေးလှပါသည်။

တေးက အရင်စားပြီးသွားတာမို့ သူထိုင်နေသော ခုံတန်းလေးဘက်သို့ လျှောက်လာခဲ့သည်။

သူက ဝါးဖြင့်လုပ်ထားသော ခုံတန်းရှည်ပေါ်မှာ ခြေချိုပ်ထိုင်လျက် မတ်ခွက်ဖြင့်ထည့်ထားသော ရေနွေးကြမ်းပူကို တစိမ့်စိမ့်သောက်ရင်း ဟိုးခပ်ဝေးဝေးက မြူနှင်းတွေကြားမှာ ဝိုးတဝါးမြင်နေရသည့် ပုပ္ပားတောင်မကြီးဆီ လှမ်းမျှော်ငေးကြည့်နေသည်။

ပုဂံ ညောင်ဦးဘက်မှာ ပေါပေါများများ ရောင်းေ





ကြသည့် ပခုက္ကူချည်ကြမ်းဖြင့် ရှမ်းဘောင်းဘီပုံ ချုပ်ထားသည့် ဘောင်းဘီမျိုးကို အုန်းခွံရောင် ခေါင်းစွပ်ဆွယ်တာနှင့် တွဲဝတ်ထားပုံက အထူးတလည် မဟုတ်သော်လည်း သူ့ပုံစံက ထိုအဝတ်အစားတွေကို လိုက်ဖက်လျက် ဖက်ရှင်ကျသလို ထင်ရသည်။ ပါးမြိုင်းမွေး နုစ်သွယ်ဟာလည်း သူနှင့်လိုက် ဖက်ကာ သူ့ပုံစံကို ခပ်ခိုက်မိုက် ဖြစ်နေစေပါသည်။ ဘယ်လိုပြောရမလဲ ... ဘရက်ပစ်လိုခင်းသားမျိုးက တောသားခန်း သရုပ်ဆောင်သော်လည်း ရုပ်ခံကိုက ခပ်မိုက်မိုက်နဲ့ ဆွဲဆောင်မှု ရှိနေတာမျိုးလေ ...။

တေးက သူထိုင်နေသည့် ခုံတန်းရှည်ရဲ့ တစ်ဖက်စွန်းမှာ ရပ်လိုက်ရင်း ...

"ကိုနေညိုညချမ်း ..."

"ဩော် ... အစ်မ စားပြီးပြီလား"

"ပြီးပြီ၊ စားလို့လည်း အရမ်းကောင်းတယ်၊ ကိုယ်တိုင် စီစဉ်ပေးရတာ အားနာစရာပဲ၊ ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ ဧည့်သည်တွေလာရင် ဒီလိုပဲ စီစဉ်ပေးနေကျပါ၊ ကျွန်တော့်ခြံက ပုပ္ပားသွားတဲ့ လမ်းကြောင်းပေါ်မှာဆိုတော့ ဦးလေး မိတ်ဆွေ တော်တော်များများ ဝင်နားနေကျပါ၊ ထိုင်လေ ... အစ်မ"

နေညိုညချမ်းက ခုံတန်းရှည်ရဲ့ တစ်ဖက်စွန်းကို တိုးရွှေ့ပေးလိုက်တာမို့ တေးက ခုံတစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်သည်။

"ကိုနေညိုညချမ်းက ဒီမှာ ခြံစိုက်တာကြာပြီလား"

"ညချမ်းပဲ ခေါ်ပါ အစ်မ၊ ကျွန်တော် ဒီခြံကို စတင်ပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်လောက်ရှိပါပြီ၊ ရေဆင်းတက္ကသိုလ်က ကျောင်းပြီး စကတည်းက ဒီခြံကို စလုပ်ခဲ့တာပါ”

“စိုက်ပျိုးရေး ဝါသနာပါခဲ့တာပေါ့နော်”

“ဟုတ်တယ်ဗျ၊ ကျွန်တော်က လူတွေနဲ့ ဝေးဝေး၊ အေးအေး ဆေးဆေး တိတ်တိတ်ဆိတ်ဆိတ်လေး နေရတာ သဘောကျတယ်၊ အပင်တွေနဲ့ နေရတာက လူတွေနဲ့ နေရတာလောက် အကုသိုလ်မများဘူးလေ၊ ကိုယ်စိုက်တဲ့ အပင်တွေ ရှင်သန်ကြီးထွား သီးပွင့်လာတာကို စောင့်မျှော်ပြီး ပျိုးထောင်ပေးနေရတာ စိတ်ဝင်စားဖို့ကောင်းတယ်၊ အပင်ကလေးတွေ တစ်နေ့ချင်း ကြီးလာတာကို တစ်နေ့ချင်း စောင့်ကြည့်ရင်း ရှင်သန်နေရတာ စိတ်လှုပ်ရှားစရာပဲလေ၊ မနက် အိပ်ရာနိုးလာတာနဲ့ ဒီနေ့ ဘယ်အပင်က အသီးစသီးမလဲလို့ တွေးလိုက်ရတာကိုက ကြည်နူးစရာပဲ”

“ညချမ်း ခြံစိုက်ဖို့စဉ်းစားတော့ ဘာလို့ နဂါးမောက်ပင် စိုက်ဖို့ ရွေးချယ်ခဲ့တာလဲ”

“နဂါးမောက်သီးက ကျွန်တော်တို့ဆီမှာ သိပ်ပေါပေါများများ မထွက်ဘူးလေ၊ ပြီးတော့ ဒီရေမြေက နဂါးမောက်ပင် စိုက်ရင် ဖြစ်ထွန်းနိုင်တာလည်း တစ်ကြောင်းပေါ့၊ နဂါးမောက်သီးက ဆေးဖက်လည်းဝင်တယ်၊ ဗီတာမင်စီနဲ့ အမျှင်ဓာတ်ပါတော့ ကိုလက်စထရော ကျတယ်၊ အန်တီအောက်ဆီးဒင့်ပါတော့ သွေးတိုး၊ နှလုံး၊ ဆီးချိုအတွက်လည်း ကောင်းတယ်၊ ချောင်းဆိုးရင်ကျပ် ရောဂါအတွက်





လည်း ကောင်းတယ်၊ မျက်လုံးအားကိုလည်း ကောင်းစေတယ်၊ လိုင်ကိုပိန်းဓာတ်တွေပါလို့ အရွယ်တင် နုပျိုဆေးလို့တောင် ခေါ်လို့ရတယ်တဲ့”

“ဒါပေမယ့် ဈေးကြီးတော့ လူတိုင်းစားနိုင်ဖို့တော့ မလွယ်ဘူးထင်တယ်နော်”

“ဟုတ်တယ်၊ ကျွန်တော့်အမေလည်း မစားနိုင်ခဲ့ပါဘူး”

ပြောရင်း သူ့မျက်နှာက ညှိုးသွားကာ ...

“အမေက ကျွန်တော့်အသက် ၁၅ နှစ်မှာ ဆုံးတယ်လေ၊ အမေဆုံးခါနီးမှ လူမမာ လာမေးတဲ့သူ ယူလာပေးလို့ နဂါးမောက်သီး စားဖူးခဲ့တာ၊ နောက်ထပ် စားချင်တယ်ပြောလို့ ကျွန်တော် သွားရှာဝယ်လာခဲ့ပေမယ့် ကျွန်တော်ပြန်ရောက်တော့ အမေက ဆုံးနှင့်နေခဲ့ပြီ”

သူက ညို့ရီသော အဝေး ပုပ္ပားတောင်ဆီ ဆွေးဆွေးမြည့်မြည့် ငေးရင်း ပြောခဲ့သည်။ တေးသည် သူ့မျက်နှာကိုကြည့်ရင်း ရင်ထဲ နင့်သွားကာ ငိုချင်သလိုတောင် ဖြစ်ရသည်။

“ဒီအပင်တွေ စစိုက်ကတည်းက ကျွန်တော့် အမေကို သတိရစိတ်နဲ့ အမေ့ကို ရည်စူးပြီး စိုက်ခဲ့လို့လားတော့ မသိဘူး၊ အရမ်း ဖြစ်ထွန်းအောင်မြင် သီးပွင့်လာခဲ့တယ်”

တေးက အသာအယာ ခေါင်းညိတ်လိုက်ရင်း ...

“ညချမ်း ဖေဖေကရော ...”

“အဖေက ကျွန်တော့်ကို မမွေးခင်က ဆုံးနှင့်ခဲ့ပြီ၊ အမေ



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိတော့တဲ့နောက်ပိုင်းကျမှ ဦးလေးတို့က ကျွန်တော့်ကို မွေးစားပြီး ကျောင်းဆက်ထားပေးခဲ့တာ"

"ညချမ်းက ဒီမှာပဲ အမြဲနေတာလား ..."

"များသောအားဖြင့်ကတော့ ဒီမှာပါပဲ၊ ခြံအတွက် လိုအပ်တဲ့ စိုက်ပျိုးရေးပစ္စည်းတွေ လိုရင်တော့ မြို့ပေါ်တက်ရတာပေါ့၊ တစ်ခါတလေ ဦးလေးက သူတို့ကားမောင်းမယ့် ဒရိုင်ဘာ အဆင်သင့်မရှိလို့ ကျွန်တော့်ကို လှမ်းခေါ်ရင်တော့ တစ်ရက်တလေ Tour ကား လိုက်မောင်းပေးရတာမျိုး ရှိတာပေါ့ ..."

"တစ်ယောက်တည်း နေတာကြာတော့ အထီးမကျန်ဘူးလား"

သူက မသိမသာလေး တစ်ချက်ပြုံးကာ ပခုံးတွန့်လိုက်ရင်း သူ့လက်ထဲက ရေနွေးကြမ်းမတ်ခွက်လေးကို မြှောက်ပြကာ ...

"ဒီလို ရေနွေးကြမ်း တစ်ခွက်ရယ်၊ စာအုပ်တစ်အုပ်ရယ် ကျွန်တော့် အပင်တွေရယ်ရှိရင် ကျွန်တော့်အတွက် တော်တော် ပြည့်စုံသွားပြီလေ၊ ပြီးတော့ ... ဒီခြံမှာက ကျွန်တော် တစ်ယောက်တည်းတော့ မဟုတ်ဘူးလေ၊ အောင်ချိုလည်း ရှိတယ်၊ ရွာဘက်က ကျွန်တော့်မိတ်ဆွေ တစ်ယောက်လည်း တစ်ခါတစ်ခါ လာနေတတ်ပါတယ်"

"အစ်ကို ... ဖုန်းလာတယ်ဗျ၊ ကျောက်ပန်းတောင်း ဝပ်ရှော့ကတဲ့ ..."





"သြော် ... အေး"

အောင်ချိုက သူ့ဆီပြေးလာပြီး သူ့စီဒီအမ်အေဖုန်းကို လာပေးသည်။

သူက ဖုန်းကိုလှမ်းယူပြီး ...

"အေး ... ပြော၊ သြော် ... ဒါဆို ဒီညလာယူဖို့တော့ အဆင်မပြေတော့ဘူးပေါ့၊ အေးလေ ... ဘယ်တတ်နိုင်မလဲ၊ ဒါဆိုလည်း မနက်စောစောတော့ လာလိုက်လေ၊ အေး ... အမြန်ဆုံးတော့ လုပ်ပေးပေါ့ကွာ၊ ဟုတ်ပြီ ... ဟုတ်ပြီ ... ဒါပဲလေ"

သူက ဖုန်းပြောပြီးတာနှင့် တေးဘက်ကို လှည့်ကြည့်လိုက်ရင်း ...

"ဝပ်ရှော့က လာယူဖို့ ဆွဲကား အဆင်မပြေလို့ မနက်မှ လာနိုင်မယ်တဲ့ အစ်မ၊ ဒီတစ်ညတော့ ကားကို လမ်းဘေးမှာပဲ ထားရတော့မယ်၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ ခုနက ကျွန်တော် ပစ္စည်းတွေ သွားယူကတည်းက အဲ့ဒီနား ခြံက လူတွေ အကူအညီခေါ်ပြီး လမ်းဘေးတွန်းရွှေ့ပေးခဲ့ပါပြီ၊ လမ်းဘေးနားက ခြံက ခြံစောင့်ကို သေချာစောင့် ကြည့်ထားပေးဖို့လည်း မှာခဲ့ပါတယ်"

"ရပါတယ် ... လာယူဖို့ အဆင်မပြေတာတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ရာသီဥတုကလည်း ဒီဘက်ရောက်လေ ပိုအေးလေပဲနော်၊ ဒီနေရာက ပုဂံထက် ပိုအေးသလိုပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



တေးက ကိုယ်ကျပ်တီရှပ်လက်ရှည် အပါးလေးဖဲ ဝတ်ထားတာမို့ ပခုံးကလေးကျုံ့၍ ပြောမိတော့ သူက သတိရ သွားပုံဖြင့် ...

"အစ်မ ချမ်းနေရောပေါ့၊ အနွေးထည်တွေ အိတ်ထဲမှာ ပါတယ်မဟုတ်လား၊ ဟိုအစ်မတွေလည်း ချမ်းနေပြီထင် တယ်၊ အောင်ချိုရေ ..."

"ဗျာ ... အစ်ကို"

"ငါတို့ ကားပေါ်က သွားယူလာတဲ့ အထုပ်တွေ ယူလာခဲ့ ဦး"

"ဟုတ်ကဲ့ ... အစ်ကို"

အောင်ချိုက သူ့အိမ်လေးဘက်သို့ ပြေးသွားပြီး တေးတို့ရဲ့ အထုပ်အပိုးတွေကို ဆွဲယူလာပါသည်။

တေးက ပစ္စည်းတွေကို လှမ်းကြည့်ရင်း တေးရဲ့ အရုပ်ကလေး မပါတာကို သတိထားမိသွားကာ ...

"ဟို ... အရုပ် ..."

"ဗျာ ... ဘာအရုပ်လဲ အစ်မ"

"သြော် ... ဘာရယ်မဟုတ်ပါဘူး"

"ကားပေါ်မှာ မွေးပွအရုပ်တစ်ရုပ်တော့ တွေ့ခဲ့တယ်၊ ဒီ အတိုင်း ကားပေါ်မှာ အလှထားတဲ့ အရုပ်ထင်လို့ ယူမလာ ခဲ့တာ ..."

"သြော် ... အင်း ... အရေးမကြီးပါဘူး၊ ကားပေါ်မှာ ဒီ အတိုင်းထားထားတာပါ"





တေးက ညာလိုက်ရသည်။ အဲ့ဒီအရုပ်ကလေးကိုမှ ဖက်မအိပ်ရရင် အိပ်မပျော်လို့ တေး ဘယ်သွားသွား ယူသွားရတဲ့ အရုပ်ကလေးဖြစ်ကြောင်း တစ်မိမ်းယောကျာ်းတစ်ယောက်ကို တေး ဘယ်လိုပြောမလဲနော်။ တေးအရွယ်နဲ့ ဒီလို ခရေဇီရှိတာကို သိရင် အဟားခံရမှာပေါ့။

တေးက တေးရဲ့ အိတ်ဇစ်ကိုဖွင့်ကာ အပေါ်ဝတ် ကုတ်အင်္ကျီထူထူလေး ထုတ်၍ဝတ်လိုက်သည်။ ခွာညိုတို့ကလည်း ဆမင်းစားပြီးပြီမို့ တေးတို့နားသို့ ရောက်လာကာ ...

"ချမ်းလိုက်တာနော်၊ အရမ်းချမ်းလာပြီ၊ ငါတို့လည်း အနွေး ထည် ဝတ်မယ်ဟေ့ ..."

ဟုပြောရင်း အိတ်ကိုယ်စီယူကာ အနွေးထည်တွေ ထုတ်ယူလိုက်ကြသည်။

"နွေးသွားအောင် ကျွန်တော် မီးဖိုပေးမယ်"

"နေပါစေ ... ညချမ်း"

"တကူးတက မဟုတ်ပါဘူး၊ ကျွန်တော် နေ့တိုင်း ဖိုနေကျ ပါ"

သူကအိမ်ဘက်သို့ ပြန်လျှောက်သွားသည်။ ခဏနေ တော့ အောင်ချိုနှင့်အတူ ထင်းတွေသယ်လာပြီး အိမ်နှစ်လုံးရဲ့ အလယ် မြေပြောင်ပြောင်မှာ ထင်းတွေပုံချ မီးဖိုလိုက်တော့ တေး တို့အားလုံး မီးဖိုနားမှာ ဝိုင်းထိုင်လိုက်ကြသည်။

သူက အချိန်ရလာသော မီးဖိုကို ထိုးဆွနေရင်း ...

"ဒီပုပ္ပားဘက်က နွေရာသီဆိုရင်တောင် အပူပိုင်းဒေသရဲ့

www.burmeseclassic.com



အိုအေစစ်လို့ ပြောရအောင် စိမ့်စိမ့်လေး အေးတယ်လေ၊ ဒီလို ဒီဇင်ဘာလကုန်ပိုင်းဆိုတော့ ပိုအေးတာပေါ့၊ ကျွန်တော်တော့ ဒီနားတစ်ဝိုက်က ရာသီဥတုကို ကြိုက်တယ်၊ ပြင်ဦးလွင်လိုမျိုးပဲ စိမ်းစိုသာယာတယ်"

တေးက ဘေးမှာပုံထားသည့် ထင်းတွေကို မီးပုံထဲသို့ ထပ်ဖြည့်လိုက်ရင်း ...

"အညာဘက်က ရာသီဥတု ပြင်းထန်သလိုပဲနော်၊ နွေဆို အရမ်းပူပြီး ဆောင်းဆိုလည်း အရမ်းအေးတယ်၊ တေးတို့ မတ်လလောက် ပုဂံကို တစ်ခေါက်လာဖူးတယ်၊ အရမ်းပူတာပဲ၊ မခံနိုင်ဘူး၊ ဆောင်းနှောင်းကျတော့လည်း အရမ်းအေးနေပြန်ရော ..."

"ကျွန်တော်တော့ ဒီဒေသလေးကို အရမ်းချစ်တယ်၊ ပုဂံညောင်ဦးတစ်ဝိုက်ရော၊ ဒီပုပ္ပားဘက်ရော မြင်းခြံတစ်ဝိုက်ရောပေါ့၊ ဒီဘက်က အညာသူ အညာသား တော်တော်များများက ရိုးသားပွင့်လင်းကြတယ်"

မီးဖိုက တဖြည်းဖြည်း အရှိန်ရကာ နွေးလာသည်။ ထင်းချောင်းတွေက ဖျစ်ဖျစ်မြည်ကာ တဖြည်းဖြည်း ရဲလာသည်။

နဂါးမောက်ပင်တွေ ရစ်နွယ်နေသော စင်တွေ တန်းစီကာ သာယာလှပနေသော သူ့ခြံဝန်းကျယ်ကြီးက အေးမြတိတ်ဆိတ်လျက် မြူနှင်းမှုန်ကြားမှာ တဖြည်းဖြည်း ဝေဝါးလာသည်။

"ဟဟ ... ဒီနေရာက အရမ်းမိုက်တယ်၊ ဟိုတယ်ရီဆော့ဖွင့်လို့တောင် ရတယ်နော်၊ ကိုညချမ်းနေချို ..."





နွာညိုက သူ့ခြံဝန်းကြီးကို သဘောကျကာ သူ့နာမည်ကို ကမောက်ကမ ခေါ်ရင်း ပြောလိုက်တာမို့ သူက ခပ်သဲ့သဲ့ ပြုံးသည်။

"နွာညိုတို့ကတော့ လုပ်ပြီ၊ ထမင်းကျ အလကားစားပြီး နာမည်ကျ မှန်အောင် မခေါ်နိုင်ဘူး၊ နေညိုညချမ်းပါဟ့ ..."

ယမင်းက ပြောတော့မှ နွာညိုက ဇက်ကလေးပုကာ ရယ်ရင်း ...

"အဟဲ ... ဆောရီးနော် ကိုနေချိုညချမ်း ..."

"နေညိုညချမ်း ပါဆို ..."

"အဲ ... နေညိုညချမ်း၊ ကိုနေညိုညချမ်း ..."

"ညချမ်းပဲ ခေါ်ပါဗျာ၊ ကျွန်တော့်ကို ဘယ်သူမှ နာမည်အပြည့်အစုံ မခေါ်ပါဘူး"

"ညချမ်းချိန်ခါမှာ တွေ့ရတဲ့ ညချမ်းနဲ့ ညချမ်း စီစဉ်တဲ့ ထမင်းတစ်နပ်အတွက် ကျေးဇူးဥပကာရ တင်ရှိပါတယ်ရှင်၊ ညချမ်းခြံက သာယာတော့ အိပ်ကောင်းစားကောင်း နေကောင်းမယ့်ပုံပဲ၊ တစ်ရက်လောက်တောင် ထပ်နေလိုက်ရရင် ကောင်းမှာပဲ ..."

"မိနွာညိုတို့ကတော့ လုပ်ပြီ ..."

"အကောင်းပြောတာ၊ ဒီခြံထဲရောက်တော့ အရမ်း relax ဖြစ်တာပဲ၊ သဘာဝဆန်ဆန် ဖန်တီးထားတဲ့ ဟိုတယ်ရီဆော့တစ်ခုထဲ ရောက်လာရသလိုပဲ ..."

ညချမ်းက နွာညို့ကို လှမ်းကြည့်ကာ ပြုံးလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"အစ်မတို့ ဒီမှာ ဆက်မနေချင်တော့ရင်တောင် မနက်ဖြန် တစ်ရက်တော့ မဖြစ်မနေ ဆက်နေရဦးမှာ ..."

"ဟင် ... ဘာဖြစ်လို့လဲ"

"အစ်မတို့ကားကို ခနက်မှ လာယူမှာဆိုတော့ တစ်ရက်တော့ အချိန်ယူပြင်ရမှာပဲလေ၊ ချက်ချင်း မပြီးနိုင်ဘူး"

"အဟဲ ... ဒါဆိုလည်း အဆင်ပြေတာပေါ့၊ နေချင်ရက်လက်တို့ပဲ၊ ဟဲ့ ... တေး ... နင်က ပိုနေချင်တာ မဟုတ်လား"

ချာညိုက တေးကို အထာကလေးနှင့် လှမ်းမေးလိုက်သည်။ တေးတို့ သုံးယောက်ထဲမှာ သူတို့နှစ်ယောက်မှာ ရည်းစားကိုယ်စီရှိကြပြီး တေးမှာပဲ မရှိတာမို့ သူတို့က တေးကို ညချမ်းနှင့် ကျီစယ်ချင်သလိုလို လုပ်နေကြတာပင် ...။

တေးက ညချမ်းမမြင်အောင် ချာညို့ကို မသိမသာ မျက်စောင်းလှမ်းထိုးရင်း ပါးစပ်လှုပ်ရှုံ့ အသံတိတ် ရန်တွေ့လိုက်သည်။ ပြီးမှ ဘာမှမသိသလိုပုံစံနှင့် ...

"ငါက ဘာလို့ ပိုနေချင်ရမှာလဲ၊ နင်သာ ကဲကဲလှုပ်ပြီး နေချင်နေတာ ..."

"နင်ကတော့ မနေချင်ဘူးပေါ့ ..."

"နေတော့ နေချင်ပါတယ်၊ ဒါပေမယ့် နင့်လောက်ကြီးတော့လည်း မဟုတ်ပါဘူး၊ ကားပြီးရင်တော့ ပြန်ရမှာပေါ့"

"နင်က ဘာအလျင်စလို ပြန်ချင်နေရတာလဲ၊ နောက်ဆန်ငင်စရာ ရည်းစားသနာလည်း ရှိတာမဟုတ် ..."





ဟင် ... ပိုပြီ ... ချာညိုမ။ တေးမှာ ရည်းစားမရှိတာကို ညချမ်းရှေ့မှာ ကြော်ငြာစရာလား။ ချာညိုနဲ့ ယမင်းဟာ သူတို့ချစ်ရှေ့မှာ ခပ်မိုက်မိုက် ယောကျာ်းလေး တစ်ယောက်ယောက်များ တွေ့ပြီဆို မြို့မိုက်ပဲ မိုက်မိုက်၊ ခုလို တောမိုက်ပဲ မိုက်မိုက် ခုတ်ပို့စကားတွေ ပြောချင်ကြတဲ့နေရာမှာ နှစ်ယောက် မရှိ။

ညချမ်းကတော့ တေးတို့စကားတွေကို မကြားသလိုနှင့် မီးပုံကိုသာ တစ်ချက် ထိုးဆွရင်း ...

"ဒီနားမှာတော့ လည်ပတ်စရာ စိုက်ခင်းတွေပဲ ရှိတယ်၊ ဒါပေမယ့် ဒီကနေ သုံးလေးမိုင်သွားရင် သာယာတဲ့ ရွာလေး တစ်ရွာ ရှိတယ်၊ ဆည်ပေါက်ရွာလေ ... ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးတာပေါ့၊ ရုပ်ရှင် ခဏခဏ လာရိုက်တဲ့ရွာ မဟုတ်လား၊ ရုပ်ရှင်ထဲမှာ ခဏခဏ တွေ့တယ်၊ ရွာလေးက လှတယ်နော်"

"ဟုတ်တယ် ... ပုပ္ပားတောင်မကြီးကိုလည်း လှမ်းမြင်ရတယ်လေ၊ ဒီနားတစ်ဝိုက်က ရွာတွေကတော့ ပုပ္ပားတောင်ကို မြင်ရတဲ့ရွာချည်းပါပဲ၊ မနက်ဖြန်ကျရင် အဲ့ဒီရွာကကိုအောင်ကြီးဆိုတဲ့ ကျွန်တော့်မိတ်ဆွေတစ်ယောက် လာလိမ့်မယ်၊ သူနဲ့အတူ လိုက်လည်လို့ရတယ် ..."

"ဘာနဲ့ သွားရမှာလဲဟင် ..."

"ထော်လာဂျီနဲ့ သွားလို့ရတယ်၊ ဆိုင်ကယ်နဲ့ သွားလည်းရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ပျော်စရာကြီး၊ ထော်လာဂျီ တစ်ခါမှ မစီးဖူးဘူး။ ထော်လာဂျီနဲ့ပဲ သွားမယ် ... နော် ... တေး၊ ယမင်း နင်လည်း မစီးဖူးဘူး မဟုတ်လား"

"အေး ... မစီးဖူးဘူး၊ သွားကြတာပေါ့"

"သွားမယ်လေ ..."

"ညချမ်း ရှင်လည်း လိုက်ခဲ့နော်"

"လိုက်မယ်လေ ..."

မီးဖိုလေးက မီးညွှန့်တွေ တက်လာကာ နွေးသထက် နွေးလာသည်။ ဒီနားတစ်ဝိုက်ဟာ ပုပ္ပားတောင်ရိပ်ကြောင့်လား မသိ အေးစိမ့်လှပါသည်။

မီးဖိုရဲ့ အခြားတစ်ဖက် မျက်နှာချင်းဆိုင်ဘက်ခြမ်းမှာ ထိုင်နေသော သူ့မျက်နှာကို မီးညွှန့်တွေ ခြားကာမြင်ရသည်။ သူ့အသက် ဘယ်လောက်ရှိမှာပါလိမ့်ဟု တေးက တွေးနေမိသည်။ တေးထက် ငယ်မှန်းသိသော်လည်း ဘယ်လောက်ငယ်မယ်ဆိုတာ မခန့်မှန်းတတ်ပါ ...။ ပါးမြိုင်းမွေးထားသော ယောကျ်ားတွေကို မြင်ခဲ့ဖူးသော်လည်း သူ့လောက် ပါးမြိုင်းမွေးနှင့် လိုက်ဖက်ကြည် ကောင်းသူမျိုး မတွေ့ဖူးသေးပါ။

တေးက သူ့အကြောင်း စိတ်ဝင်တစား တွေးရင်း မီးတောက်တွေကို ငေးကြည့်လျက် ငြိမ်သက်နေမိပါသည်။



"ငါတော့ ပြဿနာပဲ"

"ဘာဖြစ်လို့လဲ တေး၊ နင် သူ့ကို မြင်မြင်ချင်း ကြိုက်သွားလို့လား ..."

"ဟဲ့ ... မဟုတ်တာ မပြောနဲ့၊ အရုပ်မရှိလို့ အိပ်မပျော်ရတဲ့အထဲမှာ နင်က တစ်မျိုး ..."

တေးက တေးဆံပင်လေးတွေကို ကုပ်ဖွရင်း ညည်းညူလိုက်မိပါသည်။ ပြောရရင် ရယ်စရာလည်း ကောင်းပါသည်။ တေးမှာက ကလေးဆန်သော ဆိုက်ကိုလေး ရှိသည်လေ ...။ တေးရဲ့ ပန်ဒါဝက်ဝံရုပ်လေးမှ အိပ်ရာထဲမှာ ရှိမနေလျှင် တေး အိပ်လို့ မပျော်တတ်ပါ။ အရုပ်လေးဟာ သိပ်မကြီးသော်လည်း ခေါင်းဘတ်နားမှာ ကပ်၍အိပ်လျှင် နွေးနေသည်။ ထိုအနွေးဓာတ်လေး ဖြင့်မှ တေးက အိပ်ပျော်လေသည်။

"နင်ကလည်း ကလေးကျနေတာပဲ တေးရယ်၊ ဖက်အိပ် စရာ မရှိရင် ငါ့လာဖက်အိပ် ... လာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်ချင်ပါဘူး၊ နင့်ဖက်အိပ်ရင် ငါ ခဏခဏလန့်နိုးမှာ၊ နင်က အရမ်း အအိပ်ကြမ်းတာ၊ နင့်အိမ်မှာ တစ်ခါ စုအိပ်ဖူးကတည်းက နင့်ကိုကြောက်တာ၊ အိပ်ရာဝင်တုန်းက ခေါင်းက ခေါင်းရင်းမှာ၊ အိပ်ရာထတော့ ခေါင်းက ခြေရင်း ရောက်နေတယ်ဆိုတာ နင်လိုလူမျိုး၊ ငါ့အရုပ်လေးကမှ ငါထားတဲ့အတိုင်း ငါ့ရင်ခွင်ထဲမှာ နွေးနွေးလေး ငြိမ်နေတာ"

"အေး ... ဒါပေမယ့် အခု နင့်အရုပ်က တားထဲမှာ ကျန်နေခဲ့ပြီလေ၊ ငါ့ကိုလည်း မဖက်ချင်၊ ယမင်းကိုလည်း မဖက် ချင်ဘူးဆိုရင်တော့ ဟိုတစ်ယောက်ကိုသာ သွားဖက်တော့"

"ဟီးဟီး ... အဲ့ဒီတစ်ယောက်က နင့်အရုပ်လိုတော့ ငြိမ်ငြိမ်နေမှာ မဟုတ်ဘူးနော်၊ အအိပ်ကြမ်းတဲ့ ခွာညို့ထက်လည်း ဆိုးမယ်မှတ် ..."

"ယမင်းစုတ် ... နင်တို့တွေ မိန်းကလေးဖြစ်ပြီး အပြောလှချည်လားဟဲ့ ..."

တေးက အနားက ခေါင်းအုံးနှင့် ယမင်းကို ဝင်ပေါက်လိုက်တော့ သူတို့နှစ်ယောက်က တခိခိ ရယ်လေသည်။

တေးတို့သုံးယောက်က ညချမ်းကို ငွက်နိုက်ဟု နှုတ်ဆက်ပြီး တေးတို့ အိပ်ရမည့် တိုက်ပုလေးဘက်သို့ ပြန်လာပြီး အိပ်ရာဝင်ခဲ့ကြသော်လည်း ခုထိအိပ်မပျော်ကြသေးပါ။ သုံးယောက် သားဆုံလျှင် ပုကျိပုကျိ ပြောကြစမြဲမို့ သူတို့ နှစ်ယောက်က





သားကို ညချမ်းနှင့်လည်း ကျီစယ်၊ ညချမ်း အကြောင်းကိုလည်း စိတ်ဝင်တစား ထင်မြင်ချက်တွေ ပေးကြပါသည်။ တေးကတော့ အရုပ်ကလေး မရှိတာမို့ ဒီည အိပ်မပျော်မည့် အရေးကိုတွေးကာ ခေါင်းလေးနေရတာပင်။

"တေး ... ညချမ်းက တို့ထက် အသက်ဘယ်လောက်ငယ်မယ်လို့ နင်ထင်လဲ ..."

"မထင်တတ်ပါဘူး၊ သူ့ရုပ်က အမွေးအမျှင်တွေနဲ့ဟာကို"

"ဒါပေမယ့် အဲဒီအမွေးအမျှင်တွေကို နင့်မျက်စိထဲက ခဏဖျောက်ကြည့်လိုက်ဟာ ..."

"မကြည့်တတ်ပါဘူး"

"အဲ့ဒီ ပါးမြိုင်းမွေးကြောင့် သူ့ရုပ်က ရင့်နေတာဟ၊ အဲ့ဒီ အမွေးတွေမရှိရင် သူ့ရုပ်က တော်တော်နုမှာ ...၊ အထူးသဖြင့် သူ့မျက်လုံးတွေက တောက်ပစူးရှပြီး ပါဝါရှိတယ်၊ ရင်ခုန်စရာလေး သိလား ... နင့်အတွက် ပြောပါတယ်"

"အရမ်းလည်း ငယ်နေမှ ကလေးကို မုန့်ပေးကြိုက်သလို ဖြစ်နေပါဦးမယ် ခွာညိုရယ်"

"အို ... ဘာဖြစ်လဲ၊ ခုခေတ်မှာ ထက်မြက်ပြည့်စုံတဲ့ မိန်းမတွေ အသက်အရွယ်လေး ရလာရင် ဘယ်သူမှ အဘိုးကြီးတွေကို ယူဖို့ စိတ်မကူးတော့ဘူး၊ ကိုယ့်ထက် ငယ်နုတဲ့ ယောက်ျားလေးတွေကိုပဲ သတ္တိရှိရှိ လက်ထပ်ယူကြတဲ့ ခေတ် ရောက်ပြီဟဲ့ ...၊ ဘယ်သူက ဘယ်သူ့ကိုပဲ မုန့်ပေးမုန့်ပေး ... မုန့်စားရဖို့သာ အဓိကဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... နင်တို့တွေ ဘာတွေပြောနေကြတာလဲ၊ ဘယ်သူ က ဘယ်သူ့ကို ကြိုက်သေးလို့ ဒီအခြေအနေထိ အဆင့် တွေမြှင့်ပြီး ပြောနေကြတာလဲ ...၊ နင်တို့ဟာက နူး စပါးပျိုးကြဲရုံရှိသေးတာကို ထမင်းပွဲရှေ့ရောက် နူးခပ်ပြင် ဆင်စားဖို့ထိ စိတ်ကူးယဉ်ပြီးပြီဆိုတာမျိုး ဖြစ်နေပြီ"

"အံမယ် ... အံမယ် ... တေးသီသူ၊ စကားထဲက ဇာတ် ပြပြီ၊ နင် အခု ပျိုးကြဲဖို့လောက်တော့ စဉ်းစားပြီးပြီပေ လေ ... ဟုတ်စ"

"နွာညို ... နင်နော် ... မဟုတ်တာတွေ စွာကျယ် စွာကျ ပြောမနေနဲ့၊ ဟိုက ခြံထဲမှာပဲ ရှိသေးသလား မသိတာ ကြားသွားပါဦးမယ်ဟယ်၊ ခုမှ တွေ့တဲ့လူတစ်ယောက် နင်တို့ပဲ ပြစ်မှားနေကြ ... သိလား၊ နင်တို့ စဉ်းစားကြ စမ်း ... အခု ငါတို့က လူသူမနီးတဲ့ ခြံကျယ်ကြီးထဲ ရောက်နေတာ၊ ဒီခြံထဲမှာ ငါတို့ မိန်းကလေးချည်း သုံး ယောက်၊ နင်တို့ မကြောက်ဘူးလား"

"ဘာလို့ ကြောက်ရမှာလဲ၊ ငါတို့က သုံးယောက်၊ သူ တစ်ယောက်၊ ပြီးတော့ သူက တစိမ်းသက်သက်ကြီး မဟုတ်တာ၊ ငါတို့ မိတ်ဆွေ ညောင်ဦးမြို့ပေါ်က ဂု သရေရှိ လူကြီးလူကောင်း ဦးကျော်တင့်ရဲ့ တူ၊ ပြီးအ စောစောကပဲ ဦးကျော်တင့်ဆီ နင် ဖုန်းဆက်တော့ ဦး အေးဆေးဆေး စိတ်ချ လက်ချ တည်းခိုကြပါလို့ ပြော





သား၊ လိုအပ်တာရှိရင်လည်း အားမနာဘဲပြောဖို့ ဂရုတစိုက် မှာထားပြီးသား"

"ခြံစိုက်စားပေမယ့် သူက အပေအတေတော့ မဟုတ်ဘူး လေ၊ ဥပမိကိုလည်း ကြည့်လိုက်ဦး ... "

နွာညိုက ညချမ်းဘက်က အာမတွေ ဝင်ခံနေတာမို့ တေးက ပြုံးမိသည်။ တေးလည်း သူ့ကို ယုံကြည်မိသားပင်။ သူက အနေတည်ကာ စကားပြော သိပ်မပျော့ပျောင်းသော်လည်း သူ့အကြည့်တွေက နွေးထွေးသည်။

ညက အေးသထက်အေးလာသည်။ တိတ်ဆိတ်မှုက ပို၍နက်ရှိုင်းလာသည်။ နွာညိုအောင်နှင့် ယမင်းတို့ နှစ်ယောက်က လည်း စောင်ပုံထဲမှာ နက်နက်ရှိုင်းရှိုင်း နှစ်ဝင်ကာ မျက်လုံးတွေ မှေးစင်းလာကြပါသည်။ တေးမှာတော့ မျက်လုံးလေး အကြောင် သား။

"ဟဲ့ ... နင်တို့တွေ အိပ်တော့မလို့လား"

"အေးလေ ... အိပ်တော့မှာ၊ အိပ်ချင်နေပြီ"

"ငါ အိပ်မပျော်ဘူး ... "

"အဲ့ဒါ ငါတို့ ဘာလုပ်ပေးရမလဲ ... "

သူတို့က မျက်လုံးမဖွင့်ဘဲ အိပ်ချင်မူးတူးသံဖြင့် ပြန် မေးနေကြပါသည်။

"အရုပ်သွားယူရအောင်ဟာ၊ အဖော်လိုက်ခဲ့ကြ"

"အမလေး ... အေးကအေး ... မှောင်က မှောင်နဲ့၊ မလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါဘူး၊ နင်သွားချင်ရင် ညချမ်းကို ခေါ်သွားပါလား။ အလုပ်နှစ်ခု ဖြစ်တာပေါ့၊ အရုပ်လည်းရ ... အဟီး ... ဟီး"

"ခွာညို ... နင်နော်၊ ပါးစပ် သိပ်သရမ်းတာပဲ ... သိလား"

"တေးရယ် ... နင်ကလည်း ဂျိကျမနေစမ်းနဲ့ ဟာ၊ ငါတို့ ကောင်းကောင်း အိပ်ပါရစေ၊ တစ်ညတာလေး အရုပ်မပါ ဘဲ အိပ်ကြည့်စမ်းပါ ..."

"ငါ မအိပ်တတ်လို့ပါ၊ ငါငယ်ငယ်တုန်းက ညတိုင်း မမ ဂီတက ငါ့ကို ဖက်အိပ်တာ၊ သူဖက်အိပ်မှ ငါအိပ်ပျော်တာ မမဂီတ အိမ်ထောင်ကျတော့ မမဂီတက သူ့အစား အဲဒီ အရုပ်လေးကို ဖက်အိပ်ဆိုပြီး ငါ့ရင်ခွင်ထဲ အဲဒီအရုပ်လေး ထည့်ပေးသွားခဲ့တာ"

သူတို့ ကြားသလား မကြားသလားတော့ မသိ တေးကတော့ ကိုယ့်ဘာသာ တိုးတိုးလေး ပြောနေလိုက်မိပါသည်။

မမဂီတက သူ့ကိုယ်စား ထားပေးခဲ့သော ဒီအရုပ် လေးနှင့် တေး နှစ်ပေါင်းများစွာ မခွဲမခွာ နေလာခဲ့တာ။ အရုပ် ကလေးဟာ ရှို့ဇှါဇှါ ခွေးလေးအရွယ် ခပ်သေးသေးလေး။ ဒီ အရုပ်လေး အရောင်နည်းနည်းညစ်လာတိုင်း တေးကိုယ်တိုင် ဖ တစိုက် ဖွပ်လျှော်ပြီး အခြောက်ခံစက်ထဲထည့်ကာ အခြောက်ခံ သည်။

မမေကတော့ တေးကို နင်ဟာ တော်တော် နာ လည်ရခက်တဲ့ ကောင်မလေးပဲ ဆိုသည်။ တေးက မဂီ သူ့ကိုယ်စား ထားပေးခဲ့သည့် အရုပ်လေးကို မြတ်နိုးလှသော်လည်း





ဒီတနင့်ကျတော့ ခပ်စိမ်းစိမ်းသာ နေတတ်တော့လို့ပင်။ တကယ် တော့ တေးဟာ ဘာကိုပဲဖြစ်ဖြစ် ကိုယ့်အနားမှာ ရှိနေမပေးနိုင် သော အရာတစ်ခုကို တမ်းတတွယ်မက်မနေချင်ခဲ့တာပါ။ စိတ်ထဲမှာ ခံယူထားတာတော့ ဒီအရုပ်ကလေးဟာ မမဂီတ ရဲ့ ကိုယ်စား ကိုယ်ပွားလေး၊ မမဂီတကို ဖက်အိပ်ရသလို တေးကို သွားစေသော မမဂီတရဲ့ စိတ်နှလုံး ငြိတွယ်ကျန်ခဲ့သော အရုပ် လေးဟုသာ ခံယူထားခဲ့တာပင်။

ခုတင်ခေါင်းရင်းအကာကို မှီထိုင်နေသော တေးက နှစ်ယောက်ကို ငုံ့ကြည့်မိတော့ ခွာညိုနှင့် ယမင်းတို့ နှစ်နှစ် ခြိုက် အိပ်ပျော်နေကြတာများ ပါးစပ်ကလေးတွေတောင် သို့၊ ယင်ကောင် ဝင်ဥသွားမှာတောင် စိုးရသည်။

တေးက မီးပိတ်၍ စောင့်ခေါင်းမြီးခြုံကာ အိပ်ပျော် ကြိုးစားသော်လည်း အိပ်မပျော် ...။ အမှောင်ထဲမှာ ငုတ်တုတ် ထထိုင်ရင်း မျက်လုံးကြောင်စီစီဖြင့် တေးက ငြိမ်နေသည်။ နောက်တော့ တေးက စိတ်ဆုံးဖြတ်ကာ ကားသော့နှင့် ဓာတ်မီး ဆွဲလျက် အိပ်ရာထဲက တစ်တဆိတ်လေး ထထွက်လာခဲ့ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

တေးက ခရီးသွားအိတ်ဆောင်အဖြစ် ထည့်ထာ
သော ဓာတ်မီးသေးသေးလေးကို ထိုးရင်း နဂါးမောက်စင်တွေ
မှ ခြံရှေ့ဘက်သို့ ထွက်လာနေသည်။

ကောင်းကင်မှာ လဝန်းက မပြည့်တပြည့်လေး
နေတာမို့ ကောင်းကင်က အလင်းရောင်ကလေးကို အားကိုး
ရသည်။ ဆောင်းညက အေးသထက်အေးလာနေပြီမို့ ခေါင်း
အနွေးထည်အထူ တစ်ထပ်၊ အပေါ်က ညဘက် ဝတ်အိပ်သ
အမည်းရောင် အမွေးပွ အနွေးထည်ပွပွကြီးက တစ်ထပ်၊ ပြီး
တဘက်ထူထူတစ်ထည်ကို ခေါင်းမှာခြုံ၍ အနားစနစ်ဖက်
လည်ပင်းမှာ ပြန်ပတ်ကာ မျက်နှာနေရာကွက်ကွက်လေးသာ
ထားသည်။ ခါးမှာတော့ အားကစားဆောင်းဘီဆန်ဆန် ဆောင်
ရှည်ထူထူ နက်ပြာရောင်ကို ဝတ်ထားပါသည်။

တေးက ဓာတ်မီးသေးသေးလေးကို ထိုးကာ
ရပ်ထားရာ ခြံရှေ့ဘက်သို့ ဦးတည်၍ ထွက်လာနေသည်။





ည ၁၀ နာရီဝန်းကျင်မို့ ညဥ့်တော့ သိပ်မနက်သေးပါ။
ရဲ့ အိမ်ဘက်ကို လှမ်းကြည့်တော့ မီးပိတ် တိတ်ဆိတ်နေ
အိပ်ပြီဟုပဲ ထင်လိုက်သည်။

သူ့ကိုနှိုးပြီး အဖော်ခေါ်ဖို့ သင့်လည်း မသင့်တော်၊
ရာလည်း ကောင်းလှသည်မို့ တေးက တစ်ယောက်တည်း
ကာ ထွက်ခဲ့ခြင်းပါ။

"အမလေး လေး ... ချမ်းလိုက်တာနော်"

ဆောင်းလေ တစ်ချက်အဝေ့မှာ တေးက ချမ်းလှတာ
ပုလာအောင် တစ်ချက်ခုန်လိုက်ပြီး ခြေလှမ်းတွေကို ပို၍
လှမ်းရင်းက အချမ်းပြေအောင် ပြေးလိုက် ရပ်လိုက်ဖြင့်
ကျယ်ကြီးကို ဖြတ်သန်းလာနေဆဲမှာ ...

"ချွတ် ..."

"ရှပ် ..."

"ရှဲ ..."

တိုးတိုးလေး ကြားလိုက်ရသော ချွတ်ခနဲ အသံဟာ
နောက်ဘက်က ... ။

ရှပ်ခနဲ အသံဟာ သစ်ရွက်ခြောက်တွေပေါ်ကို ခြေ
တိုက် လှမ်းသွားသံ ... ။

ရှဲခနဲ အသံဟာ သစ်ရွက်ခြောက်ပုံကို တစ်ခုခုနှင့်
သော အသံ ... ။

"ဘုရား ... ဘုရား ..."



www.burmeseclassic.com

www.burmeseclassic.com



တေးသည် ရုတ်တရက် ကြက်သီးဖြာထ ဘုရား

လိုက်မိပါသည်။

လူလား ...

တစ္ဆေလား ...

တစိမ်းနယ်မြေမှာ အရဲကိုးပြီး ထွက်လာခဲ့မိ

တေး မှားသွားပြီလား ... ။

နောက်ပြန်လှည့်ပြေးပြီး ညချမ်းကို အော်ခေါ်

လိုက်ရရင် ကောင်းမလားဟင် ... ။

သို့နောက် ... ကြားရသော အသံဟာ နောက်က

နောက်ကို ပြန်လှည့်လို့လည်း မဖြစ်ပြန်ချေ။

တေးက ခြေလှမ်းကို ပို၍ မြန်မြန်လှမ်းလိုက်

နောက်က ချွတ်ချွတ် ရှပ်ရှပ်သံကလည်း ပို၍ မြန်လာနေသည်

သူခိုးလား ... ဓားပြလား ... တေး ဘာလုပ်ရမ

ဒီနေရာကနေ ညချမ်းကို အော်ခေါ်လိုက်ရင်လည်

ကြားမှာမဟုတ်။ တေး ရောက်နေသော နေရာက အိမ်နဲ့

တော် ဝေးနေပြီ။

တေးသည် နောက်သို့လည်း ပြန်လှည့်မကြည့်

တဖြည်းဖြည်း မြန်လာသည့် ခြေလှမ်းတွေကို အရှိန်နှင့် မြှင့်

ပြေးအထွက် ...

"ဟော ... သူခိုး မပြေးနဲ့ ..."

"အမလေး ..."

"ဘုတ် ..."





"အင့် ..."

"ခွပ် ..."

တေးက ပြေးအထွက်မှာ နောက်က လူကလည်း တစ်ရှိန်ထိုး ပြေးထွက်လိုက်လာကာ တေးကို ဆွဲဖက်ချုပ်နှောင် လိုက်တာမို့ လူချင်း တိုက်မိလုံးထွေး လဲပြိုသွားလေသည်။

တေးက အားကုန်ရုန်းထွက် တွန်းကန်ပစ်လိုက် သည်။ သို့သော် တစ်ဖက်ကလည်း အားကုန်ဆွဲဖက် ချုပ်နှောင် ထားတာမို့ မြေပြင်မှာ လူချင်းထပ်လျက် တစ်ပတ်လိမ့်သွားသည်။ တေး နဖူးနှင့် ထိုလူ့နဖူးလည်း ဆောင့်မိကာ ခွပ်ခနဲ မြည်သွား သည်။

တေးသည် အကြောက်လွန်ကာ အော်ဖို့မေ့နေပြီးမှ ရုတ်တရက် ပြန်သတိရလာကာ အသံကုန် ဟစ်အော်လိုက်သည်။

"ဖယ် ... လွတ် ... အမလေး ... ညချမ်းရေ ... တေးကို ကယ်ပါ"

"ဟင် ... အစ်မ ... အစ်မလား ..."

"ဟင် ... ညချမ်း ... ညချမ်းလား"

နှစ်ယောက်လုံး အံ့အားသင့်ကာ ဗြုန်းခနဲ လူချင်း တွန်းခွာလိုက်ကြသည်။ နှစ်ယောက်လုံး တစ်ယောက်မျက်နှာ တစ် ယောက် မာတ်မီးနှင့် ထိုးကြည့်လိုက်ကြပြီး ...

"ဟာ ... တောင်းပန်ပါတယ် အစ်မရယ်၊ ကျွန်တော်က သူခိုးမှတ်လို့ပါ၊ ခုတလော ခြံနားကို သူခိုးကပ်ကပ်နေလို့ ခုလိုအချိန်ဆို ကျွန်တော်က ခြံထဲဆင်းပြီး စောင့်နေကျပါ၊



www.burmeseclassic.com

www.burmeseclassic.com



တချို့ အသီးခိုးခူးချင်တဲ့သူတွေက ဒီအချိန်ဆို စင်တွေကြား မှာ လာခိုနေတတ်ကြလို့ပါ၊ အစ်မမှန်း မသိလို့ပါ၊ ဒါနဲ့ အစ်မက ဒီအချိန်ကြီး တစ်ယောက်တည်း ခြံထဲဆင်းပြီး ဘာလုပ်တာလဲ ...”

တေးက ရင်တုန်မပြယ်သေးဘဲ ...

“ဟို ... ကားပေါ်မှာ ယူစရာလေးရှိလို့ သွားယူမလို့ ...”

“ကျွန်တော့်ကို ပြောရင် ကျွန်တော် သွားယူပေးမှာပေါ့ အစ်မရယ်၊ ဘာလို့ ဒီအချိန်ကြီး တစ်ယောက်တည်း ထွက် လာရတာလဲ၊ အစ်မ မကြောက်ဘူးလား ...”

“နည်းနည်းတော့ ကြောက်တာပေါ့၊ ဒါပေမယ့် ကားပေါ်က ပစ္စည်းကလည်း မယူမဖြစ်လို့၊ ခွာညိုတို့ကို အဖော်ခေါ်တာ လည်း မရလို့”

“ကျွန်တော်တော့ သေချာစစ်ပြီး အကုန်ပါအောင် ယူလာ ခဲ့တာပဲ၊ ကားပေါ်မှာ အရုပ်တစ်ရုပ်ပဲ ကျန်တာ ...”

“အင်း ... အဲ့ဒီအရုပ်ပဲလေ”

“အဲ့ဒီအရုပ်က ...

“အင်း ... အဲ့ဒီအရုပ်က ...”

“ပြောလေ အစ်မ ... အဲ့ဒီအရုပ်က ဘာဖြစ်လဲ”

“အဲ့ဒီအရုပ် မရှိရင် တေး အိပ်မပျော်လို့ ...”

“သြော် ... အဟင်း ...”

သူ့ဆီက မသိမသာ ထွက်လာသော ရယ်သံလေး ဟာ တိုးသက်လှသော်လည်း တေးက ကြားပါသည်။ အမှောင်ထဲ





ခို့ သူ့မျက်နှာကို မမြင်ရပါ။ သို့သော် ... သူ တေးကို ကလေး န်လိုက်တာဟု အံ့သြရယ်ချင်သော မျက်နှာဖြင့် ကြည့်နေမှာ ပါ။ တေး သိသားပဲ ...။

“ညချမ်းက ဘာရယ်တာလဲ၊ တေးကို လှောင်ချင်တာလား”

“မလှောင်ပါဘူး အစ်မရဲ့၊ ဒီအတိုင်း သဘောကျလို့ ရိုးရိုး ပဲပြုံးရင်း အသံထွက်သွားတာပါ၊ လူတစ်ကိုယ် အစွဲတစ်မျိုး ပေါ့၊ ကျွန်တော်လည်း အရင်က ယုန်ကလေးတစ်ကောင် မွေးထားဖူးတယ်၊ အဲဒီယုန်ကလေး ကျွန်တော့်အနားမှာ မရှိရင် အိပ်မပျော်တာမျိုး ခဏတစ်ဖြုတ် ဖြစ်ဖူးပါတယ်၊ သွားလေ ... အစ်မ၊ အစ်မ ယူမယ့် အရုပ် သွားယူတာပေါ့၊ ကျွန်တော် လိုက်ခဲ့ပေးမယ်၊ အစ်မရှေ့က သွား ...၊ ကျွန် တော် နောက်က ဓာတ်မီးနဲ့ လမ်းပြပေးမယ် ...”

“ညချမ်းပဲ ရှေ့ကသွားပါ”

“အစ်မက နောက်ကလိုက်ရဲလို့လား ...”

တေးက ဘယ်လိုဖြေရမှန်း မသိ။ သူ တေးနောက် လိုက်မယ်ဆိုတော့လည်း ကျော့မလုံ။ တေးက သူ့နောက်က ိုက်ရမယ်ဆိုတော့လည်း ကျောချမ်းသလိုလို ...။ တစ်ယောက် ည်း ထွက်လာတုန်းက ဘာရယ် ညာရယ် မတွေးမိလှ ...။ အားကိုးတွေ့တော့မှ ကြောက်သလို ရွံ့သလို အားကိုး မှီခိုချင် လို ဖြစ်လာရသည်။

“ကဲ ... လာ ... အစ်မ၊ ဘေးချင်းယှဉ်ပြီးတော့ပဲ သွားကြ တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသဘောတူညီစွာ တေးတို့နှစ်ယောက် ခပ်ခွာ
ခွာ ယှဉ်လျှောက်လျက် ကားရပ်ထားသော လမ်းမဆီသို့ ဦးတည်
လျှောက်လာခဲ့ကြသည်။ ညကအေးသော်လည်း ခုန သွေးပူလေ
ကျင့်ခန်း လုပ်သလို ဖြစ်သွားတာမို့ စောစောကလောက် မအေး
နွေးထွေးနေသည်။ ညချမ်းက သူ့ဓာတ်မီးဖြင့် လမ်းရှေ့သို့ ထိုးထို
ထိုးပြလာသည်။ သစ်ပင်ချုံပင်တချို့ဆီမှ ဖြတ်လာစဉ်မှာ နှင်း
စက်တို့ စွတ်စိုတင်ကျန်ခဲ့သော သစ်ရွက်တွေကို ပခုံးစွန်းဖြင့်
တွန်းတိုက်မိတာမို့ နှင်းစက်တို့ ကူးစက်လျက် တေးရဲ့ အနွေးထည်
ပခုံးစွန်းကလေးပင် စွတ်စိုလာသည်။

ကောင်းကင်ပေါ်မှာတော့ ကြယ်ကလေးတွေ စုံညီနေ
ကြသည်။ ခြံထောင့် သစ်ပင်တွေဆီက ပရစ်အော်သံလား ပုစဉ်း
ရင်ကွဲအော်သံလား ... စိုးစိုးစီစီ အသံလေးတွေ ပျူပျူသဲ့သဲ့ ...
ခပ်ဝေးဝေးက ချေဟောက်တာလား ဘာလားမသိသော တော
ကောင် အသံမျိုးကို တစ်ချက်တစ်ချက် ကြားရသည်။ ညချမ်းနှင့်
ဘေးချင်းယှဉ်နေသော တေးရဲ့ ပခုံးတစ်ဖက်ခြမ်းက နွေးနေပြီး
ကျန်တစ်ခြမ်းက အေးစက်စက်ဖြစ်နေသည်။ စောစောက လုံးထွေး
လဲပြို ရုန်းကန်ခဲ့ရတာမို့ ကိုယ်တွေ လက်တွေပင် နာချင်ချင် ...

မြက်တွေကြားမှာ လူသွားရင်း မြက်ပင်တွေ လဲပြို
ပိပြားကာ လမ်းဖြစ်နေသော ကွေ့ကွေ့ကောက်ကောက် လူသွား
လမ်းလေးအတိုင်း ခပ်ခွာခွာ တိတ်တိတ်ဆိတ်ဆိတ် လျှောက်လာ
ရင်း လမ်းမဖွေးဖွေးကို လှမ်းမြင်လိုက်ရသည်။





တေးတို့ ကားနား ကပ်လာမိတော့ ...

"ဟော့ ... ဘယ်သူတွေလဲကွ ..."

"ငါ ... ညချမ်းပါကွ၊ မင်းက ဝီရိယ ကောင်းသားပဲ"

ညချမ်းက ကားအနီးတစ်ဝိုက်သို့ ဓာတ်မီးဖြင့် ဝေ့ဝဲထိုးပြရင်း ပြန်အော်ပြောလိုက်သည်။

ကားစောင့်ပေးနေသူကလည်း ဓာတ်မီးဖြင့် ပြန်ထိုးပြလိုက်ရင်း ...

"မင်းက ဒီအချိန်ကြီး ဘာလို့ထွက်လာတာလဲ၊ ငါ့ကို စိတ်ချစမ်းပါကွ၊ ငါ သေသေချာချာ စောင့်နေပါတယ်၊ အိပ်တောင် မအိပ်ပါဘူး"

"အေးပါ ... မင်းကို စိတ်ချပါတယ်၊ ငါက ကားထဲမှာ ကျန်တဲ့ပစ္စည်းတစ်ခု ယူဖို့လာတာပါ"

"ဩော် ... အေး ... အေး ..."

သူက တေးဆီက ကားသော့တောင်းကာ ကားတံခါးသော့ ဖွင့်လျက် ကားထဲက တေးအရုပ်လေးကို လှမ်းယူကာ တေးထံ လှမ်းပေးလိုက်သည်။

"ကျေးဇူးပဲ ..."

တေးက အရုပ်ကလေးကို ပွေ့ပိုက်ထားလိုက်သည်။ ပြီးတော့ ကားတံခါး ပြန်သော့ချပြီး တေးတို့ ပြန်လာခဲ့ကြသည်။ အပြန်လမ်းတစ်လျှောက်လုံးလည်း စကားမပြောဖြစ်ခဲ့ကြပါ။

တေးက အမှောင်ထဲမှာ ကိုယ့်နှဖူးကိုယ် ပြန်စမ်းကြည့်ရင်း စူးခနဲ နာသွားတာမို့ အခနဲ အသံထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ … ဘာဖြစ်လို့လဲ"

"နဖူးက နာလို့ …"

"အတူတူပဲ၊ ကျွန်တော်လည်း နာနေတာ၊ နဖူးချင်း ဆောင့်မိသွားတယ်လေ"

ညချမ်းက တေး နဖူးကို ဓာတ်မီးဖြင့် ထိုးကြည့်ပြီး သူ့နဖူးသူ ဓာတ်မီးနှင့် ပြန်ထိုးပြလိုက်သည်။ ဟုတ်ပါရဲ့ … သူ့နဖူးမှာလည်း သွေးစို့ရာ သေးသေးလေး ရှိနေသည်။

"အဟင်း …"

နှစ်ယောက်သားဟာ ပြိုင်တူအသံထွက်၍ ရယ်မိသွားကြသည်။

သူက တေးကို တေးတို့ တိုက်ပုလေးရှေ့သို့ လိုက်ပို့ပြီးမှ …

"အစ်မ … ခဏလေး … မဝင်နဲ့ဦး၊ ခဏလေးစောင့် …"

ဟုပြောကာ သူ့အိမ်ကလေးဘက်သို့ ပြန်လှည့်ပြေးသွားသည်။ ထို့နောက် တေးဆီ ပြန်ပြေးလာကာ တေးရဲ့ နဖူးကို ဓာတ်မီးဖြင့်ထိုးထားပြီး နဖူးပေါ်က ဒဏ်ရာကလေးကို လက်ညှိုးလေးနှင့် လှမ်းတို့လိုက်ရင်း …

"ဒီဆေးလေး တို့ထား၊ မနက်ကျ သက်သာသွားလိမ့်မယ်"

လရောင် ဝိုးတဝါးအောက်မှာ ဆောင်းနှင်းမှုန်တွေအောက်မှာ ဖျတ်ခနဲ အနားကပ်လာသော သူ့ခန္ဓာကိုယ်ဆီက အနွေးဓာတ်ကလေးကို သိသိသာသာ ခံစားရသည်။

ပြီးတော့ သူက တေးကို နှုတ်ဆက်လိုက်သည်။





"ကောင်းသော ညပါ အစ်မ …"

"ဂွတ်နိုက် … ညချမ်း"

တေး သူ့ကိုနှုတ်ဆက်ပြီး အိမ်လေးထဲသို့ လှည့်ဝင်လာခဲ့သည်။ ထို့နောက် အရုပ်လေးကို ရင်ခွင်ထဲထည့်ကာ စောင်ပုံအောက်သို့ တိုးဝင်လိုက်သည်။

အိမ်ကလေးက စောစောကထက် ပိုပြီး နွေးထွေးနေသည်။

နှစ်နှစ်ခြိုက်ခြိုက် …

တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက် တေး အိပ်ပျော်သွားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"သာယာလိုက်တာဟယ် ..."

"ထော်လာဂျီက မိုက်တယ်ဟော့၊ လုံးဝ အမိုးပွင့်ပဲ၊ မြိုင်ကားစီးရသလိုပဲ ..."

"မြိုင်ကားက ခုန်လိုက် ဆောင့်လိုက်တော့ မဖြစ်ပါဘူးဟယ်၊ အဲ့ဒီလောက်ကြီးလည်း မတင်စားစမ်းပါနဲ့ ..."

"ဟဲ ... ဟဲ ... အမိုးပွင့်တာချင်းတော့ တူပါတယ်"

ညချမ်းရဲ့ ထော်လာဂျီက တဘုတ်ဘုတ် အသံပေးလျက် ဆည်ပေါက်ရွာဘက်သို့ မောင်းနှင်လာသည်။ မောင်းသူက ညချမ်း၊ နောက်တွဲထဲမှာက တေးတို့ သုံးယောက်ရယ်၊ ဆည်ပေါက်ရွာက ကိုအောင်ကြဲရယ်၊ ကိုအောင်ကြဲ့ညီ သန်းကြည်မောင်ရယ်၊ အောင်ချိုရယ် ... စုစုပေါင်း ခြောက်ယောက်။

နောက်တွဲပေါ်မှာ တေးတို့ အသံတွေချည်းပဲ ဆူညံနေသည်။

တေးတို့ထက် အသက်ကြီးပြီး ခပ်အေးအေး မြစိစိ





နေတတ်ပုံရသော ကိုအောင်ကြဲက ကွမ်းဝါးရင်း တေးတို့ ပြောသမျှကို ခပ်ပြုံးပြုံး နားထောင်လာသည်။ နှုတ်ရှင်သော သူ့ညီ သန်းကြည်မောင်ကတော့ တေးတို့နှင့်ရောကာ ဟိုးဟိုးဟားဟား ရင်းနှီးပြလာသည်။ အောင်ချိုကတော့ ကလေးမို့ တေးတို့ ပြောတာတွေလည်း သိပ်စိတ်မဝင်စားဘဲ မာလကာသီးတစ်လုံးကို တကျွတ်ကျွတ် ကိုက်စားရင်း ဟိုဒီငေးမော လိုက်ပါလာသည်။

လမ်းဘေးမှာ ထန်းပင်တွေကို တရိပ်ရိပ် ဖြတ်ကျော်လာခဲ့သည်။ မြေနီနီညီညီ လမ်းကလေးရဲ့ ဟိုးဝေးဝေးမှာ မြူတွေဆိုင်းနေသော ပုပ္ပားတောင်ညို့ညို့ ...။ ရာသီဥတုကလေး အေးမြမြ ...။ ကောင်းကင်က ပြာပြာ ...။

"ငါတော့ တောသွားလည်ရတာ နိုင်ငံခြားကို ထွက်လည်ရတာထက်တောင် သဘောကျသေးတယ် ... သိလား"

ခွာညိုက ဗီဒီကင်မရာတစ်လုံးဖြင့် ပတ်ပတ်လည်ရှုခင်းတွေကို မှတ်တမ်းတင်ရင်း လှမ်းပြောသည်။ တေးနဲ့ ယမင်းက ပတ်ဝန်းကျင် ရှုခင်းတွေကို နောက်ခံထားကာ လှုပ်ရှုခုန်ဆွနေသည့် ထော်လာဂျီပေါ်မှာ အမျိုးမျိုး ပို့စ်ပေး၍ အပြန်အလှန် ဓာတ်ပုံတွေ ရိုက်လာသည်။

ကိုအောင်ကြဲက ငုံထားသည့် ကွမ်းတံတွေးကို လမ်းဘေးသို့ ဗျစ်ခနဲ ထွေးထုတ်လိုက်ရင်း ...

"ကြည့်ရတာ ငါ့နှမတို့က တောရွာတွေကို တစ်ခါမှ မရောက်ဖူးဘူး ထင်တယ်"

"ခရီးထွက်နေကျဆိုတော့ နယ်မြို့တွေသွားရင်း ရွာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သွားဖြတ်လာလောက်ပဲ တွေ့ဖူးတာပေါ့၊ ခုလို ဈေး
လာဂျီ စီးပြီး ရွာခံလူတွေနဲ့ ရွာသွားလည်တာမျိုးတော့
မလုပ်ဖူးဘူးလေ ကိုအောင်ကြဲရဲ့၊ ခုလို သွားရတာ ပျော်
စရာကြီး နော် ...”

“အင်း ... ဒီလိုပါပဲ၊ တစ်ခါတလေ လာလည်တဲ့သူတွေ
တော့ ပျော်ကြတာပေါ့လေ၊ ကျုပ်တို့ကတော့ အမြဲ နေထ
တဲ့သူဆိုတော့ ထူးပြီးပျော်ရတယ်ဆိုတာလည်း မရှိပါဘူး
ဗျာ၊ ဒီလိုပါပဲ ...၊ ကိုယ့်ရွာလေးကို လှတယ်ပြောရင်တော့
လည်း ဂုဏ်ယူရတာပေါ့ ...”

“ဒါနဲ့ အစ်ကိုတို့ရွာကို ရုပ်ရှင်တွေလည်း ခဏခဏ လာ
ရိုက်တယ် မဟုတ်လား”

“ဟား ... ရိုက်ပြီလား အစ်မရယ်၊ ရုပ်ရှင်အဖွဲ့တွေ လာရင်
ပျော်စရာကြီးဗျ၊ ဟိုတလောကတောင် ရုပ်ရှင်ကားကြီး
တစ်ကား လာရိုက်သွားသေးတယ်၊ ဒါရိုက်တာက ကိုဇော်
အာရုံဥ၊ ဓာတ်ကားနာမည်ကလည်း ဥတဲ့ဗျ ...”

“ဟမ် ... ဘယ်သူ ... ဘယ်သူ ...”

ကိုအောင်ကြဲ၏ညီ သန်းကြည်မောင်က တက်တက်
ကြွကြွ ဝင်ပြောတာမို့ တေးက ဝင်မေးလိုက်မိသည်။

“ဒါရိုက်တာလေဗျာ၊ ဒါရိုက်တာ ကိုဇော် အာရုံဥ ...
သူ့ကားနာမည်ကလည်း ဥ၊ သူက လူကောင်သေးသေး
လေးလေ ...၊ သူ့မိန်းမက လူကောင်အကြီးကြီး၊ ဆင်နဲ့
ဆိတ်လိုမျိုး”





“ဟား ... ဟား ... ကိုဇော် အာရုဏ်ဦးကို ပြောတာ တေး
ရေ၊ သန်းကြည်မောင်ရယ် ... အာရုံဥ မဟုတ်ပါဘူးဟဲ့၊
အာရုဏ်ဦးပါ”

“မသိဘူးလေဗျာ၊ အဲဒီ ဒါရိုက်တာ ရိုက်တဲ့ အဲ့ဒီကားက
အရမ်းရယ်ရတယ်ဗျ၊ ကြက်ဥတစ်လုံးကို သူ့ဥ ငါ့ဥ လုနေ
ကြတာလေ ...၊ စိုးမြတ်သူဇာတို့တွေ ရန်တွေသတ်ကြတာ
ဗျာ၊ အရမ်းပျော်စရာကောင်းတာပဲ ... ဟားဟား ... ဟော့
ကောင် အောင်ချို အဲဒီတုန်းက မင်းလည်း လာကြည့်တယ်
မဟုတ်လား”

“လာကြည့်တာပေါ့ဗျ ... ဟီးဟီး ... ပျော်စရာကြီး၊ နောက်
တစ်ခါ လာရိုက်ရင် ကောင်းမယ်”

သန်းကြည်မောင်နှင့် အောင်ချိုက သူတို့ဟာသူတို့
အတိုင်အဖောက်ပြောပြီး တဟီးဟီး တဟားဟား ...။ တေးတို့က
လည်း သူတို့နှင့် ရောနှောရယ်မောလိုက်၊ ဓာတ်ပုံတွေ ရိုက်လိုက်။

“ပေး ... ပေး ... အစ်မ ကင်မရာ ကျွန်တော့်ကိုပေး၊ အစ်မ
တို့ သုံးယောက်လုံး အဲ့ဒီနားမှာ ရပ်လိုက်၊ ပုပ္ပားတောင်ကို
နောက်ခံထားပြီး ကျွန်တော် ရိုက်ပေးမယ်၊ ဒီနေရာက
ရှုခင်းလှတယ် ...”

“နင်က ရိုက်တတ်တယ်”

“ရိုက်တတ်တာပေါ့ဗျ၊ အထင်မသေးပါနဲ့၊ နိုင်ငံခြားသား
ဧည့်သည်တွေတောင် ရိုက်ပေးလာတဲ့၊ ကောင်းပါ၊ ကျွန်
တော့်မှာလည်း ကင်မရာရှိပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



သန်းကြည်မောင်က သူ့လွယ်အိတ်ထဲက အော်တို ကင်မရာ သေးသေးလေးကို ထုတ်ပြလိုက်သေးသည်။

"အေးပါ ... အေးပါ ... ရော့ ... ကင်မရာ"

သန်းကြည်မောင်က ခွာညိုတို့လက်ထဲက ကင်မရာကို လှမ်းယူပြီး တေးတို့သုံးယောက်ကို ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ပေးနေသည်။ လှုပ်ရှုရှုန်ဆွနေသော ထော်လာဂျီပေါ်မှာ အိုက် တင်ထုတ်သူတွေက ထုတ်၊ ဓာတ်ပုံရိုက်သူကရိုက်၊ ကိုအောင်ကြီ ကတော့ ကွမ်းတမြုံ့မြုံ့ဝါးရင်း တေးတို့အားလုံးကို ပြုံးစိစိ လှမ်း လှမ်းကြည့်တတ်သည်။

"ရှေ့နားမှာ ရှုခင်းအရမ်းလှတယ်ဗျ၊ ဒီပေါ်မှာ ရိုက်ရတာ သိပ်မကောင်းဘူး၊ လမ်းဘေးဆင်းရိုက်ရင် ပိုလှတယ်၊ ညချမ်းရေ ... ရှေ့နားကျရင် ရပ်ပေးဦး၊ ဓာတ်ပုံရိုက်ရ အောင်"

"အေး ... အေး ..."

ရှေ့နည်းနည်း ဆက်မောင်းပြီး ညချမ်းက ထော်လာ ဂျီကို လမ်းဘေးချ၍ ရပ်ပေးလိုက်သည်။ တေးတို့က ရှုခင်းအလှ နောက်ခံထားကာ ပို့စ်အမျိုးမျိုးနှင့် ဓာတ်ပုံအရိုက်ခံနေကြသည်။

သန်းကြည်မောင်က ဓာတ်ပုံရိုက်ပေးနေရင်းက ဘာ စိတ်ကူးပေါက်သည်မသိဘဲ ညချမ်းလက်ကို သွားဆွဲခေါ်လာကာ တစ်နေရာမှာ ရပ်ခိုင်းလိုက်သည်။

"ညချမ်း ... လာ ... မင်းက ဒီမှာရပ် ..."

"ဘာလုပ်မလို့လဲ ဟေ့ကောင်၊ ငါမရိုက်ဘူးနော်"





"တစ်ပုံတည်းပါကွာ၊ ဒီမှာရပ်ဆို ရပ်စမ်းပါ၊ ကဲ ... အစ်မ ဟို ... အစ်မလှလှလေး အစ်မက လာ ... ဒီနားမှာရပ်"

သန်းကြည်မောင်က တေး လွယ်ထားသည့် စလွယ် သိုင်းအိတ် သေးသေးလေးရဲ့ ကြိုးကလေးကို ဆွဲကာ ခေါ်လိုက် ပြီး ညချမ်းဘေးမှာ ရပ်ခိုင်းလိုက်သည်။

တေးက အံ့အားသင့်ကာ ...

"ဘာ ... ဘာလုပ်မလို့လဲ ..."

"ဓာတ်ပုံတွဲရိုက်ပေးမလို့လေ ...၊ ကျွန်တော့် မျက်စိထဲမှာ ညချမ်းနဲ့ အစ်မ တေးတေးက အရမ်း လိုက်ဖက်ညီလို့၊ ဒီရှုခင်းနောက်ခံနဲ့ တွဲရိုက်ပြီး ဓာတ်ပုံလေး ကျွန်တော် သိမ်းထားချင်လို့ ..."

"ဟယ် ... မရိုက်နဲ့"

တေးက တားသော်လည်း မမီတော့ ...။ သန်း ကြည်မောင်က တေးတို့ ကင်မရာနဲ့ မရိုက်ဘဲ သူ့ကင်မရာလေး ထုတ်ကာ ရှပ်ခနဲ ရှပ်ခနဲ ဆက်တိုက်ရိုက်ချလိုက်ပါသည်။

တေးက နည်းနည်းလည်း ရှက်သွားကာ ...

"မရိုက်ပါနဲ့လို့ ပြောနေတာကို ..."

"ဟုတ်သားပဲ သန်းကြည်မောင်၊ ညှော်သည် မကြိုက်တာကို မလုပ်ရဘူးလေ၊ စိတ်မရှိပါနဲ့ အစ်မ၊ ကျွန်တော် သူရိုက်တဲ့ ပုံကို ပြန်ဖျက်ခိုင်းလိုက်ပါမယ်"

"အင်း ... နေပါစေတော့ ... ထားလိုက်ပါတော့၊ ကဲ ကဲ ... ဓာတ်ပုံတွေလည်း ရိုက်ပြီးပြီ၊ သွားကြရအောင် ..."



www.burmeseclassic.com

www.burmeseclassic.com



တေးက ညချမ်းကို တစ်ချက် ခပ်လျှမ်းလျှမ်းကြည့်ပြီး ထော်လာဂျီပေါ် ပြန်တက်ဖို့ ဆော်ဩလိုက်သည်။ ချွာညိုတို့ မျက်နှာတွေက ပြုံးစိစိ၊ ပြီးတော့ ... တီးတိုး တီးတိုး ...။

"သန်းကြည်မောင် တစ်ယောက်ဟာ တကယ် အမြင်စူးရှတာပဲနော် ... ခိခိ"

"နင်တို့နော် ..."

တေးက ချွာညိုတို့ကို မျက်စောင်းလှမ်းထိုးပြီး သူတို့ကို ကျောခိုင်းထားလိုက်သည်။

နှလုံးသားထဲမှာ ပွနွေးသွားတာ ဘာ့ကြောင့်မှန်းတော့ မသိပါ။

ညတုန်းကလည်း တစ်နွေး ...။

ခုလည်း တစ်နွေး ...။

နွေးပဲ နွေးနိုင်လွန်း ...။



♥ ♥ ♥

သာယာသော ဆည်ပေါက်ရွာကလေးမှာ တေးတို့ တစ်နေ့တာ ကုန်ဆုံးခဲ့ကြပါသည်။

ရွာထဲက သန်းကြည်မောင်တို့ ကိုအောင်ကြီတို့ အမျိုးဆွေအိမ်ကို လှည့်ပတ်သွားလာကြရင်း ကျွေးသမျှ စားကြ၊ ဓာတ်ပုံရိုက်ကြနှင့် တေးတို့သုံးယောက်လုံး ပျော်နေကြသည်။

တေးတို့ရွာက ပြန်တော့ သန်းကြည်မောင်က ဆတ်သားခြောက်တွဲကြီး တစ်တွဲ လက်ဆောင်ပေးသည်။ ဘယ်လိုငြင်းငြင်း မရဘဲ ဇွတ်အတင်း ပေးတာမို့ အားနာနာနှင့် ယူလာခဲ့ရပါသည်။

ထိုနေ့ညနေစာကိုတော့ ညချမ်းရဲ့ ခြံမှာပဲ ချက်ပြုတ်စားကြပါသည်။

ကိုအောင်ကြီက ဟင်းစားတွေ သွားဝယ်လာသည်။ သန်းကြည်မောင်ကလည်း ဟင်းချက်ကောင်း ...။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းတွေအားလုံး ချက်ပြုတ်ပြီးတော့ ခြံထဲက ခုံ လေးတွေမှာပဲ စုထိုင်စားဖြစ်ကြသည်။

ထိုနေ့ညနေမှာ တေးတို့ ကားကို ပြန်လာပို့သွားပြီ မို့ မနက်ဖြန်ဆို တေးတို့ ပြန်ကြရတော့မည်။

နှုတ်ဆက်ပွဲကလေးကို ခြံထဲမှာ မီးလေးဖိုပြီး လုပ် ဖြစ်ကြသည်။ အညာပဲခြမ်းကြော်သုပ်၊ မြေပဲဆားလှော်နှင့် ရေနွေး ကြမ်းကလေး သောက်ရင်း မီးဖိုဘေးမှာ ဝိုင်းထိုင်ကာ စကားပြော ဖြစ်ခဲ့ကြသည်။

ဒီခြံထဲမှာ နေခဲ့ရတာ နှစ်ညနှင့် တစ်ရက်ပေါ့။ အချိန်က တိုသော်လည်း တစ်ခုခုကို သံယောဇဉ်တင်းသလိုလို ဖြစ်နေမိသော ကိုယ့်ခံစားချက်ကို ကိုယ်နားမလည် ...။

ခွာညိုတို့က နှုတ်သွက်လျှာသွက် စကားတွေ ပြော နေချိန်မှာ တေးက တိတ်ဆိတ်နေမိသည်။ ညချမ်းလည်း တိတ် ဆိတ်နေတာကို သတိထားမိသည်။

"ရန်ကုန်ရောက်ရင် ဝင်ခဲ့ကြနော်၊ ဒါက ကားရှိုးရှမ်း လိပ်စာကတ်၊ တေးနဲ့ ခွာညိုနဲ့က စပ်တူ ကားရောင်းကြ တယ်ပဲ ဆိုပါတော့ ...၊ ကားဝယ်ချင်ရင်လည်း လာခဲ့ကြ အထူး ဒစ်စကောင့်ပေးမယ် 'စိတ်ချ ..."

"ထော်လာဂျီ ဝယ်ဖို့တောင် အနိုင်နိုင်ပါ အစ်မရာ၊ ကား တော့ မဝယ်နိုင်သေးပါဘူး၊ ကားစီးချင်ရင် ညချမ်းကား ကပ်ကပ်စီးနေရတာပါ"

"ညချမ်းမှာ ကားရှိလား၊ ခြံထဲမှာ မတွေ့ပါဘူး"





"ညချမ်း ကားက လိုက်ထရပ်လေ၊ ပစ္စည်းတွေ ဘာတွေ သယ်ဖို့ ဝယ်ထားတာ၊ အခုတော့ သူ့ဦးလေးက ပစ္စည်း သယ်ဖို့ ခဏငှားထားလို့"

"သြော် ... သြော် ..."

"အစ်မ ... ဒီမှာ ကျွန်တော့်မှာလည်း ဖုန်းရှိပါတယ် အစ်မ ရဲ့၊ ကျွန်တော့် ဖုန်းနံပါတ်လေးလည်း မှတ်သွားဦး"

"အေး ... အေး ... မှတ်မှာပေါ့ သန်းကြည်မောင်ရဲ့၊ ပြော နင့် ဖုန်းနံပါတ် ..."

သန်းကြည်မောင်က သူ့ဖုန်းနံပါတ်ကို ရွတ်ပြသဖြင့် ခွာညိုက ဖုန်းထဲမှာ မှတ်လိုက်သည်။

"အစ်မ ခွာညို ..."

"ဟင် ... ပြောလေ ... ဘာတုန်း"

"ညချမ်းနဲ့ အစ်မတေးတေးက ဘာဖြစ်နေတာလဲဟင်၊ စကားလည်း မပြောဘူး"

"သြော် ... ဒါလား ... ဟင်း ဟင်း ... နင်နေတာလေ ...၊ နင်နေတာ ..."

"ဘာနင်တာလဲ ..."

"ညနေက ထမင်းစားရင်း လည်ပင်းနင်သွားလို့ လည် ချောင်းဝမှာ တစ်ဆို့ဆို့ ဖြစ်နေတာ နေမှာပါဟယ်"

ခွာညိုက တေးတို့ကို စနောက်ချင်ချင်။ သန်းကြည် မောင်ကလည်း အတို့အထောင် ...။

တေးက သူတို့ ပြောတာကို မကြားချင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရင်း လုပ်မိလုပ်ရာ မီးဖိုထဲကို ထင်းချောင်းတွေ ထပ်ဖြည့်သည်။ ညချမ်းကလည်း မီးပုံကို ထင်းချောင်းဖြင့် ထိုးဆွသည်။

"မီးတောက်အောင် လုပ်နေကြတာ ... မီးတောက်အောင် လုပ်နေကြတာ၊ မီးကလည်း တောက်တော့ နေပါပြီလေ"

ယမင်းကလည်း စကားကို အဓိပ္ပာယ်နှစ်ခွထွက်အောင် ပြောလာပြီမို့ တေးက မသိမသာ မျက်စောင်းလှမ်းထိုးမိသည်။

အဲ့ဒီနောက်တော့ သူက တေး အနေခက်မှာစိုးတာကြောင့်လား၊ သူ အနေခက်လို့ပဲလား မသိ။

"အစ်မတို့ မနက်စောစော ထပြန်မှာဆိုတော့ စောစော အိပ်ချင် အိပ်ကြတော့လေ၊ သန်းကြည်မောင်တို့လည်း ရွာပြန်ကြရဦးမှာ၊ သိပ်ညဥ့်မနက်ခင် ပြန်ကြတော့ ..."

ဟု ပြောတာမို့ တေးတို့အားလုံး နှုတ်ဆက်ကာ အိပ်ရာဝင်လာခဲ့ကြပါသည်။



ဆောင်းက အေးလွန်းတာကြောင့်ပဲလား မသိ ...။ အရုပ်ကလေးကို ရင်ခွင်ထဲထည့်ထားပေမယ့် အဲ့ဒီညက တေး အိပ်လို့မပျော်ခဲ့ချေ။

ခွာညိုတို့ နှစ်ယောက်ကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့ကြသည်။

တေးက မှောင်ထဲမှာ မျက်လုံးလေး အကြောင်သားဖြင့် ငြိမ်ငေးနေရင်းက မှန်ပြတင်းမှာ လာထင်သော မီးရောင်လက်လက်ကို သတိထားမိသည်။ ခန်းဆီးစကို ဆွဲဖယ်ကြည့်မိတော့ အပြင်ဘက်က မီးဖိုကလေးကို လှမ်းမြင်ရသည်။

လရောင် တစ်ဝက်တစ်ပျက်က ပတ်ဝန်းကျင် တစ်ခွင်လုံးကို ဝိုးတဝါး လင်းနေစေသည်။ တိုက်ပုလေးနှစ်လုံးရဲ့ အလယ် ရှေ့ဘက်မှာတော့ မီးညွန့်မီးတောက်ကလေးတွေ ထွက်နေသော မီးဖိုတစ်ခု ...။ ညဦးပိုင်းတုန်းက မီးဖိုကို ခုထိ မငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



သေးတာလား … အသစ်ပြန်ဖို့တာလားတော့ မသိပါ။ မီးဖိုဘေးမှာ တော့ ညချမ်း တစ်ယောက်တည်း ထိုင်နေတာကို လှမ်းမြင်ရသည်။

သူကရော တေးလိုပဲ မအိပ်သေးတာလား၊ ဒါမှ မဟုတ် တရေးနိုးလာတာလား မသိပါ။

တေးက အိပ်ရာမှထကာ အခန်းတံခါးကို ဖွင့်၍ ထွက်လာခဲ့သည်။ ခြံဝန်းကျယ်ကြီးက မှိုင်းညို့တိတ်ဆိတ် အေး စက်လျက်။ ငှက်အော်သံလား၊ ပရစ်အော်သံလား မသိသော အသံ လေး တချို့ကိုသာ ကြိုကြား ကြိုကြား ကြားနေရသည်။ ထိုခြံ ဝန်းကြီးရဲ့ အလယ်က မီးဖိုကလေးဘေးမှာ တိတ်ဆိတ် ငြိမ်သက် စွာ ထိုင်နေသော သူ့ကို လှမ်းငေးရင်း တေး ရင်ထဲမှာ ဆွေးလျလျ ခံစားလာရသည်။ တေးဘက်ကို ကျောခိုင်းထိုင်နေတာမို့ သူ့ ကျောပြင်ကိုသာ မြင်ရသည်။

တေးက သူ့ထံသို့ ခြေလှမ်းဖွဖွဖြင့် လှမ်းလာခဲ့မိ သည်။

"ညချမ်း …"

တေး ခေါ်သံကြောင့် သူက လှည့်ကြည့်သည်။

"သြော် … အစ်မ မအိပ်သေးဘူးလား"

"အင်း … အိပ်မပျော်သေးတာနဲ့ ထွက်လာခဲ့လိုက်တာ ညချမ်းရော ဘာလုပ်နေလဲ …"

"ဒီမှာလေ ဆတ်သားခြောက်တွေ မနက် အစ်မတို့ကို ထမင်း ဆီဆမ်းနဲ့ ဆတ်သားခြောက်ဖုတ် ဆီဆမ်းလေး ကျွေးလိုက်ချင်လို့ ဆတ်သားခြောက် ဖုတ်နေတာ …"





သူက ဝါးသိတ်များဖြင့် ထိုးကာ သီထားသော ဆတ်သားခြောက်ချောင်းတွေကို မြှောက်ပြသည်။ တေးက သူ့ရှေ့ မီးပုံတစ်ဖက်ခြမ်းမှာ ဝင်ထိုင်လိုက်ရင်း …

"ပေးလေ … တေး ကူဖုတ်ပေးမယ်"

"အစ်မက ဖုတ်တတ်လို့လား …"

"အဟင်း … ဖုတ်တော့ မဖုတ်တတ်ပါဘူး၊ ဒါပေမယ့် ဖုတ် ကြည့်လိုက်မယ်လေ၊ မီးအပူပေါ်တင်ပြီး ဟိုဘက် ဒီဘက် လှန်ပေးရုံပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲ့ဒါက အရမ်း တော့ မလွယ်ဘူးလေ၊ အချိန်အဆမတတ်ရင် မီးကျွမ်းပြီး စားမကောင်းဘူး၊ နေပါစေ … ကျွန်တော်ပဲ လုပ်လိုက်ပါ့ မယ်၊ ကျွန်တော်က လုပ်နေကျပါ"

"အကြာကြီး ဖုတ်ရမှာလား"

"နည်းနည်းတော့ ကြာမယ်လေ …"

"ညချမ်းတစ်ယောက်တည်း ပျင်းနေမှာပေါ့၊ ပြီးတဲ့အထိ တေး စောင့်ပေးမယ်လေ"

"ရပါတယ် အစ်မရဲ့၊ အစ်မ ပျင်းနေမှာပေါ့ …"

"မပျင်းရအောင် စကားပြောနေမှာပေါ့၊ တေး အိပ်လည်း မအိပ်ချင်သေးပါဘူး၊ တစ်ခု နှစ်ခုတော့ ဖုတ်ကြည့်ကြည့် မယ်နော် … ညချမ်း"

"သဘော … သဘော …"

တေးက ဆတ်သားခြောက်တံလေး နှစ်ခုကို ယူကာ



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုပေါ်မှာ အပေါ်အောက်လှန်ရင်း ဖတ်ကြည့်လိုက်သည်။ သို့သော် မလုပ်တတ်တာမို့ အပါယံမည်းကာ ခြစ်စော်နံလာသည်။ တေးက ပခုံးလေးတွန့်ကာ ဆတ်သားခြောက် အချောင်းလေးတွေကို ပြန်ချထားလိုက်တော့ ညချမ်းက ပြုံးသည်။ သူ့ပြုံးပုံက ချစ်စရာလေးမို့ သဘောကျကာ တေးက ပြုံးမိပြန်သည်။ ဒီအချိန်လေးမှာ ဘာ့ကြောင့်မှန်းမသိ တေးစိတ်ထဲ ကြည်နူးသလိုလေး ဖြစ်လာပါသည်။

သူက စကားမဆိုဘဲ ဆတ်သားခြောက်ကို ဟိုဘက် ဒီဘက်လှန်ကာ ဖုတ်နေရင်းက ...

"အစ်မ ... ချမ်းနေလား"

"အင်း ... ချမ်းတာပေါ့"

"ချမ်းရင် လက်ကို မီးကင်လိုက်လေ"

"ဘယ်လို ကင်ရမှာလဲ ..."

"ဒီလိုမျိုးလေ ..."

ညချမ်းက ဖုတ်ပြီးသွားသော ဆတ်သားခြောက် အချောင်းကလေးတွေကို ဘေးမှချထားလိုက်ပြီး လက်ဖဝါးနှစ်ဖက်ကို မီးဖိုရဲ့အပေါ် ခပ်ခွာခွာ နေရာမှာထားကာ လက်ဖမိုး လက်ဖဝါး နှစ်ပြန် လှန်လိုက်သည်။ ပြီးတော့ ... လက်ဖဝါးနှစ်ဖက်ကို သူ့ပါးနှစ်ဖက်မှာ အုပ်၍ ကပ်လိုက်ပါသည်။

"တွေ့လား ... အစ်မ၊ ကျွန်တော့်လို လုပ်ကြည့်၊ မီးဖိုပေါ်မှာ လက်ဖဝါးတွေကို နွေးအောင် ခဏထား၊ နွေးလာရင် လက်ကို ပါးမှာကပ်လိုက်၊ မျက်နှာပါ နွေးလာလိမ့်မယ်"





တေးက သူပြောသလို တေး လက်နှစ်ဖက်ကို မီးကင်ပြီး ပါးမှာကပ်လိုက်တော့ နွေးလာပါသည်။

"အင်း ... မဆိုးဘူး၊ နွေးသားပဲ"

တေးက သူပြောသလို လုပ်ကြည့်ရင်း နွေးလာတာလေးကို သဘောကျ၍ နေသည်။

တေးတို့ အတွေ့အထူးတော့ စကားမဆိုဖြစ်ကြပါ။ သို့သော် ခုလိုအေးမြတဲ့ ဆောင်းတစ်ညမှာ မီးပုံကလေးဘေးမှာ သူနဲ့အတူ ရှိနေရသည့် အချိန်လေးက တေးကို ပျော်ရွှင်နေစေသည်။ သူလည်း တေးလိုပဲဟု တေးထင်ခဲ့သည်။

ညက တရွေ့ရွေ့ ကုန်ဆုံးလာနေသည်။ တေးက နွေးလာသော တေးရဲ့ လက်ဖဝါးလေးကို ပါးမှာကပ်ထားလိုက်ရင်း ...

"ညချမ်း ..."

"ဗျာ ... အစ်မ"

"တေးတို့ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျွန်တော်လည်း ကျေးဇူးတင်ပါတယ်"

"ညချမ်းက တေးတို့ကို ကျေးဇူးတင်စရာ အကြောင်းဖြင့် မရှိဘဲနဲ့ ..."

"ကိုယ့်အကြောင်းနဲ့ကိုယ်တော့ ရှိပါတယ် အစ်မ"

"ဘာအကြောင်းလဲ ..."

"ကျွန်တော် ဒီမေးခွန်းကို မဖြေလို့ ရလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အင် ...၊ အင်းလေ ... ရပါတယ်၊ မဖြေချင် မဖြေပါနဲ့ ..."

တေးက သိချင်ပေမယ့် ဆက်မမေးဖြစ်တော့ပါ။ ခဏနေတော့ တေးက သွားသင့်ပြီဟု ယူဆကာ ထိုင်နေရာမှ ထလိုက်ရင်း ...

"တေး သွားအိပ်တော့မယ်နော်"

ဟု ပြောတော့ သူက တေးကို မော့ကြည့်လျက် ...

"အစ်မ ..."

ဟု ခေါ်လိုက်သည်။ တေးက သူ့ကို ငုံ့ကြည့်လိုက်ရင်း ...

"ပြောလေ ... ညချမ်း"

သူက တွေးဆဆပုံစံဖြင့် ခဏငြိမ်သွားပြီးမှ ...

"အပြန် ကားမောင်းရင် ဂရုစိုက်မောင်းပါ အစ်မ ..."

တေးက ပြုံးလိုက်မိရင်း ...

"စိတ်ချပါ ..."

"ကျန်းမာရေးလည်း ဂရုစိုက် ..."

"ဟုတ်ပါပြီ ..."

သူက ရှေ့ဆက်ပြောစရာ မရှိတော့သလို ငြိမ်သွားသော်လည်း တေးကို သူ့အနားက ထွက်သွားစေချင်ပုံ မရသေးဘဲ တေးကို ငေးမော့ကြည့်နေသည်။ ပြီးမှ ခေါင်းငုံ့ချလိုက်ရင်း မီးပုံဘက်သို့ ပြန်ကြည့်နေလိုက်သည်။ တေးက သက်ပြင်းဖွဖွချရင်း ...





"ကောင်းသော ညပါ ညချမ်း ..."

"ကောင်းသော ညပါ အစ်မ ..."

အဲဒီနောက်တော့ တေးက သူ့ကိုကျောခိုင်းလျက် ဆားရဲ့ နားနေဆောင်ကလေးဆီသို့ ထွက်ခွာလာခဲ့ပါသည်။

အဲ့ဒီအချိန်က ရင်ထဲမှာ လွမ်းမောသလို ခံစားရတာဟာ လူ့စိတ်ကို ပျောင်းညွတ်နူးညံ့စေတဲ့ အေးမြတဲ့ ဆောင်းအခါသမယမို့ပဲလား ... ဆိတ်ငြိမ်သာယာတဲ့ ပတ်ဝန်းကျင် အခြေအနေကြောင့်လား ... ကြယ်ကလေးတွေ ပြိုးပြက်ပြီး လရောင် ဖျိုးဖျသာနေတဲ့ ကောင်းကင်ကြီးအောက်က မီးဖိုကလေးတစ်ခုရဲ့ ဆားမှာ နှစ်ဦးအတူရှိနေတာကြောင့်လား ...။

ဘာ့ကြောင့်ရယ်ဆိုတာ ရေရေရာရာ မသိခဲ့သလို သူနဲ့ဘယ်အချိန်မှာ ဘယ်လို ပြန်ဆုံရမယ်ဆိုတာ တေး မမှန်းဆနိုင်ခဲ့ပါ။

သူနဲ့ တေး အသက်ဘယ်လောက်ကွာတယ်ဆိုတာ ဆား မသိခဲ့သလို ဘယ်လိုနည်းနဲ့ ချစ်သူတွေဖြစ်ပြီး ချစ်သူဘဝမှာ ဘာတွေရှေ့ဆက်ဖြစ်ပြီး ဘယ်လို အပြောင်းအလဲတွေ ဖြစ်မယ်ဆိုတာလည်း မသိခဲ့ပါ။

နူးညံ့သိမ်မွေ့ ညင်သာခြင်းဆိုတာ တေးရဲ့ စရိုက်အမှန် မဟုတ်ပေမယ့် အဲ့ဒီအချိန်တစ်ခဏတုန်းကတော့ တေးစိတ်တွေ ပျော့ပျောင်းညွတ်နူးနေခဲ့မိတာပါ ...။

"ဒေါက် ... ဒေါက် ..."

"တီတီတေး၊ တီတီတေး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘာလဲ"

အခန်း အပြင်ဘက်က တံခါးခေါက်သံနှင့်အတူ ကိုယ့်တူမ သုသုသော်ရဲ့ ခေါ်သံကြောင့် တေး အတွေးပျက်သွားကာ ခပ်မာမာလေး ပြန်ထူးလိုက်သည်။ လူကို တမင်လိုက်လိုက်ဖွဲ့တတ်တဲ့၊ လူကြီးကို အရှိအသေ မရှိတဲ့ အဲ့ဒီကလေးမကိုတော့ တကယ်ပဲ အမြင်ကတ်ပါရဲ့ ...။

"တီတီလေး ... သော် ဝင်ခဲ့ပြီနော်၊ ဒီမှာ တီတီလေးသောက်ဖို့ သံပရာရည်အေးအေးလေး ဖျော်ယူလာလို့ ..."

အံမယ် ... မသိတတ်စဖူး ထူးထူးဆန်းဆန်းပါလား။

သုသုသော်က စေ့ရုံစေ့ထားသော အခန်းတံခါးကို တွန်းဖွင့်ကာ ဝင်လာပြီမို့ တေးက ညချမ်းခါတ်ပုံကို စားပွဲပေါ်မှာ မှောက်ချလိုက်ပြီး အပေါ်က မဂ္ဂဇင်းစာအုပ်ဖြင့် ထပ်ဖိထားလိုက်သည်။

သုသုသော်က ထူးခြားစွာ ပြုံးရယ်ရွှင်ပျလျက် သံပရာရည် ဖန်ခွက်လေးကို ကိုင်ကာ တေးအခန်းထဲသို့ ဝင်လာသည်။

"တီတီလေး ... ရော့ ... သံပရာရည် ချိုချဉ်အေးလေး သောက်လိုက်ပါဦး၊ သော်ကိုယ်တိုင် ဖျော်လာတာ သိလား"

တေးက အိပ်ရာမှ ထထိုင်လျက် သော့်ကို သက်မကင်းသလို စိုက်ကြည့်လိုက်ရင်း ...

"မိသော် ... နင် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ တီတေးရဲ့၊ ခုန တီတေးနဲ့ ဘွားဘွားနဲ့





စကားတွေအများကြီး ပြောလိုက်ရတာ စိတ်ရှုပ်သွားသလားလို့၊ လန်းသွားအောင် စေတနာနဲ့ ဖျော်ယူလာတာပါ"

"အပိုတွေ လာမရှီးစမ်းပါနဲ့ မိသော်ရယ်၊ နင်လား ... ငါ့အပေါ် ဒီလောက် သိတတ်မှာ၊ နင့်အကြောင်းများ မသိရင်ခက်ဦးမယ်၊ ပြောစမ်းပါဦး ... နင် ငါ့ဆီက ဘာလိုချင်လို့လာဖားသလဲဆိုတာ ..."

"အဟဲ ... ဟိုလေ ... တီတီတေး ရည်းစားနဲ့ တီတီတေးကို သော်က သဘောတူပါတယ်၊ အဲ့ဒါ တီတေး ရည်းစားကို ပြောပေးနော်၊ သော်က သူ့ကို ကြိုဆိုပါတယ်လို့၊ နဂါးမောက်သီးလည်း အရမ်းကြိုက်တာပါလို့၊ နောက်တစ်ခါ နဂါးမောက်သီး ပို့ပေးရင် သော့်ဖို့ပါ ပို့ပေးပါလို့ ..."

"ကြည့်စမ်း ... မိသော် အစုတ်ပလုတ်၊ နင် ဒါကို မျှော်ကိုးလို့ ငါ့လာဖားနေတယ်ပေါ့၊ နင်စားချင်ရင် နင့်ဘာသာဝယ်စားပါလား၊ နင့်အိမ်က မုန့်ဖိုးတွေ ပေးထားတာ ရှိတယ်မဟုတ်လား"

"တီတီတေးကလည်း ဒါလေးများ ကပ်စေးနှဲလိုက်တာ"

"ဟဲ့ ... နင် စကားမရှည်နဲ့၊ နင်နော် ... နင်၊ ငါတို့ပြောနေတာတွေ ချောင်းနားထောင်တယ်ပေါ့ ဟုတ်လား၊ ဒီကိစ္စနင် လျှောက်လျှောက်မပြောနဲ့နော်၊ ပြောရင် ငါနဲ့တွေ့မယ်မှတ်"

"ဒါဆိုလည်း အခုတွေ့ပြီမှတ် ..."

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ … ဟိုလေ လွန်ကုန်ပြီ တီတေးရဲ့"

"ဘာ … ဘာ … ဘာလွန်တာလဲ"

"စောစောလေးကပဲ မာမီ ဖုန်းဆက်လာတာနဲ့ ကြုံတာနဲ့ တီတေးက အရမ်းစွံတဲ့အကြောင်း၊ ရှစ်နှစ်လောက် ငယ်တာလေးကိုတောင် ဆွဲဆောင်နိုင်တဲ့အကြောင်း ပြောပြလိုက်မိသေးတယ်၊ အဟဲ … ပြီးတော့ မာမီလည်း ဖုန်းချရော သော့်သူငယ်ချင်း နေခြည်လှဲ့လဲ့လင်း ဆီက ဖုန်းဝင်လာတာနဲ့ မထူးဘူးဆိုပြီး တစ်ခါ ပြောပြမိတယ်လေ …"

"နင် … နင် ဒါပဲလား၊ တခြားဘယ်သူတွေကို ပြောသေးလဲ"

"တခြားဘယ်သူမှတော့ မရှိတော့ပါဘူး၊ သြော် … ခုနလေးကတော့ သော် ဗိုက်ဆာလို့ ထမင်းစားခန်းထဲမှာ ထမင်းဝင်စားတော့ သော့်ကို ထမင်းပွဲပြင်ကျွေးတဲ့ ဒေါ်ကြူကို တီတေးရဲ့ မင်္ဂလာရှိတဲ့ ကိစ္စလေးကို သတင်းကောင်းပါးဖြစ်တယ်"

"ပြီးတော့ရော …"

"တခြားဘယ်သူ့ကိုမှတော့ မပြောတော့ပါဘူး၊ ဒါပေမယ့် မကြူနားမှာတော့ အေးမူနဲ့ သန်းသန်းရှိတယ်၊ ဒရိုင်ဘာ ဦးမြမောင်ကြီးနဲ့ ခြံစောင့် အမီတာကတော့ ထမင်းစားခန်းနားက မီးဖိုချောင်ထဲမှာ ထမင်းစားနေကြတယ်၊ သူတို့ကြားမကြားတော့ သော်လည်း မသိ …"

"သွား … နင်ထွက်သွား၊ ငါ့အခန်းထဲက ခုထွက်သွား …"





တေးက ရက်ဒေါသ မွှန်ထူကာ မိသော်ကို နှင်ထုတ်ခဲ့လိုက်မိပါသည်။

မိသော်က ခွိခနဲရယ်ရင်း အခန်းပြင်သို့ ထွက်သွားသည်။

အလကား အမှိုက်မ။ ငါ့ကို သက်သက် လိုက်ကြံခနေတဲ့ သူငယ်မ …။



www.burmeseclassic.com

www.burmeseclassic.com

“ညချမ်းရေ ... မင်းရဲ့ ရစ်မမဆီက ဖုန်းလာတယ်ဟေ့”

ကိုအောင်ကြီက ညချမ်းရဲ့ အိမ်လေးရှေ့မှာ ရ
လျက် ညချမ်းဖုန်းကို ကိုင်မြှောက်ပြရင်း လှမ်းအော်ပြောလိုက်
တာမို့ ညချမ်းက အိမ်ဘက်သို့ ခပ်သွက်သွက် ပြန်လျှောက်လာ
ပါသည်။

ကိုအောင်ကြီက ညချမ်းတို့အကြောင်းကို သိသ
သလောက် သိတာမို့ အစ်မဆီက ဖုန်းလာပြီဆို ပြုံးစိစိနှင့် နော
နေကျပင် ...။

ညချမ်းက ကိုအောင်ကြီ လှမ်းပေးသည့် ဖုန်း
လှမ်းယူကာ လူရှင်းသည့် ခြံထောင့်ဘက်သို့ လျှောက်သွားရ
ဖုန်းကိုင်လိုက်ပါသည်။

“ဟဲလို ...”

“ဟဲ့ ... ညချမ်း ...”

“ပြော ... အစ်မ ...”





“ဟင် ... နင်ကလည်း တကယ်ပါပဲ၊ အစ်မလို့ မခေါ်ပါနဲ့၊
ပြောထားလည်း မမှတ်ဘူး”

“နှုတ်ကျိုးနေတာကိုး အစ်မရ”

“ခေါ်ပါလား ... မ ဖြစ်ဖြစ်၊ မမ ဖြစ်ဖြစ်၊ တကယ်ပဲ ...
ကဗျာကိုမဆန်ဘူး၊ ဘာ အစ်မလဲ ... တစ်ခါတည်း ဘတ်စ်
ကားပေါ်က ခရီးသည် မိန်းမကို ယာဉ်နောက်လိုက်က
ခေါ်သလိုပဲ ...”

ပြောပုံကိုက လူကြီးမဆန်။ အစ်မဟာ အမြဲ အဲ့ဒီ
လိုပဲ ဘာမဆို ကလေးဆန်ဆန် ပြောကာ ရစ်နေကျ ...။

ညချမ်းက အစ်မ အပြောကို ပြုံးချင်မိကာ ...

“အစ်မလည်း ဘတ်စ်ကား မစီးဖူးဘဲ ယာဉ်နောက်လိုက်
ရဲ့ အပြောတွေကို ဘယ်လိုသိလဲ ...”

“ငါ မစီးဖူးဘူးလို့ နင့်ဘယ်သူပြောလဲ၊ ငါ ကျောင်းတက်
နေတုန်းက အိမ်က ကားလာမကြိုရင် တစ်ခါတလေ သူ
ငယ်ချင်းတွေနဲ့အတူ ဘတ်စ်ကားစီးတာပဲ၊ ကားပေါ်မှာ
လူကျပ်ပြီလားဆို အဲ့ဒီ စပါယ်ယာတွေက အစ်မ အစ်မ
ရှေ့နားတိုးပါခင်ဗျ၊ ဟိုအစ်မက ဒီကိုလာ၊ ဒီအစ်မက
ဟိုကိုသွားနဲ့ သူတို့ထက် ကြီးမှန်းမသိ ငယ်မှန်းမသိ အစ်မ
အစ်မနဲ့ ခေါ်နေကြတာ ငါကြားဖူးနေကျ၊ အဲ့လိုမျိုး ငါ့ကို
မခေါ်စမ်းပါနဲ့ဟဲ့ ...”

“တွေ့လား ... အစ်မက ကျွန်တော့်ကို စကားပြောရင် အဲ့ဒီ
လို တဟဲ့ဟဲ့ပြောနေတာ လုံးဝ မမိုက်ဘူးဗျ၊ ခေါ်လိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆို ဟဲ့ ညချမ်း ... ဟဲ့ ညချမ်းနဲ့ ကိုယ့်ရည်စားကို အဲ့ဒီ
ခေါ်တာများ တစ်ခါမှ မကြားဖူးပေါင်ဗျာ"

"နင့်ကို ငါ့ရင်ထဲ အသည်းထဲက နှစ်နှစ်ကာကာ ရင်းနှီး
အဲ့ဒီလို ခေါ်တာပေါ့ဟဲ့၊ ဒါလေးတောင် နားမလည်ဘူးလား
တောသားဖြစ်ပြီး အပေါ်ယံ ပလီပလာတွေ လိုချင်သေးတာ
လား ..."

"အစ်မက အဲ့ဒါပဲ ...၊ အစ်မ ထုတ်လိုက်တဲ့ ဥပဒေတွေ
အစ်မဘက်က အသာချည်းပဲ၊ ကျွန်တော့်ကိုကျတော့ မ
မမတို့ မခေါ်လို့ ကဗျာမဆန်ဘူးပြောတယ်၊ အစ်မဘက်
ကျတော့ တော်တော် ကဗျာဆန်တာကိုး၊ ဟဲ့ ညချ
နင်က ငါကနဲ့ ပြောနေ ခေါ်နေလိုက်တာများ သူ့အိမ်
ဒရိုင်ဘာကို ခေါ်တဲ့အတိုင်း ..."

"နင်သာ ငါ့ကို စပါယ်ယာခေါ် ခေါ်နေတာ"

"အစ်မသာ ကျုပ်ကို ဒရိုင်ဘာပြော ပြောနေတာ"

"ဟင်း ... ဟင်း ... ဟင်း ..."

"ဟား ... ဟား ... ဟား"

နှစ်ယောက်သား စကားနိုင်လုပြောပြီး ရယ်ချင်လာ
ကြတာမို့ နှစ်ယောက်ပြိုင်တူ ရယ်လိုက်မိကြပါသည်။

ညချမ်းနဲ့ အစ်မက အဲ့ဒီလိုမျိုး လိုက်လှဲတဲ့ ရင်းနှီး
မှုတွေတော့ ရှိနေကြတာပင် ...။ သို့သော် ... အစ်မဟာ ခုလို
ကြီး ပြောင်းလဲသွားလိမ့်မယ်လို့ ညချမ်းက ဘယ်ထင်ခဲ့မှာလဲ ...





တွေ့စတုန်းကတော့ အစ်မပုံစံက မခုတ်တတ်တဲ့
ကြောင်လေးလိုမျိုး ... မျက်လုံးတွေက ရယ်ရွှန်းနူးညံ့နေခဲ့တာ ...။

အစ်မနဲ့ စတွေ့ခဲ့တဲ့ ညနေခင်းတစ်ခုမှာ သူ့နှလုံး
သားက ဆန်းကြယ်စွာ စခုန်ခဲ့ရတယ်လို့ပဲ ပြောရမည်ထင်သည်။

သွက်လက်ဖျတ်လတ်ပြီး နုနယ်တဲ့အမူအရာကလေး
အပြုံးကလေး အပြောကလေးတွေနဲ့ အစ်မကို အသက်ဘယ်
လောက်ရယ်လို့လည်း သူ မမှန်းဆတတ်ခဲ့ပါ။ ကိုယ့်ညီသည်မို့
ကိုယ့်ထက်နည်းနည်းကြီးမယ်လို့လည်း ထင်ခဲ့တာမို့ အစ်မလို့သာ
ခေါ်ခဲ့မိတာပါ။

လသာသော ညမှာ တွေ့ခဲ့ရသော အစ်မရဲ့ မျက်နှာ
ကလေးကလည်း ညချမ်းကို စိတ်လှုပ်ရှားစေခဲ့တာ။

အချိန်တိုလေးအတွင်းမှာ ဖြစ်လာတဲ့ ခံစားမှုကို
အတည်အဖြစ် မသတ်မှတ်လိုက်ဖို့ ကိုယ့်ကိုယ်ကိုယ် သတိပေးနေ
တဲ့ကြားကပဲ ကိုယ့်နှလုံးသားက ချစ်ခြင်းစည်းချက်နဲ့ စတင်ကခုန်
လာခဲ့တာ။

သို့သော် ... ညချမ်းက မနီးစပ်သော ဘဝနှစ်ခုကို
နီးစပ်အောင် ဘာကို ဘယ်လို စတင်ရမယ်ဆိုတာ မကြံစည်တတ်
ခဲ့။ ကြံလည်း မကြံစည်ရဲခဲ့ပါ။

လွမ်းဆွတ် သတိရမိသော နေ့တချို့ ... လဝါဝါ
ထိန်ထိန်သာသော ညတချို့မှာတော့ အစ်မရဲ့ ဖုန်းနံပါတ်ကို
နှိပ်ကြည့်ခဲ့မိဖူးပါသည်။ သို့သော်လည်း ဖုန်းဝင်မသွားခင်မှာ end
ခလုတ်ကို ပြန်နှိပ်ချပြီး သက်ပြင်းသာ ချခဲ့မိတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပင် ကိုယ့်ခံစားချက်ကို ချိုးနှိမ်ခဲ့သော်လည်း အစ်မနှင့် နောက်တစ်ကြိမ် ပြန်တွေ့ချင်စိတ်ကတော့ မှိန်ဖျော့မသွားခဲ့ပါ။

တစ်ရက်မှာတော့ ညောင်ဦးက သူ့ဦးလေး ဦးကျော်တင့်က သူ့ဆီ ဖုန်းဆက်ကာ ...

"ညချမ်းရေ ... ငါ မနက်ဖြန် ရန်ကုန်သွားမှာ၊ ခုနောက်ပိုင်း Tour တွေက အရမ်းများများလာတော့ ကားတွေလည်း မနားရဘူးကွ၊ နောက်ထပ် ကားတစ်စီးလောက် ထပ်ဝယ်မှ ဖြစ်တော့မှာ၊ မနက်ဖြန်တော့ ငါ ရန်ကုန်သွားပြီး ကားတစ်စီးလောက် သွားဝယ်ဦးမယ်ကွာ၊ ငါ့ ကားတွေ မောင်းတဲ့ ဒရိုင်ဘာထဲက တစ်ယောက်ကို ခေါ်သွားရမှာဆိုတော့ အဲ့ဒီရက်မှာ Tour ကားမောင်းဖို့ လူတစ်ယောက် လိုတယ်ကွ၊ မင်းလာမောင်းပေးဦးကွာ ..."

ဦးလေးရဲ့ 'ကားဝယ်မယ်'ဆိုသော စကားက သူ့ကို စိတ်လှုပ်ရှားသွားစေခဲ့တာပါ။

"ဦးလေးက ဘယ်မှာ ကားဝယ်မှာလဲ ..."

"ထုံးစံအတိုင်း တေးသီသူတို့ ဆီမှာပဲပေါ့ကွာ၊ မင်း မှတ်မိတယ် မဟုတ်လား၊ ဟိုတစ်ခါ မင်းခြံရှေ့နားမှာ ကားပျက်လို့ မင်းခြံမှာ ညအိပ်သွားသေးတဲ့ မိန်းကလေး သုံးယောက်လေ၊ တေးသီသူနဲ့ ခွာညိုဆိုတာက ကားရှိုးရွမ်း ဖွင့်ထားတာ၊ အရင်ကားတွေတုန်းကလည်း သူတို့ဆီမှာပဲ ဝယ်ခဲ့တာ၊ သူတို့က မဆိုးဘူးကွ၊ ဈေးလည်းမှန်တယ်၊ ကားလည်းကောင်းတယ်၊ တို့လို မသိနားမလည်တဲ့ တောသားတွေကို ဘတ်မချဘူး ဆိုပါတော့ကွာ"

"ဟို ... ဦးလေး ကျွန်တော်လည်း လိုက်ခဲ့ချင်တယ်"

"မင်း ဘာလုပ်စရာ ရှိလို့လဲ ..."

"ကျွန်တော် စုထားတဲ့ ပိုက်ဆံလေးနဲ့ ကားတစ်စီးလောက် ဝယ်ပြီး ဦးလေးလုပ်ငန်းထဲ ထည့်ထားမလား စဉ်းစားမိလို့ ကားလေးဘာလေး ကြည့်ရှုလေ့လာချင်လို့ပါ"

"အေး ... ဒါဆိုလည်း လိုက်ခဲ့လေကွာ၊ မင်းလိုက်မယ်ဆိုရင် ငါလည်း အဖော်ရတာပေါ့၊ ကားမောင်းဖို့ တခြားတစ်ယောက်ယောက် ငါရှာလိုက်ပါ့မယ်"

ဦးလေးက လိုက်ခွင့်ပြုလိုက်တော့ ညချမ်းက ရင်ခုန်ပျော်ရွှင်ခဲ့မိပါသည်။

ညောင်ဦးကနေ ရန်ကုန်လာတဲ့ ညခရီးမှာလည်း အိပ်မပျော်ခဲ့ ...။ အစ်မတို့ ရှိုးရွမ်းကို ရောက်တော့ ကံကောင်းစွာပင် အစ်မကို တန်းတွေ့လိုက်ရပါသည်။

ညချမ်းကို တွေ့တော့ မျက်ခုံးလေးပင့်ကြည့်ရင်း အားရပါးရ ပြုံးလိုက်သော အစ်မရဲ့ အပြုံးကလေးဟာ ဘယ်လိုလေးမှန်းကို မသိပါ ...။ အစ်မလည်း ပျော်သွားတယ်ဆိုတာ သိသာနေသည်။ အစ်မရဲ့မျက်လုံးလေးတွေ တလက်လက် တောက်လာသည်ဟုပင် ညချမ်းက ထင်လိုက်မိပါသည်။

"ညချမ်း ..."

"အစ်မ ..."







www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် မျက်နှာချင်းဆိုင်မိတော့ တစ်ယောက် နာမည် တစ်ယောက်ခေါ်ကာ စကားမဆက်နိုင်ဘဲ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ရင်း အကြာကြီး ပြုံးနေမိခဲ့ကြပါသည်။ ပြီးတော့ အစ်မက မေးခွန်းထုတ်ပါသည်။

"ညချမ်း ... ဘာလာလုပ်တာလဲ"

"ဦးလေး ကားဝယ်မလို့ အဖော်လိုက်တာတာပါ"

"ဩော် ... ဩော် ..."

"ပြီးတော့ အစ်မကိုလည်း သတိရလို့ တွေ့ချင်လို့ ..."

ညချမ်းက မရဲတရဲပြောတော့ အစ်မရဲ့ မျက်နှာလေး က ပန်းနုရောင်ကလေး ပြေးသွားသည်။

"ဒီမှာ ... အစ်မတို့ စားဖို့ နဂါးမောက်သီးတွေ ယူလာ တယ် အစ်မ"

"ကျေးဇူးပဲ ညချမ်း၊ နဂါးမောက်သီးတော့ တေးလည်း ကြိုက်တယ်၊ မေမေလည်း ကြိုက်တယ်"

"ပိုင်ရှင်မတွေ့ခင် ခူးစားနေကတည်းက အစ်မ သိပ်ကြိုက် မှန်း သိပါတယ်"

ညချမ်းက ကျီစယ်သလို စကားဆိုတော့ အစ်မက မသိမသာကလေး မျက်စောင်းထိုးသည်။

ညချမ်းတို့ ရန်ကုန်မှာ ရှိနေသည့် သုံးရက်အတွင်း မှာ အစ်မနှင့်အတူ သွားလာဖြစ်ခဲ့ကြပါသည်။ ဦးလေးလိုချင်သည့် ကားမျိုး အစ်မတို့ဆီမှာ မရှိတာမို့ အစ်မက တခြားရှိုးရွမ်းတွေ ရော၊ ကားပွဲစားတန်းမှာပါ ကူညီရှာဖွေပေးခဲ့ပါသည်။ ပြီးတော့





အစ်မက ညချမ်းတို့ တူဝရီးကို ထမင်းလိုက်ကျွေးဖို့ ချိန်းလိုက် သည်။

သွားခါနီးမှ ဦးလေးက သွေးတိုးပြီး ခေါင်းမူးနေတာ မို့ အစ်မ ဖိတ်ကျွေးသည့် ညနေစာကို လိုက်မစားနိုင်။ ထို့ကြောင့် ညချမ်းနဲ့ အစ်မ နှစ်ယောက်တည်း သွားစားဖြစ်ခဲ့ကြပါသည်။

ညစာစားပြီး ပြန်ခါနီးတော့ အစ်မက နှုတ်ဆက် စကားဆိုရင်း ညချမ်းရဲ့ မျက်လုံးတွေကို စိုက်ခနဲ တစ်ချက်ကြည့် ၍ မျက်လွှာချလိုက်ရင်း ...

"အစ်မလည်း ညချမ်းကို သတိရပါတယ်၊ တွေ့လည်း တွေ့ချင်တယ်"

"အစ်မက တွေ့ချင်ပေမယ့် ပြန်မလာဘူးလေ၊ ကျွန်တော် ကတော့ တွေ့ချင်လို့ လိုက်လာရတယ်"

"ညချမ်းက ယောကျ်ားလေးကိုး ..."

"မိန်းကလေးလည်း လာချင်စိတ်ရှိရင် လာလို့ရပါတယ်ဗျ၊ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်း၊ အစ်မကားကြီးက လည်း ကောင်း၊ အစ်မကလည်း ကားမောင်း ဒီလောက် ကျွမ်းနေတာကိုး ..."

"ဩော် ... ဒါဆို တေးက ညချမ်းကို သတိရလို့ဆိုပြီး ပုပ္ပားနားထိ တစ်ယောက်တည်း ကားမောင်းလာရမယ်ပေါ့၊ ကျော်မကောင်း ကြားမကောင်းတော် ..."

အစ်မက ခပ်ရွှဲ့ရွှဲ့ပြောတော့ ညချမ်းက အစ်မကို နောက်ချင်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားနဲ့ မိန်းမ တန်းတူအခွင့်အရေး ရှိသင့်တယ်လို့ အစ်မ ထင်လား"

"ထင်တာပေါ့၊ တို့ မိန်းမသားတွေကို second sex တို့ ဘာတို့ ပြောနေရင် လုံးဝမခံချင်ပါဘူး"

"ဒါပေါ့ ... အစ်မရ၊ မခံနဲ့၊ ယောက်ျား မိန်းမ တန်းတူ အခွင့်အရေးရှိကြောင်း ပြတဲ့အနေနဲ့ ကျွန်တော် သတိရလို့ လာသလို အစ်မ သတိရလို့ လာလိုက်ရင်လည်း ရတာပဲ"

"ဟင် ... နင်က လူလည်၊ ဘာလို့ လာရမှာလဲ၊ မလာဘူး ဟေ့ ... နော်၊ လုံးဝပဲ သိလား ..."

"အစ်မက မလာဘဲ နေနိုင်လို့ မလာတာပေါ့၊ ကျွန်တော် ကတော့ မလာဘဲ မနေနိုင်လို့ လာရတယ်ဗျာ၊ အစ်မ မျက်နှာကို မြင်ချင်လို့ လာရတယ်ဗျာ ..."

ညချမ်းက ထိုစကားကို စွတ်ရွတ်ပြောလိုက်ပြီးမှ အစ်မကို အားနာသလိုဖြစ်ကာ ကိုယ်တိုင်လည်း ရှက်သလိုလိုဖြစ်ကာ ငြိမ်သွားသည်။ အစ်မကလည်း ပါးအို့လေးတွေ ပန်းသွေးရောင် ခြယ်ကာ ငြိမ်သွားသည်။

ညချမ်းက သက်ပြင်းချရင်း ...

"အစ်မ ..."

"အင်ဟင် ..."

"ကျွန်တော် သွားတော့မယ်နော်"

ညချမ်းက နှုတ်ဆက်လှမ်းထွက်လာရင်း အစ်မကို ချစ်ခွင့်ပန်ဖို့ စဉ်းစားကာ ချီတုံချတုံ ဖြစ်နေမိပါသည်။





ထူးထူးခြားခြားလို့ပဲ ပြောရမလား မသိ။ အဲ့ဒီနေ့ဟာ အစ်မနဲ့ စတွေ့သည့်နေ့ကစပြီး ရေတွက်လျှင် ရက် ၁၀၀ ပြည့်နေ့ ဖြစ်နေခဲ့တာပင်။

ဒီရက်တစ်ရာအတွင်း အစ်မကို တစ်နေ့မှ မမေ့ခဲ့ဘာ၊ တစ်ခါတစ်ခါ ပြင်းပြတဲ့ တမ်းတစိတ်နဲ့ လွမ်းဆွတ်လာခဲ့တာကို ပြောပြချင်ပေမယ့်လည်း စောသေးသည်ဟု ထင်ခဲ့မိတာပင် ...။

တကယ်တော့ အချစ်ဆိုတာ ဖြစ်လာဖို့ အချိန်တွေ အများကြီးလည်း မလိုဘူးထင်ပါသည်။

ပုံသေနည်းဖြင့် တွက်မရသော အချစ်ဆိုတာမျိုးဟာ အချိန်တွေ အများကြီး ရင်းနှီးသိကျွမ်းတိုင်းလည်း သေချာပေါက်ချစ်လာလိမ့်မည်ဟု တွက်မရနိုင်သလို တိုတောင်းတဲ့ အချိန်ကလေးအတွင်းမှာ ဖြစ်မလာနိုင်ဘူးဟုလည်း ပြောလို့ မရနိုင်တာမျိုးပင်။

ခုချိန်မှာ သူဖွင့်ဟပြောလိုက်လျှင် အစ်မ သူ့ကို ဘယ်လိုထင်မလဲ ...။ အစ်မရင်ထဲက ချစ်ခြင်းအပိုင်းအစတချို့ကို မြင်ရပေမယ့်လည်း သူ့ဖွင့်ပြောဖို့မရဲပါ။ ပြီးတော့ ဘဝချင်းကလည်း မနီးစပ်တာမို့ ကိုယ့်အချစ်ကို တစ်သက်လုံး မျိုသိပ်ဖုံးကွယ်ထားလိုက်တာက ပိုသင့်တော်မလားဟု စဉ်းစားရဦးမည်။ သို့သော် ... ကိုယ့်ရင်ထဲက အချစ်ကို အစ်မ မြင်သာအောင်လည်း တစ်စွန်းတစ်စ ပြမိခဲ့ပြီ။

ညချမ်းက ချီတုံချတုံ ဖြစ်နေဆဲမှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ညချမ်း …"

အစ်မ ခေါ်သံကြောင့် ညချမ်းက ခြေလှမ်းတုံ့ကာ အစ်မကို လှည့်ကြည့်လိုက်သည်။

အစ်မက ညချမ်းကို ခပ်စိုက်စိုက်ကြည့်နေသည်။ အစ်မအကြည့်က ညချမ်း ရင်ထဲကို ထွင်းဖောက်မြင်သော အကြည့်မျိုး။

"ညချမ်း …"

"ဗျာ … အစ်မ"

"နင် ငါ့ကို ချစ်နေသလား …"

"ဟုတ်ကဲ့ …"

ရင်ထဲ လှပ်ခနဲ တုန်ကာ ဆတ်ခနဲ ခေါင်းညိတ်လိုက်မိပြီးနောက်မှာ သူ့ရင်တွေ ဝုန်းဒိုင်းကြဲ ခုန်လာခဲ့ရပါသည်။

အစ်မက ပန်းသွေးရောင် လျှမ်းလျှမ်း မျက်နှာကို ခပ်လွှဲလွှဲနှင့် …

"ဒါ … ငါက စပြောတာ မဟုတ်ဘူးနော်၊ ငါက မေးရုံပဲ မေးတာ …"

"ဟုတ်ကဲ့ပါ အစ်မရ …၊ အစ်မက စပြောတယ်လို့လည်း ကျွန်တော် မပြောရပါဘူး"

အစ်မက မျက်စောင်းထိုးသလိုလိုလေး တစ်ချက်ကြည့်သည်။

"အစ်မ သိလား …"

"ဘာကိုလဲ …"





"ဒီနေ့က အစ်မနဲ့ ကျွန်တော် စတွေ့ခဲ့တာ ရက် ၁၀၀ ပြည့်တဲ့နေ့ …"

"ဟင် … ညချမ်းက တစ်ရက်ချင်း မှတ်ထားတယ်ပေါ့"

"မှတ်ထားတာပေါ့၊ ခြံထဲက တမာပင်မှာ တစ်ရက်ကို ဓားနဲ့ တစ်ထစ်စီ ထစ်ပြီး မှတ်ထားခဲ့တာ …"

"ကဲ …"

"ဟာ … အစ်မ …"

မထင်မှတ်စွာပင် အစ်မက အသည်းယားသွားသလို ပုံစံမျိုးဖြင့် ခြေဖျားကလေးထောက်ကာ ညချမ်းရဲ့ နဖူးကို ဖျတ်ခနဲ လှမ်းနမ်းပြီး လှည့်ထွက်သွားခဲ့တာပင်။

"အစ်မ … ဒါတော့ အစ်မက အရင်နော် အစ်မ"

ညချမ်းက ခပ်နောက်နောက် လှမ်းအော်သော်လည်း အစ်မက လှည့်မကြည့်ခဲ့တော့ပါ။

ရည်းစားဖြစ်သောနေ့မှာပဲ သူ ပြန်ခဲ့ရပါသည်။

အဲ့ဒီနောက်တော့ ညတိုင်း ဖုန်းတွေ ပြောကြရင်း တစ်ယောက်စိတ်ကို တစ်ယောက် တဖြည်းဖြည်း နားလည်ရင်းနှီးလာခဲ့ပါသည်။ တစ်ခါတလေ အရမ်းလွမ်းလာရင်တော့ သူ ရန်ကုန်ကိုသွားကာ အစ်မနှင့် တွေ့ဖြစ်ခဲ့သည်။

အစ်မနှင့် ရင်းနှီးလာလေ အစ်မ စိတ်ကို သူ နားလည်လာရလေပင်။ အစ်မဟာ မရင့်ကျက် …။ စကားပြောလည်း သိပ်မဆင်ခြင်လှ …။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် … အစ်မက ချစ်စရာကောင်းပြီး ဖြူစင်သည်ဟု သူ ထင်သည်။

တဖြည်းဖြည်း ရင်းနှီးလာတာနဲ့အမျှ အစ်မအပြော အဆိုတွေက 'နင် … ငါ …' စသဖြင့် ပိုင်နိုင်လာကာ ကဗျာဆန် တာ နုရွတာတွေလည်း သိပ်မရှိတော့ဘဲ သူ့ကို သူငယ်ချင်းပေါင်း ပေါင်းကာ နေတော့တာပင်။

"ဟဲ့ … ညချမ်း …"

"ဟော … အစ်မ ပြောနေတဲ့ကြားက ဒီ ဟဲ့က ပါလာပြန် ပြီ"

"အေးပါ … အေးပါ၊ အကျင့်ပါသွားလို့ပါဟယ်၊ ငါ အရေး ကြီးတာ ပြောဖို့ ရှိတယ် သိလား …"

"အင်း … ပြောပါဦး"

"နင် ရန်ကုန်မှာ တစ်လလောက် လာနေရမယ်"

"အစ်မ … အစ်မက အဲ့ဒါပဲ၊ အမြဲ အဲ့ဒီလိုချည်းပဲ"

"ဘာကိုလဲဟဲ့ …"

"အစ်မပြောရင် အမိန့်ပေးသလိုချည်း ပြောတာပဲ၊ တကယ် ဆို ညချမ်းရေ ရန်ကုန်မှာ တစ်လလောက် လာနေနိုင်မလား လို့ မေးပါလား၊ ကျွန်တော့်မှာလည်း ကျွန်တော့်အလုပ်နဲ့ လေဗျာ၊ တွက်ချက် စီစဉ်ရတာတွေ ရှိဦးမှာပေါ့"

"အေးပါဟယ် … ငါပြောတာ လောသွားလို့ပါ၊ နင်က လည်း ငါ့ဆို အမှားစောင့်ထောက်ဖို့ပဲ …"

"အစ်မက အမြဲ မှားနေတာကိုး"





"ဟုတ်လား … ဒါဆို နင့်ကိုချစ်မိတာလည်း ငါ့အမှားပေါ့ ဟုတ်လား …"

"အစ်မက အမှားလို့ယူဆရင်လည်း အမှားပေါ့၊ အစ်မက မှန်တယ်လို့ ယူဆရင်လည်း အမှန်ပေါ့၊ ကဲ … ပြောဗျာ အစ်မ၊ ကျွန်တော်က ဘာကိစ္စ ရန်ကုန်မှာ တစ်လ လာနေ ရမှာလဲ …"

"မေမေက နင့်ကိုခေါ်ထားပြီး ငါနဲ့ သဘောတူသင့် မတူ သင့် အကဲခတ်မှာတဲ့ …"

"ဟာဗျာ … ဘာကြီးလဲဗျ၊ ကျွန်တော် မလာချင်ပါဘူး"

"နင် ငါ့ကို မချစ်ဘူးလား … ပြော"

"ချစ်တော့ ချစ်တာပေါ့ဗျ"

"ချစ်ရင် လာပေါ့ဟဲ့၊ ဒီအဆင့်ရောက်ဖို့ ငါ့မှာ မနည်း ပြောထားရတာ သိလား"

"အစ်မကလည်းဗျာ …"

"ဘာ အစ်မကလည်းဗျာလဲ၊ လာဆို လာလိုက်ပေါ့၊ တက တည်း လူကိုလည်း ချစ်တယ်ပြောသေး၊ လာတွေ့ဖို့ကျ တော့ ဝီရိယက နည်းသေး"

"အစ်မကို တွေ့ဖို့သက်သက်ဆို ကျွန်တော် ဘယ်တုန်းက ဝီရိယ နည်းဖူးလို့လဲ၊ ခုဟာက အစ်မ အမေက ကျွန်တော့် ကို သူ့မျက်စိရှေ့မှောက်ထားပြီး တစ်လတောင် အကဲခတ် ဦးမယ်ဆိုတော့ ဟာဗျာ … ရှက်စရာကြီးပါဗျာ …"



www.burmeseclassic.com

www.burmeseclassic.com



"ညချမ်း နော်၊ အိအ ဂျိဂျ လုပ်မနေနဲ့၊ လာမှာလား ... မလာဘူးလားပဲ ပြော၊ မလာရင်တော့ တို့နှစ်ယော ... ရှေ့ရေးက မတွေးရဲဘူးဆိုတာ မှတ်ထား"

"အစ်မ ..."

"အမ်း ... ပြော ... ဘာလဲ"

"ကျွန်တော့်ကို မောင်လို့ ခေါ်မှ လာမယ်"

"ဟမ် ... မခေါ်ပါဘူး၊ ညချမ်းနော် ... ယူ့ကို လာညှုမ ... နဲ့ ..."

အစ်မရဲ့ အလန့်တကြား ရက်သွားသော အ ... ကြောင့် ညချမ်းက ပြုံးမိသည်။ အစ်မက ရစ်သလို ညချမ်း ... လည်း ဂျစ်ချင်သည်။ ကလေးကြီးလို ချစ်စရာကောင်းသော အ ... ကို နောက်ပြောင်ကျီစယ်ရတာ ပျော်စရာကောင်းလို့ပင် ...

"ကျွန်တော်လည်း အစ်မကို 'မ'လို့ ခေါ်မယ်လေနော် ... မောင် ပြောတာ နားထောင်နော်"

"အာ ... ဘာကြီးလဲ ... အီစီကလီနဲ့ ... ညချမ်းနော်၊ ... နော် ... ငါ့ကို ညုကလီးယား လာမလုပ်နဲ့ ..."

"မ ကလည်းကွာ ..."

"အမလေး ... နားယားလိုက်တာဟယ်"

"မောင့်ကို မချစ်ဘူးလား ... ပြော"

"ညချမ်း ... တော်ပြီ ... တော်ပြီ၊ ငါ ဖုန်းချလိုက်တော့ မယ်"

"ဟား ... ဟား ... အစ်မက တကယ်ပါပဲဗျာ၊ ရည်းစ ... ထားပြီး ရည်းစားကို ရည်းစားလိုလည်း မဆက်ဆံတတ် ဘူး"





"အံမယ် ... ဘာလို့ မဆက်ဆံတတ်ရမှာလဲ၊ နင့်ကို ငါ နမ်းဖူးသားပဲ"

"တစ်ခါတည်းပါဗျာ"

"တော်ပြီပေါ့ ... တစ်ခါနမ်းရင်၊ ကဲ ... တော်ပြီ ... ညချမ်း၊ ဘယ်တော့လာမှာလဲဆိုတာသာ ပြော ..."

"မလာလို့ မရဘူးလား အစ်မရာ ..."

"မရဘူး ..."

"ကဲ ... ဒါဆိုလည်း လာပါ့မယ်ဗျာ"

"အဲ့ဒါလေးတွေကြောင့် ချစ်ရတာ"

"ဗျာ ... ဘာပြောလိုက်တယ် အစ်မ၊ မကြားလိုက်လို့ နောက်တစ်ခေါက် ထပ်ပြောပေးပါဦး ..."

"ငါဘာပြောမိလို့လဲ၊ မပြောမိပါဘူး"

"အစ်မ လူလည်မလုပ်နဲ့ ..."

"နင်သာ လူလည်လုပ်တာ ..."

နှစ်ယောက်သား တရင်းတနှီး နောက်ပြောင်စကား ...င်လုရင်း ရယ်မောရသည့် ဒီလိုအချိန်လေးတွေကို ညချမ်း မက် ...ောရပါသည်။

"ကျွန်တော် ဒီတစ်ရက် နှစ်ရက်အတွင်း စီစဉ်စရာရှိတာ စီစဉ်ပြီး လာခဲ့ပါ့မယ် အစ်မရယ်၊ စိတ်အေးတော့ ... ကျေနပ်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



ညချမ်းက နူးနူးညံ့ညံ့ ပြောမိတော့ အစ်မက ရှေ
နပ်သွားသော အသံတိုးတိုးလေးဖြင့် ...

"ဒါဆို မျှော်နေမယ်နော် ... ညချမ်း"

ဟု ပြောကာ ဖုန်းချသွားခဲ့ပါသည်။

သူက ဖုန်းပိတ်ကာ နဂါးမောက်ပင်တန်းတွေကြား
လမ်းကလေးအတိုင်း အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့ပါသည်
ချစ်သော မကို အမြဲပျော်စေချင်ပါသည်။



♥ ♥ ♥

ညချမ်းက ဝတ်နေကျ ချည်ထည်ဘောင်းဘီပွအထပ်
ဆိုက်ကြီးကို ကျောပိုးအိတ်ထဲသို့ ဖိကာ ဖိကာ ထည့်နေဆဲမှာ
ကိုအောင်ကြီးက ညချမ်းရှေ့မှာ လာထိုင်ကြည့်နေရင်း ...

"စွန့်စားလှချည်လား ညချမ်းရာ၊ မင်း မမကို မင်း ဒီ
လောက်တောင်ပဲ ချစ်သလား"

"တတ်နိုင်ဘူးလေဗျာ၊ အစ်မက ကျွန်တော်လာမှ စိတ်ချမ်း
သာမှာဆိုတော့လည်း သွားရတာပေါ့"

"သွားတာကတော့ သွားပါ၊ အရင်လည်း မင်း လွမ်းလာ
ရင် နှစ်ရက် သုံးရက် သွားနေကျပဲ၊ ဒါပေမယ့် ခုတစ်ခါ
က တစ်လကြီးများတောင်လေ၊ မင်း ခြံကို တစ်လကြာတဲ့
အထိ တစ်ခါမှ ပစ်မထားဖူးပါဘူး၊ ပြီးတော့ မင်း ဟိုမှာ
အလုပ်မရှိ အကိုင်မရှိ တစ်လတောင် နေရမှာ မပျင်းဘူး
လား"

www.burmeseclassic.com



"မပျင်းဘဲ နေမလားဗျာ၊ ကျွန်တော်က အလုပ်မလုပ်ရရင် နေတတ်တဲ့သူမှ မဟုတ်တာ၊ ဟိုရောက်တော့လည်း ဒီလိုပဲ မရှိရှိတဲ့အလုပ် ရှာကြံလုပ်ရမှာပေါ့ ..."

ညချမ်းက ချည်ထည်အင်္ကျီကလေးတွေနှင့် ရှပ်အင်္ကျီတချို့ကို ဘောင်းဘီထပ်ရဲ့ အပေါ်ကနေ ထပ်ဖိထည့်ကာ ကျော ပိုးအိတ်ကို ပိတ်လိုက်ပါသည်။

"မင်း အဝတ်အစားက ဒါပဲလား ..."

"ဒါပဲလေဗျာ၊ ဆယ်စုံတောင် ပါတာပဲ၊ ပြည့်စုံပါတယ်"

"မင်း အဝတ်အစားတွေက မမိုက်ပါဘူး မောင်ရင်ရာ ..."

"ဘာဖြစ်လို့တုန်း ..."

"မင်း ဒီမှာဝတ်နေကျ ချည်ကြမ်း ဖျင်ဘောင်းဘီတွေက မြို့မှာ ဝတ်လို့ ဖြစ်မလားကွ"

"ဟာ ... ကိုအောင်ကြဲကြီးကလည်း၊ ခုခေတ်မှာ တချို့ မြို့က ပိုက်ဆံရှိတဲ့ လူတွေတောင် ဒီလို ဗမာထည် ချည်ကြမ်း ဖျင်ဘောင်းဘီတွေ အင်္ကျီတွေ လွယ်အိတ်တွေကို စတိုင်လ်လုပ်ပြီး ဝတ်နေကြသေးတာ ..."

"အေးလေ ... ဒါတော့ ဟုတ်ပါတယ်၊ ငါက စိုးရိမ်လို့ ပြောတာပါ၊ ပြီးတော့ ဒါမျိုးတွေ ဝတ်လည်း မင်းပုံစံက မိုက်ပါတယ်၊ ဒါနဲ့ ... မင်း ပါးမြိုင်းမွေးတွေနဲ့ ဒီအတိုင်း သွားမှာလား၊ ရိတ်သွားမှာလား ..."

ကိုအောင်ကြဲ့ မေးခွန်းကြောင့် ညချမ်းက အနားက





သက်ကိုင်မှန်ကလေးကို ဆွဲယူကာ မျက်နှာကို ဘယ်ပြန်ညာပြန် ကြည့်ကြည့်လိုက်ရင်း ...

"ကျွန်တော်လည်း အဲ့ဒါပဲ စဉ်းစားနေတာ၊ ရိတ်သွားရင် ကောင်းမလား၊ မရိတ်သွားရင် ကောင်းမလား ..."

"ဒီပုံစံက မင်းစတိုင်လ်ပဲလေ၊ ကြည့်လို့တော့ ကောင်းသားပဲ၊ ဒါပေမယ့် ဟိုက လူကြီးတွေရှေ့မှာကျတော့ ဒီပုံစံနဲ့ အဆင်ပြေပါ့မလား၊ ကဗျစ်ကညစ်ကြီးများ ဖြစ်နေမလား"

"အင်း ... ဒါလည်း ဟုတ်သားပဲ"

"ဒါပေမယ့် ရိတ်လိုက်ပြန်ရင်လည်း မင်းရုပ်က အရမ်းနုဖတ်သွားရင် မင်းတို့ အသက်ကွာတာ သိသာနေဦးမယ်၊ ခုအတိုင်းက မသိသာဘူးလေ၊ ဒါနဲ့ မင်းတို့ချင်းအသက်က ဘယ်လောက် ကွာတာတုန်း"

"မသိဘူးဗျ ..."

"ဟ ... မသိလို့ ဖြစ်မလား"

"အစ်မက ကျွန်တော့် အသက်ကိုသာ မေးသွားတာ၊ သူ့ အသက်ကိုကျတော့ မပြောဘူး"

"ဒေါ်တေးသီသူတို့ကတော့ လူလည်ပဲ ..."

"သုံးလေး ငါးနှစ်လောက်တော့ ကြီးမယ် ထင်တာပဲဗျာ၊ ဒါပေမယ့် ဒါက ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ချင်း ချစ်ရင် ပြီးတာပါပဲ"

"အေးလေ ... ဟိုက မြို့သူ နုဖတ်အုအက်ကလေး၊ မင်းက



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြမ်းကြမ်း တောသားဆိုတော့ ဒီအတိုင်းကြည့်လိုက်ရင် အသက်ကွာတယ် မထင်ရပါဘူး၊ လူကြီးတွေ မျက်မနောက်အောင် ရိတ်ချင်လည်း ရိတ်သွားပေါ့ကွာ၊ ရှင်းရှင်းသန့်သန့်လေး ဖြစ်သွားရင်လည်း တစ်မျိုး ကြည့်ကောင်းတာပါပဲ"

ညချမ်းက ကျောပိုးအိတ်ရဲ့ အပြင်ဘက်အိတ်မှာ ထည့်ထားသည့် မုတ်ဆိတ်ရိတ်ဓားနှင့် After shave ဘူးကိုယူကာ ရေချိုးခန်းဘက်သို့ ထွက်သွားသည်။

မျက်နှာက အမွေးအမျှင်တွေကို ရိတ်သင်ပြီး ညချမ်း ပြန်ဝင်လာတော့ ကိုအောင်ကြဲက ပခုံးတွန့်ကာ ပြုံးလိုက်ရင်း ...

"ဒီလိုဆိုတော့လည်း ငါ့မင်းသားက ချောသားပဲ"

"အဟား ... အရင်တုန်းကတော့ မချောဘူး ဆိုပါတော့"

"အရင်က ခပ်ကြမ်းကြမ်း ချောတာ၊ ခုက ခပ်နုနုချောတာ မင်းပြန်လာရင် ငါ့ဖို့ မုန့်ဝယ်လာနော် ... ဟော့ကောင်"

"အေးပါဗျ၊ ဝယ်လာမှာပေါ့ ..."

ကိုအောင်ကြဲက ပြုံးပြုံးရွှင်ရွှင်ပြောနေရင်းက တ ခုခုကို တွေးမိသွားသလို လေးနက်သော မျက်နှာဖြစ်သွားကာ ...

"မင်းတို့နှစ်ယောက်ကို လူကြီးတွေ သဘောတူလို့ ယူကြရင် ဘယ်မှာနေဖို့ စဉ်းစားထားလဲ ညချမ်း"

ညချမ်းက တွေဝေငြိမ်သက်သွားပြီးမှ ...

"ကျွန်ုပ်ကတော့ ဒီမှာပဲ နေချင်တာပေါ့ဗျာ၊ ဒါပေမဲ့





အစ်မက နေနိုင်မှာမဟုတ်ဘူး၊ ဟိုတစ်လှည့် ဒီတစ်လှည့် နေဖို့ပဲဖြစ်ဖြစ် ညှိရမှာပေါ့ ..."

ဟု တွေးတွေးဆဆ ပြောရင်း ကျောပိုးအိတ်ကို လှမ်းဆွဲယူလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကား ဝင်လာပြီဟေ့ ..."

"ဟဲ့ ... ကောင်မလေးတွေ လာကြ ... လာကြ၊ နင်တို့ မမတေးရဲ့ ရည်းစား လာပြီထင်တယ်"

"အေးမူ ... လာ ... လာ ... မြန်မြန်လာ၊ နင့် ငါးခြောက်တွေ ချထားခဲ့ ..."

"လာပါပြီဟဲ့ ... သန်းသန်းရဲ့၊ အမေ့ ပလုတ်တုတ်"

"ဩော် ... အရေးထဲမှ ခလုတ်က တိုက်ပြန်သေး ..."

"ဟီး ... ဟီး ... တွေ့ချင်ဇောအားကြီးနေလို့ပါဟယ်"

မီးဖိုချောင်ထဲမှာ အလုပ်ကိုယ်စီ လုပ်နေကြသော ခေါင်သူကြီး မကြူ၊ အေးမူနှင့် သန်းသန်းတို့ သုံးယောက်သားမှာ ခြံထဲသို့ ကားဝင်လာသံကြားသည်နှင့် ဧည့်ခန်းဘက်သို့ လှမ်းမြင်နိုင်သော ခန်းဆီးစနားသို့ အပြေးသွားကာ ပြူတစ်ပြူတစ် လုပ်နေကြသည်။





ထိုအချိန်တွင် သုသုသော်က သူတို့နောက်သို့ ရောက်လာကာ ...

"ဟဲ့ ... လာပြီလား"

"လာပြီ ... လာပြီ မသော်၊ လာ ... ဒီနားက လာကြည့်"

"တီတေး ရည်းစားပါတဲ့ ကားမှန်း နင်တို့ ဘယ်လိုသိလဲ"

"ဟီးဟီး ... သိတာပေါ့၊ ခုနလေးကပဲ မမတေးရယ် အလှအပတွေ ပြင်လာပြီး မီးဖိုချောင်ထဲ ဝင်လာတာ၊ ဧည့်သည်လာမှာမို့လို့တဲ့ လ[?]ဖက်ခြောက် အကောင်းစား ခပ်တဲ့ ရေနွေးကလေးနဲ့ ငါးရံ့ခြောက်ဖုတ်လေး ဖုတ်ထားခိုင်းတာလေ၊ မသော်ပဲ ပြောထားတာ တီတေး ရည်းစားက တောက ဆို၊ မအေးမူတို့ တောမှာလည်း ဧည့်သည်လာရင် အဲ့ဒီလိုမျိုးလေး ဧည့်ခံကြတာ ..."

သုသုသော်က အေးမူတို့နောက်မှာ ရပ်လိုက်ရင်း ဧည့်ခန်းဘက်ကို ချောင်းကြည့်လိုက်သည်။

သုသုသော်ရဲ့ နှုတ်ဖွာမှုကြောင့် တီတီတေးရဲ့ ရည်းစား ရောက်လာမည့်ကိစ္စကို အိမ်ရှိလူကုန် သိထားကြတာပင်။ အိမ်မကြီးရဲ့ မြောက်ဘက်က အ်ရင် ကိုကိုလေး နေသွားတဲ့ အိုက်ပုလေးကို လွှန်ခဲ့တဲ့ နှစ်ရက်လောက်ကတည်းက ဧည့်သည်လာရင် နေဖို့ ရှင်းလင်းပြင်ဆင်ထားခဲ့ကြသည်။

"ဟော ... ဟော ... ဟိုမှာ ကားရပ်ပြီ"

"ဟဲ့ ... ဟဲ့ ... ထွက်ကြ ... ထွက်ကြ၊ ပစ္စည်းတွေ ကူသယ်ပေးရမှာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ ... ၊ တီတေး လှမ်းခေါ်မှ သွား ... ၊ သူတို့နှစ်ယောက်ချင်း အရင်တွေ့ကြပါစေဦး ..."

သုသုက အိမ်ရှေ့သို့ ထွက်မည်ပြင်သော သန်းသန်းနဲ့ အေးမူကို ပြန်ဆွဲခေါ်ထားလိုက်သည်။ ပြီးတော့ မှန်တံခါးကို အသာဟကာ ဧည့်ခန်းဘက်က အသံတွေကို နားစွင့်ထားလိုက်သည်။ သူတို့နှစ်ယောက် ဘယ်လိုခေါ်ပြော ဆက်ဆံကြမလဲဆိုတာ သော်က သိချင်တာပင် ...။

တေးက တက္ကဆီပေါ်က ဆင်းလာပြီး နဂါးမောက်သီးထည့်သည့် စက္ကူပုံးတွေ ချနေသော ကောင်လေးကို တစ်ချက်လှမ်းကြည့်ရင်း ကားရပ်ထားရာ ပေါ်တီကိုဆီ လျှောက်လာကာ

"ဟဲ့ ... ကောင်လေး နင်က ညချမ်း ညီလေးလား၊ ညချမ်းရော မပါဘူးလား၊ ဘယ်မှာ ကျန်နေခဲ့တာလဲ ..."

ဟု စိတ်စောစောဖြင့် လှမ်းမေးလိုက်သည်။ တက္ကဆီပေါ်က ဆင်းလာသော ကောင်လေးဟာ ညချမ်းနှင့် ဆင်သော်လည်း မျက်နှာကလေး သန့်ပြန့်နုနယ်လှတာမို့ ညချမ်း၏ ညီဟုသာ မှတ်ထင်လိုက်သည်။ ညချမ်းက သူ့ညီကို ခေါ်လာမယ်လို့လည်း ပြောမထားပါဘူး။ သူ့မှာ ညီရှိတယ်လို့တောင် မကြားမိ

"ဟာ ... အစ်မကလည်း လုပ်ပြီဗျာ၊ ကျွန်တော် ညချမ်းလေဗျာ ..."

"ဟယ် ... နင် ဘာလို့ ဟိုအမွေးတွေ ရိတ်ပစ်လိုက်တာလဲ၊ အဲ့ဒီအမွေးနဲ့မှ နင်က ကြည့်ကောင်းတာဟဲ့ ..."





"လူကြီး မျက်စိနောက်မှာစိုးလို့ ရိတ်လာတာပေါ့ဗျ၊ ဒီအမွေးမပါတာနဲ့ပဲ အစ်မက ကျွန်တော့်ကို အမောဆို့အောင် ဆီးဟောက်ရသလား၊ အမွေးက အရေးကြီးသလား၊ ကျွန်တော်က အရေးကြီးသလား"

"အမွေးကလည်း အရေးကြီးတယ်၊ နင်ကလည်း အရေးကြီးတယ်၊ အမွေးမပါတော့ နင့်ရုပ်က သူငယ်နှပ်စားရုပ် ဖြစ်သွားပြီ"

"အဲ့ဒီ သူငယ်နှပ်စားကိုပဲ အစ်မ ကြိုက်ထားတာလေ"

"ငါ ကြိုက်တုန်းက သူငယ်နှပ်စားရုပ်မှ မဟုတ်တာကိုးဟဲ့"

"ပြီးရောဗျာ၊ လောလောဆယ်တော့ ကျုပ်မှာ ဒီရုပ်ပဲရှိတယ်၊ ဒီရုပ်မှ မကြိုက်ရင်လည်း ပြန်ရုံပဲ"

"ဟဲ့ ... နေဦး"

ညချမ်းက စိတ်တိုတိုနှင့် အိမ်တံခါးဝကနေ လှည့်ထွက်ဖို့ ပြင်လိုက်တာမို့ တေးက ညချမ်းရဲ့ ကျောပိုးအိတ်ကို လှမ်းဆွဲထားလိုက်ရပါသည်။ ဒင်းကလည်း စိတ်လက်တစ်ဆတ်။

"ပြန်လို့ ဖြစ်မလားဟဲ့၊ နင်လာမယ်ဆိုတာ မေမေ့ကို ပြောပြီးသား၊ ခဏနေ မေမေလည်း အပေါ်ထပ်က ဆင်းလာတော့မှာ၊ လာ ... ထိုင် ... တကယ်ပဲတော့်၊ စိတ်က တိုမှတို"

"အစ်မက ဆီးဟောက်တာကိုးဗျ ..."

ညချမ်းက ကျောမှာလွယ်ထားသည့် ကျောပိုးအိတ်ကို ဖြုတ်ကာ ဧည့်ခန်းက ထိုင်ခုံတစ်ခုံပေါ်သို့ လှမ်းတင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တေးက ညချမ်းကို ခြေဆုံးခေါင်းဆုံး လှျပ်ခနဲ တစ်ချက်ကြည့်လိုက်ရင်း ...

"နင်ကလည်း ..."

"ဘာလဲ ... ဘာအပြစ် တွေ့ပြန်ပြီလဲ"

"မေမေနဲ့ တွေ့ရမှာကို အဝတ်အစား ကောင်းကောင်း ဝတ်မလာဘူး၊ ဒီရှမ်းဘောင်းဘီလို ချည်ထည်ဘောင်းဘီကြီးပဲ ဝတ်လာတယ်"

"ဒီဘောင်းဘီက ဘစ်ခါမှ မဝတ်ရသေးတဲ့ အသစ်ဗျ၊ ကျွန်တော် ဒါမျိုးတွေပဲ ဝတ်နေကျမို့လို့ ဒါမျိုးထဲက အကောင်းဆုံးကို ရွေးဝတ်လာတာ"

"ကောင်းတော့ ကောင်းပေမယ့် သိပ်မမိုက်ဘူး"

"အစ်မ အရင်က ပြောတာတော့ ကျွန်တော်က ဒီလိုဘောင်းဘီမျိုးနဲ့ အရမ်းလိုက်တယ်ဆို"

"အဲဒီတုန်းက နင့်မျက်နှာက အမွေးတွေနဲ့မို့လို့ ဒီလိုဘောင်းဘီမျိုးနဲ့ လိုက်ဖက်တာ၊ အခု အမွေးမရှိတော့ သိပ် မလိုက်တော့ဘူး"

"အစ်မကဗျာ ... ဒီပြန်တပ်မရတဲ့ အမွေးကိုပဲ တတမ်းတတ လုပ်ပြီး ပြောပြောနေတယ်၊ အဲ့ဒီ အမွေးပါမှ ဖြစ်မယ်ဆိုလည်း ခဏတော့စောင့်၊ မကြာဘူး ... ဒီအမွေးက ပြန်ရှည်လာမှာ၊ နောက်တစ်ခါ ရှည်လာရင် မရိတ်ဘဲ ထားထားလိုက်မယ်"





"ညချမ်းနော် ... စကားပြော်ရင် ဂျစ်တစ်တစ်နဲ့၊ ငါ့ကို ငေါ့မနေနဲ့ ..."

"အစ်မပဲ ကျွန်တော့်ကို ဂျစ်အောင် လုပ်နေတာလေ"

"ဘာပဲဖြစ်ဖြစ် သူ့အရပ်နဲ့ သူ့ဓာတ်ဆိုတာ ရှိတယ်ဟဲ့၊ နင် ဒီဘောင်းဘီတွေကို ဟိုမှာဝတ်ပေမယ့် ဒီရောက်ရင်တော့ ဒါမျိုးချည်း ဝတ်နေလို့ ဘယ်ဖြစ်မလဲ ..."

"ကျွန်တော့်မှာ ဒါမျိုးပဲ ပါတယ်"

ဧည့်ခန်းထဲက အသံတွေဟာ သိပ်မကျယ်လှသော်လည်း သော် ရပ်နေသော နေရာက သဲသဲကွဲကွဲ ကြားရပါသည်။ သော်က ဧည့်ခန်းနှင့် ခြားထားသော မှန်တံခါးနားမှာ ရပ်ရင်း မျက်ခုံးကလေး ပင့်ကာ တီတေးတို့နှစ်ယောက်ကို ကြည့်နေလိုက်မိသည်။

ဒါ ဘယ်လို ဆက်ဆံရေးကြီးလဲ ...။ သော့် တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးခဲ့သော ဆက်ဆံရေးမျိုး ဖြစ်ပါသည်။ ညချမ်းရဲ့ ပုံစံကတော့ မိုက်ပါသည်။ မျက်ခုံးထူထူပြားပြားရဲ့ ဘေးထောင့်စွန်းနှစ်ဖက်က အပေါ်ဘက်သို့ ခပ်တက်တက်၊ မျက်လုံးတွေက ဗာဒံစေ့ပုံဆန်ဆန်မျိုး။ မျက်လုံးတွေက စူးရှတောက်ပသည်။ တင်းတင်းစေ့ထားချိန်မှာ အဖျားကလေးနှစ်ဖက် မသိမသာကော့နေသော နှုတ်ခမ်းထူထူက ဆွဲဆောင်မှုရှိသည့် သွေးရင့်ရောင်။ မုတ်ဆိတ်မွေးတွေ ရိတ်သင်ထားသဖြင့် ပါးနှစ်ဖက်မှာ စိမ်းစိမ်းမြမြ ရှိန်းရှိန်းထနေသလိုမျိုး။ သူ့ခန္ဓာကိုယ်က သော်တို့ သူငယ်ချင်းကောင်လေးတွေလို တင်ပြားပြား ခြေပလွေရှိုး ပုံစံချည်းမဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



တင်ပါးက နောက်ဘက်ကို ကောက်ထွက်နေကာ တင်ပါးပြည့်ပြည့်နှင့်မို့ ရှမ်းဘောင်းဘီလို ချည်ပျော့ပျော့အသားဘောင်းဘီရှည်ကို ခါးမှာ ကြိုးချည်ဝတ်ထားပုံက အလွန်ပြည့်တင်းဖြောင့်စင်းလှပပေတာပင်။ ပခုံးကျယ်ကျယ်၊ ကျစ်လစ်သော လက်မောင်းလက်ဖျံနှင့် မြို့မှာ မြင်ရခဲသော ခန္ဓာကိုယ် အချိုးအစားကို ပိုင်ဆိုင်ထားသော ညချမ်းရဲ့ပုံစံက မြို့သားတွေလို စမတ်ကျ ရှင်းသန့်လင်းထွက်နေတာမျိုး မဟုတ်သော်လည်း အရိုင်းဆန်ဆန် ဆွဲဆောင်မှုရှိလှတာပင်။

တီတေးထက် ရှစ်နှစ်ငယ်တဲ့ တောသားမို့ သော်က 'အချဉ်ကလေး' များလားဟု တွေးခဲ့သည်။ မသိနိုးနား မှိုခိုစားမည့် ပုံစံကလေးလားဟု ထင်ခဲ့သည်။ အိညက် အိညက် ချွဲနွဲ့မည့်လူပျော့ လူညံ့ကလေးလားဟု ထင်ခဲ့သည်။ သို့သော် ခုမြင်ရတာတော့ သူ့ကိုယ်သူ ယုံကြည်မှုရှိတဲ့၊ တီတေး ပြောတိုင်း ခေါင်းငုံ့မခံတတ်တဲ့ သူမျိုး။ ခပ်ညံ့ညံ့ တောသားတော့ မဟုတ်တာအလွန် သေချာသည်။

မမိုက်တာကတော့ တီတေးပေါ့။ ကိုယ့်ရည်းစားကိုဆက်ဆံပုံက လုံးဝ မမိုက် ...။ ဒီလို မမကြီးကို ချစ်နေရှာတဲ့ တောသားကလေးကိုပဲ သနားရမလို ...။

"မိသော် ... ဘာတွေချောင်းနေတာလဲ"

သော် လှမ်းချောင်းကြည့်နေဆဲမှာ သော့် ကျောဘက်က ဘွားဘွားလင်း အသံကြောင့် သော်က ဘွားဘွားလင်းလက်ကို လှမ်းဆွဲလိုက်ရင်း ...





"ဘွားဘွား ... လာ ... လာ ... ဒီမှာကြည့်၊ ဘွားဘွားသမက်လောင်းလေး ရောက်နေပြီ ..."

"သိပါတယ် အေ၊ သိလို့ ကြည့်ဖို့ဆင်းလာတာပါ"

"ဧည့်ခန်းထဲရောက်မှ အံ့အားမသင့်ရအောင် ဒီကနေ အရင်ချောင်းကြည့်လိုက်ပါလား ဘွားဘွား"

ဒေါ်သူသူလင်းက မြေးဖြစ်သူရဲ့ အကြံအတိုင်း မှန်တံခါးနားကပ်ကာ ချောင်းကြည့်လိုက်ပါသည်။

"ဟင် ... ဒါလား ... ငါ့သမက်လောင်း"

ဒေါ်သူသူလင်းက အလန့်တကြား ရေရွတ်လိုက်မိတာပင်။ လူကြီး မျက်စိထဲမှာတော့ ဆွဲဆောင်မှု ရှိတာတွေ ဘာတွေ သိပ်မမြင်မိပါ ...။

ချည်ကြမ်းဘောင်းဘီပွနဲ့ ချည်ထည်အင်္ကျီကို ဝတ်ထားတဲ့ မျက်နှာခပ်နီနီ ကောင်လေးကို ကိုယ့်သမက် နေရာထားကြည့်ဖို့အတွက် ကသိကအောက် ရင်ခံလာမိပါသည်။

ကိုယ် မျှော်လင့်မိတာက ကိုယ့် သူငယ်ချင်းတွေရဲ့ သမက်တွေလိုမျိုး စတိုင်လ်ဘောင်းဘီနဲ့ Arrow ရှပ်လက်ရှည်နဲ့၊ Crocodile ခါးပတ်နက်နက်၊ ရှူးနက်နက်နဲ့ လက်မှာ နာရီအကောင်းစား ပတ်ထားတဲ့ စတိုင်လ်ကျကျ လူကြီးလူကောင်း ပုံစံမျိုး ...။ ကုမ္ပဏီရုံးခန်းမှာ စမတ်တကျထိုင်၊ အစည်းအဝေးတွေလုပ်၊ စီစဉ်ညွှန်ကြားနေရတဲ့ ဘော့စ် စတိုင်လ်လိုမျိုး။ ဒါမှမဟုတ်ရင်လည်း အထူးကု ဆေးခန်းတွေမှာ ခေါင်းမဖော်စတမ်း လူနာကြည့်နေရတဲ့ အထူးကုဆရာဝန်လိုမျိုး။ ပခုံးပေါ်မှာ ကြယ်ပွင့်ကလေးတွေ ရှိရင်



www.burmeseclassic.com

www.burmeseclassic.com



တောင် မဆိုး။ ခုတော့ ... ဘာမဟုတ်တဲ့ ချည်ကြမ်းဝတ် တော သားကို သမက်တော်ရမယ်ဆိုတော့ ကိုယ့်သူငယ်ချင်းတွေကြားမှာ မျက်နှာ မငယ်ရဘူးလား။ အဖြစ်က ဆိုးလှပါလား။

ဒေါ်သူသူလင်းက ပျက်ချင်ချင် မျက်နှာကို မပျက် အောင် ကြိုးစားရင်း မှန်ဆလိုက်တံခါးကို ဘေးသို့ တွန်းကာ ဧည့်ခန်းထဲသို့ ဝင်လိုက်ပါသည်။

"ဟော ... မေမေ လာပြီ၊ ညချမ်း ... ဒါ တေး မေမေလေ၊ မေမေ ဒါ ... ညချမ်း ..."

"ဪ ... အင်း ... အင်း ..."

ဒေါ်သူသူလင်းက ခေါင်းညိတ်ပြရင်း ညချမ်းနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။

"နာမည်က နေညိုညချမ်းနော်"

"ဟုတ်ကဲ့ဗျ ..."

"နာမည်က ဆန်းတော့ ဆန်းသားပဲ"

"ကျွန်တော့် မိဘတွေ ပေးခဲ့တဲ့ နာမည်ပါ ခင်ဗျ ..."

"မိဘတွေက ဘယ်မှာနေကြလဲကွယ့် ..."

"မိဘတွေ မရှိတော့ပါဘူး ခင်ဗျ၊ ကျွန်တော် ငယ်ငယ်က ဆုံးသွားကြပါတယ်၊ ကျွန်တော့်ကို ညောင်ဦးမှာ နေတဲ့ ကျွန်တော့် ဦးလေးကပဲ စောင့်ရှောက်ပေးခဲ့တာပါ"

"ဪ ... ဪ၊ ကဲ ... ခရီးဝေးကြီးက လာခဲ့ရတာဆို တော့ နားချင်ရောပေါ့၊ သွား နားချင်နားတော့လေ၊ ရောက် တုန်းရောက်ခိုက် အေးအေးဆေးဆေး နေဦးပေါ့ကွယ် ..."





"ဟုတ်ကဲ့၊ ကျွန်တော့်ကို ဒီမှာ တည်းခိုခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဒေါ်လေး ..."

ဟင် ... ဘာကြီးတုန်း။ ဒေါ်လေး တဲ့။ အန်တီဖြင့် အန်တီပေါ့။ ဒေါ်လေးလို့ခေါ်တာကြီးက တုံးပါဘိ။ သူ့ဘာသာ ဒိုက်ဆံပဲရှိရှိ ဂလိုဘယ်လိုက်ဖေးရှင်း ခေတ်မို့ တောရော မြို့ပါ ဘာသာ:တည်းပဲဖြစ်ဖြစ် တောစတိုင်လ်ကတော့ တောစတိုင်လ်ပဲ ဟုတ်လား။

ဒေါ်သူသူလင်းကတော့ အောင့်သက်သက် ပြုံးကာ ဧည့်ခန်းထဲက ပြန်ထွက်လာပါသည်။

အေးမူနှင့် သန်းသန်းက ရေနွေးကြမ်းအိုးနှင့် ငါး ခြောက်ဖုတ် ပန်းကန်ကို ယူလာကာ ဧည့်ခန်းစားပွဲပေါ်မှာ ချပေး သွားသည်။

ထိုအချိန်ကျမှ သုသုသော်က ပြုံးစိစိဖြင့် ဧည့်ခန်းထဲ သို့ လှမ်းဝင်လာပါသည်။

"တီတေး ... တီတေး ရည်းစားနဲ့ သော့်ကို မိတ်ဆက်ပေး ဦးလေ"

တေးက မိသော့်ကို မျက်စောင်းတစ်ချက် လှမ်းထိုး ရင်း ...

"ညချမ်း ... သူက တေးရဲ့ တူမလေ ... သုသုသော်တဲ့"

"ဪ ... ဟုတ်ကဲ့ဗျ"

"တွေ့ရတာ ဝမ်းသာပါတယ် ကိုညချမ်း၊ သော့်ကို သော်ဒါ လို့ သဘောထားပါ၊ ရောက်တုန်းရောက်ခိုက် ပျော်ပျော်ပါး

www.burmeseclassic.com



ပါးပေါ့နော်၊ ကိုညချမ်း ပို့ပို့ပေးနေတဲ့ နဂါးမောက်သီးတွေ
အတွက်လည်း ကျေးဇူး ...”

နှုတ်သွက် လက်သွက်နှင့် ညချမ်းကို လက်ဆွဲနှုတ်ဆက်လိုက်သော မိသော်ကို တေးက နည်းနည်း အမြင်ကတ်သွားမိသည်။ ခုမှတွေ့တဲ့ သူကိုများ ရဲလည်းရဲပ့ါ။ ခေတ်ကာလ သာသမီးတွေများ။

“ဒါနဲ့ အခုရော နဂါးမောက်သီးတွေ ပါမလာခဲ့ဘူးလား”

“ပါပါတယ် ခင်ဗျ၊ ကားပေါ်က ချပြီး အိမ်ရှေ့တံခါးဝမှာ
ချထားပါတယ်”

“အိုခေ၊ အေးမူရေ ... သန်းသန်းရေ ... အိမ်ရှေ့မှာ နဂါး
မောက်သီးတွေ လာသယ်ကြပေ့ ...”

သော်က နောက်ဘက်ကို လှမ်းအော်ပြောရင်း အိမ်ရှေ့ဘက်သို့ ပြေးထွက်သွားသည်။ ဟင်း ... မျက်စိနောက်ပါရဲ့

“အစ်မ ... အစ်မ အမေက ကျွန်တော့်ကို သိပ်သဘောမ
သလိုပဲဗျ ...”

ညချမ်းက ခပ်တိုးတိုးနှင့် စိုးရိမ်မကင်းသလို ပြောတော့ တေးက အားပေးသလို ပြုံးပြမိရင်း ...

“အစတော့ ဒီလိုပေါ့ဟယ် ...၊ နောက်တော့ တဖြည်းဖြည်း
ရင်းနှီးပြီး သဘောကျလာမှာပါ၊ သမီးရှင်ဆိုတာ ချက်ချင်း
ကြီး welcome တော့ လုပ်ပြပါ့မလား၊ ဣန္ဒြေလေးဘာလေး
ဆယ်ရသေးတာပေါ့၊ စိတ်ပူမနေနဲ့၊ ရော့ ... စားလိုက်ဦး”

ဧည့်ခန်းထဲမှာ လူရှင်းပြီမို့ တေးက ငါးခြောက်ဖတ်





လေး တစ်ဖတ် နှိုက်ယူကာ ညချမ်းကို အမြန်လှမ်းခွံ့လိုက်ပြီးမှ တစ်ဖက်လှည့်ကာ ပြုံးစိစိလေး ငြိမ်နေလေသည်။

ညချမ်းက အစ်မခွံ့သည့် ငါးခြောက်ဖတ်ကို ဝါးရင်း အစ်မက တစ်ခါတစ်ခါ အမြင်ကတ်စရာ ကောင်းပေမယ့် တစ်ခါတစ်ခါတော့လည်း ချစ်ဖို့ကောင်းသားပါပဲဟု တွေးမိရင်း ရှေ့ဆက်ရမည့် ခရီးအတွက် အားမွေးထားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"အား … နာတယ် မေမေ၊ အား … လွှတ် … လွှတ်ပါ မေမေ"

မေမေက တေးရဲ့ ဗိုက်အရေပြားကလေးကို ကျိတ်၍ လိမ်ဆွဲရင်း သူ့အခန်းထဲသို့ ခေါ်လာသည်။

"ကဲ …"

"ဒေါက် …"

"အား …"

အခန်းထဲရောက်တော့ မေမေက တေးရဲ့ ဗိုက်ခေါက် လေးကို လွှတ်ပေးပြီး တေးခေါင်းကို ခေါက်ချလိုက်ပါသည်။

တေးက နာကျန်ရစ်သော ဗိုက်ကိုလည်း ပွတ် ခေါင်းကိုလည်း ပွတ်ကာ ရှုံ့မဲ့ ညည်းညူနေသည်။

"ညည်းပြောတော့ ကမ္ဘာကြီးဟာ ရွာကြီးလို ဖြစ်နေတဲ့ ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ကြီးမို့လို့ မြို့နဲ့ တောဟာ ဘာမှမကွာတော့ဘူးဆို၊ ခု ညည်း ခြံသမားကို ကြည့်လိုက်





တော့ တောစတိုင်လ်က တောစတိုင်လ်ပဲ မဟုတ်လား၊ ဖျင်ကြမ်းထည်ပွပွကြီးနဲ့ ရုပ်ကိုက တကယ့် တောသား …၊ မျက်နှာ ကြည့်လိုက်ရင်လည်း ညည်းထက် ငယ်မှန်း သိပ်သိသာတာကို ညည်း ဘယ်လိုများ ကြိုက်ထားသလဲဟင်"

"စတွေ့တုန်းက သူ့မျက်နှာပေါ်မှာ ပါးမြိုင်းမွေးတွေနဲ့ ရုပ်က ရင့်နေတာဆိုတော့ တေးနဲ့ မကွာဘူးပဲထင်တာပေါ့လို့၊ ကွာတယ်ဆိုတာ သိသွားတဲ့အချိန်ကျတော့ တေးက ချစ်မိသွားပြီ၊ ဘာမှမတတ်နိုင်တော့ဘူး …"

"ဟွန်း … အပြောက … အပြောက၊ ဆင်ခြေပေးရမယ်ဆိုရင် စကားလုံးတွေက ပေါသပ"

"မေမေ စိတ်မပူပါနဲ့၊ တေးနဲ့ သူ အသက်သိပ်မကွာဘူး ထင်ရအောင် ပါးမြိုင်းမွေးတွေ ပြန်ထားခိုင်းလိုက်မှာပေါ့လို့ …"

"ဟဲ့ … သူ့မျက်နှာ အမွေးရှိတာ မရှိတာ ငါ့ကိစ္စမဟုတ်ဘူး၊ ငါက အသက်ကွာတဲ့ကိစ္စကို ပြောနေတာ၊ အသက်ကွာတာကို မကွာအောင် ပြန်လုပ်လို့ မရဘူး၊ ဒီအရွယ် ဒီစတိုင်လ် ဒီအလုပ်နဲ့ ဟိုအရုပ်က လူကို သဘောကိုမကျပါဘူး တေးသိသူရယ်၊ ဒီကောင်လေးကို နင့် ကိုကိုကြီးနဲ့ ကိုကိုလေး မြင်ရင်လည်း လုံးဝ သဘောတူမှာ မဟုတ်ဘူး၊ ဂီတဆို ပိုတောင် သဘောမတူဦးမယ်၊ ညည်း ဒါလေးကို ယူလို့ကတော့ ညည်း တူမ သုသုသော်လည်း သူ့ဦးလေး နေရာထားပြီး လေးစားမှာကို မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တေးကိစ္စမှာ သူတို့ကို ထည့်တွက်စရာ လိုလို့လား ...၊ သူတို့တုန်းကလည်း တေးကို ထည့်တွက်ခဲ့တာမှ မဟုတ်တာ"

"ဟဲ့ ... ဒါပေမယ့် သူတို့က သူတို့ဘဝနဲ့ လိုက်လျောညီထွေ သင့်ရာတော်ရာကလေးတွေ ယူသွားတာလေ၊ ညည်းလို မသင့်ရာ မတော်ရာ ယူဖို့ စဉ်းစားခဲ့တာမျိုး မရှိဘူး"

မမေ့ အပြောကြောင့် တေး ရင်ထဲ လှိုက်ခနဲဆို့ကာ မျက်ရည်ဝဲလာရပါသည်။

မသင့်ရာ မတော်ရာတဲ့လား မမေရယ် ...။

တေးက မျက်ရည်တွေကို မျက်တောင်တဖျပ်ဖျပ်ခတ်ထုတ်လိုက်ရင်း ...

"ညချမ်းက တေးအတွက် မသင့်ရာ မတော်ရာလို့ မမေက သတ်မှတ်ယူဆထားလိုက်ပြီလား၊ ဘဝရပ်တည်ပုံချင်း ကွာခြားလို့ မသင့်တော်တာလား၊ အခြေချနေထိုင်တဲ့ အရပ်ဒေသချင်း ကွာခြားလို့ မသင့်တော်လား၊ အသက်ချင်း ကွာခြားလို့ မသင့်တော်တာလား မမေ ..."

"အကုန်လုံးပဲ၊ သမက်တော်ဖို့ သတ်မှတ်ထားတဲ့ စံတွေနဲ့လည်း မကိုက်ညီဘူး၊ ဒီပုံစံ ဒီအခြေအနေကို သဘောမကျပါဘူးအေ ..."

"ဒါဆို ညချမ်းကို မနက်ဖြန် ပြန်လွှတ်လိုက်ရတော့မလား မမေ ..."

"အင် ... ဒီလိုတော့လည်း"





သမီးရဲ့ မျက်နှာငယ်ကလေးကို ကြည့်ရင်း ဒီလိုတော့လည်း ဒေါ်သူသူလင်းက မပြတ်သားနိုင်ပါ။ သမီးရဲ့ အချစ်ကိုတော့ မထီမဲ့မြင် မလုပ်ချင်။ အသက်သုံးဆယ်ကျော်မှ လက်ထပ်ချင်ပါသည်ဟုဆိုသော ယောကျ်ားတစ်ယောက်ကို ကိုယ့်ရှေ့မှောက် ခေါ်လာခဲ့တာမို့ ဒါဟာ တော်ရုံ မေတ္တာတော့လည်း မဟုတ်နိုင်။

"အင်း ... ဒီလိုတော့လည်း မလုပ်သင့်ဘူးပေါ့အေ၊ အရင်က ပြောထားတဲ့အတိုင်း တစ်လတော့ နေပါစေပေါ့ ...၊ ညည်းတို့ချင်း အတူသွားလာ တွေ့ဆုံကြည့်ဦးပေါ့ ...၊ အတူတူရှိချိန် ကြာလာတော့မှ ညည်းတို့ အခြေအနေချင်း အဆင်မပြေ မအပ်စပ်တာကို သိလာမှာပေါ့၊ ငါ ခွဲလို့ကွဲရတယ်ဆိုတာမျိုး တစ်သက်လုံး လူကြမ်းကြီးတော့ မဖြစ်ပါရစေနဲ့၊ အချိန်ကလေး ယူကြည့်တာတော့ မမှားဘူးပေါ့ ..."

ဒေါ်သူသူလင်းက မလျော့မတင်းကလေး ပြောရင်း သက်ပြင်း ကျိတ်ရှိုက်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"ညချမ်း ... ဒါ မိုးဇေတဲ့၊ တေးရဲ့ စီးပွားဖက် ပါတနာပဲ ဆိုပါတော့၊ မိုးဇေ ဒါက နေညိုညချမ်းတဲ့ ... ငါ့ချစ်သူပေါ့ ..."

တေးက ပွင့်ပွင့်လင်းလင်းပဲ မိတ်ဆက်ပေးလိုက်ပါသည်။ တေးက ခုလို တခြားသူတွေနှင့် တွေ့ဆုံရချိန်မျိုးမှာတော့ ကိုယ့်ကိုယ်ကိုယ် တေးဟုပဲသုံးစွဲကာ သူ့ကို နင် ငါ ... ဆိုတာမျိုး မသုံးစွဲမိအောင် သတိထားရပါသည်။

မိုးဇေက ညချမ်းကို သဘောမကျသလို တစ်ချက်စိုက်ကြည့်လိုက်ပြီးမှ နှုတ်ခမ်းတစ်ခြမ်းတည်း ရွဲ့သလို တွန့်သလို ပြုံးလိုက်ရင်း လက်တစ်ဖက်ကို ဆန့်ထုတ်ကာ ...

"ဟိုင်း ... တွေ့ရတာ ဝမ်းသာတယ် မောင်ရင်လေး၊ ကိုယ့်ကျေးဇူးတွေ မင်းပေါ်မှာရှိတယ်နော်၊ ကြုံတုန်း ဆပ်ချင် ဆပ်ခဲ့လို့ရတယ်"





ဟုပြောရင်း ညချမ်းကို လက်ဆွဲနှုတ်ဆက်သည်။ ညချမ်းက မသိမသာ မျက်မှောင်ကြုတ်ကာ ...

"အစ်ကိုပြောတာ ကျွန်တော် နားမလည်ဘူးဗျ ..."

"ဩော် ... ဟော်၊ ကိုယ့်ညီက နားမလည်ဘူးလား၊ ဒီလိုကွာ ... ဟိုးအရင်တုန်းကဆိုရင် တေးတို့ ခရီးသွားတိုင်း ကိုယ် အမြဲပါနေကျလေ၊ မင်းနဲ့ တေးတို့ တွေ့တဲ့တစ်ခါပဲ ကိုယ်မပါတာ၊ ကိုယ်မပါလို့သာ မင်းနဲ့ တေးတို့ တွေ့ကြတာပေါ့၊ ကိုယ်ပါရင် ကားပျက်လည်း ကိုယ့်ဘာသာ စီစဉ်တတ်တော့ မင်းနဲ့ တွေ့စရာ အကြောင်းမရှိဘူးလေ၊ ကိုယ် လိုက်မလာတဲ့အတွက် မင်း ကိုယ့်ကို ကျေးဇူးတင်သင့်တာပေါ့ ... မဟုတ်ဘူးလား ... ဟင်း ဟင်း ..."

မိုးဇေ ပုံစံက ခပ်ရင့်ရင့် ခပ်ကျောကျော၊ ညချမ်းကို ဆောသားရယ်လို့ အပေါ်စီးက ခပ်နှိမ်နှိမ် ဆက်ဆံချင်တာပင် ...။ ညချမ်းကလည်း ဆောသားဆိုပေမယ့် ပြောသမျှ ငုံ့ခံမည့် ထုံထိုင်းထိုင်း ပုံစံမျိုးမဟုတ် ...။ သူ့အပေါ် မိုးဇေက ခပ်ကျောကျော ခပ်နှိမ်နှိမ် ဆက်ဆံချင်တာကို ချက်ချင်း သဘောပေါက်ပုံရပါသည်။

"ကျွန်တော်နဲ့ အစ်မနဲ့ တွေ့ခဲ့ကြတာ သူ့ဖူးစာအကြောင်းတရားနဲ့ သူပါ၊ ကိုမိုးဇေ ပါလာလည်း တွေ့ဖို့ကံပါရင် ကြုံဖန်တွေ့မှာပါပဲ ခင်ဗျ ..."

"အစ်မ ...၊ အစ်မဆိုတာ ဘယ်သူလဲ ... who ?"

"ငါ့ကိုပြောတာ၊ ငါ့ကို ငါ့ရည်းစားက အဲဒီလို ခေါ်တာဟေ့ ... သိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီလိုလား ... ဟင်း ဟင်း ... အဆန်းပဲ"

တေးက ခပ်ဆတ်ဆတ် ဝင်ပြောလိုက်တော့ မိုးဇေက မျက်ခုံးပင့်ကာ သရော်သလို ပြုံးလိုက်သည်။

အဲ့ဒီ မိုးဇေကလည်း တေးအတွက် တစ်ရန်ပင် ...။ တေးနဲ့ ညချမ်းအကြောင်းကို နွာညိုတို့ ပြောလို့ သိကတည်းက တေးကို မကြည် ...။ တွေ့ကရာ တောသားကို ယူဖို့အထိ စဉ်းစားသလားဟု ပြောဆို ဆူပူရှုံ့ချ ပြစ်တင်ခဲ့တာ နေ့စဉ်နဲ့အမျှ နားကိုညည်းရောပင် ...။

ဒီနေ့တော့ ညချမ်း ရန်ကုန်ရောက်တာ နှစ်ရက်ရှိပြီမို့ တေးက ညချမ်းကို တေးတို့ ကားရိုးရွမ်းသို့ခေါ်လာကာ မိတ်ဆက်ပေးခဲ့တာပင် ...။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို ညချမ်းကို အပေါ်စီးဆန်ဆန် ဆက်ဆံလိုက်တာကို တေး မကြိုက်။ သို့သော် သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးမို့ သည်းခံနေရပါသည်။

"ကဲ ... ကဲ ... ထိုင်ဦးလေ မောင်ရင်လေး ဧည့်ခန်းမှာ ခဏထိုင်ဦးလေ ... အိုခေ၊ ကိုယ်တို့ အရေးတကြီး အလုပ်ကိစ္စလေး တစ်ခုရှိလို့ ရုံးခန်းထဲ ခဏစကားသွားပြောလိုက်ဦးမယ်၊ တေး ... လာ ... သွားရအောင်"

"ဘာအရေးတကြီး ရှိလို့လဲဟဲ့ ..."

"ရှိတယ် ... ရှိတယ် ... ကားအတွက် အခွန်ဆောင်ရမယ့် ကိစ္စတွေ ပြဿနာတက်နေတာ မသိဘူးလား၊ ဆိပ်ကမ်းမှာလည်း မထုတ်ရသေးတဲ့ ကားတွေ ပုံနေတာ၊ တချို့ ကား





မှာတဲ့ ကပ်စတန်မာတွေကလည်း သူ့တို့ကားကို ထိခိုက်မိလို့ဆိုပြီး ပြဿနာရှာနေကြတာ နင် မသိဘူးလား၊ စီးပွားရေးလုပ်နေပြီး အလုပ်ထဲကို အာရုံမစိုက်ဘူး၊ မရောင်ရာဆီလူးတဲ့ အလုပ်တွေပဲ လိုက်လုပ်နေတယ်"

"ဘာ ... ဘာ ... ငါက ဘာကို မရောင်ရာဆီလူးလို့လဲ၊ ညချမ်း ခဏလေးထိုင်ဦးနော် ..."

မိုးဇေက မျက်နှာမှုန်ကုပ်ကုပ်နှင့် ပွစိပွစိပြောရင်း အတွင်းဘက် ရုံးခန်းထဲသို့ ဝင်သွားတာမို့ တေးက စိတ်ရှုပ်ရှုပ်နှင့် နောက်က လိုက်လာခဲ့ရပါသည်။

ရုံးခန်းထဲ ရောက်တော့ မိုးဇေက ရုံးခန်းတံခါးကို ဆွဲပိတ်လိုက်ပါသည်။ ဒီအခန်းက မိုးဇေရယ်၊ တေးရယ်၊ နွာညိုရယ် သုံးယောက်အတူထိုင်သည့် ရုံးခန်းပင်။ နွာညိုရှိမနေတာမို့ ဒီအခန်းထဲမှာ မိုးဇေနှင့် တေး နှစ်ယောက်တည်းသာ ရှိနေတာပင်။

"ဟဲ့ ... ပြော ... ဘာလဲ ... ဘာပြဿနာတက်နေလို့လဲ၊ မြန်မြန်ပြော၊ ဟိုမှာ ဧည့်သည်ကို တစ်ယောက်တည်း ထားခဲ့ရတာ ..."

"အေး ... ပြောချင်တာကလည်း အဲ့ဒီဧည့်သည်အကြောင်းပဲ၊ နင့်ကို ငါ မေးစမ်းပါရစေ ...၊ နင့်မှာ ဦးနှောက်မရှိလို့ ဒီလို ကောင်လေးကို ကြိုက်တာလား၊ ဒါမှမဟုတ် အသက် ၃၀ ကျော်လာလို့ ကယောင်ချောက်ချား ဖြစ်ပြီး ရရာဖမ်းဆွဲထားတာလား၊ ဒါမှမဟုတ် ငယ်တာ နုတာကိုမှ သဘောကျတာလား ..."

www.burmeseclassic.com



"မိုးဇေ … စုတ်ပလုတ်ကောင်ရဲ့၊ နင် ငါ့ကို ဒီလိုပြောစရာ လားဟဲ့၊ ကဲ … ကဲ …"

တေးက ဒေါသထွက်ကာ တေးရဲ့ စလင်းဘတ်နှင့် သူ့ပခုံး၊ လက်မောင်းတွေကို လှမ်းရိုက်လိုက်တော့ မိုးဇေက တေး အိတ်ကို ဆွဲလုကာ စားပွဲပေါ်သို့ ပစ်တင်လိုက်ရင်း …

"ငါ မေးတာ ဖြေစမ်းပါ တေး …"

"အေး … ဖြေမယ်၊ နင်ပြောတာတွေ တစ်ခုမှ မဟုတ်ဘူး၊ ငါ သူ့ကို ခံစားရလို့ ချစ်တယ်၊ ငါ့ခံစားချက်နဲ့ ငါ ချစ်တာ၊ အစစ်အမှန်ချစ်တာ၊ နင့်လိုမျိုး တွေ့ကရာလျှောက်တွဲပြီး အချစ်ဆိုတာ ဘာမှန်းမသိ ခံစားချက် လေးလေးနက်နက် မရှိတဲ့ သူမျိုးကတော့ ငါ့စိတ်ခံစားချက်ကို ဘယ်နားလည်နိုင်ပါ့မလဲ"

တေး စကားကြောင့် မိုးဇေက တေးကို ခပ်နစ်နစ်စိုက်ကြည့်ရင်း ငြိမ်သွားသည်။ မိုးဇေကို တေး ခင်ပါသည်။ သို့သော် သူ့ရဲ့ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် အပျော်သဘော တွဲတတ်သော အကျင့်ကိုတော့ အမြဲ ပြစ်တင်ရှုံ့ချလာခဲ့တာပင်။ မိုးဇေပုံစံက ကောင်မလေးတွေ ကြွေမယ်ဆိုလည်း ကြွေလောက်စရာ။ အရပ် မြင့်မြင့်မတ်မတ်၊ အသားဖြူဖြူ၊ ဆံပင်ပျော့စင်းစင်းတွေကို ကိုရီးယားမင်းသားစတိုင်လ် ပုံကျကျ လှလှပပ ညှပ်ထားကာ ဘောင်းဘီရှည် ရောင်စုံ ခပ်ကျပ်ကျပ်တွေနှင့် တီရှပ်ပုံဆန်းကလေးတွေ ဝတ်ကာ အမြဲ ကြော့ကြော့မော့မော့ စမတ်တကျ နေတတ်သူ။ ဘော်ဒီက သိပ်မထွားသော်လည်း ခပ်





ကျစ်ကျစ်နှင့် ကြည့်ကောင်းသူ …။ ဒီလိုဆွဲဆောင်မှုရှိရှိ စမတ်ကျ ယောကျာ်းလေး သူငယ်ချင်းမျိုးနှင့် အမြဲမြင်တွေ့ ရင်းနှီးခင်မင်လာခဲ့ပေမယ့် အချစ်ဆိုတဲ့ ခံစားချက်မျိုးကိုတော့ တစ်ခါမှ ခံစားဖူးခဲ့ပါ။ အချစ်ဆိုတာ လူချင်း နီးခြင်း ဝေးခြင်းနဲ့လည်း ဆိုင်။ ဘဝချင်း အနီးအဝေးနဲ့လည်း မဆိုင်။

"တေး …"

"ဘာလဲ … ပြော …"

"နင် ငါ့ကို နားမလည်ဘူးလား …"

"ငါက ဘာကို နားလည်ရမှာလဲ …"

"ငါ ကောင်မလေးတွေနဲ့ တွဲနေတယ်ဆိုတာ အပျော်သဘောပဲ၊ ဘာခံစားချက်မှ မရှိဘူး"

"အေးလေ … အဲ့ဒါကြောင့် အဲဒီလို ခံစားချက်မရှိဘဲ တွဲနေနိုင်တဲ့ သူမို့လို့ ငါ့ခံစားချက်ကို နားမလည်ဘူးလို့ ပြောတာ"

"တေးရာ … နင် ဒီလိုပုံ ဒီလိုတောသားကို ကြိုက်တာ ငါ တကယ် ရင်နာလို့ မဆုံးပါဘူး၊ ဒီပါချီပါချက် ချွေတ်လေးနဲ့ နင်နဲ့ လုံးဝ မလိုက်ဖက်ပါဘူး"

"ဘာ ပါချီပါချက် ချွေတ်လေးလဲ၊ နင် ငါ့ရည်းစားကို ဒီလိုလာမပြောနဲ့၊ နင့် ရည်းစားတွေသာ အလေအလွင့် ကပျစ်ကညစ် အပေအတေ နထူပထူ အပျံအနံ့တွေ … ဆတ်စလူး ဆီဘူးခါတွေ …၊ ငါ့ရည်းစားက လူရိုး လူကောင်း လူချွန်လူမွန် အညွန့်တလူလူ လူမျိုး"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"တေး ... နင် ဒါမျိုးလေးနဲ့ ရည်းစားမဖြစ်ဖူးလို့ ရည်းစား ထားချင်ရင်လည်း ခဏတစ်ဖြုတ် ထားပေါ့ဟာ၊ ဒါပေမယ့် ဒီငချွတ်ကိုတော့ ယူဖို့ထိ မစဉ်းစားစမ်းပါနဲ့ ..."

"ငါ့ကို နင့်လိုမျိုး အောက်မေ့နေလား၊ ငါက ယူမှာ ... သူ့ကိုယူမှာ၊ ယူပြီး ကလေးတွေ ဆက်တိုက် မွေးပစ်ဦး မှာ သိပြီလား ..."

တေးက မိုးဇေကို ရွဲ့ပြောပြီး စားပွဲပေါ်က စလင် ဘတ်အိတ်ကို ဗျပ်ခနဲ လှမ်းဆွဲယူကာ ရုံးခန်းထဲက ထွက်လာ သည်။

"ဟင် ... ညချမ်း ဘယ်ရောက် ..."

ဧည့်ခန်းထဲမှာ ညချမ်းကို မတွေ့ရတော့တာမို့ တေး က ပျာသွားကာ ဖုန်းအမြန်ထုတ်ပြီး ညချမ်းဖုန်းကို ခေါ်ကြည့် ပေမယ့် ဖုန်း မကိုင် ...။

တေးက ရုံးခန်းရှေ့သို့ ခပ်သွက်သွက် လျှောက်ထွက် လာကာ လုံခြုံရေးဝန်ထမ်း ဦးလေးကြီးဆီ လျှောက်သွားလိုက် ပြီး ...

"ဦးလေး ... ဦးလေး ... ခုန ကျွန်မနဲ့ အတူပါလာတဲ့ ညီ သည်လေ ဦးလေး တွေ့လိုက်တယ်မဟုတ်လား၊ သူ ဘယ် ထွက်သွားတာ တွေ့လိုက်လဲ ..."

"ဪ ... ခုနလေးကပဲ ထွက်သွားတာ တွေ့လိုက်တယ်"

"ဘယ်ဘက်ကို ထွက်သွားလဲ ဦးလေး၊ ကားငှားသွားလား လမ်းလျှောက်သွားလား ..."





"ဟောဟိုဘက်ကို လမ်းလျှောက်သွားတယ်ကွယ့်၊ ခုနေ နောက်ကလိုက်သွားရင် မီသေးတယ်"

"ကျေးဇူး ဦးလေး ..."

တေးက ညချမ်းနောက်ကို လိုက်ဖို့ ကားရပ်ထားရာ ဆီ ပြန်ပြေးလျှောက်လာဆဲမှာ ခွာညို့ကားက ရှိုးရွမ်းခြံဝန်းထဲသို့ ကွေ့ဝင်လာကာ တေး ရှေ့မှာ ရပ်လိုက်ရင်း ...

"ဟဲ့ ... တေး ... အပြေးအလွှားနဲ့ ဘာတွေဖြစ် ..."

"ဟယ် ... ခွာညိုရယ်၊ နင်ကလည်း ခုမှလာတော်မူတယ်၊ ငါ ညချမ်းကို ရုံးခေါ်လာပြီး မိုးဇေနဲ့ မိတ်ဆက်ပေးတာကို မိုးဇေက ငါ့ကို ပြဿနာရှာနေလို့၊ ညချမ်းလည်း ရိပ်မိသွား လား မသိဘူး၊ ငါ့ကို ဘာမှမပြောဘဲ ထွက်သွားတာ ..."

"ကဲ ... လာ ... လာ ... နင့်ကား မယူနဲ့တော့၊ ငါ့ကားနဲ့ သွားမယ်၊ ခုနေလိုက်ရင် မီနိုင်တယ်မဟုတ်လား"

"သူ ကားမငှားဘဲ လမ်းလျှောက်သွားရင်တော့ မီနိုင်ပါ တယ်၊ ဟိုဘက်ကို မောင်း၊ အဲ့ဒီဘက်ကို သွားတာ၊ မြန် မြန်လေး မောင်းပါဟယ် ..."

"အေးပါ ... အေးပါ ..."

"ညချမ်းက လူဖြောင့်စိတ်တိုဟဲ့၊ သူ့အပေါ် စိတ်ထားမှန် တဲ့သူမျိုးကိုသာ ကောင်းကောင်းမွန်မွန် ဆက်ဆံချင်တာ၊ သူ့အပေါ် စိတ်ထားမမှန်ဘူးထင်ရင် ခေါင်းငုံ့ငြိမ်ခံတတ် တဲ့သူမျိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တေးက ခွာညို့ကားပေါ် ခပ်သွက်သွက် တက်
ခွာညို့ကို ညချမ်းအကြောင်းပြောပြရင်း ဆေးပတ်ဝန်းကျင်ကို ကျ
ကန်းတောင်းမှောက် ကြည့်ကာ ညချမ်းကို ရှာနေရသည်။ ခွာညိုက
ကားကို အရှိန်လျှော့ကာ လမ်းဘေးကပ် မောင်းလာရင်းက ...

"အဲ့ဒီကောင် မိုးဇေက သူသာ ရှုပ်ချင်တိုင်း ရှုပ်၊ မွေချင်
တိုင်းမွှေနေတာ၊ နင် ရည်းစားရသွားတာကိုကျတော့ ကြည့်
ဖြူချင်တဲ့ကောင် မဟုတ်ဘူး၊ နင့်ရည်းစားကို ခေါ်လာခဲ့
ခေါ်လာကြည့်၊ အပြတ်နှိပ်ကွပ်ပစ်မယ်လို့ နင့်ကွယ်ရာမှာ
ကြုံးဝါးထားတာ၊ သူက ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ
ဖိတ်စေချင်တဲ့သူမျိုး ..."

"ဟမ် ... ဘာ ... ဘာ ... ဘာက ဘယ်လို သူ့အိတ်ထဲ
ဖိတ်ရမှာလဲ"

"သူက နင့်အပေါ် သိပ်မရိုးဘူးလို့ ငါထင်တယ်"

"ဟင် ... ပြဿနာပဲ၊ ခွာတ်သိ နှမ်းဖတ်ချဉ်ကို ငါ လုံးဝ
စိတ်မကူးတာ သူမသိဘူးလား၊ မျက်နှာသိ ငါးပိမဝယ်နဲ့
ဆိုတဲ့ စကား မကြားဖူးဘူးလား၊ သူ့ငါးပိထဲ လောက်တက်
နေတာ ငါအသိဆုံးပဲကို ... ဘာလို့ဝယ်ရမှာလဲ၊ သူနဲ့ ညား
လို့ကတော့ အနှိပ်ခန်းဝက ငုတ်တုတ်ထိုင်စောင့်ရမလား
ကာရာအိုကေခန်းထိပ်မှာ အိပ်ပြီးပဲ စောင့်ရမလား ..."

"ဟီး ... ဟီး ... တေး ... နင်တော်တယ်၊ မိုးဇေကို နှိပ်ကွပ်
တဲ့ စကားတွေက အရမ်းမိုက်တယ် ..."





"ဟင်း ... ဟင်း ... ဒီကောင် ငါ့လာ ရည်းစားစကား ပြော
လို့ကတော့ ပြန်ပြောပစ်လိုက်ဦးမယ်"

"ဘယ်လိုပြောမှာလဲ ..."

"သိပ်ချစ်တယ်၊ အရမ်းမုန်းတယ်လို့ ..."

"အယ် ... တကယ်ကြီးလား၊ တကယ်ကြီး အဲ့လိုပြောမှာ
လား"

"ပြောမှာ ... နင့်ကို သူငယ်ချင်းတစ်ယောက်လို သိပ်ချစ်
ပေမယ့် ချစ်သူလို ဆိုရင်တော့ အရမ်းမုန်းတယ်လို့ ..."

"ဟီး ... ဟီး ... အရမ်းမိုက်တယ်၊ ပြောသာပစ်လိုက် ..."

"ဟဲ့ ... ဟိုမှာ ... ဟိုမှာ ငါအချစ် ... ငါ့ရည်းစား ... ရပ်
ရပ် ... ကားရပ် ..."

တေးက ညာဘက်ပလက်ဖောင်းအတိုင်း ခပ်သွက်
သွက် လျှောက်နေသော ညချမ်းကို လှမ်းမြင်လိုက်ရတာမို့ ကား
ခိုင်းလိုက်သည်။ ခွာညိုက ကားကို ညာစွန်ယာဉ်ကြောသို့
ပေးလိုက်ရင်း ...

"ဘယ်မှာလဲဟဲ့ ... ငါမတွေ့ပါဘူး"

"ဟိုမှာလေ၊ ရှမ်းဘောင်းဘီပွနဲ့ ... မတွေ့ဘူးလား"

"ဟင် ... ဟုတ်လို့လား"

"ဟုတ်ပါတယ် ဆိုဟယ်၊ ရပ် ... ရပ် ... မြန်မြန်"

ခွာညို ကားရပ်ရပ်ချင်း တေးက ကားပေါ်က အမြန်
င်းကာ ညချမ်းနောက်သို့ ခပ်သွက်သွက်လေး ပြေးလိုက်သော
င်း ...



www.burmeseclassic.com

www.burmeseclassic.com



"ညချမ်း ... ညချမ်း ... ခဏနေပါဦး"

တေး ခေါ်သံကြောင့် ညချမ်းက ခြေလှမ်းတုံ့ရပ်ကာ တေးကို လှည့်ကြည့်လာသည်။ တေးက ညချမ်းရှေ့မှာ ရပ်လိုက်ရင်း ...

"ညချမ်းရယ် ... နင်ကလည်း မပြောမဆို ဘာလို့ထွက်သွားတာလဲ"

"အစ်မတို့ လုပ်ပုံ အချိုးမပြေလို့ စိတ်တိုလို့ပေါ့ဗျာ ..."

"ငါ ဘာလုပ်မိလို့လဲဟယ်၊ ရုံးခန်းထဲမှာ အလုပ်ကိစ္စပြော"

"အစ်မ မညာပါနဲ့၊ အစ်မ ညာရင် မပိရိပါဘူး၊ အစ်မ မျက်လုံးတွေကို ကြည့်လိုက်ရင် အစ်မ ညာပြောသလား အမှန်ပြောသလားဆိုတာ ကျွန်တော် သိတယ်၊ အစ်မ သူငယ်ချင်းဆိုတဲ့ အစ်မကို ကြိုက်နေတဲ့ တစ်ယောက်က ကျွန်တော့်ကို ခပ်နှိမ်နှိမ် ဆက်ဆံပြီး အစ်မကို ပ,ထုတ်သွားတာကို ကျွန်တော်က အေကြီးမို့လို့ ဧည့်ခန်းမှာ တစ်ယောက်တည်း ငုတ်တုတ်ကလေး ထိုင်စောင့်နေရမှာလား"

"သူ ... ငါ့ကို ကြိုက်နေတယ်လို့ နင့် ဘယ်သူပြောလဲ ငါတို့က သူငယ်ချင်း အရင်းကြီးတွေ၊ အလုပ် အတူလုပ်နေကြတဲ့ သူတွေ ..."

"ယောကျ်ားချင်းပဲဗျာ ... တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်တာနဲ့ မြွေမြွေချင်း ခြေမြင်ပါတယ်၊ ကိုမိုးဇော် ဟိုအရင်က အစ်မအပေါ် ရိုးသားခဲ့ရင်တောင် အခုကစပြီး မရိုးသားတော့ဘူးဆိုတာ ကျွန်တော် သိတယ်"





"ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ်လေ ... ဘယ်သူ ဘာစိတ်ရှိရှိ နင့်ရည်းစား တေးသီသူစိတ်က နင့်အပေါ်မှာပဲ ရှိတာ၊ နင်ယုံရင် ခဏသည်းခံစောင့်နေရမှာပေါ့၊ ဘာဖြစ်လို့ ငါ စိတ်ပူအောင် မပြောဘဲ ထွက်သွားရတာလဲဟဲ့ ... ကဲ ..."

"ဒေါက် ..."

"ဟင် ... အစ်မ ... ဒါ ဘာလုပ်"

တေးက ပြောရင်း စိတ်တို အသည်းယားလာကာ သူ့ခေါင်းကို ဂေါက်ခနဲ ခေါက်ပစ်လိုက်မိတာပင် ...။ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ ခေါက်လိုက်မိပြီးမှ တေးက ညချမ်းကို အားနာကာ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပါသည်။ ညချမ်းက အံ့ဩသလို မျက်လုံးပြူးလျက် တေးကို လက်ညှိုးထိုးရင်း ...

"အစ်မ ... အစ်မ ... ကျုပ် ခေါင်းကိုခေါက်တယ်"

"နင်က ပြောမကောင်း ဆိုမကောင်းမို့လို့ စိတ်တိုလို့ ခေါက်တယ်ဟယ်"

"အစ်မ မမိုက်ဘူးဗျာ၊ အစ်မ လုံးဝမမိုက်ဘူး၊ လူမြင်ကွင်းမှာ ကျုပ်ကို ခေါင်းခေါက်တယ်၊ အစ်မ ကျုပ်ကို နည်းနည်းလေးမှ မလေးစားဘူး"

ညချမ်း မျက်နှာက ရှက်ဒေါသကြောင့်လား မသိ တဖြည်းဖြည်း နီရဲလာပါသည်။ တေးကလည်း ဘာဆက်ပြောရမှန်း မသိ နှုတ်ဆွံ့ငြိမ်သက်နေသည်။

ညချမ်းက တေးကို စိုက်ခနဲ ကြည့်လိုက်ရင်း ...

"ကျွန်တော် ပြန်တော့မယ် အစ်မ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲ ..."

"ကျွန်တော့် ခြံကို ..."

"ဟင် ... ဘာလို့ ပြန်မှာလဲ၊ ခုမှ ရောက်တာ နှစ်ရက်
ရှိသေးတာ"

"ကျွန်တော် စိတ်ရှုပ်တယ်၊ စိတ်ပျက်တယ်၊ စိတ်နာတယ်
ပြန်တော့မယ် ..."

သူ့ပုံစံက တကယ်ပဲ ပြန်တော့မည့်ပုံမို့ တေး
စိတ်တိုလာမိကာ ...

"နင့်သဘောနဲ့ နင် ပြန်လို့ဖြစ်မလား၊ ခုအချိန် နင်ပြန်သွား
ရင် မေမေ့ကို ငါ ဘယ်လိုပြောမလဲ၊ တကတည်း ... သူ့
စိတ်ကြီးပဲ၊ အံ့ဩပါရဲ့၊ မှားပါတယ် ... ငါပဲ မှားတာပါ
မှန်းချက်နဲ့ နှမ်းထွက် အလွဲကြီး လွဲတယ်ဆိုတာ ဒါမျိုး
ပေါ့၊ ကိုယ့်ထက်ငယ်တာလေးနဲ့ ချစ်သူဖြစ်ထားလို့ ကိုယ့်
ကို ရိုသေလေးစားပြီး ကိုယ့်ပြောစကား နားထောင်မလား
မှတ်ပါတယ်၊ တစ်ခါတည်း ဆတ်ဆတ်ထိမခံ ဗွာဆော်ကာနဲ့
လာတွေ့နေရတယ်လို့ ..."

"ကျွန်တော်လည်း မှားတာပါပဲ၊ ကိုယ့်ထက်ကြီးတာလေး
ရထားလို့ လူကြီးဆန်ဆန်နဲ့ ကိုယ့်ကို ကြင်နာညှာတာ
ဂရုစိုက်မလား အောက်မေ့ပါတယ်၊ တစ်ခါတည်း ဓာတ်
သက်ထက် စိတ်သက်နုနေတဲ့ ကလေးပေါက်ကို လာတွေ့နေ
ရတယ်"

"ဘာ ... ဘာ ... ဘာကလေးပေါက်လဲ၊ နင် ငါ့ကို ကလေး





ပေါက်လို့ ပြောရဲတယ် ... ဟုတ်လား၊ အညာသားလေအိုး
စကားတတ် ... ပိဋကတ်အိုးကွဲရဲ့ ... ကဲ ... ကဲ ..."

တေးက ဆွေ့ဆွေ့ခုန် ဒေါသကြီးလာကာ ညချမ်း
ရဲ့ ပခုံးကို လှမ်းရိုက်လိုက်သည်။ ညချမ်းက နောက်သို့ ခြေတစ်
လှမ်းဆုတ်ကာ ရှောင်လိုက်ရင်း ...

"အစ်မနော် ... လူကြီးဖြစ်ပြီး နည်းနည်းပါးပါး ဆင်ခြင်
ဦး၊ လမ်းမကြီးပေါ်မှာ ထုဟယ် နှက်ဟယ်နဲ့ မရှက်ဘူး
လား၊ အစ်မ မရှက်ပေမယ့် ကျွန်တော် ရှက်တယ်"

"ဟဲ့ ... တေးရယ် လမ်းမဘေးကြီးမှာ ရန်ဖြစ်မနေစမ်းပါ
နဲ့၊ လာ ... လာ ... ကားပေါ်တက်၊ ညချမ်းလည်း တက်၊
လာ ... တစ်ဆိုင်ဆိုင် ထိုင်ပြီး တစ်ခုခုစားရင်း စကားပြော
ကြရအောင်ပါဟယ် ... လာကြစမ်းပါ"

ခွာညိုက ကားပေါ်က ဆင်းလာပြီး နှစ်ယောက်စလုံး
ကို ဆွဲခေါ်နေတာမို့ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်
ဆောင့်ပေပေကြည့်ကာ ကားပေါ် တက်ထိုင်လိုက်ကြသည်။ ညချမ်း
က နောက်မှာထိုင်တာမို့ တေးကလည်း ရှေ့မှာမထိုင်ဘဲ နောက်
ခန်းမှာ ထိုင်လိုက်ပြီး ပြတင်းပေါက်ဘက်သို့ မျက်နှာလှည့်ထား
လိုက်သည်။ ညချမ်းကလည်း ပြတင်းဘက်သို့ လှည့်နေသည်။
ခွာညိုက ကားမောင်းနေရင်းက နောက်ကြည့်မှန်က တစ်ဆင့်
သောတို့နှစ်ယောက်ကို ပြုံးစေ့စေ့ လှမ်းကြည့်ရင်း ...

"နင်တို့နှစ်ယောက်ကိုလည်း ငါ တကယ် အံ့ဩတယ်
သိလား ...၊ တွေ့စတုန်းကတော့ ရင်ခုန်လိုက်နွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် ရှက်စနိုး မရှုမရဲ ပုံစံလေးတွေ ခုကျတော့ နင်တစ်လုံး ငါတစ်လုံးနဲ့ အတုံးလိုက် အတစ်လိုက် ပြောဆို သုံးနှုန်းနေလိုက်ကြတာ …"

"အဲ့ဒါ အစ်မခွာညို သူငယ်ချင်းပေါ့ …၊ ရည်းစားမဖြစ်ခင်တုန်းက တစ်မျိုး၊ ရည်းစားလည်းဖြစ်ပြီး မကြာပါဘူး … သူ့ကိုယ်သူ တေးလို့ ပြောနေရင်ကနေ ငါတဲ့၊ ကျွန်တော့်ကို နင်တဲ့၊ တစ်ခါတစ်ခါ တဟဲ့ဟဲ့ လုပ်လိုက်သေးတာ …၊ ကျွန်တော့်ကို သူ့ထက်ငယ်တယ်ဆိုပြီး အမြဲတမ်း အပေါ်စီးက မလေးမစား ဆက်ဆံနေတာ"

"နင်က တော်တော့်ကို လေးစားခံချင်နေတယ်ပေါ့လေ … ဟုတ်လား … ညချမ်း"

တေးက ညချမ်းဘက်ကို ဆတ်ခနဲလှည့်ကြည့်ရင်း ခပ်ဆတ်ဆတ် မေးလိုက်သည်။ ညချမ်းကလည်း ရုပ်တည်တည်နှင့် …

"ချစ်သူပဲဖြစ်ဖြစ် … မိတ်ဆွေပဲဖြစ်ဖြစ် လူလူချင်း ဆက်ဆံရေးမှာ တစ်ယောက်နဲ့ တစ်ယောက် လေးစားမှုတော့ ရှိရမယ်လေ အစ်မ၊ ကျွန်တော်က အစ်မထက် ငယ်ပေမယ့် အစ်မ ချစ်သူ၊ တစ်ချိန်မှာ ခင်ပွန်းဖြစ်လာမယ့်သူ၊ ဒီလိုလူ တစ်ယောက်ကို အစ်မထက် ငယ်လည်း အစ်မဘက်က လေးစားမှုလေ့တော့ ရှိရမှာပဲ၊ ကိုယ့်ထက်ငယ်တာပဲဆိုပြီး မထီမဲ့မြင် ထိပ်ခေါက်၊ ရိုက်ပုတ်၊ ငေါက်ငမ်းနေလို့ ဖြစ်မလား …"





"အမလေးဟဲ့ … လှတောသား …"

"ဒါတော့ ဟုတ်တယ် တေး၊ ညချမ်းဘက်က ငါ ထောက်ခံတယ်"

ခွာညိုက လှမ်းပြောလိုက်တာမို့ တေးက နှုတ်ခမ်းလေးကို ရှုံ့တဲ့တဲ့ လုပ်လိုက်ရင်း …

"သူကရော ငါ့ကို လေးစားလို့လား ခွာညိုရဲ့ …၊ ငါ့ပြောစကားဆို နားမထောင်ချင်ဘူး၊ အစ်မခေါ်ပြီး ထိပ်ခေါက်ချင်တဲ့ သူမျိုး …"

"ထိပ်ခေါက်တာက အစ်မလေ …"

"ငါက သဘောပြောတာပါ၊ နင်က ငါ့ကို အစ်မခေါ်ပြီး မလေးမစား ဆက်ဆံချင်တာကို ပြောတာ …"

"ကျွန်တော့်ဘက်က စပြီး အစ်မကို ဘယ်တုန်းက မထီမဲ့မြင် မလေးမစား လုပ်ခဲ့ဖူးသလဲ …၊ အစ်မက အစ်မစကားကို ကျွန်တော် အမြဲခေါင်းညိတ်နေမှ အစ်မကို လေးစားတယ်လို့ ယူဆတာလား၊ အစ်မက ချစ်သူထားမှာလား၊ တပည့်မွေးမှာလား …"

"ဟီ … ဟီ … ခွီး … ခွီး … နင်တို့ နှစ်ယောက်ကတော့ တကယ် ရယ်ရတယ်ဟော့ …"

ကားနောက်ခန်းက တေးတို့တိုက်ပွဲကြောင့် ခွာညိုက ကားမောင်းရင်း ဟီးဟီး ဟားဟား ဖြစ်နေပါသည်။ ညချမ်းက ကားမောင်းနေသည့် ခွာညို့ကို လှမ်းကြည့်ရင်း …

"ဒါနဲ့ အစ်မခွာညို …"

www.burmeseclassic.com



"ဟင် ... ပြော ... ညချမ်း"

"အစ်မသူငယ်ချင်း တေးသီသူက အသက်ဘယ်လောက်ရှိပြီလဲ ..."

"သုံးဆယ့်သုံး ..."

"ဟဲ့ ... မပြောနဲ့"

တေး တားပေမယ့် မမီတော့ ...။ နွာညိုက လွတ်ခနဲ ပြောထွက်သွားပြီ ...။

"ဟဲ့ ... တေး ... နင့်အသက်ကို သူ မသိဘူးလား ..."

နွာညိုက တအံ့တသြ လှမ်းမေးသည်။ တေးက မဖြေ။ ညချမ်းက ကလိတိတိ အပြုံးမျိုး ပြုံးကာ ...

"ကျွန်တော့်ထက် ရှစ်နှစ်တောင် ကြီးတာကိုး၊ ဒါ့ကြောင့် ဇီဇာကြောင်ကြောင် လက်ပေါက်ကပ်ကပ် ဂျီဂျောင်ဇာတိတွေ ပြနေတာ ..."

"ဟဲ့ ... ရှစ်နှစ်ကြီးတော့ ဘာဖြစ်လဲ ...၊ နင် ငါ့မျက်နှာကို သေချာကြည့် ... ကြည့် ... ဘယ်နေရာကများ အိုစာနေလဲ ...၊ ဘယ်နေရာမှာများ အိုစာတဲ့ လက္ခဏာတွေ ပေါ်နေပြီလဲ ..."

တေးက ကိုယ့်မျက်နှာကိုယ် လက်ညှိုးဖြင့်ထောက်လျက် ညချမ်းဘက်သို့ တိုးကပ်၍ ပြလိုက်သည်။ တေးက ဝမ်းလည်းနည်းကာ မခံချင်စိတ်လည်းဖြစ်တာကြောင့် မွန်ထူပြီး လုပ်မိလုပ်ရာ လုပ်လိုက်မိတာပင်။ တေးဟာ ဘယ်လောက်ပဲလှလှ ... ဘယ်လောက်ပဲနုနု ... ဘယ်လိုပင် ကလေးဆန်ဆန် တစ်ခါတစ်ခါ





တော့လည်း ကိုယ့်ရည်းစားထက် အသက်ကြီးနေသည့်အတွက် သေိမသာ အားငယ်စိတ်ကလေးတော့ ဝင်မိတာပင်။ ညချမ်းက ခုလို ခနိုးခနဲ့လုပ်တော့ ဝမ်းနည်း ဒေါသ ထွက်ရသည်။

ညချမ်းက အစ်မ ခုလိုလုပ်ပြသည့် အပြုအမူကလေးကို အမြင်ကတ်ကတ်နှင့် ချစ်စနိုးဖြစ်ကာ အသည်းယားလာပါသည်။ အစ်မဟာ တကယ်ပဲ ချစ်စရာလေး။ အမြင်ကတ်စရာလိုလိုနှင့် ချစ်စရာကောင်းပုံက ဘယ်လိုလေးမှန်း မသိပါ။ ညချမ်းအတွက်တော့ အစ်မက ကိုယ့်ထက် ဘယ်လောက်ပဲကြီးကြီး ကိစ္စမရှိပါ။ စ,တွေ့ကတည်းက ကိုယ့်ထက်ကြီးမယ်ဆိုတာ သိပြီးသားပင်။ အစ်မက အစိုးရိမ်ပိုကာ သူ့အသက်ကို သူ မပြောပြခဲ့တာ။ ခု အစ်မ အသက်မှန်ကို သိလိုက်ရတော့လည်း ညချမ်းရဲ့ အချစ်တ မပျက်ပြယ်ပါ။

အစ်မက မျက်လုံးကို စင်း၊ နှုတ်ခမ်းကို တင်းတင်းဆုံကာ မျက်နှာကို မော့ထားပြီး ကိုယ့်မျက်နှာကိုယ် လက်ညှိုးနှင့်ထောက်ကာ ညချမ်းကို မေးနေသည်။ အစ်မမျက်နှာ နုအုဖွေးကလေးဟာ အသည်းယားစဖွယ် ချစ်စဖွယ် ညချမ်းနှင့် နီးနီးကပ်ကပ်မှာ။ အစ်မနွာညိုက ကားရပ်သည့် နေရာရောက်ပြီမို့ ရှေ့ကိုပဲ ကြည့်ကာ ကားကို အာရုံစိုက်၍ မောင်းနေရတာမို့ ကားနောက်ခန်းကို အာရုံမစိုက်အား ...။

ညချမ်းက ရင်တခုန်ခုန်ဖြင့်ပင် နွာညို့ အလစ်မှာ တေးရဲ့ ပါးကလေး တစ်ဖက်ကို ဖျတ်ခနဲ လှမ်းနမ်းလိုက်ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

တေးသည် ဖျတ်ခနဲ ရင်ခုန် လန့်တုန်သွားကာ ညချမ်းဘက်သို့ ယိမ်းနေသော ခန္ဓာကိုယ်ကို ဆတ်ခနဲ ပြန်မတ်လိုက်ရင်း ညချမ်းကို မျက်လုံးပြူးကြည့်လိုက်မိသည်။

ညချမ်းက သူ ဘာမှမလုပ်ခဲ့သလို ရုပ်တည်ဖြင့် ခပ်မတ်မတ်ထိုင်ရင်း ရှေ့ကိုသာ ကြည့်နေသည်။ နွာညိုကတော့ ဘာမှသိလိုက်ပုံ မရ ...။ နွာညို သိမှာစိုးတာမို့ တေးလည်း ညချမ်းကို ဘာမှမပြောရဲဘဲ ညချမ်းကို မျက်စောင်းတစ်ချက်ထိုးရင်း ရင်ဖို တိတ်ဆိတ်သွားရပါသည်။ အကောင်စုတ်ကလေး ... လူလည် ပန်ကာကလေး ...။

"ဟဲ့ ... နင်တို့နှစ်ယောက် ငြိမ်လှချည်လား ...၊ ရန်ဆက်မဖြစ်တော့ဘူးလား ...၊ မောသွားကြပြီလား ..."

မသိရှာသော နွာညိုအောင်က လှမ်းမေးတော့ ညချမ်းက ...

"ကျွန်တော် သူ့ကို မလေးမစားလုပ်မိလို့ ဒေါသထွက်ပြီး ငြိမ်သွားတာ ထင်ပါတယ် အစ်မ နွာညို"

ဟု ခပ်တည်တည် လှမ်းပြောလိုက်ပါသည်။

တေးက သူ့ကို မျက်စောင်းတစ်ချက် ထပ်ထိုးလိုက်ပြီး ကားပြတင်းဘက်သို့ မျက်နှာလှည့်ကာ လှစ်ခနဲ ပြုံးလိုက်မိသည်။

လူကို ရင်ခုန်အောင်လုပ်တဲ့ အစုတ်ပလုတ်လေး ...



♥ ♥ ♥

"ဟ ... ဟ ... နင့် ဦးလေးလောင်းလျာက မိုက်တော့ မိုက်သားပဲဟ ..."

သုသုသော်၏ သူငယ်ချင်း နေခြည်လွဲလွဲလင်းက ကြက်တောင်ရိုက် ခဏနားခိုက်မှာ နေညိုညချမ်းကို လှမ်းကြည့်ရင်း ပြောလိုက်ပါသည်။

သော်တို့ ခြံဝန်းက ကျယ်ပြီး ခြံထောင့်မှာ ကြက်တောင်ကွင်းတစ်ခု လုပ်ထားပါသည်။ စနေ တနင်္ဂနွေဆို သော်က သော့် သူငယ်ချင်းတွေကို ခေါ်ပြီး ကြက်တောင်ရိုက်လေ့ ရှိတာပင် ...။ ဒီနေ့တော့ တခြား သူငယ်ချင်းတွေ မလာခင် နေခြည်လွဲလွဲလင်းက အရင်ရောက်လာတာမို့ သူနဲ့ သော်တို့ ကြက်တောင်ရိုက်နေခဲ့ကြသည်။

သော်တို့ ကြက်တောင် မရိုက်ခင်ကပင် ကိုညချမ်းက ကြက်တောင်ကွင်းနှင့် မလှမ်းမကမ်းက ပန်းခြံကလေးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့် ကုလားလေး အမီတာနှင့်အတူ စကားတပြောပြောနှင့် ပန်းပင်ကလေးတွေ ပျိုးနေခဲ့တာပင် ...။

ညချမ်းက အလုပ်မရှိရင် မနေတတ်သူမို့ တောတို့ ခြံထောင့်က အိမ်ကလေးမှာ နေတုန်းနေခိုက် အိမ်အလုပ် ခြံအလုပ်ကို ရှာကြံပြီး လုပ်ဖြစ်ပါသည်။

မီးဖိုချောင်ထဲမှာ ဒေါ်ကြူတို့ ဆန်အိတ်၊ ကြက်သွန်အိတ် မ,စရာရှိလျှင်လည်း ပြေးမပေးလိုက်သည်။ ကုလားလေး အမီတာ ခြံသန့်ရှင်းရေး လုပ်လျှင်လည်း သူပါသည်။ ဒရိုင်ဘာ ဦးမြမောင် ကားသန့်ရှင်းရေး လုပ်လျှင်လည်း သူ ကူညီသည်။ အိမ်ရဲ့ တောက်တိုမည်ရတွေအကုန် ဝင်ကူညီကာ အိမ်က အလုပ်သမား ဝန်ထမ်းတွေနှင့်လည်း တည့်အောင်ပေါင်းတာမို့ အားလုံးက ညချမ်းကို ချစ်ခင် သဘောကျကြပါသည်။

ကုလားလေး အမီတာက ညချမ်းနှင့်အတူ ပန်းပင်စိုက်ဖို့ မြေဆွနေရင်းက ...

"အားကို့ ... အားကို့ကို အမီတာ တစ်ခုလောက် မေးချင်တယ်"

"မေးလေ ... အမီတာ"

"အားကို့ စိတ်မဆိုးရဘူးနော်"

"အေးပါကွ ... မေးသာမေးစမ်းပါ"

"အားကို့ မမတေးနဲ့ ရည်းစားဖြစ်ရတာ စိတ်မညစ်ဘူးလား"

"ဘာလို့ ညစ်ရမှာလဲကွ ..."





"အားကို့ မသိဘူးနော်၊ အမီတာ သိတယ်၊ အမီတာ့ကို ဒီခြံမှာပဲ မွေးတယ်၊ မမတေးကိုနော် အမီတာ မွေးကတည်းက သိတယ်၊ မမတေးနော် အားကြီး ရစ်တယ်၊ ဘာမဆို သူ့သဘောချည်းလုပ်တယ်၊ အမီတာ့ အဒေါ်နော် မမတေးနဲ့ ရွယ်တူပဲ ... လူကြီးဖြစ်နေပြီ၊ မမတေးနော် ခုထိ လူကြီးမဖြစ်သေးဘူး၊ မမတေး ပြောတာ အမီတာ တစ်ခါကြားဖူးတယ်၊ ယောကျ်ားယူရင်နော် ငါက ဖြည့်ဆည်းပေးရမယ့်သူကို မယူဘူး၊ ငါ့ကို ဖြည့်ဆည်းပေးမယ့်လူကိုပဲ ယူမယ်တဲ့၊ သဘောက သူနိုင်ရမယ့်သူကို ယူမယ်ဆိုတဲ့ သဘောပဲ၊ ဒီလောက်တော့ အမီတာလည်း သဘောပေါက်ပါတယ်၊ အားကို့နော် ... မမတေးကို ယူရင် အားကို့ပဲ အနိုင်ခံရမယ့်တဘောမှာ ရှိတယ် ..."

အမီတာက ကုလားသံခပ်ဝဲဝဲနှင့် တတွတ်တွတ် ပြောနေတာမို့ ညချမ်းက ပြုံးမိသည်။ အစ်မဟာ သူ့သဘောသူဆောင်နေချင်တဲ့ သူမျိုး ...။ သူကသာ အမြဲအနိုင်လိုချင်တဲ့သူမျိုးဆိုတာ ညချမ်းက သဘောပေါက်လာပါပြီ။ သို့သော် ... အစ်မစိတ်ရင်းကလေး ကောင်းတာကိုတော့ ညချမ်းက သိပါသည်။

ညချမ်းက အမီတာ ပြောသမျှကို နားထောင်ရင်း ပန်းပင်ပျိုကလေးတွေကို မြေဆွထားသည့် ပန်းအိုးထဲသို့ နှစ်၍ စိုက်လိုက်သည်။

နေခြည်လဲ့လဲ့လင်းကတော့ တဘက်ဖြူကလေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းတစ်ဝိုက်က ချွေးတွေကို သုတ်ရင်း ညချမ်းကို လှမ်းကြည့်လျက် ...

"သူ့ပုံစံက ဒီလို ချည်သားဘောင်းဘီပွကြီးနဲ့ စွပ်ကျယ်လေး ဝတ်ထားတာတောင် အရမ်းကြည့်ကောင်းနေတာ အကောင်းစား အလန်းစားတွေ ဝတ်စားလိုက်လို့ကတော့ အရမ်းလန်းထွက်သွားမှာပဲ၊ အရမ်းမိုက်တယ်၊ ကြွေချင်လာပြီဟယ် ..."

"ဟဲ့ ... နင် ကြွေချင်လည်း ကြွေလို့မရတော့ဘူး၊ သူက ငါ့အဒေါ် ရည်းစား ..."

"ရည်းစား ... ဟ ... ဟ ... ဘာဖြစ်လဲ ရည်းစား၊ မိန်းမ မရသေးရင် လွတ်လပ်တဲ့သူပဲ၊ ရည်းစားဆိုတာက ဆေးခန်းတစ်ခုမှာ ဆရာဝန်နဲ့ ပြဖို့ တိုကင်ကြိုယူထားသလိုပဲ၊ ဆရာဝန်က ပျက်ကွက်တာမျိုးလည်း ရှိနိုင်သလို လူနာဘက်က မလာဖြစ်တာမျိုးလည်း ရှိနိုင်တာပဲ ...၊ တိုကင်ယူထားရုံနဲ့ သေချာပြီလို့မှ မပြောနိုင်တာ ..."

"အေးလေ ... နင်ပြောတာလည်း ဟုတ်ပါတယ်၊ ခုတောင်မှ အခြေအနေက လှုပ်လီလှုပ်လဲ့ရယ်"

"ဘာအခြေအနေလဲ ... ပြောစမ်းပါဦး"

"ဘွားဘွားလင်း ကြည့်ရတာ မမတေးနဲ့ အစ်ကိုညချမ်းကို သဘောတူချင်ပုံ မရဘူး၊ သိပ်လိုက်လိုက်လှဲလှဲလည်း ဆက်ဆံတာ မတွေ့ဘူး"

"ဟုတ်လား ..."





"မမတေးကလည်း သူ့ရည်းစားကို ဆက်ဆံတာ ပျော့ပျော့ပျောင်းပျောင်း ညင်ညင်သာသာ မရှိဘူး ... သိလား၊ ခေါ်လိုက်ရင် ဟဲ့ ညချမ်း ... နင်က ဘာဖြစ်တယ်၊ ငါက ဘာဖြစ်တယ်နဲ့ အပေါ်စီးကချည်းပဲ၊ အစ်ကိုညချမ်းကိုတောင် ငါ တကယ် သနားလာတယ်၊ မကြာပါဘူး ... ငါ့အမေရော၊ ငါ့ဦးလေး နှစ်ယောက်ရော ရောက်လာကြဦးမှာ၊ သူတို့ကလည်း အစ်ကိုညချမ်းကို ခြံစိုက်စားတဲ့ တောသားဆိုတာ သိကတည်းက လုံးဝ လုံးဝပဲတဲ့ ..."

"ဟင် ... ဒါဆို ငါ ကယ်တင်မှပဲ ..."

"ဟမ် ..."

"အစ်ကို ညချမ်းကို ငါကယ်တင်မှ ဖြစ်မယ်လေ၊ လာဟာ သွားကယ်တင်ရအောင် ..."

"ဟဲ့ ..."

နေခြည်လဲ့လဲ့လင်းက မြူးကြွခုန်ဆွသော ခြေလှမ်းဖြင့် ညချမ်းရှိရာသို့ လျှောက်သွားတာမို့ သုသုသော်က နောက်မှ ပြေးလိုက်လာခဲ့ပါသည်။

နေခြည့်ကိုတော့ သော်က မနိုင်ပါ။ နေခြည်က သလောက် သွက်လက်ရဲတင်းလှပါသည်။ နေခြည်က မျက်နှာလေး နုနယ်ပေမယ့် ခန္ဓာကိုယ်က ဖွံ့ထွားလှပတာမို့ တကယ့် ပျိုဖားဖား ပုံစံမျိုး ဖြစ်နေသည်။ လှလည်းလှ၊ အလှလည်းပြင်တာ အိုက်တင်ထုတ် ပဲများလှသူလည်း ဖြစ်တာမို့ ရည်းစားလည်း အထားစောခဲ့ပါသည်။ ခုဆို ရည်းစား သုံးယောက်တောင် ပြတ်

www.burmeseclassic.com



ဖူးခဲ့ပြီ ...။ သော်ကတော့ နေခြည်လောက်လည်း မလှ၊ အရပ်မြင့်
ပေမယ့် လူက ခပ်ပိန်ပိန် ယောကျ်ားဆန်ဆန်၊ ဆံပင်တိုတို
မျက်နှာပြောင်နှင့် ကလေးလို နေတုန်းပင်။

သော့်ရှေ့ကနေ နေခြည် လျှောက်သွားနေပုံက တ
ပါးတလှုပ်လှုပ်နှင့် အသည်းယားစရာ။ နေခြည်ရဲ့ ကြက်တော
ရိုက်သည့် ဖက်ရင်ဟာ ဘောင်းဘီပေါင်ရင်းအတိ အတိုကလေး
အင်္ကျီလက်ပြတ်ကိုယ်ကျပ် ဗိုက်လွတ်ကလေးနှင့်။

"အစ်ကို ..."

အစ်ကို ညချမ်းရှေ့မှာ ရပ်ပြီး ခေါ်လိုက်သံဟာ
အစ်ကိုရယ်လို့လည်းမဟုတ်၊ အောက်ကမျှင့်သံနှင့် အစ်ကို ...

"အစ်ကို ... နေခြည်က သော့် သူငယ်ချင်းပါ၊ နေခြည်တို့
ကြက်တောင်ရိုက်နေတာ အစ်ကို တွေ့မှာပေါ့၊ နေခြည်တို့
နဲ့ ကြက်တောင်လာရိုက်ပါလားဟင်"

"ဩော် ... မရိုက်တော့ပါဘူး ညီမ၊ ကျွန်တော် ဒီမှာ လုပ်
လက်စလေး ရှိလို့ပါ"

"အစ်ကိုကလည်း ... ကျွန်တော်တွေ ဘာတွေ မပြောပါနဲ့
ညီမလေးတို့ကို ရင်းရင်းနှီးနှီး ပြောလို့ရပါတယ်၊ ညီမလေး
တို့က အစ်ကို့ထက် ရှစ်နှစ်လောက်တောင် ငယ်မယ်ထင်
ပါတယ်၊ လာပါ အစ်ကိုရဲ့ ... ညနေခင်း လေ့ကျင့်ခန်း
လုပ်သလိုမျိုးပေါ့၊ လာ ... အတူ ကစားရအောင်ပါ"

နေခြည်က နှုတ်သွက်လက်သွက်နှင့် ပန်းအိုးသော
မှာ ဆောင့်ကြောင့်ထိုင်နေသော ညချမ်းရဲ့ လက်မောင်းကို ဆွဲကာ





ခေါ်လိုက်တာကို သော်က မျက်လုံးအပြူးသားဖြင့် ကြည့်နေလိုက်
သည်။ ဒီကောင်မ အိုဗာတင်း ဖျော်ပြီ။

"ကောင်းပြီ ... ကိုယ် လိုက်လာခဲ့မယ်၊ သွားနှင့်ပါ ..."

ညချမ်းက လိုက်လျောသော်လည်း ခပ်တည်တည်
ဖြင့် သူ့လက်ကို ပြန်ရုန်းထွက်လိုက်သည်။

"အိုခေ ... မြန်မြန်လာနော် ... အစ်ကို"

နေခြည်က ညချမ်းကို ဖျတ်ခနဲ ကျောခိုင်းကာ
ခုန်ပေါက်ပြေးထွက်သွားသည်။

ညချမ်းက ထိုင်ရာမှထကာ မြေကြီးပေနေသော
လက်ကို ခြံထောင့်က ရေဘုံဘိုင်ခေါင်းမှာ သွားဆေးလိုက်သည်။

ကုလားလေး အမီတာက ပခုံးတွန့်ကာ ...

"အမီတာ ရင်လေးတယ်နော်၊ အမီတာ ရင်လေးတယ်"

ဟု တီးတိုး ရေရွတ်ရင်း ပန်းအိုးတွေကို ရေလောင်း
နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"ခိခိ ... ခစ်ခစ် ... အစ်ကိုက တကယ်ပဲ မညာဘူးတော့ အစ်ကို ကြက်တောင်ရိုက်တာ အရမ်းတော်တာပဲ၊ သော် ငါတော့ အစ်ကို့ကို တကယ်မနိုင်ဘူး၊ အစ်ကိုက ချန်ပီ အဆင့်မှာ ရှိတယ် သိလား ..."

ညချမ်းနှင့် နေခြည်တို့ ကြက်တောင်ရိုက်နေသော မြင်ကွင်းနှင့် တီတီတာတာ အီစီကလီဆန်စွာ ပျံ့လွင့်လာသော နေခြည်လက်လက်ထ၏ အသံက ရုံးကပြန်လာသော တေးရဲ့ရင် ကို ဖနှောင့်နှင့် ဆီးပေါက်လိုက်သည်။

မိသော်ရဲ့ အဲ့ဒီသူငယ်ချင်းမ နာမည်ဟာ ဘာပဲဖြ ဖြစ် တေးကတော့ နေခြည်လက်လက်ထဟုသာ မှတ်ထားသည် တကယ်ပဲ တွေ့လိုက်တိုင်း လက်လက်ကိုထနေတဲ့ ဟာမကလေး

တေးက ကားရပ်လိုက်ပြီး ကားပေါ်မှ ခပ်သွက်သွ ဆင်းလာသည်။

ဒီနေ့ တေးတို့ရုံးမှာ အလုပ်ရှုပ်သောနေ့မို့ ညချ





င့်အတူ အပြင်ထွက်လည်ဖို့လည်း အချိန်မရှိ၊ ညချမ်းကိုလည်း ကို ခေါ်လို့မရတာမို့ အိမ်မှာပဲ ချန်ထားခဲ့ရတာ။

အိမ်မှာ နေ့လယ်နေ့ခင်းဆို ခေါ်ကြူရယ်၊ အေးမူနဲ့ သန်းသန်းရယ်၊ အမီတာရယ်ပဲ ရှိကြတာပင်။ သုသုသော်က သင်တန်းတွေ တက်သည့်အခါတက်၊ အပြင်ထွက် လည်ပတ် ပျော်ရွှင်ကြည့်သည့်အခါ ကြည့်တာမို့ အိမ်မှာရှိချိန် မမှန် ...။ မေမေ ကလည်း မနက်မိုးလင်းတာနဲ့ တစ်နေကုန် ဗိုလ်ချုပ်ဈေးဆိုင်မှာပဲ အချိန်ကုန်ရတာပင်။

မေမေက သူ အိမ်မှာမရှိသည့် အချိန်တွေမှာ တေး နှင့် ညချမ်းကို အိမ်မှာ လက်ပွန်းတတီး တရင်းတနှီးမနေဖို့ တား မြစ်ထားသည့်အပြင် သူ့လူယုံ မကြူကိုလည်း မျက်စိဒေါက် ထောက် ကြည့်ခိုင်းထားတာကို တေးက သိပါသည်။

တေးမှာတော့ ရုံးမှာအလုပ်လုပ်နေရပေမယ့် နောက် ဆန်တငင်ငင်နဲ့ အိမ်ပဲပြန်ချင်နေခဲ့ရတာ။ ညနေစာကို ညချမ်းနဲ့ အတူ စိမ်းလန်းစိုပြေထဲမှာ အတူသွားစားဖို့ စိတ်ကူးထားခဲ့တာ၊ သူကတော့ အိမ်မှာ ပျော်သလို နေနေတာပါလား။

တေးက ကြက်တောင်ကွင်းနားကို လျှောက်လာ လိုက်ပြီး ...

"ညချမ်း ..."

ဟု ခေါ်သံဖြင့် ခပ်ကျယ်ကျယ် လှမ်းခေါ်လိုက် သံက တစ်ခြံလုံးကို ဟိန်းထွက်သွားစေပါသည်။

"ညချမ်း ... ခဏလာဦး"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် ထပ်ခေါ်လိုက်သော လေသံဖြ အမေက လျှောက်ဆော့ကစားနေသော ကိုယ့်ကလေးကို 'ဟဲ့ ... ခုချက်ချင်း တုတ်ကောက်လာခဲ့'ဆိုသော သဘောမျိုးဆောင်သည့် လေသံမျိုး ...။ ညချမ်းက ကြက်တောင်ရိုက်လက်စကို ရပ်မပစ်ဘဲ ဆက်ရိုက်နေတာမို့ တေးရဲ့ လေသံက ပို၍ မြင့်လာသည်။

"ဟဲ့ ... ညချမ်း ခေါ်နေတာ မကြားဘူးလား"

နောက်တစ်ကြိမ် တေးထပ်အခေါ်မှာ ကြက်တောင် ကလည်း ပြုတ်ကျသွားပြီမို့ ညချမ်းက ကစားပွဲကို ရပ်တန့်ကာ တေးဆီ လျှောက်လာပါသည်။

"ပြော ... အစ်မ ... ဘာအရေးတကြီးကိစ္စ ရှိလို့ ကျွန်တော့်ကို ဒီလို လေသံနဲ့ ခေါ်ရတာလဲ ..."

"နင်ကရော ငါ ခေါ်တာတောင် မကြားရအောင် ဘယ်လို အရေးကြီးတဲ့ အလုပ်မျိုး လုပ်နေရလို့လဲ ..."

"ကျွန်တော် သိပြီ အစ်မ၊ ကျွန်တော် သော့်သူငယ်ချင်း ကောင်မလေးနဲ့ ကြက်တောင်ရိုက်နေလို့ အစ်မ သဝန်တိုပြီး ဒေါသထွက်နေတာ မဟုတ်လား"

"အို ... ဘာလို့သဝန်တိုရမှာလဲ၊ မတိုပါဘူး၊ ဒီလို မလောက် လေး မလောက်စား ချာတိတ်မလေးကိုများ ဘာဂရုစိုက် စရာ ရှိလဲ ..."

"အစ်မ ညာပြန်ပြီ၊ သဝန်တိုတာ ရှက်စရာ မဟုတ်ပါဘူး အစ်မ၊ အစ်မ တိုလို့ ရပါတယ်၊ ဒါပေမယ့် ခုလို လူရှေ့ မှာ ဒီလိုလေသံမျိုးနဲ့ ခေါ်တာမျိုးတော့ မလုပ်သင့်ဘူးလေ





အစ်မ ဒီလို အပေါ်စီးလေသံနဲ့ ငေါက်ငမ်းပြီး ခေါ်တော့ ကျွန်တော့်ကို တမင်သက်သက် အရှက်ခွဲသလို ဖြစ်မနေဘူးလား၊ ကျွန်တော် သူတို့နဲ့ ကြက်တောင်ရိုက်တာ အစ်မ မကြိုက်ရင် မကြိုက်တဲ့အကြောင်း သူတို့ကွယ်ရာကျမှ အေးအေးဆေးဆေး ပြောပြလေ ..."

ညချမ်း မျက်နှာက ခပ်တည်တည် ...။ လေသံက တည်တည်ငြိမ်ငြိမ်။ ညချမ်းဟာ ကိုယ့်ထက်ငယ်သော်လည်း တေး က် စိတ်တည်ငြိမ်ကာ မှုမှုတတ တွေးတတ်သူမို့ သူ ခုလိုပြော ာ့လည်း သူ့ကို တေးက ရှိန်ရသည်။

"အစ်မ ခုလို စိတ်လိုက်မာန်ပါ သိသိသာသာကြီး သူတို့ရှေ့မှာ လုပ်ပြတော့ အစ်မလည်း အရှက်ရတယ်၊ ကျွန်တော် လည်း ရှက်ရတယ်၊ အစ်မက သူတို့လောက် မငယ်မသွက် ပေမယ့် သူတို့ထက် လှတယ်၊ အစ်မ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိစမ်းပါ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့သူ ဟာ သဝန်မတိုတတ်ဘူးဗျ"

"ဘယ်သူက သဝန်တိုနေလို့လဲ၊ ထင်ရာစွပ်ပြောမနေနဲ့၊ ရိုက်ပါ ... နင့်ကြက်တောင် နင်ဆက်ရိုက်ပေါ့၊ ငါမတားပါဘူး၊ ငါက နင် အိမ်မှာတစ်နေကုန် ပျင်းများနေသလား လို့ပါ၊ မပျင်းရင် ပြီးတာပါပဲ"

တေးက ခပ်တည်တည်ပြောပြီး အိမ်ထဲလှည့်ဝင်လာ သည်။

တေး ဘာဖြစ်သွားတယ်ဆိုတာ သဘောပေါက်သော



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က တေးနဲ့ ညချမ်းကို လှမ်းကြည့်ပြီး ပန်းတစ်ချက်တွ[illegible]
ကာ ...

"နှင့် တီတီလေးကတော့ မလွယ်ဘူး၊ အပေါက်ဆိုးတ[illegible]
အစ်ကိုခများ သနားပါတယ်"

ဟု သော့်ကို လှမ်းကြည့်ရင်း ပြောင်စပ်စပ်[illegible]
ပြောလိုက်ပါသည်။

တေးကတော့ ညချမ်းကိုလည်း စိတ်ကောက်၊ သူ[illegible]
သော်ကိုလည်း စိတ်တိုကာ ရင်ထဲ တနုံ့နုံ့နှင့် သုသုသော် အ[illegible]
ပေါ်ပြန်တက်အလာကို စောင့်နေလိုက်သည်။

နာရီဝက်လောက် ကြာတော့မှ မိသော်က ဈေးတ[illegible]
နှင့် အိမ်ပေါ်ပြန်တက်လာသည်။ ဝတ်ထားလိုက်တဲ့ ဆောင်းဘီ[illegible]
တိုမှတို၊ ဟိုတစ်ယောက်က ပိုလို့တောင်ဆိုး ...။

"မိသော် ... ခဏလာဦး"

မိသော်က တေး ထိုင်နေသည့် အပေါ်ထပ် ဧည့်ခ[illegible]
ထဲသို့ ဝင်လာသည်။

"ဘာပြောမလို့လဲ တီတေး၊ သော် မောလာလို့ ရေချိုး[illegible]
မလို့ ..."

"နှင့်သူငယ်ချင်း နေခြည်လက်လက်ထကို နင် ကြည့်ထိန်[illegible]"

"နေခြည်လှဲ့လှဲ့လင်းပါ တီတေးရဲ့၊ သူများ သားသ[illegible]
ကို နာမည်မဖျက်ပါနဲ့ ..."

"ငါမျက်စိထဲကို နင့်သူငယ်ချင်းပုံစံက လှဲ့လှဲ့လေး လင်း[illegible]
တဲ့ပုံစံ မဟုတ်ဘူး၊ လက်လက်ကို ထနေတဲ့ပုံစံ၊ ငါရည်း[illegible]





ကို ခေါ်ပြီး ကြက်တောင်ရိုက်ရအောင် သူနဲ့ အရွယ်ချင်း
တူသလား၊ တန်သလား ..."

"ဟင်း ... ဟင်း ... တီတေးက ရယ်ရတယ်"

"အံမယ် ... နင်က ငါ့ကို ရယ်တယ်ပေါ့ ..."

"တီတေးတောင် အရွယ်ချင်း မတူမတန်ဘဲ ကြိုက်ထား
သေးတာပဲ တီတေးရယ်၊ ကိုယ့်ထက် ရှစ်နှစ်ကြီးတဲ့ သူနဲ့
ရည်းစားဖြစ်နေတဲ့သူလည်း သူ့ထက် ရှစ်နှစ်ငယ်တဲ့သူနဲ့
ကြက်တောင်ရိုက်ခွင့် ရှိပါတယ်"

"မိသော် ... နင် ဒီရှစ်နှစ် ရှစ်နှစ်ဆိုတာကြီးကို ထည့်မပြော
စမ်းပါနဲ့ဟဲ့ ..."

"တီတေး မကြိုက်ရင် ထည့်မပြောတော့ပါဘူး၊ နောက်ဆုံး
အနေနဲ့ တစ်ခါပဲ ပြောပါရစေ၊ ယောကျ်ားဆိုတာ ကိုယ့်
ထက် ရှစ်နှစ်ကြီးတဲ့သူက ကိုယ့်ကို ကောင်းကောင်းမွန်မွန်
ကြည်ကြည်သာသာ မဆက်ဆံရင် ကိုယ့်ထက် ရှစ်နှစ်ငယ်
တဲ့သူဆီ ပါသွားမှာပဲ၊ အဲ့ဒီလိုဖြစ်မှ တီတေး ရှစ်နှစ်မက
ဝမ်းနည်းပူဆွေး ကျန်ခဲ့ဦးမယ် ... သတိထား၊ ပေါ့သေးသေး
မမှတ်နဲ့"

"ဟင် ... မိသော် ... နင်"

"ခိခိ ..."

"ဟဲ့ ... အစုတ်ပလုတ်မလေး ..."

"ကဲ ..."

"ဒေါက် ..."



www.burmeseclassic.com

www.burmeseclassic.com



တေးက ပြောင်စပ်စပ်နှင့် တေးကို နှိပ်ကွပ်သွားသော မိသော်ကို အနားက စာအုပ်တစ်အုပ်နှင့် ကောက်ပေါက်လိုက်တော့ မိသော်က အသာကလေး ခုန်ဆွရှောင်ရှားကာ လျှာတစ်လစ်ထုတ်ပြပြီး ပြေးထွက်သွားသည်။

မြီးကောင်ပေါက်မတွေများ ခက်ကို ခက်ပါသည်။



"ဟော ... လင်းတို့ သားအမိ လာပြီ၊ လာ ... လာ ... ဒီမှာထိုင်ကြ၊ မဝင်းရေ ... ဒီကို မုန့်ပွဲတွေချ၊ အချိုပွဲတွေပါ ယူလာခဲ့နော် ..."

မေမေ့ သူငယ်ချင်း ဒေါ်ဝင်နီမြက တေးတို့သားအမိကို လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုက်သည်။

ဒီနေ့ ဒေါ်ဝင်နီမြတို့ အိမ်မှာ ဝါဆိုသင်္ကန်းကပ်ရှိတာမို့ တေးတို့သားအမိ လာခဲ့ကြတာပင် ...။

မေမေနှင့် ဒေါ်ဝင်နီမြဟာ သူငယ်ချင်း အရင်းကြီးဆိုပေမယ့် အပြိုင်အဆိုင်ကလေးတွေ ရှိတတ်တာကိုတော့ တေးက သိထားသည်။ မေမေ အဖော်ခေါ်လို့သာ လိုက်လာရပေမယ့် တေးက ဒေါ်ဝင်နီမြကို သဘောမကျလှပါ ...။ ဒေါ်ဝင်နီမြက အသက်သာ ၆၀ ကျော်လာပေမယ့် လူပုံစံက တည်တည်ငြိမ်ငြိမ် လူကြီးဆန်ဆန် ပုံမျိုးတော့ မဟုတ်၊ ဆံပင် အတိုအကောက်လေးနှင့် မျက်မှန် လှလှနှင့်၊ လုံချည်အဝတ်နည်းကာ ဆောင်းဘီရှည် စကတ်

www.burmeseclassic.com



ရှည်သော အဝတ်များသည့်သူမျိုး ...။ သူ့ဘာသာ အဝတ်အစား ဘယ်လို ဝတ်ဝတ် တေးက အပြစ်မပြောချင်ပေမယ့် သူ့ရဲ့ကြွားဝါ တတ်သော အကျင့်ကြီးကိုတော့ စိတ်ပျက်မိတာပင်။

သူ့မှာ သူလိုပဲ ကြွားဝါတတ်သည့် အမေတူ သမီး လေး တစ်ယောက်လည်း ရှိပါသည်။ ထိုသမီးကလေး နာမည်ဟာ သန္တာမြ။ အရွယ်က တေးနဲ့ မတိမ်းမယိမ်း၊ တေးထက်ငယ်လှ တစ်နှစ် နှစ်နှစ်ပေါ့ ...။

"စားနော် ... လင်း ... အားရပါးရသာ စား၊ ရွှေတော ခေါက်ဆွဲ လင်း ကြိုက်တယ်မဟုတ်လား၊ ဟင်း ... ဟင်း စားနော် ... လင်း၊ ဒီတစ်ပွဲ စားပြီးရင် နောက်တစ်ပွဲလည်း စားရဦးမှာ သိလား၊ ဟင်း ... ဟင်း ... ဟင်း၊ သမီးလည်း စားနော် ..."

ဒေါ်ဝင်နီမြက တေးတို့ သားအမိ ပန်းကန်ထဲ ဟင်းရည်တွေ ဆမ်းထည့်ပေးရင်း ပါးစပ်ကလည်း တဟင်းဟင်း

"နောက်တစ်ပွဲ ဘာရှိလို့လဲ ... ဝင်နီရဲ့"

"နောက်တစ်ပွဲက သမီး သန္တာရဲ့ပွဲလေ လင်းရဲ့ ...၊ လင် တူမက မင်္ဂလာဆောင်တော့မှာလေ ..."

"ဟုတ်လား ... မင်္ဂလာသတင်းကြားရတာ ဝမ်းသာပါတယ် ဝန်နီရယ်၊ ကောင်လေးက ဘယ်ကလဲ ..."

"အမလေး ... ကောင်လေး မဟုတ်တော့ဘူး လင်းရေ သမီးသတို့သားက တကယ့် ဘစ်ဇနက်မန်း ဖြစ်နေပြီ အသက်က သမီးထက် သုံးနှစ် ကြီးတယ်လေ၊ ဒီအရွယ်





အတော်ပဲ၊ ဒီအရွယ် အတော်ပဲ၊ ဒီလောက် အသက်ကွာတာ က အဆင်ပြေဆုံးပဲ၊ ဝင်နီ့မှာလေ သမီး အသက် ၃၀ ပြည့်ကတည်းက သူ့ထက်ငယ်တာတွေနဲ့ တွေ့မှာစိုးရိမ် လိုက်ရတာ၊ သမီးကိုလည်း ပြတ်ပြတ်သားသားပဲ ပြောထား တယ်၊ ကိုယ်ယူတဲ့ ယောကျ်ားဟာ ကိုယ့်အိမ်ဦးနတ်အဖြစ် ရှိခိုး အိပ်လို့ရတဲ့ သူမျိုးပဲ ဖြစ်ပစေလို့ ...၊ သမီးကလည်း ပြောစကား နားထောင်ရှာပါတယ်၊ သူ့ထက်ငယ်တဲ့ ခပ် ချောချော ကောင်လေးတွေ သူ့ကို ဘယ်လိုပဲ ကြွေပြကြွေ ပြ လုံးဝ စိတ်မကူးဘူးလေ ...။ ဦးအာကာဇော်နဲ့ကျမှ အို ... ဆောရီး သူ့ကို သူ့ရုံးကလူတွေက ဦးတပ်ခေါ်နေတာ ခဏခဏ ကြားနေရတော့ အကျင့်ပါသွားတာ လင်းရေ၊ ဝင်နီ့အနေ နဲ့ကတော့ မောင်အာကာဇော်ပဲ ခေါ်ရမှာပေါ့၊ မောင်အာကာ ဇော်က ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု ထူ ထောင်ထားတဲ့ ဘီအီးဘွဲ့ရ အာခီတက် တစ်ယောက်လေ၊ ခုလောလောဆယ် သူ့ကုမ္ပဏီက လုံးချင်း အိမ်ရာတစ်ခု စဖို့ရှိတယ်၊ ပရောဂျက်က စတောင် မစရသေးပါဘူး၊ ကြိုပွိုင့်တွေက ရောင်းလို့ကုန်သလောက် နီးနီးပဲ၊ လင်းတို့ လိုချင်ရင်တော့ ပြောနော်၊ ဝင်နီ သားကို ပြောပေးမယ်၊ နောက်ဆို ဒီဈေးနဲ့ရတော့မှာ မဟုတ်ဘူးလေ၊ ခုနေ ဝယ် ထား မမှားဘူးပေါ့၊ ဟင်း ... ဟင်း ... ဟင်း ..."

ဒေါ်ဝင်နီမြရဲ့ ပြီးပြည့်စုံသော ကြွားလုံးတွေကြောင့်

www.burmeseclassic.com



ဒေါ်သူသူလင်းမှာတော့ ရွှေတောင်ခေါက်ဆွဲကို ဆက်မစားနိုင်လောက်အောင် ရင်ခံလာရပါသည်။

သူများတကာ ရတဲ့ သမက်က နတ်သား။ ကိုယ့်ရမယ့် သမက်က ဖွတ်ကျား ...။

ဒေါ်သူသူလင်းက တွေးရင်း ဒေါသထွက်လာကာ ဒေါ်ဝင်နီမြ မမြင်အောင် သမီးဖြစ်သူကို မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ပါသည်။

ဟင် ... မေမေကလည်း တေးကို ဘလိုင်းကြီး တိုက်နိုက်ချင်ပြန်ပြီ ...။

မျက်စောင်းထိုးခံရသော တေးက စိတ်ထဲက ပြန်ပြောရင်း ရွှေတောင်ခေါက်ဆွဲ လိုက်ပွဲ ထပ်ထည့်စားလိုက်သည်။ သူ့ဘာသာ ဘာပြောပြော ဂရုမစိုက်ပေါင်။ ကိုယ်ကတော့ စားစရာရှိတာ စားရမှာပင်။

"ဒါနဲ့ ဝင်နီရော ဘယ်တော့ စားရမှာလဲ"

"ဟင် ... ဘာကိုလဲ ဝင်နီရဲ့"

"လင်းရော သမက် ရခါနီးပြီလားလို့ပါ၊ ဟင် ... သမီး အန်တီရော ဘယ်တော့ စားရမလဲ ..."

"ရှန်၊ သြော် ... အဟင်း ... စားရခါနီးပါပြီ အန်တီရယ်"

"ဟယ် ... ဟုတ်လား"

"ဟင်း ... ဟင်း ... အလကား ဝင်နီ၊ အဲ့ဒီကောင်မလေးက ဝင်နီ့ကို အတည်ပေါက်နဲ့ နောက်ချင်နေတာ၊ သူ့မှာ ဘာစိတ်ကူးမှ ရှိသေးတာ မဟုတ်ဘူး"





"အ ..."

"ဟင် ... သမီး ဘာဖြစ်လို့လဲ"

"ဟို ... ဟို ... ဗိုက်နည်းနည်း နာချင်လို့ပါ အန်တီ"

ရှုံ့ရှုံ့မဲ့မဲ့လေး ပြန်ဖြေလိုက်ရသော တေးရဲ့ ဗိုက်ဟာ တကယ် မနာသော်လည်း ပေါင်ကြောကတော့ တကယ် နာနေရပါသည်။ မေမေက တေး စကားမဆက်ဖြစ်အောင် တေး ပေါင်ကို ကြိတ်ဆိတ်ထားပြီး တေး စကားကို ဖြတ်၍ ပြောနေသည်။

"အိမ်ထောင် မပြုသေးတော့လည်း အမေ့အတွက် အဖော်လေး ရတာပေါ့လေ၊ ဒါပေမယ့် သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့ ဆိုရိုးစကားလေးလည်း ရှိတယ် မဟုတ်လား၊ အခါလင့်မှ ပြုတော့ ကိုယ့်ထက်ငယ်တာလေးတွေ ကိုယ်နဲ့ အဆင့်ကွာတာလေးတွေ ရသွားတာမျိုးလည်း ရှိတတ်ကြတာကိုး၊ ဟင်း ... ဟင်း ... သမီးကိုပြောတာ မဟုတ်ဘူးနော်၊ တွေ့ဖူးတာကို ပြောတာ၊ သမီးကတော့ ဒါမျိုးတွေ စိတ်မကူးလောက်တာ အန်တီသိပါတယ်၊ ဟော ... ဟိုမှာ သားတောင် လာပြီ၊ သားရေ ... အာကာ ... လာပါဦးကွယ်၊ အန်တီ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးချင်လို့ပါ"

ဒေါ်ဝင်နီက ညှော်ခန်းထဲ ဝင်လာသော သူ့သမက်လောင်းကို လှမ်းခေါ်လိုက်သည်။ သူ့သမက်လောင်း ပုံစံက စမတ်ကျ။ စတိုင်လ်ဘောင်းဘီအနက် ရှပ်အင်္ကျီအနီ ဖျော့စင်းကလေးက Arrow လေးလား မသိ။ လက်မှာပတ်ထားတဲ့ နာရီက အိုမီဂါ။

www.burmeseclassic.com



စိန်လက်စွပ်ကလည်း ပြူးလို့ပင်။ ရုပ်ရည်က သိပ်ပုံမလာသော်လည်း ကြည့်တာနှင့် ဘစ်ဇနက်မန်းပုံစံ ထွက်နေကာ ပိုက်ဆံရှိမှန်း သိသာစေပါသည်။

"ဒါ ... ဝင်နီ့ သမက်လောင်းလေ လင်း၊ အာကာဇော်တဲ့၊ သား ... ဒါက အမေ့ သူငယ်ချင်း ဒေါ်သူသူလင်း၊ သူက လင်း သမီးလေး တေးသီသူတဲ့"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျ"

ဟင် ... အသံကလည်း ပြာနောက်နောက်နဲ့၊ ဗိုက်ကလည်း ပူသေး၊ နဖူးက စူသေး၊ ဗိုက်ပူ ဖင်ကောက်၊ ရင်မောက်၊ နငယ်ပုံပေါက်နေတဲ့ လူမျိုးကို ပိုက်ဆံ ဘယ်လောက်ရှိရှိ တေးတော့ စိတ်မကူးပေါင်။

တေးကသာ စိတ်မကူးပေမယ့် စိတ်ကူးချင်ပုံရသော မေမေက ကားပေါ်ရောက်တာနှင့် တေးရဲ့ပခုံးနဲ့ လက်မောင်းတွေကို သူ့လက်နှစ်ဖက်နှင့် ဖျိုးဖျိုးဖျပ်ဖျပ် အဆက်မပြတ် ရိုက်လိုက်ရင်း ...

"ကဲ ... ကဲ ... ကဲ ... နင့်ကြောင့် ... နင့်ကြောင့် ငါ မျက်နှာငယ်ရတာဟဲ့ မိတေးသီရဲ့"

"ဟင် ... မေမေနော် ... တေးကို ဘလိုင်းကြီး လာမရိုက်နဲ့၊ မေမေ မျက်နှာငယ်အောင် တေး ဘာမှမလုပ်ဘူး"

"နင် လုပ်ထားတာလေ၊ နင်လုပ်ထားတဲ့ကိစ္စကို ဝင်နီတို့ မသိရသေးပေမယ့် ငါသိထားလို့ ဝင်နီ ကြွားနေတဲ့အချိန်





မှာ ငါ့မျက်နှာက ဆီးရွက်လောက်လေး ငယ်နေရတာပေါ့၊ ညည်းကတော့ ဒီအမေ မျက်နှာငယ်နေလည်း ဂရုမစိုက်ပါဘူး၊ ငါသာ အချိန်မီမတားရင် ညည်းက ညည်းတောသား အကြောင်း ထုတ်ကြွားချင်သေးတာ မဟုတ်လား ..."

"မေမေရယ် ... မေမေ ဘာမျက်နှာငယ်စရာရှိလို့လဲ၊ ညချမ်းက ဒေါ်ဝင်နီ့သမက် ဗိုလ်ပူ နဖူးစူ ဖင်ကောက် ရင်မောက် အသားမည်း အရုပ်ပုံ နငယ်ပုံမျိုးမှ မဟုတ်တာ၊ ညချမ်းက သူ့လောက် ပိုက်ဆံ မရှိပေမယ့် နဖူးရေ ဒူးရေချင်း ယှဉ်ကြည့်ရင် အရမ်းကွာပါရတယ်"

"ဟဲ့ ... ရုပ်က ပြုတ်စားရသလား ပြော၊ သူ့ဘာသာ နငယ်ပုံပဲထွက်ထွက်၊ ဏကြီးပုံပဲထွက်ထွက် အရည်အချင်းက အပြတ်အသတ်ကို ကွာတယ်"

"အရည်အချင်းဆိုတာ သူ့အတွာနဲ့သူပါ မေမေ ...၊ ညချမ်းလည်း သူ ကျွမ်းကျင်တဲ့ အလုပ်မှာ သူ့အရည်အချင်းနဲ့ သူ ရှိတာပဲ၊ ပိုက်ဆံချမ်းသာမှ အရည်အချင်းရှိတဲ့လူလို့ ပြောလို့ မရပါဘူး"

"အို ... ဘာပဲဖြစ်ဖြစ်အေ့ ငါလည်း ဝင်နီ့လိုမျိုး ငါ့သမက်က ဘကြီး ညာကြီးလို့ ကြွားချင်သေးတာပဲ၊ ခုလိုမျိုး သူများတကာ သမက် ကြွားကြွားနေတဲ့အချိန်မှာ ပါးစပ်အပေါင်းသားလေးနဲ့ ငြိမ်နားထောင်နေရတာ ဘယ်လောက်အောက်သလဲ၊ သူများတကာ သမက်ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်း၊ ရုပ်ဆိုးတာ မဆိုးတာ အသာထား ... ဝတ်
စားတာက လုံးဝ စမတ်၊ ညည်းတော်သားက ရှမ်းဘောင်
ဘီပွပွနဲ့ ကဗျစ်ကညစ် ...၊ ငါကြည့်ကြည့်နေတယ် ...
ကြည့်လိုက်ရင် ဖတ်သီဖတ်သီနဲ့ ဟိုအလုပ် ဒီအလုပ်
ကူလုပ်နေတဲ့ပုံက မသိရင် အိမ်မှာခိုင်းထားတဲ့ အလု
သမား ကျနေတာပဲ၊ အဆင့်ရှိရှိ စမတ်ကျကျ နေတ
မယ့်ပုံလည်း မပေါ်ပါဘူးအေ ...”

မေမေက ပွစိပွစိ ပြောလို့ကို မပြီးတော့ပါပေ ...
မေမေ့ မျက်စိထဲမှာ ညချမ်းကို အပြစ်ချည်း မြင်နေပုံပင် ...

ခုလို မေမေ ဆူတာခံရပါများတော့လည်း တစ်
တစ်ခါ တေးက ညချမ်းကို အပြစ်မြင်မိသည်။ တေး ဘယ်လော
ပြောပြော အဝတ်သစ် အစားသစ်မဝယ်ဘဲ သူ့မှာပါလာသ
အင်းသားဝတ်စုံလိုလို ရှမ်းဝတ်စုံလိုလို ပခုက္ကူထည်လိုလို
ဘုရားဈေးက ချည်ကြမ်းထည်လိုလို ဝတ်စုံတွေကိုသာ ဝတ်ဝ
နေတတ်တာ ခက်လှပါသည်။

တေးနဲ့ ညချမ်းဟာ ခုတလောမှာ အစေးမကပ်
ဘူးဟုပဲပြောမလား ... စကားပြောတိုင်း အဆီအငေါ်မတည့် အငြ
ပွားနေရတတ်သည်။

သုသုသော်နဲ့ နေခြည်လက်လက်ထတို့နဲ့ စ
ပြောဆို အဖွဲ့ကျနေတတ်တာကိုလည်း တေးက ကြည့်မရ
မေမေ ပြောပါများတော့ မေမေ့ စကားနားဝင်





တာ တေးနဲ့ လိုက်ဖက်ညီအောင် စမတ်တကျ မနေတတ်တာကို
လည်း တစ်ခါတလေ စိတ်ပျက်ရသည်။

ချစ်တော့လည်း ချစ်တာပေါ့ ညချမ်းရယ် ... ဒါပေ
မယ့် ကွာဟချက်တွေ များလွန်းတော့လည်း စိတ်ရှုပ်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

တေးနှင့် ညချမ်းတို့သည် စားသောက်ဖွယ်ရာများကို အလယ်တွင်ထားလျက် တိတ်ဆိတ်နေခဲ့ကြသည်။ ညချမ်းက ထမင်းကို အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် စားနေခြင်း ဖြစ်ပြီး တေးကတော့ အတွေးများဖြင့် တိတ်ဆိတ်နေခြင်း ဖြစ်ပါ သည်။

တေးက အရင် ထမင်းစားပြီးသွားတာမို့ ကမ္ဗလာ သီး ဖျော်ရည်ကို တစိမ့်စိမ့် စုပ်သောက်ရင်း ညချမ်းကို ငေးကြည့် နေမိပါသည်။

ညချမ်း မျက်နှာနုနုလေးကို ငေးကြည့်ရင်း တစ်ခါ တစ်ခါတော့ စိတ်အားငယ်မိသလိုပင် ...။ တေးကို မရင့်ကျက် သူလို့ ဆိုချင်ဆို ... တေးက ကိုယ့်ထက် ရှစ်နှစ်ငယ်ထား ကလေးကို ရည်းစားတော်ထားရလို့ ကိုယ်က အကြီးပီပီ အ အလျှော့ပေးနေရတာမျိုးလည်း မဖြစ်လို ...။ ထို့ကြောင့် ကိုယ် ဘာသာကိုယ် အကန်အတွေးနှင့် မာန်တင်းကာ ကိုယ်ကသာ





အဆိုး၊ ကိုယ်ကသာ အနိုင်ရသူအဖြစ် အပေါ်စီးနေရာ ယူထားမိ သည်။

ညချမ်းကို တေးကသာ ဆိုးနွဲ့ချင်သည်။ တေးက သာ ပုံသွင်းပြုပြင်ချင်သည်။ ညချမ်းပြုပြင်တာတော့ တေးက ခံယူလို ...။ တေးစကားကိုသာ ညချမ်းက နားထောင်စေလို ပြီး ညချမ်းစကားကို နားထောင်လိုက်ရမှာကျတော့ ရှက်သလိုလို။

ညချမ်းကို တေး ချစ်ရတာတော့ အမှန်ပါပင်။ သို့သော် အဝေးချစ်ကလေးက ပိုများကောင်းလေသလားဟု ခု ဘာလော တွေးမိနေတာပင် ...။

ချစ်ရတဲ့အရသာထက် လွမ်းရတဲ့ အရသာကတောင် ပိုကောင်းတယ်လို့ ဆိုရမလား မသိပါ။

နှစ်ယောက်စလုံးရဲ့ နှလုံးသားမှာ အချစ်ဆိုတဲ့ ခံစား ချက် စတင်ဖြစ်ထွန်းလာခဲ့တဲ့ လမသာတသာ ညချမ်းကလေးက တော့ ပြန်တွေးတိုင်း လွမ်းဆွတ်ချင်စရာပါ။

အဲ့ဒီအချိန်တုန်းက အသက်အရွယ် ကွာခြားမှုဆိုတာ သည်း အတွေးထဲကို ရောက်မလာ၊ အလုပ်အကိုင်ချင်း၊ ဘဝနေမှု ခံချင်း ကွာခြားတာတွေလည်း မတွေ့မိ ...။

ဒီအတိုင်း ...။ ဒီအတိုင်း လူသားသက်သက် ကျားနဲ့ မရဲ့ ဆွဲဆောင်ညှို့ငင်သော စိတ်နှလုံးသက်သက်နဲ့ ငြိတွယ်ခဲ့ကြ တာပါ။

ငြိတွယ်စကလေးမှာ ခွဲခဲ့ကြရတဲ့အခါ တမြေ့မြေ့ ချမ်းတ မျှော်စောင့်ရတဲ့ အရသာကလေးဟာလည်း စွဲငြိစရာ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ တေး ရှေ့မှောက်ကို ရောက်လာတဲ့တစ်နေ့မှာ တေး နှလုံးသား တွေ မြူးတူးခုန်ပေါက် ပျော်ရွှင်ဝမ်းမြောက်ရတာလည်း အတိုင်း အဆမဲ့ပါ၊။

ခဏလေးတွေ့ရပြီး အကြာကြီး ပြန်ပြန်ဝေးသွားတဲ့ အချိန်လေးတွေမှာ သူ့ကို သစ္စာရှိစွာ လွမ်းဆွတ်တမ်းတနေရခြင်း ကလည်း တေး နှလုံးသားကို နူးညံ့သိမ်မွေ့နေစေခဲ့တာ ...။

သူ့ကို အဝေးချစ်နဲ့ ချစ်နေတုန်းက တေးနှလုံးသား တွေ နူးညံ့အေးမြနေခဲ့ရပေမယ့် ခုလို သူနဲ့ နီးနီးလေး တွေ့ဆုံ နေခွင့် ရချိန်မှာ အလိုမကျစိတ်တွေနဲ့ ပူလောင်လာခဲ့ရတာ ဘာ ကြောင့်များပါလဲ ...။

ဒါဟာ လောဘစိတ်ကြောင့်လား ...။

သူ့ကို အနိုင်ရချင်တဲ့ လောဘ၊ သူ့ရဲ့ အလိုလိုက် အလျှော့ပေး သည်းခံမှုကိုသာ လိုချင်တဲ့ လောဘ၊ သူ့ ဂရုစိုက်မှု ကို လိုချင်လွန်းတဲ့ လောဘ ...။ ဘာမဆို တေး စိတ်တိုင်းကျ သာ ဖြစ်စေချင်တဲ့ လောဘတွေကများ တေးကို ပူလောင်စေ သလား ...။

တေးက သူ့ထက် ရှစ်နှစ်တောင် ကြီးတာမို့ တစ်နေ့ မှာ သူ တေးကို စိတ်ပျက်သွားမှာ၊ ငယ်နုတာကလေးတွေဆီမှာ သာယာသွားမှာကို တေးရဲ့ မသိစိတ်က စိုးရိမ်နေမိတာများလား

ဟိုအရင် ဝေးနေချိန်တွေက သူ ရန်ကုန်လာတဲ့အခါ ခုလို နှစ်ယောက်အတူ စားသောက်ဆိုင်မှာ ထမင်းစားချိန်ဆို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စကားတွေ ပြောလို့





...၊ ခွဲခွာခါနီးဆို တမြေ့မြေ့ တသသ။ တစ်ယောက်မျက်နှာ ...စ်ယောက် ကြည့်လို့လည်း မဝ ...။

ခုတော့ ... တေး စိတ်မှာ စိတ်တိုင်းမကျတာတွေကို ...ူ့ကို ပြောဖို့ သူ ထမင်းစားပြီးမည့်အချိန်ကို ထိုင်စောင့်သလို ...ောင် ဖြစ်နေပါသည်။

သူ ထမင်းလက်စသတ် စားပြီး ရေသောက်ပြီးလို့ ...က်ထဲက ရေခွက်ကို စားပွဲပေါ် ပြန်ချလို့မှ စားပွဲနဲ့ ဖန်ခွက် ...ိခင်အချိန်လေးမှာ တေးက စကားစလိုက်သည်။

"ညချမ်း ... နင် အဝတ်အစားတွေ ဘယ်တော့လဲမှာလဲ"

"ဘာကိုလဲ ... အစ်မ"

"နင် အခုဝတ်နေတဲ့ ချည်ကြမ်း ရှမ်းဘောင်းဘီတွေ၊ ချည် ထည်အင်္ကျီကြီးတွေက အမြဲ ဝတ်နေလို့ အဆင်မှမပြေတာ လေ၊ နင် ဒီမှာနေတုန်းမှာ နင်နဲ့ ငါက ခုလို ထမင်းအတူ ထွက်စား၊ ဟိုနားဒီနား သွားတာမျိုးတွေ ရှိနေတာပဲ၊ နင်က သူ့သတိထားချင်စရာ ဒီလိုပုံစံနဲ့၊ ငါက ဟော့ရှော့ဒီဇိုင်းနဲ့ ဆိုတော့ ဟာမိုနီ မဖြစ်ဘူး၊ ဒီကအပြန် ဂျန်းရှင်းစကွဲယား ခဏဝင်ပြီး MKမှာ နင့်ဖို့ အဝတ်အစား ဝင်ဝယ်ပေးမယ်"

"မလိုပါဘူး အစ်မကလည်း ..."

"နင့်ပိုက်ဆံ မကုန်ရပါဘူး၊ ငါ ဝယ်ပေးမှာပါ"

"ကျွန်တော်က ပိုက်ဆံ နှမြောလို့ ပြောတာမှ မဟုတ်တာ၊ ကျွန်တော် ဒါမျိုးပဲဝတ်ရတာ ကြိုက်တယ်၊ ဒါမျိုးပဲ ဝတ် ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို အဲ့ဒါတွေ ငါစိတ်ပျက်တာ၊ ဒီတစ်ခေါက် ရန်ကုန်
လာကတည်းက ပြောမကောင်း ဆိုမကောင်း ..."

"ကျွန်တော်က ပုံမှန်ပါပဲ၊ အစ်မကသာ စိတ်အလိုမကျ
တွေ များနေတာ ...၊ ကျွန်တော့် လက်ရှိပုံစံက အစ်
ပတ်ဝန်းကျင်မှာ သိပ်အံမဝင်ဘူးထင်လို့ ကျွန်တော့်ပုံစံ
အတင်း ပြောင်းပေးချင်နေတာ မဟုတ်လား ..."

"ဒါကတော့ ရောမရောက်ရင် ရောမလို ကျင့်ရမှာပဲလေ"

"ကျွန်တော်လည်း ရောမလို ကျင့်တတ်ပါတယ် အစ်မရေ
နောက် ဖြည်းဖြည်းတော့ အစ်မပတ်ဝန်းကျင်နဲ့ အံဝင်ခွင်
ဖြစ်အောင် ကျွန်တော် နေတတ်ပါတယ်၊ ခုချက်ချင်းကြ
မပြောင်းမနေရ အမိန့်ထုတ်သလို လာလုပ်ရင်သာ မလု
ချင်တာ ..."

"နင်ကလေ ငါ့ပြောစကားဆို နားကိုမထောင်ချင်တော့
နင့်ကြောင့် ငါ တကယ် စိတ်ညစ်တယ်"

"အစ်မ စိတ်ညစ်အောင် ကျွန်တော် ဘာလုပ်မိလို့လဲ"

"နင့်ကြည့်ရတာ ငါ့ရည်းစားနဲ့ မတူသလိုပဲ၊ ငါ့အိမ်
တောက်တိုမည်ရ လုပ်တဲ့လူနဲ့ တူနေလို့ပေါ့ဟဲ့၊ နင့်ကြည့်
လိုက်ရင် အမီတာနဲ့အတူ အပင်စိုက်နေမလား၊ ဦးမြမောင်
အတူ ကားရေဆေးနေမလား၊ ဒေါ်ကြူ ဈေးခြင်း
သယ်ပေးနေမလား ... ကြည့်လိုက်ရင် စမတ်ကို မကျဘူး"

"ဩော် ... ယော် ... အစ်မက အစ်မ အိမ်ကိစ္စကို ကျွန်တော်





အိမ်ကိစ္စလိုသဘောထားပြီး လုပ်ကိုင်ပေးနေတာကို မကြိုက်
ဘူးပေါ့၊ ဒါဆို ကျွန်တော်က ဘယ်လိုနေရမလဲ ...၊ အစ်မ
ဝယ်ပေးတဲ့ MKက ဥရောပစတိုင်လ် အဝတ်တွေ ဝတ်ပြီး
အစ်မရဲ့ အိမ်ဦးခန်းမှာ ခပ်မြိန့်မြိန့်ကြီး ခြေချိပ်ထိုင်နေရမှာ
လား ..."

"နင်နော် ... ငါ့ကို မငေါ့နဲ့"

"အစ်မက တစ်ဖက်စောင်းနင်း ပြောနေတာကိုး၊ အများ
အမြင်မှာ တောသားကို ယူတယ်ဆိုတာမျိုး အစ်မ အပြော
မခံချင်တာ မဟုတ်လား၊ ကျွန်တော့်ကို ဒီပုံစံနဲ့ ပွဲထုတ်
မပြချင်တော့တာ မဟုတ်လား"

တေးက စိတ်ညစ်ညစ်နှင့် လက်ပိုက် မျက်မှောင်ကြုတ်လျက် သူ့ကို စိုက်ကြည့်နေမိပါသည်။ သူ့ကို ဒီပုံစံမို့ ပွဲမထုတ်ချင်တာ မဟုတ်သော်လည်း သူများ ပြောစရာ ထောက်စရာ အထင်သေးစရာ မဖြစ်အောင် နေစေလိုတာတော့ အမှန်ပင်။ သူသာ စမတ်တကျ ဝတ်စားဆင်ယင် နေထိုင်လိုက်ရင် ဒေါ်ဝင်နီမြရဲ့ သမက်လောင်းလျာထက် အသာကြီး သာသွားမှာ မဟုတ်လား ...။

"ညချမ်းရယ် ... ပြောရဲဆိုရ ခက်လိုက်တာဟယ်၊ ငါက
နင့်ကို သူများ အထင်သေးမှာစိုးလို့ ပြောနေတာပါ"

"အစ်မ အသိုက်အဝန်းက လူတွေကို အပေါ်ယံကြည့်ပြီး
အနိမ့်အမြင့် ဆုံးဖြတ်တတ်တဲ့ အသိုက်အဝန်းမျိုးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် … တော်ပြီဟာ … မပြောတော့ဘူး၊ စားပြီးပြီလား။ စားပြီးရင် သွားမယ်၊ နင်လည်း ညနေ ညနေ ကြက်တောင်ရိုက်ရတာ ပင်ပန်းနေရောပေါ့"

"အစ်မ ကျွန်တော့်ကို မငေါ့နဲ့"

"မငေါ့ပါဘူး …"

"ကလေးတွေ ခေါ်လို့ ကျွန်တော် အညောင်းအညာပြေ ဝင်ဝင်ရိုက်နေတာ၊ အစ်မတို့ခြံထဲမှာ နေရတာ အချုပ်ကျ နေသလိုပဲ ဘာမှလည်း လုပ်စရာမရှိဘဲ အညောင်းမိနေတာ၊ အစ်မ အမေက ခုထိ ကျွန်တော့်ကို အကဲခတ်လို့ မပြီးသေးဘူးလား၊ ပြီးရင်လည်း ပြောဦး … ကျွန်တော် ပြန်ချင်လှပြီ …"

"ဩော် … ဟော် … ဟင်း … ဟင်း … ခုတော့ ပြန်ချင်လှပြီ ဖြစ်သွားပြီလား၊ အရင်တုန်းကတော့ ရန်ကုန်ရောက်ရင် မပြန်ချင်တော့ဘူးဆို၊ အစ်မနဲ့ ခွဲရမှာ ကြောက်လှချည်ရဲ့ဆို …"

"ရသချင်းမှ မတူတာလေ၊ အဲဒီတုန်းက အစ်မနဲ့ ကျွန်တော်က အချစ်သက်သက်အတွက် တွေ့ကြတာ၊ အခုဟာက အစ်မမှာ အတွက် အချက် အကွက်တွေနဲ့၊ စိတ်တိုင်းမကျ အပြစ်မြင်စိတ်တွေနဲ့ ကျွန်တော့်ကို အစ်မလိုချင်တဲ့ ပုံစံ ခွက်ထဲ သွင်းဖို့ ကြိုးစားနေတာဗျ၊ ကျွန်တော် တကယ် စိတ်ကျဉ်းကြပ်လာပြီ"

"နင် သိပ်ပြန်ချင်ရင်လည်း ပြန်ပေါ့ …"





"မပြန်ပါဘူး၊ ကျွန်တော် ပြောထားတဲ့ စကားတော့ တည်အောင်နေရမှာပဲ၊ တစ်လပြည့်မှ ပြန်မယ်"

ညချမ်းက သောက်လက်စ ရေခွက်ကို ကုန်အောင် …သောက်လိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်ပါသည်။

စားသောက်ဆိုင်ထဲက အထွက်မှာ မှန်နံရံချပ်ကြီး …စ်ခုရှေ့က ဖြတ်ရပါသည်။ ညချမ်းက မှန်ထဲသို့ ဖျတ်ခနဲ လှမ်း…ကြည့်မိတော့ စုံတွဲလေးတစ်တွဲကို မြင်ရသည်။ ကောင်လေးက …သစ်ကျပ်ချွတ် အနက်ရောင် ရှမ်းဘောင်းဘီနှင့် မီးခိုးရောင် …သည်ထောင် ကျဉ်တဲ့တပ် ရှမ်းအင်္ကျီဆန်ဆန် ချည်ထည်အင်္ကျီ …က်တိုကလေး ဝတ်ထားသည်။ ဒီအဝတ်အစားတွေဟာ တန်ဖိုး…ကြီး ဘရန်းဒက် အဝတ်အစားတွေ မဟုတ်သော်လည်း စုတ်ပြတ် …ဆင့်မရှိသော အဝတ်အစားမျိုးတော့ မဟုတ်ပါ။ ခါးကြိုးချည် …ဘောင်းဘီရှည်ကို သပ်ရပ်စွာ ဝတ်ထားခဲ့တာ၊ အင်္ကျီကလည်း …ပုကျကလေးမို့ ပြန့်စန့်ကော့ရွနေတာပါ။ ဒီနေ့ အစ်မနဲ့ ညနေစာ …ပြင်မှာ ထွက်စားကြတာမို့ ညချမ်းက သပ်သပ်ရပ်ရပ်လေး …တ်စားလာခဲ့တာ …။

ကျောင်းမပြီးခင်တုန်းတော့ သူက အမြဲ ပုဆိုးပဲ …တ်ခဲ့သည်။ ကျောင်းပြီးလို့ အေးအေးလူလူ ကိုယ်ပိုင်ခြံကလေး …ပျိုးချိန်ကတည်းက ညောင်ဦးသွားတိုင်း ဝယ်လာဖြစ်တဲ့ ဒီလို …ည်ထည်ကလေးတွေပဲ အမြဲဝတ်ခဲ့တာ။ တစ်ခါတစ်ခါတော့ ဒီလို …ာင်းဘီနဲ့ တီရှပ်ကလေးတွေ တွဲဖက်ဝတ်ဆင်တတ်ခဲ့ပါသည်။

အရင်တုန်းကတော့ ဒီလိုပုံစံကိုပဲ အစ်မသဘောကျ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ မဟုတ်လား။ ခုတော့ ဒီလိုဝတ်တာကပဲ အပြစ်တစ်ခု ဖြ ရပြန်သည်။ နောင်သောအခါမှာ၊ အစ်မနဲ့ လက်ထပ်ဖြစ်တဲ့အ မှာ အစ်မနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲဝတ်ဆင် ဆိုလည်း သူ ပြောင်းလဲနိုင်မှာပါ။ သို့သော် ခုကတည်းက မှ အာဏာပြ ပြောင်းခိုင်းနေတာ၊ သူများ အထင်သေးမှာစိုးလို့ ပြော ခိုင်းတာမျိုးကိုတော့ သူ မလိုက်နာလိုပါ။

ညချမ်းက ကိုယ့်နံဘေးမှာ ပါလာသည့် အစ်မ မှန်ထဲကနေ လှမ်းကြည့်မိပြန်သည်။ အစ်မက ချစ်စရာလေးပ ကျွန်တော်နဲ့လည်း လိုက်ဖက်သားပါပဲ အစ်မရယ်။

မှန်ထဲကို အစ်မ လှည့်ကြည့်ရင် လိုက်ဖက်တဲ့ စုံတွဲ လေး တစ်တွဲကို တွေ့မှာပါ။ အစ်မက ကျွန်တော့်ထက် ရွ ကြီးတယ်လို့ ဘယ်လိုမှကို မထင်ရတာပါ။ မျက်နှာတည်လေးနဲ့ ထက်မြက်သလို ပုံစံလေး ဖြစ်နေတဲ့ကြားကပဲ မျက်လုံးကလေးတွေ က ရယ်မြူးရိပ်သန်းပြီး ကလေးဆန် နုနယ်သေးတာ ...။

အစ်မကို ဂျစ်ကန်ကန် ဆက်ဆံပြီး ဘုပြောပြော ရင်းနဲ့လည်းပဲ အစ်မကို ချစ်စနိုးစိတ်နဲ့ ကျွန်တော် ရယ်ချင်နေ တာပါ။

ညချမ်းက ကိုယ့်ဘေးက အစ်မကို စိုက်မကြည့်မိ တော့ပေမယ့် မှန်ထဲက အစ်မကိုတော့ တစ်ချက် စိုက်ကြည့်လို မိပါသည်။ ဒူးဖုံးရုံ ဂါဝန်ပန်းရောင် အတိုကလေးနဲ့၊ ဂါဝန်ပေါ် မှာ အနက်ရောင် အပေါ်ဝတ် အင်္ကျီအပါးလေး ထပ်ဝတ်ထား ကြိုးသိုင်းဖိနပ်အနီကလေး စီးထားတဲ့ အစ်မပုံစံက အထူးတလ





ပြောင်ဆင်ရဘဲ ပေါ့ပေါ့ပါးပါး စတိုင်လ်ဖြင့် လှပနုနယ်နေသည်။ အလယ်ခွဲ ဆံပင်ထူထူအိအိ ဖြောင့်ဖြောင့်လေးက မျက်နှာ တစ်ဖက် တစ်ချက်မှာ မအုပ်တအုပ်လေး စင်းကျဝေ့ဝဲနေတာ ...။ ဘယ် အချိန်ကြည့်လိုက်ကြည့်လိုက် နုနယ်မှုတစ်မျိုးနဲ့ လှပနေတဲ့ အစ်မ ပါ ...။ ခုတော့ အစ်မ မျက်နှာပေါ်မှာ ညချမ်းနဲ့ ပတ်သက်တဲ့ အလိုမကျ မှုကလေးတွေ လွှမ်းမိုးနေတတ်သလို ညချမ်းက အစ်မ မျက်နှာကို အရိပ်ကြည့်နေသူမို့ သိပါသည်။

"မ ..."

ဒီ အခေါ်အဝေါ်လေးကို သူ့နှုတ်က ဖွင့်ဟခေါ်ချင် ပေမယ့် ဒီလိုခေါ်ရင် မ သဘောကျမှာကို သိပေမယ့်လည်း ခုထိ ခေါ်ရမှာ နှုတ်မရဲသေးပါ ...။ တမမနဲ့ မကို ကပ်ချွဲနေတဲ့ ပုံစံ မျိုးလည်း မဖြစ်ချင်။ ညချမ်းက ငယ်ပေမယ့် မကို ဦးဆောင် ထိန်းမတ်သွားလိုသူသာ ဖြစ်ပါသည်။

ခုတော့ ... စိတ်ထဲကပဲ ခေါ်ဖြစ်နေတုန်းပါ မရေ ...။

တေးက ညချမ်းနှင့် ဆိုင်ပြင်သို့ လျှောက်ထွက်လာ ရင်း တိတ်ဆိတ်နေမိပေမယ့် ရင်ထဲမှာတော့ သူ့ကို မောင်လို့ခေါ် တာ မောင် ဒီလို ဂျစ်ကန်ကန် ဆန့်ကျင်နေတဲ့အတွက် တေးကို ယေယုယ မကြင်နာ မငဲ့ညှာတဲ့အတွက် တေး ဝမ်းနည်းရကြောင်း ပြောပြနေမိသည်။

"မောင် ..."

ဒီအခေါ်ဝေါ်ကို ခေါ်ဖို့ စိတ်ကူးယဉ်ကြည့်ခဲ့တာ ကြာပြီဖြစ်ပေမယ့် ကိုယ်က အကြီးမို့ အကြီးတွေရဲ့ ထုံးစံအတိုင်း

www.burmeseclassic.com



တမောင်မောင် ခေါ်ပြီး ချွဲနွဲ့အကဲပိုတာမျိုးကြီးလည်း မဖြစ်လို...။ ကိုယ့်ထက် ငယ်တာကလေးမို့ မောင်ရဲ့... မောင်ရဲ့ တနွဲ့နွဲ့နဲ့ သူ့ကို အလိုလိုက် အလျှော့ပေးနေရတာမျိုးကြီးလည်း မဖြစ်လို့ တေးစကားကို မြေဝယ်မကျ နားထောင်မယ့်သူမျိုး၊ ဘာမဆို တေးအလိုကျ လိုက်လျှော့ပေးမယ့်သူမျိုး အဖြစ်သာ မောင့်ကို မျှော်လင့်ခဲ့မိတာပင်။ တေး စိတ်ချမ်းသာအောင် မောင် ထားပေးမယ်လို့သာ ယုံကြည်ခဲ့မိတာပင်။

ခုတော့ မောင်ဟာ ပြောစကား နားမထောင်၊ သူထင်ရာသူလုပ်ကာ တေးကို မချိုမသာပြောဆိုကာ နေသည်။

တေးသည် သက်ပြင်းချကာ စားသောက်ဆိုင်ရှေ့ဘက် ကားစောင့်သည့်နေရာလေးမှာ ရပ်လိုက်ပြီး ကားပါကင်မှာ စောင့်နေသည့် ဦးမြမောင်ဆီ ဖုန်းခေါ်လိုက်သည်။

"ဟဲလို..."

"ဦးလေး... တေးတို့ ပြန်တော့မယ်၊ လာခေါ်..."

"ဒီမှာ ဦးလေးတို့ ကားရှေ့ကို ကားတစ်စီး ပိတ်ရပ်သွားလို့ ထွက်ရခက်နေလို့ သမီး"

"ဦးလေးက ဘယ်သွားနေလို့ ကားပိတ်ရပ်တာကို မသိတာလဲ..."

"ဦးလေး အပေါ့အပါး သွားနေတုန်း ရပ်သွားတာ၊ ခဏလေးပါ... ဒရိုင်ဘာ ရှာနေတယ်၊ ဒရိုင်ဘာလည်း အပေါ့အပါး ခဏသွားတာဖြစ်မှာပါ၊ သမီးတို့ ခဏစောင့်..."





တေးက ဖုန်းချလိုက်ရင်း ညချမ်းကို လှည့်မကြည့်ဘဲ...

"ကားတစ်စီး ပိတ်ရပ်သွားလို့တဲ့၊ ခဏစောင့်ရမယ်"

ဟု ခပ်တည်တည်ပြတ်ပြတ် လှမ်းပြောလိုက်သည်။

ညချမ်းနှင့်အတူ ခုလို ညဘက်သွားလာတဲ့အခါမှာ မေမေက တေးကို ကားမမောင်းစေပါ။ တေးနှင့် ညချမ်းကို ညနေစောင်းချိန်များမှာ နှစ်ယောက်တည်း အပြင်ပေးမထွက်ချင်တာမို့ ဒရိုင်ဘာ ဦးမြမောင်ကို ကားမောင်းပို့စေသည်။

တေးနှင့် ညချမ်းက ဆိုင်ရှေ့ဘက် မီးရောင်ဖျော့ဖျော့ကလေး လင်းနေရသာ မြက်ခင်းစိမ်းကလေးပေါ်မှာ ခပ်ခွာခွာရပ်ရင်း ကားစောင့်နေလိုက်သည်။

တေးတို့ ညစာစားသည့် စားသောက်ဆိုင်ဟာ ခြံကျယ်ဝန်းကျယ်နှင့် အေးဆေး တိတ်ဆိတ်နေသော နေရာလေးပင်။ ကားပါကင်က ဆိုင်ရဲ့ဘေးဘက်ကျကျ ခြံထောင့်မှာ သီးသန့်ကလေး ရှိနေသည်။

တေးတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် စိတ်အခန့်မသင့်သလို ဖြစ်နေခိုက်မို့ ရှေ့တူရူကိုသာ ကြည့်ကာ စကားမပြောဘဲ ခပ်ခွာခွာလေး ရပ်စောင့်နေသည်။

ခဏကြာတော့ ညချမ်းက ကဏန်းသွား သွားသလို ဘေးဘက်သို့ ဘေးတိုက် ခြေတစ်လှမ်း လှမ်း၍ ကပ်လာသည်။

တေးက သိပေမယ့် မသိချင်ယောင်ဆောင်ကာ ရှေ့ဘက်ကိုသာ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညချမ်းက နောက်တစ်လမ်း ထပ်လှမ်းကာ ကပ်လိုက်ပြန်သည်။ ဒီတစ်ခါတော့ တော်တော့်ကို နီးလာပြီ။ ပခုံးချင်းတောင် ထိချင်လာပြီ။ ထိုအခိုက်မှာ ညချမ်းက သူ့လက်သန်းကလေးနှင့် တေးရဲ့ လက်သန်းကလေးကို လှမ်းချိတ်လိုက်သည်။

တေးက သူ့လက်သန်းနှင့် ငြိနေသော ညချမ်းလက်သန်းကို ပြန်ရုန်းဖြုတ်ထုတ်ကြည့်သော်လည်း သူက မြဲကျစ်နေအောင် လက်သန်းချင်း ဆွဲချိတ်ထားတာမို့ မပြုတ် ...။ တေးက ရုန်း၊ သူက မလွှတ်။ တစ်ယောက်ကိုတစ်ယောက် ကြည့်လည်းမကြည့် ... စကားလည်း မပြောဘဲ လက်သန်းချင်း ရုန်းဖြစ်နေချိန်မှာ ဦးမြမောင် ကားက တေးတို့ရှေ့မှာ ရပ်လာသည်။

မလွှတ်လို့ မဖြစ်တော့ပြီမို့ သူက တေး လက်သန်းကလေးကို မလွှတ်ချင် လွှတ်ချင် လွှတ်ပေးပြီး ခပ်တည်တည်ဖြင့် ကားဆီ လျှောက်သွားသည်။ တေးက သူ့ကျောပြင်ကို နောက်မှ ကြည့်ကာ အံကြိတ်လျက် လက်သီးဆုပ်ဖြင့် ရွယ်လိုက်ပြီးမှ ကားဆီ လျှောက်လာခဲ့သည်။

ကားနောက်ခန်းမှာ နှစ်ယောက်အတူထိုင်လိုက်လာသော်လည်း စကားမဆိုဘဲ ကိုယ့်ဘေး ကားမှန်ပြတင်းဘက်တိုသာ မျက်နှာလှည့်ထားလိုက်ရင်း မသိမသာကလေးတော့ ပြုံးမိနေကြသည်။

ချစ်တော့လည်း စိတ်အလိုမကျ ဒေါသထွက်ရဖွယ် ကြည်နူးစရာလေးတွေက တွဲတွဲပါနေပါသေးသည်လေ။



"ကဲ ... ပြော မိုးဇေ၊ နင် ငါ့ကို ပြောမယ်ဆိုတာ နင့်မင်္ဂလာသတင်းလား၊ နင့်မင်္ဂလာသတင်းဆိုရင်တော့ နင့်အတွက် ကွန်ဂရက်ကျူလေးရှင်း အခါတစ်သိန်း လုပ်ချင်တယ်၊ နင် မိန်းမ မြန်မြန်ယူမှ နင့်နားက မိန်းကလေးရာခိုင်နှုန်း တော်တော်များများ အေးချမ်းသွားမှာ၊ အင်း ... ဒါလည်း သိပ်တော့ မသေချာပါဘူး၊ နင်က မိန်းမယူပြီးလည်း ခြေငြိမ်ချင်မှ ငြိမ်မယ့်သူမျိုး ... 'ဇ'က သေးတာ မဟုတ်ဘူး"

"ငါ နင့်ကို ပြောမယ်ဆိုတာက ရည်းစားစကား ..."

"အင် ..."

မိုးဇေ စကားကြောင့် တေး ကြောင်သွားသည်။

မိုးဇေက ထူးထူးဆန်းဆန်း တေးနှင့် နှစ်ယောက်ချင်း စကားပြောစရာရှိလို့ နေ့လယ်စာ အတူစားရင်း ပြောရအောင် ချိန်းဆိုခဲ့တာပင်။ တေးကလည်း ပေါ့ပေါ့ပါးပါး အိုကေဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောကာ လက်ခံခဲ့ပါသည်။ နွားသိုက တေးအပေါ် မရှိဘူး… ပြောပြထားခဲ့သော်လည်း တေးစိတ်ထဲ အလေးအနက် မထား… မိုးဇေဆိုတာ တေး စဉ်းစားရမည့် သတ္တဝါလည်း မဟုတ်။ ဒီ… ဒီလိုခေါ်ပြီး ရည်းစားစကား ပြောမယ်လို့လည်း မထင်ခဲ့။ ထ… စားဖို့လာမှာမို့ ထမင်းအပေါ်မှာသာ အာရုံစိုက်ကာ ဟိုဟင်း ဒီဟ… ငုံ့မြည်းနေဆဲမှာ မိုးဇေက ရုပ်တည်ကြီးနှင့် တေးကိုစိုက်ကြည့်… ဖြုန်းခနဲ ပြောချလိုက်တာပင်။ တေးမှာဖြင့် အံ့အားတသင့် …

"ဟဲ့ … ဘာပြောတယ်"

"ရည်းစား စကားလေ၊ နင့်ကိုပြောမှာ၊ နင့်ကို ငါ သ… ချစ်တယ် တေး …"

"အဟင်း … ဟင်း …"

"နင် မရယ်နဲ့၊ ငါ အတည်ပြောနေတာ"

"အဟင်း … ဟင်း … ဟင်း … ခိ … ခိ … ဟား … ဟား …"

တေးက မိုးဇေကို မျက်လုံးပြူးကြည့်ကာ အံ့အား… တသင့် ငြိမ်နေပြီးမှ မအောင့်နိုင်ဘဲ ပြုံးစိစိ ဖြစ်လာကာ အသ… ခနဲ တစ်ချက်ရယ်သည်။ ပြီးတော့ ဘယ်တော့မှ မအောင့်အ… နိုင်စွာ အားရပါးရ ရယ်ချလိုက်မိပါသည်။

"တေး … နင် ငါ့ကို အဲဒီလောက် မလှောင်နဲ့"

"အိုကေ … အိုကေ … ဆောရီး၊ ငါ မအောင့်နိုင်လို့ … မိတာ၊ နင် မရယ်စေချင်ရင် မရယ်ဘူး၊ အတည်ပဲ … တော့မယ်"





တေးက မိုးဇေကို လက်ကာပြကာ တောင်းပန်လိုက် … အရယ်ရပ်လျက် မျက်နှာကို တည်ပစ်လိုက်သည်။ ပြီးတော့ … မျက်နှာကို စေ့စေ့စိုက်ကြည့်ကာ …

"ငါ နင့်ကို သိပ်ချစ်တယ်၊ အရမ်းမုန်းတယ်"

ဟု ပြောလိုက်တော့ မိုးဇေက ဟက်ခနဲ တစ်ချက် … ယ်ရင်း …

"အဲ့ဒါ ချမ်းချမ်း သီချင်း မဟုတ်လား"

"ဟုတ်တယ်၊ ငါပြောချင်တာနဲ့လည်း အရမ်းတိုက်ဆိုင် နေလို့ ပြောလိုက်တာ၊ ငါ နင့်ကို ငါ့သူငယ်ချင်း တစ်ယောက်အနေနဲ့ အရမ်းချစ်တယ်၊ ချစ်သူ တစ်ယောက် အနေနဲ့ ဆိုရင်တော့ အရမ်းမုန်းတယ်၊ ချစ်သူလိုတော့ မချစ်ပါရစေနဲ့ဟာ … အရမ်းမုန်းမိမှာ စိုးလို့ပါ၊ သူငယ်ချင်း အဖြစ်နဲ့ပဲ တစ်သက်လုံး ချစ်ပါရစေ …"

"ငါ နင့်ကို တကယ်ချစ်တာပါ တေး၊ ငါ့ရဲ့ ဘာညာ သာရကာတွေက အာပလာပါ၊ ငါ့သမိုင်းမှာ အရေးမပါပါဘူး"

"အရေးပါပါ မပါပါ နင့်သမိုင်းမှာတော့ အဲဒီ အာပလာ တွေကို မှတ်တမ်းတင်ထားပြီးပြီလေ၊ လူဆိုတာ ကိုယ့် သမိုင်း ကိုယ်ရေးရတာပါ မိုးဇေရဲ့ …၊ နင့်သမိုင်းမှာ နင် ထင်သလို ရေးခဲ့ပြီးမှ ဘွာတေးခတ်လို့ မရတော့ဘူး၊ နင် ဘယ်လို မိန်းကလေးတွေနဲ့ ဘယ်လိုရှုပ်ခဲ့ တွဲခဲ့တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နင့်သမိုင်းမှာ စွန်းထင်းခဲ့ပြီးသား ...၊ နောက် မရေးသေး
ဘူးဆိုလည်း ရေးပြီးသားကိုတော့ ပြန်ဖျက်လို့ မရတော့ဘူး
လေ၊ ငါတို့ဘဝတွေမှာ ငါတို့လုပ်ခဲ့တဲ့ ကောင်းမှု မကောင်း
မှုတွေဟာ စာရွက်ပေါ်မှာ ခဲတံနဲ့ရေးတဲ့စာတွေလို ...မို
ဘုတ်ပေါ်မှာ ဆေးပဲန်နဲ့ရေးတဲ့စာတွေလို ခဲဖျက်နဲ့ ဆေး
ဖျက်နဲ့ ဖျက်ပစ်လို့ ရတာမျိုး မဟုတ်ဘူး"

"ဖျက်လို့မရပေမယ့် မှုန်ဝါးအောင်တော့ လုပ်ပေးနိုင်တာ
တေး၊ ရှေ့အနာဂတ်မှာ ကောင်းတာတွေပဲ များများလုပ်
အတိတ်က မကောင်းတာတွေကို မှုန်ဝါးအောင် လုပ်
ရတာပဲ၊ ငါ ခုချိန်က စပြီး ကောင်းအောင်နေပြီး နင့်အ
သစ္စာရှိမယ်၊ ချစ်မယ်၊ ဒါဆို မဖြစ်ဘူးလား"

"လူတစ်ယောက်ဆီ နှစ်ရှည်လများ နှစ်သက်စွဲလမ်း
သုံးလာတဲ့ အလေ့အထ တစ်ခုကို ဖျောက်ပစ်ဖို့ဆို
မလွယ်လှပါဘူး မိုးဇေရာ၊ ကဲ ... ထားပါတော့၊ ဒါ
အငြင်းမပွားတော့ပါဘူး၊ ငါ အရှင်းဆုံးပဲ ပြောချင်တာ
နင့်ကို ချစ်သူလို ချစ်လို့ကို မရတာလေ၊ နင် ခုချိန်
အရမ်းကို ပြောင်းလဲပြီး လူလိမ္မာကလေး လူရိုးက
ဖြစ်သွားရင်လည်း ငါ နင့်ကို မချစ်နိုင်ဘူးလေ၊ ငါချစ်
ညချမ်း တစ်ယောက်တည်းကိုပဲ၊ ငါ့မှာ ညချမ်းရှိနေ
သိသိကြီးနဲ့ နင် ဒီလို မပြောသင့်ဘူးလေ မိုးဇေ၊ နင်
ရှိတဲ့ မိန်းမတစ်ယောက်ကို ရည်းစားစကား လာပြော
ကိုက နင့်ရဲ့ မကောင်းတဲ့ အကျင့်တစ်ခုပဲ ..."





တေးက အားမနာတမ်း ပြတ်ပြတ်သားသား ပြော
တာမို့ မိုးဇေက နည်းနည်း တင်းလာပါသည်။

"အိုခေလေ ... နင် ငါ့ကို လုံးဝ လက်မခံနိုင်ဘူးဆိုလည်း
ရှိစေတော့၊ ဒါပေမယ့် နင်နဲ့ မလိုက်ဖက်တဲ့ ဟိုတောသား
ကို ယူဖို့ကိစ္စကိုတော့ နင့်မှာ ဦးနှောက်ရှိတယ်ဆိုရင် နည်း
နည်းပါးပါး စဉ်းစားဆင်ခြင်ဦးပေါ့"

"တောသားလို့ မပြောစမ်းပါနဲ့"

"မဟုတ်လို့လား ..."

"အနုပညာတ ဘုမသိ ဘမသိ တောသားမှ မဟုတ်တာဟဲ့၊
နယ်က ကိုယ်ပိုင်လုပ်ငန်းလုပ်တဲ့ အသေးစား လုပ်ငန်းရှင်
လို့ ပြော ..."

"အဟဟ ... ခြံစိုက်စားတဲ့ ခြံသမားက ခြံသမားပေါ့၊ လုပ်
ငန်းရှင်တွေ ဘာတွေ လာလုပ်မနေနဲ့၊ သူ့ပုံစံက နင့်ဘဝနဲ့
လုံးဝ အံမဝင်တာ အသိသာကြီးပါဟာ"

"ငါ ပြုပြင်မှာပေါ့ ...၊ သူပြောင်းလဲလာအောင် ငါ ပုံသွင်း
မှာပေါ့ ..."

"အဟင်း ..."

မိုးဇေက သဘောကျသလို တစ်ချက်ရယ်လိုက်သည်။

"နင် သိပ်ဘဝင်မြင့်မနေနဲ့ ... တေး"

"ဘာ ..."

"ညချမ်းကို နင့်စိတ်သဘောအတိုင်း လိုရာပုံသွင်းလို့ ရ
မယ်လို့ ထင်နေတာကိုက နင် ဘဝင်မြင့်တာပဲ တေး၊



www.burmeseclassic.com

www.burmeseclassic.com



နင့် တောသားက နင့် ပုံသွင်းတာခံမယ့်သူမျိုး မဟုတ်ဘူး
နင့်ကိုသာ ပုံပြန်သွင်းသွားမယ့်သူမျိုး၊ နင် တောသား
သိပ်လျှော့မတွက်နဲ့ ...။

"ပြီးတော့ နင့်ကို ငါ စေတနာနဲ့ တစ်ခုထော
သတိပေးချင်တယ်၊ နင်တို့နှစ်ယောက် ယူရင် အိမ်ထော
ရေး အဆင်ပြေမှာ မဟုတ်ဘူး တေး၊ နင်တို့ နှစ်ယောက်
အဝေးကြီးပဲ ..."

"ဘာဝေးတာလဲ ..."

"နေထိုင်ကြီးပြင်းလာတဲ့ အရပ်၊ အသားကျ အရိုးစွဲလာ
အလေ့အထ၊ ကျင်လည်တဲ့ ပတ်ဝန်းကျင်၊ ကွဲပြားလွန်း
အလုပ်အကိုင်၊ ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်း ... အားလုံး အား
ပဲ ခြားနားလွန်းတယ်၊ ခုချိန်မှာ နင်က ချစ်နေလို့
ဒီလို ကွဲပြားမှုတွေကို အပြစ်ကြီးရယ်လို့ မမြင်တာ၊ အလွ
တကူ ညှိလို့ရမယ့် ကိစ္စတွေလို့ ထင်နေတာ၊ တကယ်တ
နင်တို့ ယူဖြစ်သွားကြရင် အဲ့ဒီ ကွဲပြားမှုတွေကြောင့်
လာတဲ့ အကျင့်စရိုက်တွေ အလေ့အထတွေကြောင့်
စိတ်ဆင်းရဲရမှာ၊ ဒါ နင့်ကို ငါ ဗိုင်းရပ်စ်မပါဘဲ ပြော
စကားပါ၊ သူငယ်ချင်းကောင်း တစ်ယောက်အနေနဲ့ သ
ပေးတာပါ"

တေးက ခဏလေးတွေ ဝေနေပြီးမှ သက်
ကလေး ချလိုက်ရင်း ...

"သတိပေးတာ ကျေးဇူးပါဟာ၊ ဒါပေမယ့် တစ်ယော





တစ်ယောက် အတူနေကြတဲ့အခါ မတူလို့ စိတ်ညစ်ရမယ်၊ တူရင် စိတ်ချမ်းသာကြပြီလို့ ပုံသေတွက်လို့ မရပါဘူး၊ မတူပေမယ့် ညှိယူနိုင်လို့ အဆင်ပြေကြတဲ့ သူတွေ၊ တူလျက်နဲ့ တစ်ယောက်ယောက်က သစ္စာပျက်လို့ပဲဖြစ်ဖြစ် စိတ်ညစ်ရတဲ့ သူတွေ အများကြီးပါ၊ ငါယုံကြည်တာတော့ ဘယ်လိုကွဲပြားမှုလေးတွေပဲရှိရှိ တစ်ယောက်ကိုတစ်ယောက် ချစ်ရင် နားလည်ရင် အတူပေါင်းသင်း နေထိုင်လို့ ရမယ် ထင်တာပဲ"

"နင်က ငမွန်မကြီးပဲ ..."

"ဘာ၊ မိုးဇေစုတ်၊ ငါက ဘာမွန်လို့လဲ၊ နင်သာ နင့်ကောင်မလေးတွေနဲ့ မွန်ချင်တိုင်း မွန်နေတဲ့ ငမွန်ကြီး ... နှာဘူးကြီး ..."

"နင်က ရှကောင်လေး ငယ်ငယ်လေးမှ ရွေးကြိုက်တဲ့ မြက်နုကြိုက်မကြီး ..."

"ဟင် ... အစုတ်ပလုတ်၊ ကောင်စုတ် ... ကဲ ... ကဲ"

"ဟား ... ဟား ... အနာပေါ် တုတ်ကျ"

"ဟဲ့ ... ပါးစပ်ပိတ်"

တေးနဲ့ မိုးဇေက သူငယ်ချင်း သံယောဇဉ် ရင့်မာ
ကြပြီမို့ အပြန်အလှန် နောက်ပြောင်ရယ်မောရင်း ... တေးက
ကို ထုရိုက်ရင်း စိတ်တင်းကြပ်မှုတွေ ပြေလျော့သွားခဲ့ကြပါ
သည်။



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို ... စားလေ၊ ကျွေးတဲ့သူ ဒါနမြောက်အောင် စားဦးမှပေါ့ အစ်ကိုရဲ့ ... အဟင်း"

နေခြည်က စားပွဲပေါ်က စားစရာ ပန်းကန်တွေ ညချမ်းဘက်သို့ တွန်းရွှေ့ပေးရင်း လွင်လွင်သာသာလေး ပြော ပါသည်။

"ဒီမှာ ပုစွန်တန်ပူရာကြော်လေး ကျွတ်နေတာပဲ အစ် စားလေ ... ထပ်မှာဦး၊ များများမှာပါ အစ်ကိုရဲ့ ...

နေခြည်က သူ့မွေးနေ့မို့လို့ ထင်ပါရဲ့၊ သဒ္ဓါ ပြည့်ဝစွာဖြင့် ညချမ်းကို ကျွေးမွေးဧည့်ခံနေပါသည်။

နေရာက စိမ်းလန်းစိုပြေ ပန်းခြံထဲက စားသော ဆိုင်မှာ ...။ အခြေအနေက နှစ်ယောက်တည်း ...။

နေခြည်က သူ့မွေးနေ့မို့ နေ့လယ်စာ ကျွေး သည်ဟုဆိုကာ ညချမ်းကို ခေါ်လာခဲ့တာပင် ...။ နေခြည် လာသောအချိန်မှာ သုသုသော်လည်း မရှိ၊ မလည်း မရှိ





နေခြည် ခေါ်နေတုန်းမှာ ကိုယ်က မဆိ ဖုန်းဆက်ပြီး ကလေးတွေ ခွင့်တောင်းသလို လိုက်ရမလား ... မလိုက်ရဘူးလားဟုလည်း လှမ်း မေးလို့မကောင်း။ ဒီကောင်မလေးကို ကိုယ့်စိတ်ထဲမှာ ကလေးလို သာ သဘောထားတာမို့ လိုက်လာခဲ့တာ ဖြစ်ပါသည်။

ဒီကောင်မလေး ကိုယ့်အပေါ် စိတ်ဝင်စားနေတာကို လည်း ညချမ်းက သိပါသည်။ သို့သော် ... ကိုယ့်ဘက်က စိတ် ရှင်းတာမို့ ကိုယ်သာ ရိုးရိုးသားသားဆက်ဆံရင် သူလည်း ဒါ့ထက် ပိုကဲလာမှာ မဟုတ်ပါဘူးဟုသာ ယူဆထားခဲ့တာပင်။

"နေခြည် ... သုသုသော်ကို မခေါ်ဘူးလား၊ နှစ်ယောက်တည်း စားရတာ ပျင်းစရာမကောင်းဘူးလား"

"မိသော်က လိုက်လာမယ်ပြောပြီး နောက်ကျနေတာပါ အစ်ကိုရဲ့၊ သူက သင်တန်းပြီးမှ လိုက်လာမယ်ပြောထားတာ ..."

"နေခြည်က သော်သော်နဲ့ အတူ သင်တန်းတက်နေတာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီနေ့က နေခြည့် မွေးနေ့မို့လို့ သင်တန်း မတက်ဘဲ နေလိုက်တာ"

"မွေးနေ့မှာ သူငယ်ချင်းတွေ အများကြီးနဲ့ စားကြ သောက်ကြမှ ပျော်စရာကောင်းတာ မဟုတ်လား၊ ကိုယ်နဲ့ နှစ်ယောက်တည်းဆိုတော့ ပျင်းစရာ ကောင်းတယ်လေ"

"နေခြည်တော့ မပျင်းပါဘူး၊ အစ်ကိုနဲ့ နှစ်ယောက်တည်း စားရတာ နေခြည် ပျော်လို့ ..."

www.burmeseclassic.com



ဟင် … ပွင့်လုချည်လား။ ခေတ်ကာလ သားသမီးတွေများ။

ညချမ်းက နည်းနည်းတော့ လန့်လာပါသည်။ ကိုယ်ဟာ လူငယ်ဆိုပေမယ့်လည်း အမြဲ နယ်မှာပဲနေခဲ့တဲ့ နယ်စရိုက်နဲ့ပဲ ရင်းနှီးထိတွေ့ခဲ့သူမို့လို့လားတော့ မသိ … ခုခေတ်လူငယ် အထာကလေးတွေနဲ့ အသားကျခြင်း မရှိပါ။

“အစ်ကိုရော … မပျော်ဘူးလား”

အင်း … မျက်လုံးရွှဲကြီးနဲ့ကြည့်ပြီး မေးလိုက်တဲ့ အသံနုနုကလေးက ရင်ခုန်ချင်စရာပါပဲ။ ဒါပေမယ့် ဒီတောသားက အစ်မရဲ့ ရင်းနှီးလွန်းတဲ့ ‘ဟဲ့ … ညချမ်း’ ‘နင်’ ‘ငါ’ တွေနဲ့ပဲ ရင်းနှီးအသားကျနေခဲ့လို့လားမသိ၊ ဒီလို အီစီကလီ ပကျိပကျိလေးတွေကို ရင်ခုန်ရကောင်းမှန်း မသိတော့ပါ။

“အင်း … ကိုယ်ကတော့ ခုလို ကိုယ်ရှေ့မှာ စားသောက်စရာတွေ အများကြီး ချထားရင် ပျော်တာပါပဲ၊ ကိုယ်က အစားမက်တယ်လေ”

ညချမ်းက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ပြောရင်း ထမင်းကို အားရပါးရ စတင်စားလိုက်ပါသည်။ ဟင်းတွေကလည်း တကယ်ကောင်းတာမို့ စားရင်း စားရင်း ခံတွင်းတွေ့သထက်တွေ့လာကာ အများကြီး စားဖြစ်သွားသည်။

နေခြည်က တို့ကနန်း ဆိတ်ကနန်း စားရင်း ညချမ်းကို မျက်လုံး ဝိုင်းကာ ဝိုင်းကာ ကြည့်နေရင်းက …

“အစ်ကို … ဟို အန်တီကြီးကို ဘာလို့ကြိုက်တာလဲ”





“အင်ဟင် … ဘယ်အန်တီကြီးလဲ …”

“သော် အန်တီ ဒေါ်တေးသီသူကို ပြောတာလေ …”

“သြော် … နေခြည်ကလည်း အစ်မအရွယ်က အန်တီကြီး မဖြစ်သေးပါဘူး”

“နေခြည့် အရွယ်နဲ့ ယှဉ်ရင်တော့ အန်တီကြီးအရွယ် ဖြစ်နေပြီလေ အစ်ကိုရဲ့၊ အစ်ကို့ထက် အသက်အများကြီး ကြီးတာကို အစ်ကိုက ဘယ်လိုကဘယ်လို ကြိုက်သွားတာလဲ၊ ပြီးကျတော့ အဲ့ဒီ အန်တီကြီးက အပေါက်လည်းဆိုးသေး၊ အစ်ကို့ကို နင်တွေ ငါတွေ သုံးပြီးပြောတာ မဟုတ်လား၊ အစ်ကို စိတ်မညစ်ဘူးလား”

“အချစ်ဆိုတာ အသက်ကြီးတာ ငယ်တာတွေနဲ့လည်း သိပ်မဆိုင်ဘူးလေ နေခြည်၊ ဒီအတိုင်း အစ်မ အသက် ကိုယ့်ထက် ဘယ်လောက်ကြီးတယ်ဆိုတာ မသိခင်ကတည်းက ချစ်မိသွားတာ၊ အစ်မက နုတော့ ကိုယ့်ထက် အသက်အများကြီး ကြီးမယ်လို့လည်း မထင်မိပါဘူး၊ ကြီးတာသိတော့လည်း ကိုယ့်စိတ်မှာ ဘာမှပြောင်းလဲမသွားပါဘူး”

“အစ်ကိုကလည်း ဘယ်လိုမျက်စိနဲ့ ကြည့်လို့ အဲဒီအန်တီကြီးကို နုတယ်ထင်ရတာလဲ၊ အစ်ကို သူ့ skin(အရေပြား)ကို သေချာ မကြည့်မိဘူးလား၊ အသွင်အပြင် ဘယ်လောက်နုနု အရေပြား အနုအရင့်က သိသာတယ် အစ်ကိုရဲ့ … သူ့ဘာသာ နေ့တိုင်း ပေါင်းတင် ဂျီးချွတ်ထားလို့နုနေရင်တောင် နေခြည်တို့ အရွယ်ရဲ့ အော်ရီဂျင်နယ် အရေပြား

www.burmeseclassic.com



နသလို နမှမနတော့တာ၊ ဒီမှာ ကြည့်ကြည့် ... နေခြည်တို့အရွယ် skin နဲ့ အန်တီကြီး skin နဲ့ တူသလားဆိုတာ”

နေခြည်လှဲလှဲလင်းက သူမ၏ ခန္ဓာကိုယ်ကို ညချမ်းဘက်သို့ ယိမ်းကာ သူမမျက်နှာကလေးကို ညချမ်းဘက်သို့ တိုးကပ်၍ ပြလိုက်သည်။

ညချမ်းက ရင်မခုန်ဘဲ ရယ်ချင်သွားသည်။ အစ်မကို သတိရလို့ပင်။

အစ်မကတော့ ‘ဘယ်နေရာမှာများ အိုစာတဲ့လက္ခဏာပေါ်လာပြီလဲ’ဟု မေးကာ သူမမျက်နှာကို ညချမ်းဘက်သို့ တိုးကပ်ပြခဲ့သည်။ ခု နေခြည်က တိုးကပ်ပြပြန်ပြီ ...။ နေခြည့်အရေပြားက မရဲ့ အရေပြားထက် နုပေမယ့် မကို နမ်းချင်သလိုတော့ နေခြည့်ကို နမ်းချင်စိတ် ဖြစ်မလာခဲ့ပါ။ နေခြည်ရေ... ညည်း ဘယ်လောက်နုနု ကိုယ်ကတော့ ညည်းပြောတဲ့ အန်တီကြီးကိုပဲ ချစ်မိနေလို့ ညည်းကို ဂရုမစိုက်နိုင်ပါဘူးကွာ ...။

“အဟင်း ...”

ညချမ်းက အသံထွက်ကာ ပြုံးမိတော့ နေခြည်က မျက်လုံးလေး အရည်လဲ့ကာ ...

“အစ်ကို ... ဘာပြုံးတာလဲလို့”

“သြော် ... ဘာရယ်မဟုတ်ပါဘူး၊ ဘယ်သူ့အရေပြား ဘယ်လောက်နုနု ကြက်အရေခွံလောက်တော့ တန်ဖိုးမရှိဘူးလို့ စဉ်းစားမိလို့ပါ”

“ဟင် ... ဘာဖြစ်လို့လဲ ...”





“နေခြည့် အရေပြား နုဖတ်နေလည်း ကြက်အရေခွံလို အကျွတ်ကြော် စားလို့မှမရတာ၊ ဒီမှာ နေခြည် စားကြည့်ပါလား၊ ကြက်အရေခွံကို ကျွတ်မွနေအောင် ကြော်ထားတာ အရမ်းစားကောင်းတာပဲ”

ညချမ်းက ကြက်အရေခွံကြော်တစ်ခုကို ယူစားလိုက်ရင်း ခပ်အေးအေး ခပ်တည်တည် ပြောလိုက်တာမို့ နေခြည်က နှာခေါင်းကလေးရှုံ့ကာ စိတ်ပျက်လက်ပျက် ဖြစ်သွားပုံရပါသည်။

“အစ်ကိုကလည်း ဘာမှန်းလည်းမသိဘူး၊ လာနောက်နေတယ်”

“နောက်တာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊ အပေါ်ယံ အရေပြားတစ်ထောက်က ဘာအရေးကြီးလို့လဲ နေခြည်ရယ်၊ အရေပြား အနုအရင့်ကိစ္စက အချစ်ကို အများကြီး သက်ရောက်မှု မရှိနိုင်ပါဘူး၊ နေခြည်က ကလေးပဲရှိပါသေးတယ်၊ ငယ်သေးတော့ ဒါတွေ ဘယ်နားလည်နိုင်ဦးမလဲ”

“နေခြည် ကလေးမဟုတ်တော့ဘူး အစ်ကို ...၊ အချစ်ကိစ္စလောက်တော့ နေခြည်လည်း နားလည်နေပါပြီ၊ ဥပမာ အစ်ကို့ကို နေခြည်ချစ်မိနေတယ်ဆိုတာ နေခြည့်ကိုယ် နေခြည် ကောင်းကောင်း သိနေပြီ ...”

မြတ်စွာဘုရား ...။

နေညိုညချမ်းက နည်းနည်းတော့ လန့်သွားပါသည်။ အဲဒီလောက် ဒဲ့ပစ်လိုက်တော့လည်း ကိုယ့်ဘက်က ဒဲ့ရှောင်ရှား ရတော့မှာပင်။



www.burmeseclassic.com

www.burmeseclassic.com



ညချမ်းက နေခြည့်ကို တည်တည်ငြိမ်ငြိမ် လှမ်းကြည့်လိုက်သည်။ နေခြည်ကလည်း ညချမ်းကို တောက်ပဖြာလဲ့သော မျက်ဝန်းများဖြင့် ကြည့်နေပါသည်။

ညချမ်းက သက်ပြင်းချမိရင်း ...

"နေခြည် ညီမလေး ... ညီမလေးက ကိုယ့်ညီမလေး အရွယ်ပါ၊ ညီမလေးက ငယ်သေးတယ်၊ ညီမလေးဘဝမှာ အမျိုးမျိုး အဖုံဖုံ ဆန်းသစ်လှပတာတွေ အများကြီး ကြုံရဦးမှာ၊ လမ်းခုလတ်မှာ ခဏတဖြုတ် စိတ်ကစားမိတာလေးတွေအတွက် မမိုက်မဲမိစေနဲ့ ...၊ ညီမလေး ဈေးဝယ်ရင် ဘယ်လိုဝယ်သလဲ၊ အင်္ကျီလေး တစ်ထည်ကို အရမ်းလှတယ်ထင်လို့ ဝယ်မိသွားပြီးမှ နောက်ထပ် နောက်ထပ် ပိုပိုလှတာတွေ တွေ့လာရင် အရင်အင်္ကျီအတွက် ကုန်ဘဲ့ ပိုက်ဆံကို မနှမြောဘူးလား၊ နောင်တ မရဘူးလား၊ ပိုကောင်းတဲ့ အင်္ကျီလေးကို ဝယ်ချင်တဲ့ အချိန်မှာ ပိုက်ဆံမရှိတော့ရင် အရင်ဝယ်မိတဲ့ အင်္ကျီကို စိတ်မပျက်ဘူးလား၊ စိတ်မတိုဘူးလား။ ရည်းစားထားတယ်ဆိုတာ ရှော့ပင်းစင်တာထဲမှာ အင်္ကျီတွေ လျှောက်ကြည့်ရသလိုပဲ အကုန်စုံအောင် ကြည့်ပြီးမှ အကြိုက်ဆုံးကို ရွေးဝယ်တော့ နောင်တ မရဘူးပေါ့၊ ညီမလေးအရွယ်က အင်္ကျီနည်းနည်းပဲ ကြည့်ခွင့်ရသေးတဲ့ အရွယ်လေ၊ နောက်ထပ် နှစ်တွေအများကြီး နေထိုင်ရင်း ပိုကောင်း ပိုလှတဲ့ အင်္ကျီတွေ ကြည့်ရမြင်ရဦးမှာ၊ အဲ့ဒီအချိန်ကျတော့ အကောင်းဆုံးကို ကြည့်တတ် မြင်တတ်





ရွေးတတ်သွားပြီလေ၊ အခုအချိန် မရွေးနဲ့ဦး၊ စောသေးတယ်၊ အချိန် စောင့်လိုက်ပါဦး ..."

ညချမ်းက တတ်သလောက် မှတ်သလောက်လေး စေတနာထားကာ ဆုံးမလိုက်တော့ နေခြည်က ခဏငြိမ်သွားပြီးမှ ...

"ဒါဆို ... အစ်ကိုကျတော့ အင်္ကျီတွေ အများကြီး စုံအောင်ကြည့်ပြီးမှ ဘာဖြစ်လို့ ဒီဇိုင်းအောက်နေတဲ့ Antique(ရှေးဟောင်း) အင်္ကျီကို ရွေးရတာလဲ ..."

အင်း ... မလွယ်ပါလား။

"သြော် ... အင်း ... ဒါကတော့ နေခြည်ရယ် တချို့အင်္ကျီတွေက ရှေးကျတဲ့ ဒီဇိုင်းဖြစ်နေမယ့် ချုပ်ရိုးချုပ်သား ခိုင်ခန့်ပြီး ဝတ်လိုက်ရင် ခန့်ခန့်ညားညား ကျက်သရေရှိရှိ ဖြစ်စေတယ်လေ၊ ကိုယ်က ခေတ်ဆန် ကလက်တဲ့ ဒီဇိုင်းတွေထက် ရှေးကျပြီး ရိုးရှင်းတဲ့ ခေတ်ဟောင်းဒီဇိုင်းတွေပဲ ကြိုက်တယ်"

ညချမ်း စကားက အကွက်စေ့နေတာမို့ နေခြည်က ရှေ့ဆက် ဘာပြောရမှန်း မသိတော့ ...။ ပြီးမှ ပခုံးလေးတစ်ချက်တွန့်ကာ မျက်နှာထားတည်တည်ဖြင့် ...

"အန်တီ ဒေါ်တေးသီသူ ကျတော့ အင်္ကျီတွေစုံအောင် ကြည့်ပြီးသွားတဲ့ အရွယ်ပေါ့နော်၊ သူ့ကျတော့ အင်္ကျီတွေ စုံအောင် ကြည့်ပြီးလို့ အရင့်အရင်က ကြည့်ခဲ့တဲ့ အင်္ကျီလေးတွေပဲ ပြန်ရှာဝယ်ချင်ပေမယ့် သူကြိုက်တဲ့ အင်္ကျီတွေ



www.burmeseclassic.com

www.burmeseclassic.com



က သူ့မစောင့်ဘဲ ရောင်းထွက်သွားလို့ လတ်တလော တွေ့တဲ့ အင်္ကျီလေးပဲ အလွယ်တကူ ဝယ်ပြီး ချုပ်ရိုးချုပ်သား အပွအချောင် အဆင်မပြေတာတွေ ရှိလည်း ပြင်ဆင်ဝတ်ဖို့ စိတ်ကူးတယ်ထင်ပါရဲ့၊ သူက အသစ်မကော်တော့လည်း အပင်ပန်းခံပြီး ပြင်ဝတ်ရတာပေါ့လေ...”

ဟု ပါးပါးလေး ပြန်ပုတ်လိုက်ပြီး ထမင်းကို တို့ကနန်း ဆိတ်ကနန်း စားနေရာက အားရပါးရ စားနေလိုက်ပါသည်။

ထိုအချိန်မှာပဲ ပန်းခြံထဲသို့ သူငယ်ချင်းများနှင့်အတူ ရောက်လာသော မိုးဇေက ညချမ်းနှင့် နေခြည်တို့ကို လှမ်းမြင်သွားခဲ့ကာ တေးဆီ ဖုန်းခေါ်လိုက်ပါသည်။



♥ ♥ ♥

တေးသည် အင်းလျားလမ်းအတိုင်း ကားကို ခပ်မြန်မြန် မောင်းလာရင်း ဒေါသထောင်းထောင်း ထလာပါသည်။

ဒင်းက ဘာအချိုးလဲ...။

ကိုယ့်မှာတော့ သူမှတစ်ပါး အခြားမရှိသလို ခံယူချင်သုံးနေထိုင်လာခဲ့တာ...။ သူ့ကိုယ်သူ ပြုပြင်ပါ့မယ်လို့ ခံယ...တဲ့ ခပ်မိုက်မိုက်ဒီဇိုင်းနဲ့ မိုးဇေကိုတောင်မှ ပြတ်ပြတ်သားသား ...ထုတ်ဖယ်ရှားခဲ့တာ...။ သံယောဇဉ်တွေ အထပ်ထပ် ရှိရတဲ့ ...သော ပြောင်းလဲသွားမယ်ဆိုရင် တေးနဲ့ သိပ်ကို လိုက်ဖက်...တွဲညီမှာပဲလို့ သူငယ်ချင်းတွေအားလုံးက ယူဆထားခဲ့ကြပေ...ယ့် တေးနှလုံးသားမှာ ညချမ်းအတွက်ကလွဲလို့ ပေးစရာ နေရာ ...ရှိခဲ့တာ။

လောလောဆယ်မှာ သူနဲ့စိတ်အခန့်မသင့်ကတောက် ...ဆ စိတ်တိုင်းမကျ ညီမရတာလေးတွေနဲ့ စိတ်ရှုပ်နေရင်းနဲ့ ...တောင် သူ့ကို သစ္စာပျက်ဖို့ မစဉ်းစားခဲ့တာ...။



www.burmeseclassic.com

www.burmeseclassic.com



ဒင်းကတော့ ... ဒင်းကတော့ စိမ်းလန်းစိုပြေမှာ ... ထက် ရှစ်နှစ်ငယ်တဲ့ ဆတ်စလူးမကလေး နေခြည်လက်လက်... နဲ့ ထမင်းအတူ သွားစားနေသတဲ့ ...။

ဟင်း ... ဟင်း ... တွေ့မယ်လေ၊ တွေ့ဦးမယ်... တွေ့ကြသေးတာပေါ့ ...။

တေးက အံကြိတ်ကာ တဟင်းဟင်း အသံက... တောင် ထွက်လာသည်။

သူတို့နှစ်ယောက် ခုလို အတူရှိနေကြောင်း တေး... ဖုန်းဆက် အကြောင်းကြားသူဟာ မိုးဇေ ဖြစ်နေတာမို့ တေး... ပို၍ ရှက်ရ ဒေါသထွက်ရပါသည်။

မိုးဇေအကြောင်းကြားတဲ့ လေသံကိုက တေး... 'မှတ်ပြီလား' ဆိုတဲ့ လေသံမျိုးကြီးနဲ့လေ ...။

"ဟဲလို ... တေးလား ...၊ ဒီမှာ နင့်ထက် ရှစ်နှစ်ငယ်... ကောင်လေး တစ်ယောက်ရယ် ... သူ့ထက် ရှစ်နှစ်ငယ်... ကောင်မလေးတစ်ယောက်နဲ့ အတူ ထမင်းစားနေကြ... တွေ့လို့ ကောင်လေးထက် ရှစ်နှစ် ကြီးပြီး ကောင်မ... ထက် ၁၆ နှစ်ကြီးတဲ့ အမျိုးသမီးတစ်ယောက်ကို အကြော... ကြားပေးသင့်တယ်ထင်လို့ ဖုန်းဆက်လိုက်တာ ...၊ ... ရစ်ဖြစ်မှာ သနားလို့ပါဟာ ..."

မိုးဇေက အဲ့ဒီလိုပြောပြီး ဖုန်းချသွားတော့ တေး... ဒေါသတွေ ချောင်းချောင်းထ ကျန်ခဲ့တော့တာ ...။ ချက်ချ... ကားသော့ဆွဲပြီး မောင်းထွက်လာခဲ့မိတာပါ။





တေးက ကားကို ပန်းခြံရှေ့ ကားပါကင်ထဲသို့ ချိုးကွေ့ဝင်လာပြီး ကားပါကင် မသပ်မရပ် ထိုးခဲ့ကာ ပန်းခြံထဲသို့ လျှောက်ဝင်လာခဲ့ပါသည်။

သိပ်ခက်ခက်ခဲခဲတော့ မရှာလိုက်ရပါ။ ဝင်ဝ ထွက်ဝနဲ့ ခပ်ဝေးဝေး မြက်ခင်းနဲ့ နီးနီး ကန်စပ်က စားပွဲမှာ အတူထိုင်နေတဲ့ နှစ်ယောက်က တေးရဲ့ မြင်ကွင်းထဲကို ထင်းခနဲ ဝင်လာပါသည်။

စနေ တနင်္ဂနွေ မဟုတ်၊ နေ့လယ် နေ့ခင်းလည်းဖြစ်တာမို့ ပန်းခြံထဲမှာ လူလည်းရှင်းနေပါသည်။

တေးကို သူတို့က မမြင်သေး ...။ တေးက သူတို့ဆီ သွက်သွက် လျှောက်လာခဲ့သည်။ သူတို့က ထမင်းစားပြီးလို့ အအေးတောင် တစိမ့်စိမ့် သောက်နေကြပြီ ...။

တေးက သူတို့စားပွဲနားမှာ သွားရပ်လိုက်တော့ သူတို့က တေးကို မော့ကြည့်သည်။

"ဟင် ... အစ်မ"

"ဩော် ... တီတီတေးပါလား"

တေးကို အတွေ့မှာ ညချမ်းပုံစံကသာ အနည်းငယ် အံ့သြသလို ဖြစ်သွားပေမယ့် လက်လက်ထရဲ့ ပုံစံက 'ဒီလိုဖြစ်လာမယ်ဆိုတာ သိနေတယ်လေ' ဆိုတာမျိုး ထူးပြီး မအံ့သြသည့် အေးသာသာပုံစံမျိုးပင်။

တေးက စိတ်မထိန်းနိုင်တော့ပြီမို့ သူတို့ရှေ့က



www.burmeseclassic.com

www.burmeseclassic.com



အအေးခွက်တွေကို လက်နှစ်ဖက်ဖြင့် ဆတ်ခနဲ ဆတ်ခနဲ လှမ်း ယူလိုက်ပြီး စားပွဲဘေး ရေကန်ထဲသို့ သွန်ပက်ပစ်လိုက်ပါသည်

"အစ်မ ... ဘာလုပ်တာလဲ"

"အန်တီကြီးကလည်း ဘာတွေဖြစ်နေတာလဲ၊ အေးအေး ပေါ့၊ ထိုင်ဦးလေ ... အအေး အတူသောက်ရအောင်"

"ဟဲ့ ... ဘာအန်တီကြီးလဲ၊ ငါ့အရွယ်က နင် အန်တီကြီး ခေါ်ရမယ့်အရွယ် မဟုတ်ဘူးဟဲ့ ..."

တေးက ဒေါသဖြင့်ပြောမိတော့ လက်လက်ထ သူ့နှုတ်ခမ်းကို လက်ဖြင့်အုပ်ကာ ခစ်ခနဲ ရယ်လိုက်ပြီးမှ ...

"အန်တီကြီးကလည်း သေချာပဲ တွက်ကြည့်ပါဦး၊ အန် ကြီး အသက်က နေခြည့်အသက်ထက် နှစ်ဆနီးပါးလော ကြီးတာကို အန်တီကြီး မခေါ်လို့ ဘယ်လိုခေါ်ရမလဲ ..."

အေးအေးဆေးဆေး ပြုံးစိစိ ကလိတိတိ ပြောလို သော နေခြည့်ပုံစံက တေးရဲ့ မီးညွှန့်တလူလူ တက်နေ မီးပုံထဲကို ဓာတ်ဆီလောင်းချလိုက်သလိုမျိုး ဟုန်းခနဲ ထတော ကာ တေးက လက်လက်ထရဲ့ ခေါင်းကို ဒေါက်ခနဲ အားပ ခေါက်ချပစ်လိုက်ရင်း ...

"ဟဲ့ ... နင် လျှာမရှည်နဲ့၊ ပြော ... ငါ့ရည်းစားကို ဘာ ဒီထိခေါ်လာသလဲ၊ ဘာလို့ ငါ့ကို အသိမပေးသလဲ၊ သဘောနဲ့ နှစ်ယောက်တည်း ထမင်းလာစားသလဲ၊ ပြော ... ရှင်းရှင်းပြော ..."

"ဟင် ... အန်တီကြီး နေခြည့်ကို ခေါက်တယ်၊ အမေ





ထိပ်တောင်ပေါက်သွားပြီလား မသိဘူး၊ သူ့လက်အရင့်မာ ကြီးနဲ့ ခေါက်ချလိုက်တာများ၊ အစ်ကို တွေ့တယ်မဟုတ် လား၊ အစ်ကို့ အန်တီကြီး ဘယ်လောက် လက်ရဲဇက်ရဲ နိုင်သလဲဆိုတာ၊ အဒေါ်ကြီးစိတ်နဲ့မို့လို့ ဒီလိုမျိုးလုပ်တာ၊ အစ်ကို့ကိုလည်း သူ စိတ်တိုင်းမကျရင် အဲ့ဒီလို ခေါက် တာပဲ မဟုတ်လား"

နေခြည်က သူ့ထိပ်ကို သူပွတ်ရင်း အမူပို အကဲပို ချဲ့ပို အတို့အထောင် လုပ်နေတာကို တေးက အံ့သြတကြီး က်လုံးပြူးစိုက်ကြည့်ရင်း ...

"ဟမ် ... ဘာ အစ်ကိုလဲ၊ အစ်ကို အစ်ကိုနဲ့ ကြားရတာ နားကလောလိုက်တာ၊ ငါ့ရည်းစား ငါ့ခေါက်တော့ရော နင့်အပူလား ..."

"အစ်မ ... တော်ဗျာ ..."

စားပွဲဘေးမှာ ခါးထောက်ရပ်ကာ အံကြိတ်သံဖြင့် ပြောနေသော တေးမှာ ညချမ်းရဲ့ ခပ်ပြတ်ပြတ် အသံကြောင့် ငြိမ်သွားပါသည်။ ညချမ်း ငြိမ်လျှင်သာ တေးက စွာချင်တိုင်း တတ်ပေမယ့် ညချမ်းက ရှုပ်တည်နှင့် ခုလို တစ်ချက်ပြောရုံ တေးမျက်နှာက ကလေးသူငယ်လေးလို ဖြစ်သွားကာ ငြိမ် သွားတတ်မြဲပင်။ ဟွန်း ... ကိုယ့်ထက်ငယ်တာလေးကို ကြောက် ရလို့တော့ မဖြစ်ပါဘူး။ လုံးဝ မကြောက်နဲ့ တေးသီသူ ...။

ညချမ်းက ဆတ်ခနဲ ထရပ်ပြီး တေးလက်ကို ဆွဲခေါ် ပါသည်။ တေးက ညချမ်း ဆွဲခေါ်ရာသို့ ကသောကမျောလေး



www.burmeseclassic.com

www.burmeseclassic.com



ပါလာပါသည်။ ညချမ်းက လူရှင်းသည့် နေရာလေးမှာ ရပ်လိုက်ရင်း တေးမျက်နှာကို စေ့စေ့ကြည့်ကာ ...

"ဟိုမှာ လူတွေ ကွက်ကြည့် ကွက်ကြည့်နဲ့ အစ်မ မရှက်ဘူးလား၊ ကျွန်တော်တို့ ဆက်ဆံရေးက အစ်မ ခုလိုပွဲလန့်ကြမ်းရမယ့် ဆက်ဆံရေးလည်း မဟုတ်ဘူး၊ အစ်မ ခုလို မဆင်မခြင် လုပ်တော့ အစ်မလည်း အရှက်ရတယ်၊ ကျွန်တော်တို့လည်း အရှက်ရတယ် ..."

"ငါက ရပ်ကွက်ထဲ ရန်ဖြစ်သလို အော်ကျယ် အော်ကျယ် လုပ်နေတာမှ မဟုတ်ဘဲဟဲ့၊ ငါ့ဘာသာ တိုးတိုးကျိတ်ကျိတ် ပြောနေတာ၊ ဘယ်သူမှ မကြားပါဘူး၊ နင်ကလည်း ငါ့အပြစ်ပြောနေ ..."

တေး လေသံက ပျော့သွားကာ ခုန ပွဲကြမ်းခဲ့တာ သူမဟုတ်တော့သလိုလို တောင်လိုလို မြောက်လိုလို ကလေးအထာ။

"အစ်မ ... အသံမကျယ်အောင် ထိန်းပြောနေလည်း အစ်မ ပုံစံက ဒီလောက် သိသာနေတာ၊ ပုံမှန်အခြေအနေမဟုတ်မှန်း ဘယ်သူ မြင်မြင် သိမှာပဲ၊ အစ်မ ခါးထောက်ထားတယ်လေ၊ အအေးခွက်တွေ ယူသွန်ပစ်တယ်လေ၊ အစ်မ ဒီလိုလုပ်နေကတည်းက တခြား ဝိုင်းကလူတွေက ရိပ်မိနေပြီ၊ သိနေပြီ ..."

"ငါ့ကို ဒီလိုမလုပ်စေချင်ရင် နင်တို့ ဒီလိုမလုပ်ကြနဲ့ပေါ့"





"ကျွန်တော်တို့က ဘာလုပ်နေလို့လဲ၊ အစ်မ အေးအေးဆေးဆေး ထိုင်ပြီး မေးလို့ရတယ်လေ ..."

"ဟိုကောင်မလေးက ငါ့ကို မထီမဲ့မြင် ပြောဆိုနေတာကိုး၊ နင် မမြင် မကြားဘူးလား"

"တီတီတေး ..."

"ဟင် ... မိသော် ..."

ကိုယ့်နောက်ဘက်မှာ ရပ်လျက် လှမ်းခေါ်လိုက်သော သော် အသံကြောင့် တေးက ဆတ်ခနဲ လှည့်ကြည့်မိသည်။

"မိသော် ... နင်က ဒီကိုဘာလာလုပ် ..."

"အစ်ကိုညချမ်းတို့ နေခြည်တို့နဲ့ ချိန်းထားလို့လေ၊ ဒီနေ့ နေခြည့်မွေးနေ့ ဝါးကြောရှိလို့၊ သော်က သင်တန်းရှိလို့ နောက်ကျနေတာ၊ တီတေးကရော ဒီကို ဘာလာလုပ်တာလဲ၊ နေခြည်က တီတေးကိုပါ ဖိတ်တယ်လို့တော့ မပြောပါဘူး၊ လူငယ်တွေကြားထဲ လူကြီးတစ်ယောက် ကန့်လန့်ကန့်လန့် ပါနေရင် စိတ်ရှုပ်စရာကြီးလေ ..."

"မိသော် ... နင် ..."

"သော် ... ညည်းသူငယ်ချင်းဆီကို သွားလိုက်တော့၊ ကိုယ်တော့ စားပြီးသွားပြီ၊ အစ်မနဲ့ ပြန်လိုက်တော့မယ်၊ ကိုယ်နှုတ်ဆက်တယ်လို့ ပြောလိုက်ဦး"

"ပြီးရော ... ပြီးရော ... တီတေးတို့ကလည်း ဘယ်ကနေ ဘယ်လိုရောက်လာမှန်းကို မသိပါဘူး၊ ခုတော့ ပွဲကျပျက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဘာပွဲပျက်တာလဲ၊ ဘာပွဲတွေကဖို့ စီစဉ်ထားလို့လဲ ငါလာတော့ ပွဲမဖြစ်တော့ဘူးဆိုတဲ့ သဘောလား ပွဲစားမင်း နင်က ပွဲစားခ ဘယ်လောက်ရလို့ ပွဲဖြစ်စေချင်နေရတာလဲ"

"အစ်မ … တော်တော့ဆိုဗျာ၊ သော် … သွားတော့ … သွားတော့"

သုသုသော်က တေးကို တစ်ချက်ကြည့်ပြီး နှုတ်ခမ်းလှုပ်ရွ လှုပ်ရွဖြင့် နေခြည် ထိုင်နေသော စားပွဲဆီ လျှောက်သွားသည်။

ညချမ်းက တေးလက်ကို တင်းတင်းဆွဲဆုပ်ကာ ပန်းခြံအပြင်ဘက် ကားပါကင်သို့ ခြေလှမ်းကျဲဖြင့် လျှောက်ထွက်လာပါသည်။

"ဟဲ့ … လွှတ်ပါဦး၊ လက်နာလိုက်တာ၊ တကယ်ပါပဲ … ခြေလှမ်းကလည်း မြန်လိုက်တာ"

တေးက တစာစာပြောဆို ညည်းတွားရင်း ညချမ်းနောက်သို့ အမီလိုက်လာရပါသည်။

ညချမ်းက စကားမဆို။ လက်ကိုလည်း မလွှတ်ဘဲ ဆွဲခေါ်သွားသည်။ တေးရဲ့ ကားပေါ်မှာ တက်ထိုင်မိကြတော့ ညချမ်းက တေးကို ခပ်တည်တည် စိုက်ကြည့်ရင်း …

"အစ်မ …"

"ပြော …"

"အစ်မ ကျွန်တော့်ကို မယုံဘူးလား … ပြော"

တေးက နှုတ်ဆိတ် မျက်နှာလွှဲနေသည်။





"အစ်မကို ကျွန်တော် ဘယ်လိုချစ်ခဲ့သလဲ၊ ဘယ်လောက်ချစ်ခဲ့သလဲ၊ ကျွန်တော့် အချစ် အတိုင်းအဆ ပဏာမကို အစ်မ မသိဘူးလား၊ နားမလည်ဘူးလား၊ ကျွန်တော့်ကို အစ်မယုံရင် အစ်မ ဒီလိုမလုပ်ဘူး …၊

"သူနဲ့ ကျွန်တော် နှစ်ယောက်တည်း ရှိနေလို့ သူ ကျွန်တော့်ကို ဖြားယောင်းရင်တောင် ကျွန်တော့်တာသာ ကျွန်တော် ဖြေရှင်းခဲ့မှာပေါ့၊ ရှန်းထွက်ခဲ့မှာပေါ့၊ အစ်မ လာကြမ်းမှ မဟုတ်ဘူးလေ၊ ကျွန်တော့် အသိဉာဏ်နဲ့ ကျွန်တော် ရှန်းထွက်နိုင်တယ်၊ ဖြေရှင်းနိုင်တယ်၊ အစ်မအရွယ် အစ်မအသိဉာဏ် အစ်မအနေအထားနဲ့ ဒီလိုမျိုး မလုပ်သင့်ဘူး၊ အစ်မမကျေနပ်ရင် ကျွန်တော်နဲ့ နှစ်ယောက်ချင်းတွေ့မှ အေးဆေးပြောပါလို့ ပြောထားတာ ဘယ်နှခါ ရှိပြီလဲ"

"ရုတ်တရက် ဘွားခနဲ မြင်လိုက်ရတော့ စိတ်တိုသွားတာပေါ့ဟဲ့ …"

"စိတ်တိုတိုင်း စိတ်ကို လွှတ်ပေးရအောင် အစ်မက ကလေးလား …"

တေးက ပြန်ပြောစရာ စကားလည်း မရှိတော့တာမို့ အောက်နှုတ်ခမ်းစွန်းကလေးကို ကြိတ်ကိုက်ကာ ငြိမ်နေသည်။

"အစ်မ … မနေ့က ဘယ်သွားခဲ့သလဲ"

ညချမ်း မေးပုံက တရားခံကို စစ်သလိုပုံစံမျိုး …။ တေး မျက်လုံးတွေကို စေ့စေ့စိုက်ကြည့်ရင်း မေးလိုက်တာပင်။



www.burmeseclassic.com

www.burmeseclassic.com



တေးက သူ ဘာကိုရည်ရွယ်မေးတယ်ဆိုတာ နားမလည်ဘဲ ...

"ရှိုးရွမ်းကို သွားတယ်၊ ကားပစ္စည်းအရောင်းဆိုင်ကို သွား
တယ်လေ ... ဘာဖြစ်လို့လဲ"

"တခြား ဘယ်သွားသေးလဲ ..."

"အင်း ... ဒီလိုပဲ၊ ဟိုဟိုဒီဒီပေါ့ ..."

"ကိုမိုးဇေနဲ့ နှစ်ယောက်တည်း ဘယ်ကို သွားခဲ့သလဲ
မေးတာ ..."

"ဟမ် ..."

တေးက သူစိုးလူမိသွားသလို မလုံမလဲ အမူအရာ
လေးနှင့် ...

"ဘယ်သွားရမှာလဲ၊ မသွားပါဘူး"

"အစ်မ မညာနဲ့လေ၊ အစ်မတို့နှစ်ယောက် (xxx) ဆိုင်ထဲ
ဝင်သွားတာ ကျွန်တော် မြင်တယ်၊ ကျွန်တော့် သူငယ်ချင်း
တစ်ယောက်က အဲ့ဒီဆိုင်မှာ အလုပ်လုပ်နေတယ်ဆိုလို့
သူ့ကိုသွားတွေ့ရင်း အစ်မတို့ကို တွေ့တာ၊ ကျွန်တော်
ပြန်ခါနီးတော့ အစ်မတို့ ထမင်းစားနေတဲ့အခန်းရှေ့က
ဖြတ်လျှောက်လာတာ၊ အစ်မတို့နှစ်ယောက်ကို မြင်သားပဲ၊
ဒါပေမယ့် ကျွန်တော်က အစ်မလို မလုပ်ဘူးလေ၊ ကိုမိုးဇေ
က အစ်မအပေါ် မရိုးသားတာ ကျွန်တော် သိသားပဲ၊
ဒါပေမယ့် အစ်မကို ကျွန်တော် ယုံတယ်၊ အဲ့ဒီနေ့ အဲ့ဒီ
အချိန်မှာ ကိုမိုးဇေက အစ်မကို ချစ်ခွင့်ပန်ခဲ့ရင်လည်း
အစ်မ ငြင်းဆန်ရုန်းထွက်နိုင်မယ်ဆိုတာ ကျွန်တော် သေချာ





ယုံတယ်၊ ဒါ့ကြောင့် ကျွန်တော့်ဘာသာ ကျွန်တော် တိတ်
တိတ်ဆိတ်ဆိတ် ပြန်ခဲ့တယ်။ အစ်မကိုလည်း ဘာမှပြန်
မေးမနေတော့ဘူး၊ အစ်မကတော့ ကျွန်တော့်လို မဟုတ်ခဲ့
ဘူးလေ၊ အစ်မလို လုပ်ကြကြေးသာဆိုရင် အဲ့ဒီနေ့က
ကျွန်တော် အစ်မတို့ စားပွဲဆီ လျှောက်လာ၊ အစ်မတို့ရှေ့
က ရေခွက်တွေ ယူသွန်ပစ်၊ ဒေါသနဲ့ စကားတွေ ကလိ
တိတိပြောပြီး ကိုမိုးဇေကို ရိုလို့ရတာပဲ၊ ကျွန်တော် အဲ့ဒီ
လိုလုပ်ရင် အစ်မ ဘယ်လိုနေမလဲ ...၊ လူဆိုတာ မျောက်
သားစားချင်ရင်တောင် မျောက်မျက်နှာ ကြည့်ရသေးတာပဲ"

ဟင် ... ဒီမျောက်က ဘယ်က ပါလာရပြန်တာလဲ။

တေးက သူ့ မျောက်ဥပမာကို ရုတ်တရက် နား
မလည် ...။

"နေစမ်းပါဦး ... မျောက်ကိစ္စကို နားမလည်ပါဘူး၊ မျောက်
သားစားချင်တာနဲ့ မျောက်မျက်နှာကို ဘာလို့ကြည့်ရမှာလဲ"

"ကျွတ် ... အစ်မကဗျာ၊ ဒီမှာ အတည်ပြောနေတာကို ထ
ဖောက်ပြန်ပြီ"

"နားမလည်လို့ မေးတာပေါ့ဟဲ့ ..."

"အစ်မ ဒီအရွယ်ပဲ ရောက်နေပြီ၊ ဒါတောင် နားမလည်ဘူး
လား"

"ဟင် ... နင်နော်၊ ဒီအရွယ်ကိုပဲ စကားထဲ ထည့်ထည့်
ပြောမနေနဲ့၊ အဘွားကြီးတွေတောင် သူတို့မသိတာတော့
ရှိသေးတာပဲ၊ အသက်ကြီးတိုင်း သိရမှာလား ..."



www.burmeseclassic.com

www.burmeseclassic.com



"မျောက်မျက်နှာထားကို အစ်မ မမြင်ဖူးဘူးလား"

"မြင်ဖူးတယ်လေ ..."

"မျောက်မျက်နှာထားက ဘယ်လိုနေလဲ ..."

"အင်း ... ဘယ်လိုလဲဆိုတော့ မျောက်မျက်နှာက မျောက်မျက်နှာပေါ့ပဲ၊ စုပ်ချွန်းချွန်းနဲ့လေ၊ လူနဲ့တော့ တော်တော်တူတယ်၊ အဲ့ဒါကြောင့် လူဟာ မျောက်ကဆင်းသက်လာတာလို့ ပြောကြတာ ဖြစ်မယ်"

တေးက မျောက်မျက်နှာကို မြင်ယောင်စဉ်းစားရင်း တွေးတွေးဆဆ ရှည်ရှည်ဝေးဝေး ပြောနေတာမို့ ညချမ်းက စိတ်မရှည်ဖြစ်လာကာ ...

"မျောက်မျက်နှာက သနားကမားနဲ့လေဗျာ၊ သူတို့မျက်နှာကိုက သနားစရာလေး မျက်နှာငယ်လေး ဖြစ်နေတာ အစ်မက ဒါလေးတောင် သတိမထားမိဘူးလား"

"နင်က ပုပ္ပားနားမှာ နေတာကိုးဟဲ့၊ ပုပ္ပားတောင်ကလပ်က မျောက်တွေ နင် ခဏခဏသွားကြည့်နေတော့ သိမှာပေါ့၊ ငါက မျောက်နဲ့ အဝေးကြီး"

"ဘာလို့ဝေးရမှာလဲ၊ အစ်မက ပိုတောင် နီးသေးတာ တိရစ္ဆာန်ရုံထဲမှာ မျောက်တွေမှ များလွန်းလို့ ..."

"ငါက ကလေးပိစိကွေးမို့လို့ တိရစ္ဆာန်ရုံသွားပြီး မျောက်မျက်နှာ ရှာကြည့်ရမှာလား"

"ကျွန်တော်ကရော ပုပ္ပားတောင်ကလပ်က မျောက်တွေကို ခဏခဏ သွားကြည့်စရာလား"





ညချမ်းကလည်း ဟောက်သည်။ တေးကလည်း ခဲဘဲ ပြန်အော်သည်။ နှစ်ယောက်သားဟာ မျောက်ကိစ္စမှာတင် စကားသပွတ်အူ ရှုပ်နေသည်။

"ကဲ ... ပြောပါဦး၊ မျောက်မျက်နှာ သနားကမားဖြစ်တော့ ဘာဖြစ်လဲ၊ အဲ့ဒါနဲ့ ငါတို့ကိစ္စနဲ့ ဘာဆိုင်လဲ"

"မျောက်သား စားချင်တဲ့သူက သနားစရာကောင်းတဲ့ မျောက်မျက်နှာကို မြင်ရင် သနားပြီး မစားချင်တော့ဘူး လေဗျာ၊ ကျွန်တော်လည်း အဲ့ဒီလိုပဲပေါ့၊ အစ်မတို့ နှစ်ယောက် အတူ ထမင်းစားနေတာကို စိတ်တိုလို့ ပွဲလာကြမ်းချင်ပေမယ့် အစ်မမျက်နှာကို ထောက်လို့၊ အစ်မ အရှက်ရမှာ စိုးလို့၊ အစ်မကို သနားလို့ အဲ့ဒါမျိုး မလုပ်ရက်ဘူးလို့ ပြောတာ ..."

"ငါ့မျက်နှာက မျောက်မျက်နှာလို သနားစရာကောင်းနေလို့ပေါ့လေ ... ဟုတ်လား"

"ဟုတ်တယ်ဗျာ ... ဟုတ်တယ်ဗျာ၊ အစ်မက နားကိုဝေးတာ၊ ဥပမာကို ဥပမာလို ကောင်းကောင်းကို သဘောမပေါက်တာ၊ ဒီအရွှယ်ပဲရှိ ... ကျွတ် ... ထားပါတော့ဗျာ၊ အစ်မဘာသာ ဘယ်အရွယ်ပဲရှိရှိ ..."

ညချမ်းက 'အရွယ်' စကားကို လွှတ်ခနဲ ပြောခါနီးမှာ တေး မျက်လုံးက ပြူးခနဲ ဖြစ်လာတာမို့ စကားကို လျှောချပစ်လိုက်သည်။

တေးက ရယ်ချင် စိတ်ပြေလာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ သဘောပေါက်ပါတယ်ဟဲ့၊ ငါလည်း နောက်တစ်ခါ မျောက်သား စားချင်ရင် နင့်မျက်နှာ အဲလေ ... မျောက် မျက်နှာ ကြည့်ပါ့မယ် ..."

တေးက ညချမ်းကို မျက်စောင်းထိုးကာ ပြောလိုက်ပြီး ကားမောင်းထွက်လာခဲ့သည်။ ကားမောင်းနေရင်းက တစ်ခုခု တွေးမိသွားသလို ခွိခနဲ ရယ်လိုက်တာမို့ ညချမ်းက ခပ်တည်တည် စွေကြည့်လိုက်သည်။

တေးက ရယ်သံစွက်လျက် ...

"ညချမ်း နင်နဲ့ငါ စတွေ့တုန်းက နင့်မျက်နှာမှာ အမွှေး အမျှင်တွေနဲ့လေ ... ငါ အခုမှ ပြန်စဉ်းစားမိတယ်၊ အဲဒီ တုန်းက နင့်ပုံကလေ မျောက်နဲ့ အရမ်းနီးစပ်တာပဲ ... သိလား"

"အစ်မ ..."

"ခိခိ ... ဟင်း ... ဟင်း ... ဟင်း ..."



"မကြူရေ ..."

"ရှင် ... မမ ..."

"လူစု ... လူစု ..."

"ဟုတ်ကဲ့ ... မမ ..."

ဒေါ်သူသူလင်းက လူစုဖို့ သတိပေးလိုက်လျှင် မကြူက ချက်ချင်းလိုပင် 'အေးမူရေ' 'သန်းသန်းရေ' 'အမိတာရေ' လှမ်းခေါ်လူစုလိုက်သည်။ ကားဂိုဒေါင် အပေါ်ထပ်က ဒရိုင်ဘာကြီး ဦးမြမောင်ကို အမိတာက တက်ခေါ်တာမို့ မကြာခင်မှာပင် မီးဖိုချောင်ထဲမှာ လူစုံတက်စုံ စုမိသွားသည်။

ခဏကြာတော့ ဒေါ်သူသူလင်းက အပေါ်ထပ်မှ ဆင်းလာပါသည်။

ဒီနေ့ အိမ်မှာ တေးရော ညချမ်းပါ မရှိပါ။ တေး သူငယ်ချင်းတွေနှင့်အတူ မုန့်စားဖို့ ညချမ်းကိုပါ တေးက ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ နေ့လယ်နေခင်း အပြင်ထွက်တာမို့ တေးနှင့် နှစ်ယောက်တည်း သွားတာကို ဒေါ်သူသူလင်းက မတားပါ ...။

ကိုယ့်မှာလည်း လက်ထောက်ချထားသည့် လူတွေအများကြီးမို့ တေးတို့ မရှိတုန်း ဒီလူတွေကို မေးရ မြန်းရမှာပင်။ လူတစ်ယောက်အကြောင်းကို ကိုယ့်မျက်လုံး တစ်စုံတည်းနဲ့ စောင့်ကြည့်ပြီး ကိုယ့်အမြင်တစ်ခုတည်းနဲ့ ဆုံးဖြတ်ရမှာထက် လူတန်းစား အစုံ အရွယ်စုံ၊ မျက်လုံးအစုံအစုံတို့ရဲ့ ထင်မြင်ချက်တွေကိုပါ သိချင်တာပင် ...။

နေညိုညချမ်းရဲ့ အခြေအနေကို ကိုယ့်ဘက်က သဘောမကျပေမယ့် ကိုယ့်ကို ဆန့်ကျင်ပြီး သမီးက ဒီလူကို ရွေးချယ်ရင်လည်း ကိုယ် ဘာမှတတ်နိုင်မှာမဟုတ်ပါ။ ကိုယ် မတတ်နိုင်၊ မတားနိုင်တဲ့ ကိစ္စတွေ ဖြစ်လာခဲ့ရင်လည်း သမီးရွေးချယ်သည့် သူဟာ ဘယ်လိုလူမျိုးလဲဆိုတာ ဒေါ်သူသူလင်းက သိထားချင်ပါသည်။ အမေဆိုတာ ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ် ကိုယ့်သားသမီးနဲ့ ပတ်သက်သမျှသော အကြောင်းကိစ္စတွေကို တစ်နည်းနည်းနဲ့တော့ သိခွင့်ရအောင် ကြိုးစားချင်ကြသူများချည်းပင်။

"လူစုံပြီလားဟေ့ ..."

"စုံပါပြီ မမ ..."

ဒေါ်သူသူလင်းက မီးဖိုဆောင်ထဲဝင်လာကာ ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။





"ကဲ ... ဒီတစ်ပတ် အခြေအနေကို မကြူက အရင်စပြော၊ တို့ကို အားမနာဘဲပြောနော်၊ တေး မကောင်းရင်၊ တေး မဟုတ်တာလုပ်ရင်လည်း ဘာမှထိန်ချန်ထားစရာ မလိုဘူး၊ သိသမျှ မြင်သမျှကို အိတ်သွန်ဖာမှောက်သာ ပြော"

"ဟုတ်ကဲ့ပါ မမ၊ ပြောရရင်တော့ ကျွန်မအမြင်မှာ တေးက လွန်နေသလိုပဲ"

"အင်း ... ဆိုစမ်းပါဦး၊ ဘယ်လိုလွန်တာလဲ"

"ညချမ်းက တေးထက် ငယ်ပေမယ့် တေးထက် လူကြီးဆန်တယ် မမရဲ့၊ သိလည်း သိတတ်တယ်၊ ဒီအိမ်မှာ သူက ဧည့်သည်ဆိုပေမယ့် ဒီအိမ် ဒီခြံနဲ့ ပတ်သက်ပြီး သူ့မှာ တာဝန်ရှိသလိုမျိုး သဘောထားတာ၊ အိမ်ကိစ္စ ခြံကိစ္စတွေဆို သူ အမြဲဝင်ဝင်ကူတယ်၊ လူတွေနဲ့လည်း ပေါင်းတတ် သင်းတတ်၊ နားလည်ပေးတတ်တယ်၊ တေးနဲ့ တခြားစီပဲ၊ တေးက သူဖြစ်ချင်တာ သူလုပ်ချင်တာပဲ သိတာ၊ တစ်ခါတလေ ကလေးကြီးလိုပဲ၊ ညချမ်းကို စကားပြောရင်လည်း နင် ငါနဲ့ တစ်ခါမှ ပျော့ပျော့ပျောင်းပျောင်း မပြောဘူး၊ အမြဲ မာရေကြောရေ ဟိန်းဟောက်နေတတ်တာမျိုး၊ အကြီးဆိုပြီး မညှာတဲ့အပြင် အနိုင်ကျင့် ဗိုလ်ကျချင်သေးတာ၊ သူကပဲ ဆိုးချင် နွဲ့ချင်တာ၊ ကိုယ့်ချစ်သူပဲ မမရယ် ... ကိုယ့်ထက် ငယ်လည်း လေးစားမှုလေးတော့ ရှိရမှာပေါ့၊ မမ သမီးကတော့လေ ညချမ်းလို လူမျိုးနဲ့ တွေ့ရတာ ဘုရားမသလိုပဲ သိလား၊ ညချမ်းနဲ့ ရမှပဲ



www.burmeseclassic.com

www.burmeseclassic.com



တေး စိတ်မဆင်းရဲရမှာ၊ တခြားသူဆို မမ သမီးဒုက္ခ မခံနိုင်တာနဲ့ ဝေးရာကို ပြေးခွာမှာပဲ ...”

အားမနာတမ်း ပြောခွင့်ပေးလိုက်တာနှင့် အားမ လျှာမကျိုး အဆက်မပြတ် ပြောလိုက်သော မကြူကြောင့် သူသူလင်းမှာ နည်းနည်းတော့ လည်ပင်းနင်တင်တင် ဖြစ်သွ ရကာ ...

“အင်း ... အဟမ်း ... မကြူ နင် နည်းနည်းများသွား နောက်ဆို နည်းနည်းလျှော့ ... ဟုတ်ပြီလား”

“အဟီး ... ဟုတ်ကဲ့ ... မမ”

“ကဲ ... သန်းသန်းနဲ့ အေးမှု အလှည့်”

“ဟုတ်ကဲ့ ... ကြီးကြီး”

“ပြောပါဦး ... နင်တို့မြင်တာ ...”

“အဟီး ... ဟီး ... မြင်တာတော့ ကိုကြီးညချမ်းက ချစ် ကောင်းတယ် ကြီးကြီး ...”

“ဘယ်လို ...”

“ကိုကြီးညချမ်း တည်းနေတဲ့ အိမ်ဘက်ကို အေးမှုတို့ သ ရှင်းရေး လုပ်ပေးဖို့ သွားရင် သိပ်သက်သာတာပဲ၊ ဘာ တောင် လုပ်ပေးစရာ မလိုဘူး၊ သူနေတဲ့နေရာလေး သူ့ဘာသာ သန့်ရှင်းသပ်ရပ်အောင် လုပ်ထားတာ၊ အိမ် ကလေးဆိုလည်း ပြန့်စန့်နေတာပဲ၊ မမတေးနဲ့များ တခြ စီမှ တခြားစီပဲ၊ မမတေး အခန်းများ ဝင်ရှင်းပြီဆို အေ တို့ ခေါင်းတောင်မူးတယ်၊ တစ်ခါတည်း ရှုပ်ပွနေတာ





မမတေးက လုံးဝကို စည်းကမ်းမရှိတာ၊ မမတေးနဲ့ ကိုကြီး ညချမ်း တစ်ခန်းတည်းသာ နေရမယ်ဆို ကိုကြီး ညချမ်း တော့ ဒုက္ခပဲ၊ မမတေး ဖွထားတဲ့ အမှိုက်ပုံထဲ ဖြစ်နေရမှာ ကြီးကြီးရဲ့ ...”

အင်း ... သူတို့လည်း နည်းနည်းတော့ များတာပဲ။ ခုထိ ကိုယ့်သမီးအကောင်း တစ်ခါမှ မကြားရသေး ...။ တစ်သက် လုံး မြိုထားတဲ့ မကျေနပ်ချက်တွေကို အခွင့်သာ ပါမစ်ရတုန်း ဆော်ထုတ်ဆော်နှက်ချင် နေပုံရပါသည်။

“အေးမှု ...”

“ရှင် ... ကြီးကြီး ...”

“အားမနာဘဲ ငါ့သမီး မကောင်းကြောင်း ပြောခွင့်ပေးထား တာ မကြူကိုနော်၊ နင်တို့မပါဘူး၊ နင်တို့ကလည်း အိုဗာ”

“အဟီးဟီး ... ဟုတ်ကဲ့၊ နောက် မပြောနဲ့ဆို မပြောတော့ ဘူး”

“ပြောသင့်သလောက်တော့ ပြောကြပေါ့အေ့”

“ဟုတ် ... ကြီးကြီး”

“ကဲ ... အမိတာ”

“ရှိ ...”

“ပြောပါဦး ... နင်မြင်တာ ...”

“အမိတာ မြင်တာတော့ မမတေးက အားကို့ကို သက်သက် အနိုင်ကျင့်တာတွေ များပြီ၊ အားကို့နော် ... ငယ်တယ်၊ ရုပ်ချောတယ်၊ အားကို့ကိုနော် ကောင်မလေးတွေ ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ သုသုသော် သူငယ်ချင်း ကန်းမကလေးနော် အားကို့ကို သိပ်သဘောကျတယ်၊ အမီတာနော် အလကား မနေဘူး၊ အကဲခတ်နေတယ်၊ ကန်းမကလေးနော် အားကို့ကို မြင်ရင် မျက်လုံးထဲမှာ နေအစင်း ၂၀ လောက် ထွက်လာတယ်"

"ဟမ် ... နေအစင်း ၂၀၊ နင် ဘာကိုပြောနေတာလဲ အမီတာရဲ့၊ ငါနားလည်အောင် ရှင်းရှင်းပြော ..."

"ကန်းမကလေး မျက်လုံးတွေ တောက်ပလာတာကို တင်စားပြီး အမီတာ ပြောတယ်နော်၊ ကြီးကြီး နားမလည်ဘူး အမီတာက ကုလားနော်၊ ကြီးကြီးက ဗမာ၊ ကုလား ဗမာလို ပြောတယ်နော်၊ ဗမာက နားမလည်ဘူး၊ ဒါဆို အမီတာ ဘယ်လိုပြောရမလဲ ..."

"အမလေးဟဲ့ ... ဟုတ်ပါပြီ၊ ကဲ ... ဆက်ပြော ဆက်ပြော"

"ကန်းမကလေးက အားကို့ကို အားကို့ အားကို့နဲ့ အမြဲခေါ်တယ်နော်၊ အမီတာ အားကို့ ခေါ်တာနဲ့ မတူဘူး ကန်းမလေး ခေါ်တဲ့ အားကို့ ဆိုတဲ့ အသံထဲမှာနော် တရော်ကင်ပွန်းတွေ ပါတယ်၊ အမီတာ့ အားကို့ထဲမှာနော် ဘာမှ မပါဘူး"

"ဘာ ... ဘာ ... ဘာပါတယ်"

"ဟော ... ကြီးကြီးနော်၊ အမီတာ့ စကားကို နားမလည်ပြန်ဘူး၊ အမီတာ တော်တော် စိတ်ညစ်လာပြီနော်"

"သူ ပြောတာက သော့် သူငယ်ချင်း ကောင်မလေး





ညချမ်းကို အစ်ကိုလို့ခေါ်ရင် တရော်ကင်ပွန်းလို ချွဲပစ်ပြီး ခေါ်တယ်လို့ ပြောတာ မမရဲ့"

"အမလေး ... အမီတာရယ်၊ နင် စကားပြောရင် ရိုးရိုး ပြောစမ်းပါဟယ်၊ ငါနားထောင်ရတာ ပင်ပန်းလွန်းလို့ပါ"

"ဗမာနော် ဗမာစကား ကောင်းကောင်းမသိဘူး၊ ကုလား စိတ်ညစ်တယ်၊ အမီတာ ရှင်းရှင်းပဲပြောမယ်၊ ကန်းမလေး က အားကို့ကို ရလာအောင် မြောင်းဖောက်တယ်၊ အားကို့နော် ... သူ့ရေကို ကန်းမလေး မြောင်းထဲ ပေးမစီးဘူး၊ ကန်းမလေးကနော် ယုန်ကမတိုးဘဲ ပိုက်ကတိုးတယ်၊ အားကို့ နော် ... ပိုက်ကွန်ထဲ အမိမခံဘူး၊ ဒါကို အမီတာ ကန်းကန်း နားလည်တယ်၊ အစ်မတေးနော် ကန်းကန်း နားမလည်ဘူး၊ အားကို့ မဟုတ်တာ မလုပ်ဘဲ အားကို့ကို ရန်လုပ်တယ်၊ အစ်မတေးနော် အားကြီး မကောင်းဘူး၊ အားကို့ကိုပဲ အမီတာ သနားတယ်"

အမီတာ့ စကားဆုံးတော့ အမီတာကတော့ မောမောမသိ၊ ဒေါ်သူသူလင်းတော့ မောသွားပါသည်။

နားထောင်ရသမျှ ကိုယ့်သမီးက အလွန်၊ ညချမ်းက အကောင်းချည်းမို့ ပိုလို့မောရသည်။ လက်ရှိအခြေအနေမှာ ကိုယ်က ဈေးကိုင်ရမှာလား၊ ညချမ်းက ဈေးကိုင်ရမှာလားတောင် မသိတော့ ...။

"ဟုတ်ပါပြီ ... အမီတာရယ်၊ ကဲ ... ဦးမြမောင် ခေါ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ကြိမ် ပြောလိုက်သော ဒေါ်သူသူလင်းအသံက အားအင် ဖျော့တော့လှပေသည်။

"ကျွန်တော် ကြားသလောက် မြင်သလောက် ပြောရရင်တော့ ကောင်လေးက ငယ်ပေမယ့် တေးတေးကို မှီခိုနေလိုက်ချင်တဲ့ ယောကျ်ားမျိုး မဟုတ်ဘူး ထင်ပါတယ်။ တေးတေးကိုတောင် ထိန်းကွပ်ပဲ့ပြင် ဦးဆောင်ချင်တဲ့လူမျိုးပါ၊ တစ်ခါတလေ သူ့ခြံကိစ္စတွေ ဖုန်းဆက်ညွှန်ကြားနေရင်လည်း သူ့စကားတွေ ကျွန်တော် နားထောင်ကြည့်ပါတယ်၊ အလုပ်တစ်ခုကို အောင်မြင်အောင် ဦးဆောင်နေတဲ့ ရင့်ကျက်တဲ့ ယောကျ်ားကောင်းတစ်ယောက်ရဲ့ ပုံစံမျိုးပါပဲ"

ဦးမြမောင် စကားဆုံးတော့ ဒေါ်သူသူလင်းက သက်ပြင်းကြီးတစ်လုံးကို ဟင်းခနဲ ချလိုက်ပါသည်။

ကိုယ့်သမီးရဲ့ လိုအပ်ချက်၊ ချို့ယွင်းချက်တွေကိုချည်း ကြားလိုက်ရပေမယ့်လည်း ကိုယ့်သမီး ရွေးချယ်ထားတဲ့ ယောကျ်ားလေး တစ်ယောက်ရဲ့ ကောင်းသတင်းတွေ ကြားရတဲ့အတွက်တော့ ကျေနပ်သလိုလို ရှိသွားပင်။



နံနက်ခင်း၏ နေရောင်သည် ခြံဝန်းထဲရှိ မြက်ခင်းစိမ်းစိမ်းပေါ်သို့ ဖြာကျလျက် ရှိလေသည်။

ဒေါ်သူသူလင်းသည် အိမ်ရှေ့ဘက် ပြတင်းပေါက်နံဘေးဆီးစအကွယ်လေးတွင် ရပ်တန့်ရင်း ခြံထဲက ပန်းပင်တွေကို ရေလောင်းနေသည့် တော်ရကောင်းနိုး မကောင်းနိုး သမက်လောင်းကို လှမ်းမျှော်ကြည့်ရင်း အတွေးနက်လျက် ရှိပါသည်။

ညချမ်းပုံစံက လန်းဆန်း ကြည်လင်သွက်လက်လှသည်။ ပန်းပင်တွေကို ရေလောင်းနေပုံက ဂရုတစိုက် ရှိလှသည်။ ဒီခြံကိုရောက်ကတည်းက သူပြုစု စိုက်ပျိုးထားသည့် အပင်ကလေးတွေပင် ခုဆို အညွှန့်အညှောင့်လေးတွေ ထွက်စပြုပြီ။ နောက်ဆုံးရက်ဆို ညချမ်း ဒီကိုရောက်တာ တစ်လပြည့်တော့မည်။

ဒီတစ်လအတောအတွင်းမှာ ကိုယ်ဟာ ညချမ်းအပေါ် တရင်းတနှီး နွေးနွေးထွေးထွေး မဆက်ဆံဖြစ်ခဲ့။ နောက်ကျတော့ မကောင်းတတ်လို့ ထမင်းလက်ဆုံ တစ်ခါစားဖြစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်တော့ ကိုယ့်ဘာသာ မနက်ဆို ဆိုင်ထွက်ဖို့ သွား ညနေမှ ပြန်လာ၊ ခြံထဲတွေ့ရင် နှုတ်ဆက်လိုက်ရုံသာ ကင်းကင်း ကွာကွာ ရှိခဲ့ပါသည်။

စ,ခေါ်လိုက်ချိန်ကတော့ ကိုယ်သွားလေရာ ကား မောင်း ပို့ခိုင်းလို့ပဲဖြစ်ဖြစ် တရင်းတနှီး စကားပြောကြည့်ရင်း အကဲခတ်ဖို့ ကြံစည်ခဲ့တာပင်။ သို့သော် ပထမခြေလှမ်းမှာပင် ညချမ်းက ကိုယ့် စားမေးပွဲကို ကျခဲ့သည်။ နယ်ဆန်ဆန် စမတ် မကျသော ပုံစံက ကိုယ့်ကို အရှက်ရစေသည်။ ကိုယ်နဲ့ အရွယ် အခြေအနေတူတွေရဲ့ သမီးတွေ ...၊ ပိုက်ဆံရှိ ပညာတတ် စမတ် ကျ ယောကျာ်းမျိုးတွေနဲ့ လက်ထပ်နေကြချိန်မှာ ကိုယ်က နွား မောက်ခြံ ငါးကေသာပိုင်သော တောသားကို သမက်တော်ရမည့် အချက်က အခက်တွေ့စေခဲ့တာပင်။

ဒီအခြေအနေတွေကြောင့်ပဲ ညချမ်းကို အရေးတယူ မလုပ်ဘဲ တစ်လနီးပါး နေလာခဲ့သည်။

ညချမ်းကတော့ သူ့ဘာသာ အေးအေးဆေးဆေး လန်းလန်းဆန်းဆန်းပင်။ ကိုယ်ကသာ အဖက်မလုပ်ပေမယ့် သူ့ ကို အဖက်လုပ်သော သူများနှင့် ချစ်ခင်ရင်းနှီးစွာ နေရင်း ခု သူ့ဘက်က အမှတ်တွေတောင် ရလို့ပင် ...။

ဒေါ်သူသူလင်းက ညချမ်းအကြောင်း တေး ဖေဖေ ကိုတောင် ပြောမပြခဲ့ပါ။ ကိုယ်ကမှ သဘောမတူ လက်မခံ လျှင် တေး ဖေဖေ နားထိပေါက်ကြားအောင် ပြောစရာမလို ထင်လို့ပင် ...။





ခုတော့ ... ကိုယ့်စိတ်မှာ 'လုံးဝ လက်မခံဘူး'ဆို သော အဆင့်ကနေ လက်ခံရင် ကောင်းမလား'ဟူသော အဆင့်သို့ ရောက်ရှိလာပါသည်။

ထိုသို့ ရောက်ရှိလာရသော အကြောင်းရင်းတွေထဲ မှာ မကြူတို့ လူတစ်စုရဲ့ စကားတွေဟာလည်း အကြောင်းတစ် ချက်အဖြစ် ပါသည်။ ကိုယ့်အမြင်မှာ ညချမ်းကို တည်ငြိမ်ကြည် လင်သော၊ ရိုးသားထက်မြက်သော လူငယ်ကလေးအဖြစ် မြင်လာမိ တာလည်း ပါသည်။ နောက်တစ်ချက်ကတော့ ကိုယ် အားကျခဲ့ ရသော သူငယ်ချင်း တချို့ရဲ့ သမက်တွေအကြောင်း၊ သမက် လောင်းတွေအကြောင်း ကြားသိရတာလည်း ပါသည်။

ပြီးခဲ့တဲ့ သုံးလေးရက်ကမှ ဝင်နီ့ သမက်လောင်း အာကာဇော် အကြောင်း ကြားရတာ ရင်မသည်းဖို့ ရှိလှလို့ပင်။ အကြောင်းကတော့ ဝတ္ထုဇာတ်လမ်းတွေထဲကလိုမျိုးပင်။

"ဝင်နီတော့ တကယ် ရင်ကျိုးတာပဲ လင်းရေ... သူက သူ့သမက်လောင်းအတွက် အရမ်းဂုဏ်ယူတာလေ၊ အာ ကာဇော်တို့ကလည်း ယောက္ခမ မက်လောက်စရာ ဟိတ် ဟန်က အပြည့်၊ စည်းစိမ်ကလည်း အပြည့်မဟုတ်လား၊ လူဆိုတာမျိုးက အပေါ်ယံ လုပဇာင့်တယ်တာ မြင်ရင်ပဲ မက်မောတတ်ကြတဲ့ သူက အများစု မဟုတ်လား၊ တကယ့် အတွင်းအနှစ်သာရကို စစ်ပေါက်စုံစမ်း လေ့လာတဲ့ သူက ခပ်ရှားရှားရယ်လေ ...၊ မင်္ဂလာဖိတ်စာတွေ အားလုံးရိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးချိန်ကျမှ နယ်မှာ သူယူထားတဲ့ မိန်းမနဲ့ ကလေးရှိမှန်း သိတာ၊ ဟိုကောင်မလေးက ဆင်းရဲပေမယ့် ချောချောလှလှ ငယ်ငယ်ကလေးတဲ့၊ ကလေးကလည်း ချစ်စရာလေးတဲ့ ... နယ်ဘက်မှာ စက်ရုံတစ်ခု သွားဆောက်ရင်းနဲ့ ဆိုလား တွေ့ကြတာ၊ စောစောစီးစီး သိလို့သာပေါ့၊ ဒါ့ထက် နည်းနည်းသာ နောက်ကျလို့ကတော့ မတွေးရဲဘူး၊ သိတယ် မဟုတ်လား ... ဝင်နီကလည်း သူ့သမက်ကို ဘကြီး ညာကြီးရယ်လို့ အရမ်းကို ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေတဲ့သူဆိုတော့ ပိုအထိနာတာပေါ့၊ မင်္ဂလာသာဆောင် ဖြစ်လို့ကတော့ ရုပ်ရှင်တွေထဲကလို ဟိုသားအမိ လိုက်လာ ရင် အားလုံး အရှက်ဖြန်းဖြန်း ကွဲကြမှာလေ ...”

ဒီသတင်းတွေ ကြားတော့ သမီးကို ကိုယ်ပြောခဲ့မှု တဲ့ စကားတွေကို ပြန်သတိရခဲ့သေးသည်။

“အို ... ဘာပဲဖြစ်ဖြစ် ငါလည်း ဝင်နီ့လိုမျိုး ငါ့သမက်ထ ဘကြီး ညာကြီးရယ်လို့ ကြွားချင်သေးတာပဲ”

ဟု ပြောခဲ့မိဖူးသည်။ ခုတော့ သမက်လောင်းဆိုတာ ဘကြီး ညာကြီးရယ်လို့ ကြွားလို့ကောင်းရုံနဲ့ မပြီးကြောင်း သိပါ ပြီ။

ဝင်နီ့သမက်က ဒီလို တစ်စခန်းရပ်ချိန်မှာ တခြား သူငယ်ချင်းတွေရဲ့ သမက်တချို့ဟာလည်း ဟိုတစ်စ ဒီတစ်စ အပုပ်နံ့ကလေးတွေ ထွက်စပြုလာတာကို တစ်စွန်းတစ်စ ကြား သိရသည်။





တကယ်တော့ အိမ်ထောင်ရေး ကိစ္စမှာ ကံတရား နဲ့လည်း အများကြီး သက်ဆိုင်သလို စိတ်နေစိတ်ထား အကျင့် စရိုက်တွေဟာလည်း ပိုက်ဆံရှိမရှိ ဂုဏ်တင့်မတင့် ကိစ္စထက် အရေးပါပါလားဟု သဘောပေါက်သလိုလို ရှိလာရပါသည်။

“မမ ... ဒီမှာ ခြင်း အဆင်သင့် ဖြစ်ပါပြီ”

“ဪ ... အေး အေး ...”

မကြူက ကိုယ် ဆိုင်သွားဖို့ ပလတ်စတစ်ခြင်း ကလေးထဲမှာ ကော်ဖီဘူး၊ ထမင်းချိုင့်၊ မုန့်ဘူး၊ ဆေးဘူး၊ အစာ ကြေဆေးဘူးတွေ အသင့်ပြင်ဆင်ထည့်ပေးကာ အနားမှာ လာချ ပေးသည်။

ဒေါ်သူသူလင်းက မကြူကို လှည့်ကြည့်ရင်း ...

“မကြူ ...”

“ရှင် မမ ...”

“တေးရော နိုးပြီလား ...”

“မနိုးသေးဘူးထင်တယ် မမ၊ ဘရိတ်ဖတ် စားတော့မလား လို့ ကျွန်မ ခုန တံခါးသွားခေါက်ကြည့်သေးတယ်၊ အသံ မကြားရဘူး၊ ထုံးစံအတိုင်း ညက အင်တာနက် သုံးနေလို့ အိပ်ရာဝင် နောက်ကျတယ်ထင်တယ်”

“ဦးမြမောင်ရော ...”

“ရှိတယ်လေ မမ၊ မမကို ပို့ဖို့ အဆင်သင့်ပဲ၊ ကားထုတ်ပြီး လို့ သူ့အခန်း ခဏတက်သွားတယ်၊ ခုပဲ ပြန်ဆင်းလာခဲ့ မယ်တဲ့၊ ခု သွားခေါ်ပေးရမလား မမ”



www.burmeseclassic.com

www.burmeseclassic.com



"နေပစေတော့၊ မမ ညချမ်းကိုပဲ မောင်းပို့ခိုင်းလိုက်တော့မယ်"

"ဟယ် ... တကယ်လား ... ဝမ်းသာလိုက်တာ မမရယ်"

မကြျူ ဖြစ်သွားပုံက ညချမ်းကိုပဲ ကိုယ်က သဘောလောင်းအဖြစ် လက်ခံလိုက်သလိုမျိုး ...။ ခုလိုမျိုး တစ်ခါမှ မလုပ်ဖူးတာမို့ ခုလိုလုပ်လိုက်ခြင်းက သူတို့ မျှော်လင့်ချက်တွေ မြင့်တက်စေတာမျိုး ...။

ဒေါ်သူသူလင်းက ဒီလိုတော့လည်း ယူဆမခံချင်သေးတာမို့ မကြျူကို မျက်နှာထားတည်တည်ဖြင့် ကြည့်လိုက်ရင်း

"ညည်းက ဘာကို ဝမ်းသာရတာလဲ၊ တလွဲ အဓိပ္ပာယ်ကောက်မနေနဲ့ ..."

ဟု ဟောက်ခဲ့ကာ ဆွဲခြင်းကို လှမ်းယူ၊ အနားမှာချထားသည့် လက်ကိုင်အိတ်ကိုပါ လှမ်းယူလိုက်ပြီး ခြံထဲသို့ ဆင်းလာခဲ့ပါသည်။

♥ ♥ ♥

"မောင်ညချမ်း ..."

"ဗြော် ... ဒေါ်လေး ဆိုင်သွားတော့မလို့လား ခင်ဗျ"

"အေးကွယ် ... သွားတော့မလို့ပဲ၊ ဦးမြမောင်ကို တခြားခိုင်းထားတာလေးရှိလို့ ကားမောင်းပို့မယ့်သူ မရှိဘူးဖြစ်နေတယ်၊ တေးကလည်း မနိုးသေးဘူးလေ"

"ကျွန်တော် မောင်းပို့ပေးရမလား ခင်ဗျ"

"မင်း ရန်ကုန်လမ်းကြောတွေ သိလို့လားကွယ့်"

"သိပါတယ် ခင်ဗျ၊ ကျွန်တော် အရင်က ဦးလေးနဲ့အတူတူ ရန်ကုန်လာတိုင်း မြို့ထဲဘက်တွေ မောင်းဖူးပါတယ်၊ ခုလည်း ဦးမြမောင် ကားမောင်းတဲ့အချိန်တွေမှာ သေချာလိုက်ကြည့်မှတ်သားထားပါတယ်"

"အင်း ... အင်း ... ဒါဆိုလည်း မောင်းပေးလေ"

ဒေါ်သူသူလင်းက ညချမ်းကို သိပ်လိုက်လိုက်လဲလဲ ဆက်ဆံလိုက်ရင် သမီးနဲ့ သဘောတူလိုက်ပြီဟု ထင်မှာလည်း




www.burmeseclassic.com

www.burmeseclassic.com



စိုး၊ ခပ်တင်းတင်း ဆက်ဆံပြန်ရင်လည်း လုံးဝ သဘောမတူ ဟု ထင်လိုက်မှာစိုးကာ ထိုနှစ်ခုကြားထဲက မလျှော့မတင်း မ မအေးလေး ထိန်းကာ ဆက်ဆံရင်း ညချမ်းကို အကဲခတ်လာ သည်။

ညချမ်းပုံစံကလည်း ဒေါ်သူသူလင်း သဘောတူ ခြင်းအလို့ငှာ သိသိသာသာ ကတ်ဖားယပ်ဖားလုပ်မည့်ပုံ မပေါ အရမ်းကြီး အရောတဝင်လည်း လိုက်မလုပ်၊ ရိုသေလေးစား ကလေးနှင့် အလိုက်တသင့် ခပ်မှန်မှန်လေးဆက်ဆံရင်း ခြံအတွ အိမ်အတွက် လိုအပ်တာလေးတွေ ကူညီလုပ်ကိုင်ပေးနေတာပင် တေးကိုလည်း ချစ်သူချင်းပဲရယ်လို့ နှစ်ယောက်ချင်း တွေ့ဆုံခွ ဖန်တီးယူတာမျိုးလည်း မရှိ။ အီစီကလီဆန်သော အကြည့်မျိုး အမူအရာမျိုးလည်း မရှိ ...။ မနက်မိုးလင်းရင် တေးကလည် သူ့အလုပ်သူသွား၊ ညချမ်းကလည်း အိမ်မှာ အေးရာအေးကြောင် တစ်ခါတလေ အပြင်ထွက် ထမင်းစားတာ၊ သူငယ်ချင်းတွေနဲ တွေ့တာမျိုးတွေ ရှိတော့ရှိပေမယ့် နေ့တိုင်းထွက်နေတာမျိုးမဟုတ် တေး အလုပ်ကပြန်လာတဲ့အခါ ခြံထဲမှာပဲ လမ်းလျှောက်ရင် ခုံတန်းကလေးမှာ ခပ်ခွာခွာထိုင်ရင်း စကားပြောနေကြတာကိုတေ ဒေါ်သူသူလင်းက မကြာမကြာ အကဲခတ်နေသူမို့ လှမ်းမြင်တွေ နေရသည်။

ညချမ်းက ကားကို ခပ်မှန်မှန်လေးမောင်းလာသည် ကားမောင်းနေပုံက ကားနှင့် အမြဲထိတွေ့ ရင်းနှီးသူ တစ်ယော လို ယုံကြည်မှုရှိရှိ ပိုင်ပိုင်နိုင်နိုင် ပုံမျိုးပင်။ ဘယ်လိုပင် ချည်ကြမ်





ချင်ထည်တွေ ဝတ်ထားပေမယ့် ညချမ်းဟာ အနုံညာတ တောသား မျိုးတော့ မဟုတ်တာကို ဒေါ်သူသူလင်းက လက်ခံလာရပါသည်။

"ညချမ်း ..."

"ဟုတ်ကဲ့ ... ပြောပါ ဒေါ်လေး"

"မင်း တေးကို ဘယ်လိုမြင်သလဲကွယ် ..."

မီးပွိုင့်မှာ ကားတန်းရှည်ကြီး ပိတ်ဆို့ရပ်နားနေရ ခိုက်မှာ ဒေါ်သူသူလင်းက မေးခွန်းထုတ်လိုက်ပါသည်။

"အားမနာတမ်း ပြောလို့ရပါတယ်၊ အမေတစ်ယောက်က သမီးတစ်ယောက်ကို မြင်တဲ့အမြင်နဲ့ မင်းဘက်က မြင်တဲ့ အမြင်က ခြားနားကောင်း ခြားနားနိုင်တယ် မဟုတ်လား"

"အစ်မက စိတ်ရင်းကောင်းပြီး အပြောအဆို မလိမ္မာတဲ့ သူပါ၊ အရွယ်နဲ့ လိုက်ဖက်တဲ့ ရင့်ကျက်မှုမရှိတဲ့ သူမျိုးပါ၊ တစ်ခါတလေကျတော့ သူဖြစ်ချင်တာတစ်ခုကိုပဲ စဉ်းစား တတ်ပြီး တခြားတစ်ဖက်ကို စဉ်းစားပေးဖို့ မေ့နေတတ်တဲ့ သူမျိုးပါ"

"ဒီလိုလူမျိုးကို မင်းကပဲ အလျှော့ပေးနေရတယ်ပေါ့"

"အလျှော့မပေးပါဘူး ဒေါ်လေး ..."

ဟမ် ... ဘယ်လိုပါလိမ့် ...။ ဒင်းက ငါ့သမီးကို အလျှော့မပေးဘူး ဆိုပါလား။ အလျှော့မပေးချင်ရင်လည်း ယူဖို့ စိတ်ကူးမနေနဲ့တော့ပေါ့ဟယ်။

ဒေါ်သူသူလင်းက စိတ်တိုသွားကာ ညချမ်းကို ခပ် တင်းတင်းလေး ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညချမ်းကတော့ တည်တည်ငြိမ်ငြိမ်ဖြင့် ...

"အစ်မဘက်က မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ နေရာတကာ ကျွန်တော့်ဘက်က အမြဲ အလျှော့ပေးနေရင် အစ်မက ဘာမဆို ငါ့သဘောအတိုင်း လုပ်လို့ရတာပဲဆိုပြီး အထိန်းအကွပ်မရှိ ဖြစ်သွားမှာပေါ့ ဒေါ်လေး၊ ကျွန်တော့်ကိုလည်း ဘယ်လေးစားတော့မလဲ၊ ကျွန်တော့်ကို သူထက်ငယ်တဲ့သူ၊ သူ ဘာလုပ်လုပ် အလျှော့ပေးတဲ့သူပဲဆိုပြီး မလေးစားရင် အစ်မလည်း မကောင်းဘူး၊ ကျွန်တော်လည်း မကောင်းဘူး၊ အစ်မကို ကိုယ့်အိမ်ထောင်ဘက်ကို နိုင်တဲ့သူမျိုး မထီမဲ့မြင် မလေးမစားလုပ်တဲ့သူမျိုး မဖြစ်စေချင်ဘူး၊ ကျွန်တော်လည်း အလေးစား မခံရတဲ့သူ၊ အနိုင်ကျင့်ခံရတဲ့သူ မဖြစ်ချင်ဘူး၊ ဒါကြောင့် ကျွန်တော့်ဘက်က မလျှော့သင့်ရင် မလျှော့ဘူး၊ ကျွန်တော်က အစ်မထက်ငယ်ပေမယ့် အရွယ်ရောက်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေတဲ့ ယောကျ်ားတစ်ယောက်ပါ၊ အိမ်ထောင်တစ်ခုကို ဦးဆောင်နိုင်တဲ့ ယောကျ်ား တစ်ယောက်ပါ၊ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ယောကျ်ားဆိုတာကတော့ အိမ်ထောင်ဦးစီးနေရာက မားမားမတ်မတ် နေချင်တာပဲပေါ့ ခင်ဗျာ အစ်မမှားရင်လည်း ထောက်ပြပြုပြင်ဖို့ ကျွန်တော့်မှာ တာဝန်ရှိတာပေါ့"

ညချမ်း စကားဆုံးသွားချိန်မှာ မီးပွိုင့်စိမ်းကာ ကား





သွားလည်း ဘီးလိမ့်ထွက်ခွာကြပြီမို့ ညချမ်းက ကားကိုပဲ အာရုံစိုက် မောင်းနေလိုက်ပါသည်။

ဒေါ်သူသူလင်းမှာတော့ ကိုယ်မတွေးမိတာကို တွေးတောသော ညချမ်း စကားကြောင့် ကိုယ့်ကိုယ်ကိုယ်တောင် ရှက်... ဖြစ်သွားကာ နှုတ်ဆိတ်ငြိမ်သက်သွားရပါသည်။

ကိုယ်ကရော သမီးနဲ့ဘာထူးလို့လဲ ...။ ကိုယ့်တစ်ဖက်တည်းပဲ တွေးခဲ့တာလေ ...။ အတောမသတ်နိုင်သော သမီး၏ လောဘကြောင့် ကိုယ့်သမီးကို အလိုလိုက်မည့်သူ၊ အလျှော့ပေး ဆက်ဆံနိုင်မည့်သူ ဟုတ်ပါ့မလားဆိုတာကိုပဲ တွေးခဲ့မိတာ ဟုတ်လား။

ဘယ်မိဘမဆို ကိုယ့်သမီးကို အလျှော့ပေးမည့် ယောကျ်ားမျိုးကိုသာ လိုချင်ကြမှာ အမှန်ပါပင်။ တစ်ဖက်က အလျှော့ပေးနေတိုင်း ကိုယ့်သမီးဘဝ ကောင်းမလာနိုင်တာကိုတော့ သမီးရှင်တိုင်း တွေးမိကြမည်မထင် ...။ တစ်ခါတစ်ရံမှာ တင်းသင့်တာကို မတင်းဘဲ အလျှော့ပေးခြင်းဟာ အဆိပ်တစ်ခွက် ဖြစ်နိုင်တာကို ဒီတောသားကလေး ပြောမှပဲ ဒေါ်သူသူလင်းက သတိပြုမိလေသည်။

ထိုအခိုက်မှာ သဘောမတူခြင်းဘက်သို့ စောင်းကျနေသော ချိန်ခွင်လျှာကလေးဟာ သဘောတူခြင်းဘက်သို့ နည်းနည်း ပြန်စောင်းကျလာသည်။

ဒီကောင်လေး အတွေးအခေါ် မဆိုးဘူးဟဲ့ဟု တွေးရင်း ဒေါ်သူသူလင်း၏ မျက်နှာထားက ပျော့ပျောင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဈေး ကားပါကင်မှာ ကားရပ်တော့
သူသူလင်းက ကားပေါ်က ဆင်းလိုက်ရင်း ...

"ကျေးဇူးပဲကွယ် ..."

ဟု အတော်အတန် ပျော့ပျောင်းသော လေသံ
လှမ်းပြောလိုက်သည်။ ကားမောင်းပို့ပေးတာအတွက် 'ကျေး
ပြောမိသလား၊ သမီးအပေါ် နားလည်လို့ ပြောမိသလား ဆို
တော့ ကိုယ့်ဟာကိုယ်လည်း မရေရာ။

ကားပြန်ထွက်သွားတော့ ဒေါ်သူသူလင်းက
ဆိုင်ခန်းရှိရာဘက်သို့ လျှောက်လာနေဆဲမှာ ဖုန်း ဝင်လာပါသ

"ဟဲလို ... မေမေလား၊ သမီးပါ ... ဂီတပါ"

"ဩော် ... အေး ... သမီးဂီတ ပြော ..."

"သမီးတို့ မနက်ဖြန် မနက် ရောက်မယ် မေမေ ..

"ဟုတ်လား ...၊ သမီးယောကျ်ား အလုပ်ကိစ္စလား

"မဟုတ်ဘူး မေမေ၊ သူ မပါဘူး၊ သမီးတစ်ယော
လာမှာ ..."

"ဒါဖြင့် သမီးတို့ ဆိုတာက ..."

"သမီးတို့ မောင်နှမသုံးယောက် ချိန်းပြီး လာကြမှာ
မေမေ၊ သီဟလည်း ဒီညနေ ဖလိုက်နဲ့ စင်ကာပူက
လာမှာ၊ ဧယျလည်း ပါလာမယ်၊ ဧယျသင်္ဘောက
တဲ့အချိန်ကို စောင့်ပြီး စင်ကာပူကနေ အတူပြန်လာ

"ဟဲ့ ... ဒါတွေ ငါလည်း မသိရပါလား၊ ငါ့ကို
မပြောကြပါလား"





"သမီးတို့ချင်း ဖုန်းတွေပြောပြီး သုံးယောက် ဆုံဖြစ်အောင်
မနည်းချိန်းထားရတာ မေမေ၊ လာဖို့သေချာမှ မေမေ့ကို
ပြောတာ၊ အခြေအနေက သမီးတို့ မလာရင်လည်း မဖြစ်
တော့ဘူးလေ ..."

"ဟဲ့ ... ဘာကိုလဲ"

"တေးကိစ္စကို ဂီတတို့ အားလုံး လာတားမှ ဖြစ်တော့မယ်
မေမေ၊ သမီးသော် ပြောပြလို့ ဂီတတို့အားလုံး သိပြီးပြီ၊
ဒီလို နဂါးမောက်ခြံပိုင်ရှင်မျိုးနဲ့တော့ သမီးတို့ ညီမလေးကို
သဘောမတူနိုင်ပါဘူး၊ နဂါးမောက်သီး စိုက်တဲ့သူကို နဂါး
မှန်း သိအောင်တော့ အမောက်ထောင်ပြရမှာပဲ"

"ဟဲ့ ... နင်တို့ ... အဲဒီလိုတော့ ..."

"အို ... မေမေ ဘာမှမပူနဲ့ ... စိတ်သာချနေ၊ မေမေလည်း
သဘောမတူနိုင်လို့ စိတ်ဆင်းရဲနေတယ်ဆိုတာ မေမေ
မပြောပေမယ့် သော် ပြောလို့ သမီးတို့အားလုံး သိနေကြ
တာ၊ တေးကို မေမေ မနိုင်လို့ ပြောဖို့ခက်နေရင် မပူနဲ့၊
ဂီတတို့ တာဝန်ထား ...၊ ဒီကိစ္စက ဂီတတို့ရှင်းမှ ဖြစ်
တော့မှာ ...၊ မေမေ ဒီညံ့ စိတ်အေးအေးထားပြီးတော့သာ
အိပ်ပေတော့၊ ဂီတတို့ မောင်နှမတွေ မနက်စောစော ရောက်
အောင်လာခဲ့မယ်၊ ဒါပဲနော် ... မေမေ၊ မေမေ့သမက် အပြင်
သွားဖို့ ခေါ်နေလို့ ခဏလိုက်သွားမလို့ ..."

ဟင် ... ဒုက္ခပါပဲလား ...။ တစ်ဖက်က ဖုန်းချသွား
ဒေါ်သူသူလင်းမှာ ငိုင်တွေ စိတ်ရှုပ်သွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း သူ့ယောကျ်ားရဲ့ အရေးကိစ္စ၊ သူ့အလ
ကိစ္စတွေနဲ့ပဲ ရှုပ်ယှက်ခတ်ကာ နှစ်ပတ်တစ်ခါတောင် ကိုယ့်
ဖုန်းဆက်ဖို့ ခက်ခဲနေတဲ့ သမီးကြီး၊ ဖုန်းဆက်တဲ့အခါတိုင်းလည်
တစ်ခါတစ်ခါ တေးကို မေးဖို့တောင် မေ့နေတတ်တဲ့ သမီးကြီးမ
ခုလိုတော့လည်း တက်ကြွလှပါလား။

စင်ကာပူမှာ နေတဲ့ သားကြီး သီဟ၊ သဘော်တ
ရာက ပြန်ဆင်းလာမယ့် သားငယ် ဇေယျတို့နဲ့အတူ ကိုယ့်သ
သမီး သုံးယောက်စလုံး ကိုယ်ဆီ တစ်ပြိုင်တည်း ရောက်လာ
ကိုတော့ ပျော်ပါရဲ့ …။ ညချမ်းကို သူတို့သုံးယောက် ဝိုင်း
စစ်ဆေး မေးမြန်း ပညာပြကြမှာကိုတော့ဖြင့် ရင်ထိတ်မိပါ
သူတို့သုံးယောက်ကို သမီးငယ်လေး တေးက ဘယ်လိုတုံ့ပြန်
တွေးမိတော့လည်း အသည်းထိတ်ရတာပါပဲ။

ဘာပဲပြောပြော မနက်ဖြန်ကတော့ တော်တော် မိ
ဝင်စားစရာ ကောင်းမည့် မနက်ဖြန် ဖြစ်ပါသည်။



“ဒေါက် … ဒေါက် … ဒေါက် …”

“မမတေး … မမတေး”

“ဒေါက် … ဒေါက်”

“မမတေး … ထပါတော့ …”

“ဘာတုန်းဟေ့ …၊ ဘာတွေ အရေးကြီးနေလဲ၊ ဒီမှာ အိပ်ရေးမဝသေးဘူး၊ ဘာလို့ နှုတ်လာနိုးနေလဲ၊ မေမေ တစ်ခုခုဖြစ်တာရယ်၊ အိမ်မီးလောင်တာရယ်က လွဲရင် ငါ့ လာမနိုးကြဖို့ ပြောထားတာ မေ့သွားပြီလား”

တေးက အိပ်ချင်မူးတူးဖြင့် အခန်းထဲကနေ လှမ်း
အော်လိုက်သည်။ သို့သော် … တံခါးခေါက်သံက ရပ်မသွားဘဲ
…န်းသန်း၏ အသံနှင့်အတူ တွဲ၍ပေါ်လာပါသည်။

“ဒေါက် … ဒေါက်”

“မမတေး … အောက်ထပ် ဧည့်ခန်းထဲမှာ မမဂီတရယ်၊ ကိုကြီး သီဟရယ်၊ ကိုလေး ဇေယျရယ် ရောက်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မမတေးကို နှိုးခိုင်းလို့ လာနှိုးတာ ...”

“ဟင် ... သုံးယောက်လုံးလား”

“ဟုတ်တယ် မမတေး ...”

“ဟယ် ... ထူးထူးဆန်းဆန်းပါလား၊ ဟဟ ... ဧကန္တ
ငါ ယောကျ်ားယူမယ့် ကိစ္စကို တက်ညီလက်ညီ လာ
ကြပြီ ထင်တယ်”

တေးက အိပ်ရာမှထလိုက်ရင်း မမဂီတတို့ သုံး
ယောက်ကို ရယ်လည်းရယ်ချင်၊ အမြင်လည်း ကတ်ကတ်
ခပ်လောင်လောင်လေး ရေရွတ်လိုက်ပါသည်။

ဟိုအရင်ကဆို ဒီလို သုံးယောက်လုံး လူစုံတက်
လူစုလာဖို့ အခက်သားလား။ သူ့ယောကျ်ားကို တစ်ရက်ထား
ရမယ့်အရေး ကမ္ဘာပျက်မှာစိုးသလောက် ပူပင်သောက ရောက်
ရှာတဲ့ မမဂီတ၊ စင်ကာပူ လူနေမှုစနစ်မှာ အနေကြာလို့ ရန်ကု
ပြန်လာတိုင်း အသားမကျတော့ပါဆိုတဲ့ ကိုကြီး သီဟ၊ သဘော
တက်နေရတာမို့ မိန်းမနဲ့ အကြာကြီး ခွဲနေရတဲ့အတွက် ပြန်ရော
တုန်းမှာ မိန်းမနဲ့ ကော်နဲ့ကပ်ထားသလို ပူးကပ်နေတတ်တဲ့ ကို
ဇေယျ ...။ ခုတော့ သုံးယောက်လုံး တစ်စုတဝေးကြီး စုဝေးရော
ရှိလာမယ်ဆိုပါလား။ ဟ ... ဟ ... ရယ်တော့ ရယ်ရသား။

တေးက အိပ်ရာထ၊ မြန်မြန် မျက်နှာသစ် သွားတို
ပြီး အခန်းထဲမှ ထွက်လာခဲ့ပါသည်။

တေးမှာ အောက်ထပ်တောင် မရောက်ရသေး
အပေါ်ထပ် လှေကားထိပ်မှာ ရပ်ရုံရှိသေး၊ အောက်ထပ် ဧည့်





ကနေ တေးကို ပြုံးမော့ကြည့်လိုက်သော မျက်ဝန်းသုံးစုံနှင့်
လိုက်ရပါသည်။ အံမယ် ... သူတို့က လုံးဝ အတည်အတင်း
င်းတော့မယ့် ပုံကြီးတွေပါလား ...။

အရင်တုန်းကဆို ဘယ်သူပဲလာလာ အပေါ်ထပ်
အအခန်းထိ တက်လာ၊ အခန်းထဲဝင်လာပြီး မမဂီတကဆို
ားကို ဖက်ပွေ့ဆွဲဖက် စောင်စဆွဲပြီး နှိုး၊ ကိုကြီးသီဟတို့ လာ
င်လည်း အခန်းထဲလာပြီး ထိပ်ခေါက် နှိုး၊ ကန်ကြောက်နှိုးခဲ့
ကြတဲ့သူတွေလေ။ ခုတော့ ရုပ်တည်ကြီးတွေနဲ့ ဧည့်ခန်းထဲမှာ
တောင့်တောင့်ကြီးတွေ ထိုင်စောင့်နေကြတာ ရယ်စရာ။

တေးကတော့ သူတို့ပြောလည်း နာခံမည့်သူ မဟုတ်၊
ယ်ကြိုက်တာ ကိုယ်လုပ်မည့်သူမို့ သူတို့ ဆူပွက်ပြောဆိုလည်း
းဆေးပါ။ ကြောက်လည်း မကြောက်၊ နောက်လည်းမဆုတ်
ည့် သူကလေးပါ။

တေးက ညကတည်းက ဝတ်အိပ်သည့် ဘောင်းဘီ
ည် ထူထူပွပွလေးနှင့် တီရှပ်ပွပွလေးကို မလဲဘဲ ဝတ်လာခဲ့သည်။
ပင်တွေကို ဘီးကုပ်ဖြင့် နဖူးအပြောင်လှန်ကာ ကုပ်ထားသည်။
က်နှာက ခုမှ မျက်နှာသစ်လာသော လတ်လတ်ဆတ်ဆတ်
က်နှာပြောင်။

တေးက အိမ်နေရင်း စီးသည့် မစ်ကီးမောက်စ်ပုံ
ွးပွဖိနပ်အိအိလေးကို လျှောတိုက်စီးရင်း အပေါ်ထပ်မှ ပျင်းရိ
င်းတွဲ ဆင်းလာနေသည်။

“ကြည့် ... ကြည့် ... ပုံစံက ကဗျစ်ကညစ် ပျင်းရိပျင်းတွဲ



www.burmeseclassic.com

www.burmeseclassic.com



ကလေးလိုလို ချွေးလိုလို၊ နင် အဲ့ဒါကြောင့်မို့လို့ ကလေး သာသာ တောသားနဲ့ တွေ့တာပေါ့ဟဲ့ ...”

အံ့မယ် ... စတင်တိုက်စစ်ဆင်သူက မမဂီတ လား။ ဗိုလ်ကတော်ပီသလှချည်လား။ တွေ့တာနဲ့ လူကို ပါး သေနတ်ပစ်တော့တာပဲလား။ သူ့ယောက်ျားဆီက သေနတ်ပစ်နည်း သင်ထားပြီး သူ့မှာ သေနတ်မရှိတာနဲ့ သူ့မှာရှိတဲ့ ပါးစပ်နဲ့ ပစ်ရတော့တာပဲကိုး။

“မမဂီတကို တေး ရည်းစားဟာ ကလေးသာ့သာလား လူကြီးပီပီလားဆိုတာ ဘယ်လို သက်သေပြရမှန်းကို ... ဘူး”

“ဟဲ့ ...”

“ဒေါက် ... ဒေါက်”

“အ ... အား ...”

ဟဲ့ခနဲ အော်လိုက်သူက မမဂီတ၊ ဒေါက်ခနဲ ဒေါ ခနဲ ခေါက်လိုက်သူတွေက ကိုကြီးနဲ့ ကိုလေး။ တေးက အ အော်ကာ ခေါင်းကိုပွတ်လျက် သူတို့ကို စောင်းပေပေကြည့် လို ရင်း ...

“ကိုကြီးတို့နော် တေးကို မခေါက်နဲ့၊ သုံးယောက်လုံး ... ဘယ်ကဘယ်လို တရေးနိုးပြီး ရောက်လာကြမှန်းကို ... ဘူး”

“နင့်ကြောင့်ပေါ့ ... နင့် လုပ်ပုံမဟုတ်လို့ မဖြစ်သင့် မဖြစ်ရအောင် တားဖို့ လာခဲ့ရတာပေါ့ ...”





“ဘာကို တားမှာလဲဟင်”

“တေး နင်ရူးချင်ယောင် ဆောင်မနေနဲ့၊ နင့်အကြောင်းတွေ ငါတို့ အကုန်သိပြီးပြီ၊ ကြားကြားချင်း ဒေါသဖြစ်လွန်းလို့ နင့်ကို နားနားလေး လာရိုက်ဆုံးမလိုက်ချင်တာ၊ ပထမတော့ ဟိုကောင့်ကိုပါ ခေါ်ပြီး အကဲခတ်ဦးမလို့ပဲ၊ ဒါပေမယ့် အဲ့ဒီလို ငါတို့ဘက်က တူတူတန်တန် ခေါ်ယူတွေ့ဆုံ စကားပြောလိုက်ရင် နင်နဲ့ သဘောတူနိုင်လို့ပဲလို့ ယူဆ သွားမှာ စိုးရတယ်၊ ခြံစိုက်စားတယ်ဆိုကတည်းက သဘော တူနိုင်စရာ အကြောင်းကို မရှိတော့ဘူး၊ လိမ္မော်ခြံကြီးတွေ၊ ကော်ဖီခြံကြီးတွေ ပိုင်တဲ့ သူဌေးဆိုရင်လည်း ထားပါတော့၊ ခုဟာက ပါချိုပါချက် နဂါးမောက်ခြံကလေး ပိုင်တဲ့ တော သား၊ ပြီးတော့ ... နင့်ထက် ရှစ်နှစ်တောင် ငယ်သေးတယ်၊ ဒီအချက် ဒီအချက်တွေ သိကတည်းက သူ့ကိုတွေ့ဖို့ လိုကို မလိုတော့တာ”

“သဘောက တေးနဲ့ တေးချစ်သူကို လုံးဝ ခြွင်းချက်မရှိ သဘော မတူနိုင်ဘူးပေါ့နော်”

“ဟုတ်တယ်၊ တို့ သုံးယောက်လုံး လုံးဝ လုံးဝ မတူဘူး”

“ဒါများ ကိုကြီးတို့ရယ်၊ ဒီလောက် ဒေါသချောင်းချောင်း ထွက်ပြနေစရာ မလိုပါဘူး၊ ကိုကိုကြီးတို့ မမဂီတတို့ သဘောမတူရင် တေးက မယူပါဘူး”

“အင် ...”

“နင် ... နင် ... တကယ်ပြောတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … တကယ်လား"

"တကယ်ပေါ့ မမဂီတရဲ့၊ အေးဆေးပါ …"

တေးက ခပ်အေးအေးပြောရင်း မမဂီတတို့ သုံးယောက် အတူထိုင်နေကြတဲ့ ဆိုဖာရှည်ရဲ့ ရှေ့တည့်တည့်က တစ် ယောက်ထိုင် ဆိုဖာပေါ်မှာ အေးအေးဆေးဆေး ဝင်ထိုင်ရင်း ပါးစပ်ကို လက်ဖြင့်ကွယ်ကာ တစ်ချက်သော သမ်းလိုက်သေးသည်။

ဒေါသမောင်းတင်လာခဲ့သော မမဂီတတို့သုံးယောက်ဟာ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့် မျက်စပစ်ကာ အူလည်လည်လေးတွေ ဖြစ်သွားပြီးမှ တေးကို ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။ တေးက စကားဆက်လိုက်သည်။

"ဒါပေမယ့် အပေးအယူတော့ ရှိတယ်"

"ဘာလဲ … ဘာအပေးအယူလဲ …"

"အပေးအယူက သိပ်ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး၊ တေး … သူနဲ့ လမ်းခွဲလိုက်ရင် သုံးလလောက်တော့ အသည်းကွဲ ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရမှာလေ၊ အဲဒီသုံးလအတွင်း တေး အလုပ်လုပ်ဖို့လည်း စိတ်ပါမှာ မဟုတ်ဘူး၊ အိမ်မှာပဲ နေရင်လည်း တေး တစ်ယောက်တည်းရယ်၊ မေမေက ဆိုင်ထွက်ရဦးမှာ၊ ဖေဖေကလည်း အဝေးမှာ၊ သူငယ်ချင်းတွေကလည်း သူတို့အလုပ်နဲ့သူတို့ဆိုတော့ တေးနား လာနေနိုင်မှာ မဟုတ်ဘူး၊ တေးနားမှာ အနီးကပ် နှစ်သိမ့်ပေးမယ့်သူ မရှိဘူး၊ အဲ့ဒါကြောင့်မို့လို့





မမဂီတရယ် … ကိုကိုကြီးရယ် … ကိုကိုလေးရယ် … တေးတို့အိမ်မှာ တစ်ယောက်တစ်လစီ လာနေပေးရမယ်"

"ဟယ် … ဒါကတော့"

"ဟင် … ဒါတော့ …"

"ဟင်း … မလွယ်ဘူးလေ"

သုံးယောက်လုံးဆီက လက်မခံ သဘောမတူနိုင်သော အသံများ တက်ညီလက်ညီ ထွက်ပေါ်လာသည်။ တေးက မဲ့ပြုံးကလေး ကျိတ်ပြုံးလိုက်မိရင်း လက်ညှိုးကလေးတစ်ချောင်း ထောင်ပြကာ …

"မများပါဘူး … တစ်ယောက် တစ်လတည်းပါ"

"ငါမရှိရင် ငါ့ယောကျ်ား စာရေးသောက်ရေး ခက်မယ်လေဟယ်၊ ငါ့မှာ သူ့စိတ်မချတာနဲ့ သော်နဲ့တောင် လိုက်မနေနိုင်ဘဲ သော့်ကို နင်တို့အိမ် လာအပ်ထားရတာ မဟုတ်လား၊ ပြီးတော့ အလိုပ်ကိစ္စတွေက ရှိသေးတယ် …"

"ဟုတ်တယ် ညီမလေး၊ ဒီကိစ္စက မလွယ်ဘူးလေကွာ၊ ကိုကိုကြီး မိန်းမကို တစ်ပြည်တစ်ရွာမှာ တစ်ယောက်တည်းထားခဲ့ဖို့က မလွယ်ဘူး၊ ကိုယ်တို့မှာ ကလေးပိစိကလေးကလည်း ရှိသေးတာ"

"ကိုလေးလည်း မလွယ်လို့ပါ ညီမလေးရာ၊ ညီမလေးလည်း သိတဲ့အတိုင်းပဲ၊ ညီမလေး ယောက်မက ခုချိန်ထိ ကိုလေး သဘောတက်တိုင်း ငိုကျန်ခဲ့တဲ့ သူမျိုး၊ ကိုလေးက မနေ့ညနေကမှ ပြန်ရောက်တာ၊ ခုလို သဘောဘာ ပြန်နား



www.burmeseclassic.com

www.burmeseclassic.com



ရတုန်းလေးမှာ သူ့ကို တစ်လထားခဲ့မယ်ဆိုလို့ကတော့ လင်မယား ကွဲရုံပဲ ရှိတော့မှာ ...”

သုံးယောက်လုံး ချုပ်ပါအောင် ညည်းညူနေကြတာကို ကြည့်ရင်း တေးမျက်နှာက တဖြည်းဖြည်း တင်းမာလာပါသည်။

“ကိုလေးတို့ လာမနေနိုင်ပေမယ့် ညီမလေးဆီ နေ့တိုင်း ဖုန်းဆက်မယ်ကွာ၊ မကြာမကြာ လာမယ်ကွာ၊ တစ်ခါ တစ်ခါ လာခေါ်ပြီး ထမင်းအတူစားကြမယ်ကွာ၊ ညီမလေး လိုချင်တာ ဝယ်ပေးမယ်ကွာ ...”

“ဟုတ်တယ် ... ဟုတ်တယ် ... မမဂီတလည်း ညီမလေးဆီ ဖုန်းခဏခဏဆက်မယ်လေ ...၊ ညီမလေး စိတ်ညစ်ရင် မမတို့ ပြင်ဦးလွင်ကို လာလည်လို့လည်း ရတယ်လေ”

တေးသည် တေးရဲ့ အစ်မနှင့် အစ်ကိုနှစ်ယောက်ရဲ့ မျက်နှာကို တရားကျသလို လိုက်ကြည့်ရင်း မျက်နှာက ပို၍ တည်တင်းအေးစက်လာကာ ...

“ကိုယ်ချစ်တဲ့သူနဲ့ တစ်လတောင် မခွဲနိုင်ကြတဲ့သူတွေက ဘာဖြစ်လို့ တေးကို တေးချစ်သူနဲ့ တစ်သက်လုံး ခွဲချင်နေကြတာလဲ ...”

ဟု အေးခဲတည်တင်းနေသော မျက်နှာကလေးဖြင့် တစ်လုံးချင်း အေးစက်စွာ ပြောလိုက်ပါသည်။

မမဂီတတို့ သုံးယောက်လုံးက ရုတ်တရက် အချိုး ပြောင်းကာ အေးစက်တည်ငြိမ်သွားသော တေးကို တအံ့တသြ





ကြည့်ရင်း ဘာပြောလို့ ပြောရမှန်း မသိတာမို့ ငြိမ်သက်သွားကြပါသည်။

ခဏနေမှ မမဂီတက မာန်တင်းလိုက်သလို မျက်နှာကလေး မော့ချီလာကာ ...

“ဒါကတော့ နင်ယူမယ့်သူက မသင့်တော်တဲ့သူ ဖြစ်နေတာကိုးဟဲ့ ...”

“ဒါဆို သင့်တော်တဲ့သူ ဆိုတာ ဘယ်လိုမျိုးလဲ၊ မမ ယောကျ်ားလို စစ်ဗိုလ်လား၊ ဆရာဝန်လား၊ လုပ်ငန်းရှင်လား၊ သင့်တော်တယ် မသင့်တော်ဘူးဆိုတာ ဘာနဲ့တိုင်းထွာမှာလဲ၊ ဘယ်သူမဆို ကိုယ့်လူကိုယ်တော့ ကိုယ်နဲ့ သင့် တော်တယ် ထင်ကြမှာပဲ ...၊

“တေးအတွက်တော့ ညချမ်းက အသင့်တော်ဆုံးသူပဲ၊ မမဂီတက မမဂီတ ယောကျ်ားကို ကြောက်ရသလိုမျိုး တေးက ညချမ်းကို မကြောက်ရဘူး၊ တေးက မမလိုမျိုး ယောကျ်ားသွားလေရာ လိုက်ပါပြီး ယောကျ်ားရဲ့ ဖြစ်တည်မှုကိုပဲ ဖြည့်ဆည်းပေးနေရမယ့်သူ မဟုတ်ဘူး ...၊

“ညချမ်းက တေးထားရာနေ စေရာသွားမယ့်သူ၊ သူ့ကို ခြံမစိုက်စေချင်ရင် မစိုက်နဲ့လို့ တစ်ခွန်းတည်း ပြောလိုက်ရုံနဲ့ သူ့ရှိသမျှ ခြံကိုရောင်းချထားပစ်ခဲ့ပြီး တေးနောက်လိုက်လာမယ့်သူ၊ တေးရဲ့ ဖြစ်တည်မှုထဲမှာ ပါဝင်ဖြည့်ဆည်းမယ့်သူ၊ တေးနားမှာ အမြဲနေပေမယ့်သူ၊ ဒါ စကား နားထောင်မယ့်သူ၊ အဲ့ဒီလို လူမျိုးကိုပဲ တေးက



www.burmeseclassic.com

www.burmeseclassic.com



သဘောကျတာ၊ တေး စိတ်ကြိုက် တေးသဘောအတိုင်း ဖြစ်မယ့်သူမျိုးကိုပဲ တေးက လက်ထပ်ချင်တာ ... ”



ယောက်ျားရဲ့ ဖြစ်တည်မှုထဲမှာ ဖြည့်ဆည်းပေးရမယ့် သူမျိုး မဖြစ်ချင်ဘူးတဲ့လား ... ။

မရဲ့ ဖြစ်တည်မှုကို ဖြည့်ဆည်းပေးမယ့်သူမျိုးမို့လို့ ချစ်ခဲ့တာတဲ့လား ... ။

မ စိတ်ကြိုက် မ သဘောအတိုင်း ဖြစ်မယ့်လူမျိုး ကိုပဲ မက လက်ထပ်ချင်ခဲ့တယ်တဲ့လား ... ။

မရယ် ... လောဘ ကြီးလှပါလား။ ကျွန်တော့်ကို သိပ်ကို လျော့တွက်ခဲ့တာပါလား ... ။

ကျွန်တော့်ကို ... ကျွန်တော့်ဘဝကို မ မလေးစား ခဲ့တာလား ... ။

အရာအားလုံး မ သဘောကျဖြစ်လာဖို့ အပိုင်တွက် ပြီး ကျွန်တော့်ကို ချစ်ခဲ့တာလား ... ။

နှစ်ယောက်အတူ နေဖို့ ကိစ္စမှာ ...

ချစ်ခဲ့ကြတဲ့ အခါမှာ ...



www.burmeseclassic.com

www.burmeseclassic.com



မဘက်က အတွက်အချက်တွေ ပါခဲ့တာလား ...။

ညချမ်းက ညော့်ခန်းထောင့်အကွယ် နံရံနားမှာ ရပ်တန့်ရင်း ယုံကြည်ချက်ရှိရှိ ပြတ်ပြတ်သားသား ပြောနေသော မရဲ့ မျက်နှာကလေးကို ငေးကြည့်နေမိပါသည်။

ခြံထဲမှာ ပွင့်နေသည့် နှင်းဆီပန်းတွေ ခူးပြီး ညော့်ခန်းစားပွဲပေါ်က ပန်းအိုးမှာ ထိုးဖို့လာခဲ့သော ညချမ်းဟာ မျှော်လင့်မထားသော မရဲ့ စကားကို ကြားရခိုက်မှာ နှုတ်ဆိတ်ဆွံ့အကာ နောက်သို့ ပြန်လှည့်လာခဲ့ပါသည်။

မ ယုံကြည်သလို ကျွန်တော့်ဘက်က မလုပ်နိုင်ခဲ့ရင်ကော ...

မ ဘယ်လို ဆုံးဖြတ်မှာလဲ ...။

ဘဝချင်း ဝေးသူတွေ ချစ်မိကြရင် 'အဝေးချစ်' နဲ့ ချစ်တာက ပိုပြီး ပျော်စရာကောင်းတာမျိုးလား မသိပါဘူး မရယ်။



"မ ..."

"ဟင် ..."

တေးသည် ညချမ်းရဲ့ ခေါ်သံကြောင့် အံ့သြရင်ခုန်သွားကာ မျက်ခုံးကလေးပင့်၍ ညချမ်းကို ကြည့်လိုက်မိပါသည်။

ညချမ်း မျက်နှာက တည်ငြိမ်နူးညံ့နေသည်။ သူ့ခေါ်သံက ခေါ်ရိုးခေါ်စဉ် ခေါ်လိုက်သလိုမျိုး အသားကျညက်ညော နေသည်။ ကွယ်ရာမှာ တဖွဖွ ခေါ်ကြည့်နေခဲ့ဖူးလို့များ ပထမဆုံး ခေါ်သံဟာ ဒီလောက် ညက်ညောနူးညံ့နေသလား ...။

မနက်ဖြန်ဆို ပြန်တွေ့မှာမို့လို့များ တေး ခေါ်စေချင်သလို ခေါ်လိုက်တာလား ...။ နားထောင်ကောင်းလိုက်တဲ့ အသံကလေး။ ရင်ကို လှုပ်ခတ်စေသော ခေါ်သံကလေး ...။

"ပြောလေ ... မောင်"

တေးက သူ့ကို စိုက်ကြည့်မိလျက် ခဏ ရင်ခုန်နှုတ်ဆက်နေလိုက်ပြီးမှ သူ့ကွယ်ရာမှာ မကြာခဏ တဖွဖွခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖူးတဲ့အတိုင်း ပေါ့ပေါ့ပါးပါး ညက်ညက် ညောညောလေး ပြန်ခေါ်လိုက်နိုင်သည်။ နှစ်ယောက်သားဟာ အရင်ကတည်းက ဒီလို ဒီလို ခေါ်ခဲ့ဖူးသလိုမျိုး ...။

မနက်ဖြန်ဆို သူ ပြန်ရတော့မှာမို့ ဒီနေ့ညနေခင်းမှာ တေးတို့ နှစ်ယောက်တည်း ကမ္ဘာအေးဘုရားလမ်းဘက်က ကန်ပေါင်လမ်းပေါ်မှာ အေးအေးလူလူ လမ်းလျှောက်လာခဲ့ကြပြီး ကန်စပ်က အုတ်ခုံလေးပေါ်မှာ ထိုင်နေခဲ့ကြတာပေါ့။

ဒီနေ့အဖို့တော့ အလွမ်းရဲ့ အငွေ့အသက်ကို ခံစား ပြုခဲ့တာမို့ တစ်ယောက်နဲ့ တစ်ယောက် ဘုဘောက်မကျနိုင်အား ရင်ထဲမှာ လွမ်းငွေ့ဝေဝေနှင့်မို့ သူ့ရင်ခွင်မှာ ခဏလေးမှီကပ်ပြီး သူကြားရုံသာ 'မောင်'ဟု တိုးတိုးကလေး ခေါ်နေချင်တော့သည်။

ခုဆို တေးတို့ရဲ့ ဘဝခရီးလမ်းမှာ အပိတ်အဆို့တွေ သိပ်မရှိတော့ဘူးဟု ထင်မိသည်။ မမဂီတတို့လည်း တေးကို မနိုင် တာမို့ တပ်ဆုတ်ပြန်သွားကြပြီ။ မေမေကလည်း သဘောထား ပျော့ပျောင်းစ ပြုပြီ။ မေမေ ပျော့ပျောင်းပြီဆို ဖေဖေ့အတွက်လည်း ပူစရာမလို။ မေမေ့ သဘောဟာ ဖေဖေ့ သဘော။

သိပ်မကြာသော ကာလမှာ တေးတို့ရဲ့ မင်္ဂလာနေ့ ရက်ကို ရောက်လာတော့မည်ဟုသာ တေးက ယုံကြည်ထားသည်။

"မ ... ကျွန်တော်တို့ နှစ်ယောက် အနာဂတ်ကို မ ဘယ်လို တွေးထားလဲ ..."

မောင်က မေးတော့ တေးက တက်ကြွစွာဖြင့် ...





"အဟင်း ... မ တွေးထားတာတွေကတော့ ပျော်စရာကြီး ပဲ မောင်ရဲ့၊ မ တွေးထားသလို ဖြစ်မလာစရာ အကြောင်း လည်း မရှိတော့ဘူးလေ ...၊ မောင် သိတဲ့အတိုင်းပဲ မမဂီတ တို့တွေလည်း မကို မနိုင်လို့ တပ်ဆုတ်သွားကြပြီ၊ မေမေ ကလည်း မောင့်အပေါ် သဘောထား ပျော့ပျောင်းလာ ပြီ ...၊ နောက် ခြောက်လေးငါးလလောက်ကြာရင် မတို့ မင်္ဂလာ ကိစ္စကို စီစဉ်ကြရုံပဲလေ ...၊

"မောင်က မောင့်ခြံကို ရောင်းချင်ရောင်း၊ ဒါမှ မဟုတ် ကိုအောင်ကြဲတို့နဲ့ လွှဲချင် လွှဲခဲ့ ...၊ မတို့ မင်္ဂလာ ဆောင်ပြီးရင် ရန်ကုန်မှာပဲ အတူနေကြမယ်၊ အတူအလုပ် လုပ်ကြမယ်၊ မောင်က မစကားကို နားထောင်ပြီး မောင့်ရဲ့ တောသားစတိုင်လ်ကို ပြင်လိုက်ရင် အရမ်း လန်းသွားမှာ၊ ရန်ကုန်မှာ၊ မ အလုပ်မှာ၊ မ အသိုက်အဝန်းမှ တဖြည်း ဖြည်း အံဝင်အောင် ကြိုးစားပေါ့ မောင်ရယ်၊ မ စကားကို သာ နားထောင်လိုက်ရင် အားလုံး အဆင်ပြေလာမှာပါ"

"မ ... ကျွန်တော့်ကို မမေးတော့ဘူးလား"

"အင် ... ဘာကို မေးရမှာလဲ"

"ကျွန်တော့် အလုပ်ကို ထားခဲ့လို့ အဆင်ပြေရဲ့လား၊ ထား ခဲ့ချင်ရဲ့လား၊ ရန်ကုန်မှာ လိုက်နေချင်ရဲ့လား ဆိုတာမျိုး ကျွန်တော့်အတွက် ကျွန်တော့်ခံစားမှုအတွက် ကျွန်တော့် ဘဝအတွက် စဉ်းစားပြီး မ မမေးတော့ဘူးလား၊ မ ဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တာ လုပ်ချင်တာတွေကိုပဲ ကျွန်တော်က လိုက်လုပ်ပေး မှာလား၊ မ စကားကို အမြဲနားထောင်ဖို့ချည်း မက မျှော် လင့်တာလား ...”

တေးက မောင့်ကို ငေးကြည့်ရင်း ငြိမ်နေသည်။ မောင် ဘာကိုပေါက်ကွဲနေတာလဲ တေး နားမလည်။

“ဘဝတစ်ခုအတွက် ဘဝတစ်ခုကို စတေးဖို့အထိ လိုအပ် လို့လား မရယ် ...၊

“ကျွန်တော့် ဘဝကို စတေးပြီးမှ မနဲ့ လက် ထပ်ခွင့် ရမှာလား ...၊

“ကျွန်တော့်မှာ ကျွန်တော် မြတ်နိုးတဲ့ အလုပ် ရှိတယ် မ၊ ကျွန်တော့် အလုပ်က မရဲ့အလုပ်လောက် မကြီးကျယ် မခမ်းနားပေမယ့် ဒီအလုပ်ကို ကျွန်တော် ချစ်တယ်၊ တန်ဖိုးထားတယ်၊ ကျွန်တော် တန်ဖိုးထားတဲ့ အလုပ်ကို မ့ဘက်က ခပ်ပေါ့ပေါ့လေး တွေးထားတာ ထားပစ်ခဲ့လိုက်၊ ရောင်းပစ်ခဲ့လိုက်၊ ဒီလာနေလိုက် ဆိုတာ ပြီးသွားရောလား ...၊

“ကျွန်တော်တို့ ဘဝတွေ မတူညီခဲ့ကြပါဘူး ဒါပေမယ့် ကျွန်တော်တို့ ချစ်ခဲ့ကြတယ်၊ ညှိနှိုင်းလို့ရမယ် လို့ ထင်ခဲ့တယ်၊ လက်ထပ်ပြီးခါစ နှစ်တွေမှာ ဟိုတစ်လှည့် ဒီတစ်လှည့် သွားလာလို့ပဲဖြစ်ဖြစ် နေချင်ခဲ့တယ်၊ မ ကျွန်တော့်အလုပ်ကို တန်ဖိုးလေးထားပြီး ညှိနှိုင်းပေး စဉ်းစားပေးမယ်လို့ ထင်ခဲ့တယ်၊ နောက် ကြာလာတော့





ခွဲနေလို့ အဆင်မပြေလို့မှ ပြောင်းလဲသင့်လို့ ပြောင်းလဲမယ် ဆိုရင်လည်း ကျွန်တော် လက်ခံမှာပါပဲ ...၊

“ဒါပေမယ့် မက ဘာမဆို တစ်ဖက်သတ် ဆုံးဖြတ်ချင်ခဲ့တယ်၊ မ သဘောအတိုင်းပဲ ဖြစ်စေချင်ခဲ့ တယ် ...၊

“မက ကျွန်တော့်ကို ဘယ်လိုမျိုး မျှော်လင့်ထား ခဲ့တာလဲ ...”

တေးက သူ့ကို မျက်လုံးလေးအဝိုင်းသားဖြင့် ကြည့် ရင်း သူ ဘာကိုရည်ရွယ်ပြီး ဘယ်လိုခံစားပြီး ဒီလိုစကားတွေ ပြောနေတာပါလိမ့်ဟု စဉ်းစားနေဆဲမှာ သူက မေးခွန်းထုတ်လိုက် သည်။

“အင်း ... အဲ့ဒါက ... ဟို ...”

တေးက ကိုယ့်နဖူးစပ်ကလေးကို လက်ညှိုးဖြင့် သာသာကုပ်ခြစ်၍ ခဏ စဉ်းစားလိုက်ပြီးမှ ...

“ဟို ... မောင်က မကို ချစ်တယ်မဟုတ်လား၊ မောင်က မကို ချစ်တဲ့သူဆိုတော့ ဘာမဆို သည်းခံ အလိုလိုက် အလျှော့ပေးပြီး မကို စိတ်ချမ်းသာအောင် ထားမှာပဲလို့ မျှော်လင့်တာပေါ့”

“အဟင်း ...”

တေးရဲ့ ကလေးဆန်ဆန် အပြောကြောင့် သူက အသံထွက်အောင် ပြုံးလိုက်သည်။ သူ့အပြုံးက နာကျင်မှုတစ်ခု ဖြင့် ပြုံးသော အပြုံးမျိုး ...။



www.burmeseclassic.com

www.burmeseclassic.com



"မ မျှော်လင့်သလို ကျွန်တော့်ဘက်က မလုပ်နိုင်ခဲ့ရင်ကော မ ဘယ်လိုဆုံးဖြတ်မှာလဲ ..."

"ဟင် ... မောင်ကလည်း မောင် လုပ်နိုင်မှာပါ၊ မ သိတ ယ်၊ မောင်လည်း မကို ချစ်တာပဲ မဟုတ်လား"

"မ ..."

သူက တေးရဲ့ လက်ဖဝါးလေးနှစ်ဖက်ကို လှမ်း ဆုပ်ကိုင်ပြီး သူ့ခန္ဓာကိုယ်ကို တစ်စောင်းလှည့်ကာ တေးနှ မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ သူ့လက်ဖဝါးတွေက နွေးထွေ လှပါသည်။ တေးကို စိုက်ကြည့်နေသော သူ့မျက်လုံးတွေထဲ အဓိပ္ပာယ်ကို တေးက ရှာဖွေရင်း ရင်တွေခုန်လာခဲ့ရပါသည်။

"မကို ကျွန်တော် သိပ်ချစ်ပါတယ်"

အင်း ... သိသားပဲ၊ သိနေတာပဲ။ သိပေမယ့်လည်း ခုလိုလေး အလေးအနက် ခံစားချက်ပါပါ ထပ်ပြောတော့ အရမ်း ကျေနပ်ရတာပေါ့ မောင်ရယ် ...။

တေးက ပီတိဖြာဝေ ရင်ခုန်နေလျက်ပင် မောင့် ငေးကြည့်နေဆဲမှာ ...

"ဒါပေမယ့် ကျွန်တော်တို့ အဝေးကပဲ ချစ်ကြရအောင်ပါ"

"ဟင် ... ဘယ်လို ..."

ဒုန်း ဒုန်း ခုန်နေသော ရင်က ဒပ်ခနဲ ရပ် တေးရဲ့ မျက်လုံးကလေးတွေ ပြူးလာသည်။

"ကျွန်တော်တို့ ဘဝတွေက ဝေးလွန်းတော့ အဝေးချ ချစ်ရတာက နှစ်ယောက်စလုံးအတွက် အဆင်ပြေတယ်





မလည်း ကျွန်တော့်အပေါ် စိတ်တိုင်းမကျတာ ကြည့်မရတာ တွေ မရှိတော့ဘူး၊ ကျွန်တော့်ဘက်က မလိုက်လျောနိုင် တာတွေအတွက် ဒေါသမထွက် လောဘမတက်ရတော့ဘူး၊ ဝေးနေရလို့ လွမ်းရတဲ့ အလွမ်းက နီးနေလျက်နဲ့ တစ် ယောက်နဲ့ တစ်ယောက် ဒဏ်ရာတွေ ပေးဟာထက်စာရင် အများကြီး တော်ပါသေးတယ်၊ အတူနေပြီး ဒဏ်ရာတွေ ရနေမယ့်အစား အဝေးကပဲ နူးနူးညံ့ညံ့ သာသာယာယာ လွမ်းကြရအောင်ပါ"

ဟင် ... မောင် ဘာတွေပြောနေတာလဲ။ အဓိပ္ပာယ် က ဘာလဲ ...။ တေးက ဆိုလိုရင်းကို နားမလည်ဘဲ မောင့်ကို ကြောင်ကြောင် စိုက်ကြည့်နေမိသည်။

မောင်က မတ်တတ်ထရပ်လိုက်ရင်း ...

"သွားကြရအောင် မ၊ မိုးသိပ်ချုပ်နေရင် မ မေမေ စိတ်ပူ နေဦးမယ်"

သူက တေးထက်အရင် ခုံတန်းနားမှ ခွာကာ ကန် ပေါင်လမ်းပေါ်သို့ လှမ်းသွားလိုက်သည်။

တေးက ခဏအူကြောင် ငြိမ်သက်ကျန်ခဲ့ပြီးမှ သူ့ နောက်သို့ အပြေးလိုက်သွားလိုက်ရင်း ...

"နေဦး ... နေပါဦး ... မောင် ခုနပြောသွားတဲ့ စကားတွေ က တေးနဲ့ လမ်းခွဲဖို့ ပြောတဲ့ စကားတွေလား၊ မောင်က စပြီး တေးကို ဖြတ်သွားတာလား ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်တော့ သူက တေးကို တည်တည်ငြိမ် ငြိမ် ကြည့်လိုက်ရင်း ...

"ဟုတ်ပါတယ် မ ..."

"ဟင် ..."

တေးရဲ့ မျက်လုံးလေးတွေဟာ ပြူးသထက်ပြူးလာကာ သူ့ထံမှာ အကြည့်စိုက်တန့်နေသည်။

ထို့နောက် ထိုမျက်လုံးလေးတွေထဲမှာ အရည်ကြည် တို့ ဝေ့ဝဲလာကာ ...

"မောင် ... နောက်နေတာ မဟုတ်လား"

"မနောက်ပါဘူး မ ..."

"တကယ် အတည်ပေါ့ ..."

"ဟုတ်ပါတယ် ... မ၊ အတည်ပါ ..."

တေးသည် ဘာဆက်ပြောလို့ ပြောရမှန်းမသိအောင် ကယောင်ချောက်ချား ဖြစ်သွားပြီးမှ စိတ်ကိုတင်းကာ မျက်နှာကို မော့ပစ်လိုက်ရင်း ...

"တကယ်တော့ အဲ့ဒီလို အတွေးမျိုးကို အရင်ဆုံး တွေးမိ တာက ငါပါ ညချမ်းရဲ့၊ နင့်ပုံစံက ငါနဲ့ ဟာမိုနီ မဖြစ်လွန်း လို့ စိတ်ရှုပ်ရတာတွေများလို့ နင်နဲ့ ငါ ဝေးနေတုန်းက ချစ်ရသလိုမျိုး စိတ်ချမ်းသာစရာ မကောင်းတော့လို့ နင့်ကို ငါ့ဘက်က စစိတ်ပျက်ခဲ့တာ၊ နင့်ကို အားနာလို့သာ မပြော ဘဲ နေခဲ့တာ၊ ပြီးတော့ ... ငါက မိန်းကလေးလေ၊ မိန်း ကလေးဆိုတော့လည်း တည်မိတဲ့ ဘုရား လင်းတာပဲ နှားနာ





ကျိုးကန်းပဲ အသိုက်ဆောက်ဆောက် ဆိုပြီး တစ်ရည်းစား ကနေ တစ်ရည်းစား ပြောင်းရမှာလည်း ဝန်လေးနေလို့ မထူးဇာတ်ခင်းနေရတာ ...၊

"တကယ်တော့ နင်လည်း ငါ့ကို ချစ်ခဲ့တာ မဟုတ်ပါဘူး၊ ငါကမေးလို့သာ ချော်လဲရောထိုင်လုပ်ပြီး 'ဟုတ်ကဲ့' လိုက်ရတာ မဟုတ်လား ...၊

"အေးလေ ... ခုတော့လည်း ပြီးသွားတာပဲပေါ့၊ အိုကေပါ ... ငါအဆင်ပြေပါတယ်၊ အေးဆေးပေါ့ ... နော့်"

တေးက ဝတ်ထားသည့် ဂျင်းဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ လမ်းလျှောက်နေရင်းက မေးတစ်ချက်ဆတ်ကာ ခပ်သာသာလေး ပြောလိုက်သည်။ ပြီးတော့ ကိုယ့်ခြေထောက် ရှေ့ကို လိမ့်လာသည့် ရေသန့်ဘူးခွံလေးကို ဆတ်ခနဲ ကန်ထုတ် ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် ... အဲ့ဒီလိုမျိုးကြီး ဖြစ်သွားတာလား"

"အေး ... အဲ့လိုမျိုးကြီးပဲ"

"အခု သူက ဘယ်မှာလဲ ..."

"ပြန်သွားပြီလေ၊ ပြန်သွားပြီပေါ့ ..."

"နင် ဘယ်လိုမှ မခံစားရဘူးလား တေး ..."

"ဘာလို့ ခံစားရမှာလဲ၊ သူတောင် ပြတ်နိုင်သေးတာ၊ ငါ့ဘက်ကလည်း မခံ ... မခံ ... အင့် ... မခံစား ... အီး ... ဟီး ... ဟီး ..."

"ဟယ် ..."

"ဟဲ့ ..."

"တေး ..."

ရုပ်တည်နှင့် ခပ်မော့မော့ ခပ်ထေ့ထေ့ ပြောနေသေးသော တေးက ပြောရင်းနဲ့ပဲ အီခနဲ အင့်ခနဲ အသံလေးတွေ ထွက်





လာကာ စိတ်မထိန်းနိုင်သည့်အဆုံးမှာတော့ ဟီးခနဲ ရင်ပွင့် ငိုချလိုက်ပါသည်။

"ငိုမယ့် ငိုတော့လည်း အကျယ်ကြီးပဲဟဲ့ ..."

"တေး ... တိုးတိုး ... တိုးတိုး ... သူများတွေ ကြည့်ကုန်ပြီ၊ လာ ... လာ ... ကားထဲမှာ သွားငိုရအောင်၊ ကားထဲကျမှ အားရအောင်ငို ...၊ အခုတော့ ခဏပြန်အောင့်ထား"

ယမင်းနှင့် ခွာညိုတို့ နှစ်ယောက်က တေးကို တစ်ဖက်တစ်ချက်မှတွဲကာ စားသောက်ဆိုင်အပြင်ဘက်သို့ ထွက်လာသည်။ တေးက အီအီအင့်အင့် အသံထွက်လျက် သူတို့ ဆွဲခေါ်ရာသို့ ပါလာသည်။ ကားပေါ်ရောက်တော့ ထိုအသံတွေက ပိုကျယ်လာကာ အီးခနဲ ဖွင့်ငိုချလိုက်ပြန်သည်။

"အေး ... ငို ... ငို ... အားရပါးရသာ ငို၊ ကားမှန်တင်ပြီး အဲကွန်းဖွင့်ပေးထားမယ်၊ စိတ်ချမ်းချမ်းသာသာ ငို ..."

"အီး ... ဟီး ... ငိုနေပါတယ်ဆိုမှ စိတ်ချမ်းသာစရာလား ဟဲ့"

"ခြော် ... အဲကွန်းနဲ့ဆိုတော့ သက်သက်သာသာလေး ငိုလို့ရတယ်လို့ ပြောချင်တာပါ တေးရယ် ..."

"အီး ... ဟီး ... ဒင်းက သိပ်လူပါးဝတာ သိလား၊ ငါ့ကို ရည်းစားစကား ပြောခါနီးတုန်းကလည်း ပြောမလို မပြောမလို ပြူတစ်ပြူတစ် တွန့်ဆုတ်တွန့်ဆုတ် လုပ်နေလို့ ငါ စိတ်မရှည်လွန်းလို့ နင် ငါ့ကို ချစ်နေလားလို့ ခမ်းမှ ဒင်းက ဟုတ်ကဲ့လို့ ပြောတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ခွိ ..."

"ဟိ ... ပေါပြီ ... ဟိဟိ"

"အင် ... နင်တို့က ဘာရယ်တာလဲ"

"ဩော် ... ဘာမှမဟုတ်ပါဘူး၊ ငို ... ငို ... ဆက်ငို"

"ငါ့မှာတော့လေ သူနဲ့ငါ ဘဝအခြေအနေချင်း မတူပေမယ့်လည်း ဘယ်လိုကွဲပြားမှုတွေပဲရှိရှိ ညှိယူရင် ရမှာပဲလို့ ယုံကြည်ခဲ့ရတာ ... အင့် ... ဟင့်၊ မိုးဓေ အတို့အထောင်လာလုပ်တုန်းကတောင် သူ့ဘက်က မားမားရပ်ပြီး ခုခံပြောခဲ့ရတာ၊ သူ့ပုံစံနဲ့ ငါ့အသိုက်အဝန်းနဲ့ အံမဝင်တာကြီးကို ငါလည်း စိတ်ညစ်ဖူးတာပဲ၊ သူနဲ့ငါ အဝေးချစ်နဲ့ ချစ်နေတာက ပိုပျော်စရာကောင်းတယ်ဆိုတာ ငါကတောင် သူ့ထက်အရင် တွေးမိသေးတာ၊ ဒါပေမယ့် ငါကတော့ သူ့ကို အဝေးချစ်ပဲ ချစ်ကြမယ်လို့ ပြောပြီး မဖြတ်ဘူး၊ သူကတော့ ငါ့ကို ဖြတ်သွားတယ်၊ ငါ့ကို လမ်းခွဲသွားတယ်၊ ငါ့ကို အချိုးသတ်သွားတယ်၊ ရုပ်တည်ကြီးနဲ့ ပြောသွားတယ်လေ ... အီး ... ဟီး ... ဟီး ... အင့် ... ရှုတ် ... ဖျူး ..."

"ဟဲ့ ... ဟဲ့ ... နှပ်ညှစ်နေပြီ ... နှပ်ညှစ်နေပြီ၊ ကားထိုင်ခုံတွေ ပေကုန်ဦးမယ်၊ တစ်ရှူးပေးလိုက်ဦး"

"ရော့ ... ရော့ ..."

တေးက ယမင်း လှမ်းပေးသည့် တစ်ရှူးစကို ဖတ်ခနဲ ဆွဲယူ နှပ်သုတ်လိုက်ပြီး ..."





"ငါ့ထက် ငယ်တာလေးမို့ ရိုးရိုးသားသား လိမ်လိမ်မာမာလေးမို့ ငါ့စကား နားထောင်မလား မှတ်ပါတယ်၊ ပြောလိုက်ရင် တစ်ခွန်းမခံဘူး၊ အမြဲ အာခံပြောတယ်၊ ကတ်ဖိုးကတ်ဖဲ့ ပြောတယ်၊ ဂျစ်ကန်ကန်လုပ်တယ်၊ သူ့ထက်ရှစ်နှစ်ကြီးတဲ့ သူ့ကို မရိုသေဘူး၊ မနာခံဘူး၊ ငါနဲ့ ရန်ဖက်ဖြစ်ချင်သေးတယ်၊ ဒင်းက ... ဒင်းက ... ခုတော့ ငါ့ကိုတောင် အချိုးသတ်ပြီး ဖြတ်သွားပြီလေ၊ အညာသား လူလည် စကားတတ် လှတောသား ပိဋကတ်အိုးကွဲက သူ့ဆရာကြီးလုပ်ခွင့် မရတာနဲ့ပဲ ငါ့ကိုထားပစ်ခဲ့ပြီလေ ... အီး ... ဟီး ... ငါ ဒေါသဖြစ်လွန်းလို့ ငိုတာပါဟယ်၊ အင့် အီး ... ငါ့မှာတော့ ဒင်းကို ယူကိုယူမှာ၊ ကလေးတွေ အများကြီး မွေးပစ်ဦးမှာလို့ မိုးဓေကိုတောင် ပြောခဲ့သေးတာ၊ ခုတော့ မိုးဓေရှေ့မှာ ငါ့မျက်နှာကို ဘယ်လိုသွားပြရတော့မလဲ၊ ငါ့ရှယ်ယာတွေ ပြန်ထုတ်ပြီး မိုးဓေနဲ့ အလုပ်အတူမလုပ်တော့ရင် ကောင်းမလား၊ ငါ့မျက်နှာကို ဓားနဲ့လှီးပစ်ရင် ကောင်းမလား ..."

တေးက အဆက်မပြတ် ပြောကာ ငိုလို့မပြီးတော့တာမို့ ခွာညိုက ကိုယ့်နားရွက်ထဲ လက်ညှိုးထည့်ကာ တစ်ချက်ကလိလိုက်ရင်း ...

"တေးရယ် ... ငိုမနေစမ်းနဲ့၊ နင်ကလည်း နင်ပဲဟာကို"

"ဟမ် ... ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



တေးက အငိုရပ်ကာ နွှာညို့ကို မျက်လုံးပြူး၍ကြည့်သည်။ နွှာညိုက နှာခေါင်းရှုံ့ရှုံ့ ပြုံးစိစိနှင့် …

"နင်က ညှိယူမယ်သာ ပြောနေတာ၊ ညှိမှ မညှိတာကို၊ 'ညှိ'ဆိုတဲ့ စကားကို လွယ်လွယ်မပြောနဲ့၊ 'ညှိ'တယ်ဆိုတာ နှစ်ဦးနှစ်ဖက် သဘောနဲ့ ညှိရတာ၊ နင်က နင့်ဘက်ယောက်တည်းသဘောနဲ့ ညှိနေတာ၊ နင်ဖြစ်ချင်တာပဲ နင်ပြောနေတာ၊ နင့်အစ်မနဲ့ အစ်ကိုတွေ လာတုန်းကလည်း နင်ဖြစ်ချင်တဲ့အတိုင်း လိုက်လျောမယ့်သူမို့လို့ ယူမှာလို့ ပြောလိုက်တယ်ဆို၊ နင် အဲ့ဒီလို ပြောတာကို ညချမ်း ကြားချင်ကြားသွားနိုင်တာပဲ …"

တေးက ခုမှပြန်စဉ်းစားလိုက်မိသလို ငြိမ်သွားသည်။

"ပြီးတော့ ညချမ်းနဲ့တွေ့တိုင်း နင်ဖြစ်ချင်တာချည်းပဲ ပြောနေတာ မဟုတ်လား၊ ညချမ်းကလည်း ထုံ ငအမှ မဟုတ်တာ၊ နင် တစ်ဖက်သတ်ကြီး ဆက်ဆံနေတာကို ငြိမ်ခံနေမလားဟဲ့ …"

တေးက မျက်တောင် တဖျပ်ဖျပ်ခတ်လိုက်ပြီး နွှာညို့ကို ပြူးစိုက်ကြည့်နေသည်။

"ငါတော့ ညချမ်း နင့်ကို ဆန့်ကျင်တာ၊ နင်ပြောသမျှ ခေါင်းမညိတ်ဘဲ သူ့ဘာသာ ဆင်ခြင်တွေးဆတတ်တာကို သိပ်သဘောကျတာပဲ၊ နင်ပဲ စဉ်းစားကြည့်လေ … ကိုယ်ယူရမယ့် ယောကျ်ားတစ်ယောက်က ကိုယ့်ကို အမြဲ တရိတသေကြီးနဲ့ ကိုယ်ပြောသမျှ ခေါင်းညိတ် နာခံ ကောင်း





သည် ဆိုးသည် မဝေဖန်ဘူးဆိုရင် ဘယ်လောက် ပျင်းစရာကောင်းသလဲ၊ အဲ့ဒီလို ယောကျ်ားမျိုးဆို ဆန့်ကျင်ဘက်ယောကျ်ားအဖြစ်နဲ့တောင် ဆွဲဆောင်မှု မရှိတော့ဘူး၊ ကိုယ့်ထက်ငယ်ပြီး ကိုယ်ပြောသမျှ နာခံတာလေး လိုချင်ရင်ယောကျ်ားယူမနေနဲ့တော့၊ ကလေးပဲ မွေးစားလိုက်တော့"

"အေးလေ … တေးရယ်၊ နွှာညိုပြောတာအမှန်ပဲ၊ ယောကျ်ားယူတာပဲဟာ တပည့်မွေးတာမှ မဟုတ်တာ၊ ဆရာကြီးစတိုင်လ်နဲ့ မနေချင်စမ်းပါနဲ့ …"

"ခုတော့ ကြည့်ခမ်း … နင်တို့အဖြစ်က တောင်စဉ်ခုနစ်ထပ်ရန်စွယ် ခုနစ်သွယ် ဖြတ်ကျော်လာခဲ့ပြီးမှ ဖြုတ်ကိုက်ခံရလို့ သေတဲ့သူတွေ ကျနေတာပဲ၊ ဒီလောက် ချစ်ကြိုက်လာခဲ့ပြီးမှ၊ အမေနဲ့ အစ်မတွေ အစ်ကိုတွေရဲ့ တိုက်စစ်တွေကိုခုခံတွန်းလှန်နိုင်ခဲ့ပြီးမှ၊ ပန်းတိုင်ရောက်ဖို့ ဆံခြည်တစ်မျှင်စာလောက်ကလေး လိုတော့မှပဲ လမ်းခွဲလိုက်ရတယ်လို့ဟာ …"

"အေးလေ … တေးရယ် … နင်ကလေ ဘူးသီးနုနုသာ ခူးစားချင်တာ၊ ဘူးစင်ပိုင်ရှင်ကို မျက်နှာချိုသွေးရမှာတော့ ဝန်လေးချင်တဲ့ သူမျိုး …"

"အေးလေ … မြက်ခင်းနုနုပေါ်ကျတော့ နင်းချင်ပြီး မြက်ပင်ကို ရေလောင်းဖို့ ပျင်းတဲ့သူမျိုး"

"ဟုတ်ပ … အောက်ကလည်းနေသေး၊ မှတ်ပြီလားဟဲ့ အော်ချင်တဲ့ သူမျိုး …"

www.burmeseclassic.com



"ဟဲ့ ... နင်တို့တွေ ငါ့ကို နှစ်သိမ့်နေတာလား၊ မီးလော
ရာ လေပင့်ပြီး ငါ့ကို နှိပ်ကွပ်ကြမှာလား ... ပြော"

"ဟီဟီ ... နှစ်ခုလုံးပဲ"

တေးက ဒေါသဖြင့် အော်လိုက်တာမို့ ချာညီး
ယမင်းက ပခုံးလေးတွေ တွန့်ကာ ပြုံးစိစိ ပြန်ပြောလိုက်ကြ
သည်။



တေးသည် စောစောတုန်းကမှ ငိုထားမိသဖြင့် ဖူး
ခ်တင်း ပြောင်နေသော မျက်နှာကလေးကို ဘာမှ မလိမ်းခြယ်၊
ပင် မသပ်မရပ်ကို ကလစ်ကြီး တစ်ချောင်းဖြင့် နောက်စေ့မှာ
ါက် တင်ထားကာ အိမ်နေဝတ် ဘောင်းဘီရှည်ပွပွရွရွ၊ ရှပ်အင်္ကျီ
တ် လတ်လတ်ဖြင့် ခြေလှမ်းကို တရွတ်တိုက် လှမ်းရင်း ညချမ်း
ခဲ့သော မြောက်ဘက် အိမ်ကလေးဆီသို့ လျှောက်လာနေပါ
ည်။

ထိုပုံစံဖြင့် လျှောက်လှမ်းသွားသော တေးကို မီးဖို
င်ဝမှာ ပြူတစ် ချောင်းကြည့်နေသူများက လှမ်းကြည့်ကျန်ခဲ့
ပြီး ဝေဖန်သံကလေးတွေ ပုကျိ ပုကျိ ထွက်လာသည်။

"အင်း ... လွမ်းနာကျတဲ့ ရုပ်ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်ထင်
ပါရဲ့ ..."

"ဟုတ်ပ ... ဟုတ်ပ ... ကြည့် ... ကြည့် ... ခြေလှမ်းလှမ်း



www.burmeseclassic.com

www.burmeseclassic.com



တာတောင် မတက်ကြွတော့ဘူး၊ အရက်မူးသမားလို မှု မမာလို တရွတ်ဆွဲပြီး လှမ်းနေတာ တွေ့လား ...”

“အေးဟယ် ... ဟုတ်ပါရဲ့၊ မမတေး သနားပါတယ်၊ ကိုကြီး ညချမ်း နေသွားတဲ့ အခန်းကို ငါ သွားရှင်းရမလား မေးတော့ မရှင်းနဲ့တဲ့၊ ထားလိုက်ဦးတဲ့၊ ကေန့ သူ အလွမ်း ပြေ သွားသွားကြည့်ချင်လို့ ခြေရာလက်ရာမပျက် ထားထား တာ ထင်တယ်”

“အင်း ... ခုတော့ သူကိုယ်တိုင်ပဲ သွားရှင်းပြီ ထင်ပါရဲ့ ကိုကြီး ညချမ်း ပြန်သွားတာလည်း တစ်လတောင် ပြည့် တော့မှာကိုး ...”

အေးမူနှင့် သန်းသန်းတို့ စကားပြောနေကြတာ မကြူက ငြိမ်နားထောင်ရင်းက တစ်ခုခု တွေးမိသွားသလို ဖြင့် ...

“အင်း ... တစ်ခုခုတော့ တစ်ခုခုပဲ ထင်ပါတယ်အေ၊ အရင်ကလည်း သူတို့ ဒီလိုပဲ ဝေးဝေးက ချစ်ကြရတာ မဟုတ်လား၊ အဲဒီတုန်းကတော့ တေးက ဖုန်းလေးပြော ပြောကာနဲ့ ပျော်နေတဲ့ပုံပါ၊ ညညဆို ခြံထဲက မြက်ခင်း မှာ လမ်းလျှောက်ရင်း တေး ဖုန်းပြောနေတဲ့ ပုံကို မြင်ယောင်ပါသေးတော့၊ အဲဒီတုန်းကဆို ဖုန်းပြော ရယ်နေလိုက်တာများ တကယ့်ကို ကလေးလေး ကျနေ ပဲ၊ ချစ်စရာလေး၊ ခုတော့ ... ဘယ်လို ဖြစ်ရတယ် ညချမ်း ပြန်သွားကတည်းက သူ့ကြည့်လိုက်ရင် မျက်နှာ





မသာယာဘူး၊ ခြံထဲဆင်းပြီး ဖုန်းပြောတာလည်း မမြင်မိ ဘူး”

“ဒေါ်ကြူကလည်း အဲ့ဒီတုန်းကနဲ့ အခုနဲ့ တူမလား၊ ကိုကြီး ညချမ်းက ဒီခြံထဲမှာ တစ်လကြီးများတောင် မမတေးနဲ့ အနေနီးနီး နေသွားတာဆိုတော့ အရင်ထက် ပိုပြီး လွမ်း ကျန်ခဲ့မှာပေါ့လို့ ...”

“အေးလေ ... ဟုတ်မှာပါ၊ ကဲ ... ကဲ ... လာကြ၊ အဲ့ဒီမှာ ပြုတာစ်မနေကြနဲ့တော့၊ လာ ... လုပ်စရာရှိတာ လုပ် ...”

မကြူက အေးမူတို့ကို လှမ်းခေါ်ပြီး နွားလက်စ ကြက်သွန်ဗန်းကို လှမ်းပေးလိုက်သည်။

တေးကတော့ လေးဖင့်ဖင့် ခြေလှမ်းများဖြင့် မြောက် ဘက်အိမ်ကလေးဆီသို့ လျှောက်လာပြီး အိမ်တံခါးကို သော့ဖွင့် ဝင်လာပါသည်။

တေးက အိမ်ခန်းထဲသို့ လျှောက်ဝင်လာရင်း အိမ် ပတ်ပတ်လည်ကို ဝေ့ဝဲကြည့်လာပါသည်။ မောင် ပြန်သွားတာ တစ်လနီးနီး ရှိခဲ့ပြီဖြစ်သော်လည်း ဒီအိမ်ကလေးထဲမှာ မောင့် အငွေ့အသက်တွေ ကျန်နေခဲ့တုန်းပဲဟု ထင်မိသည်။

မောင် ဒီမှာ နေနေတုန်းကတော့ ဒီအိမ်ကလေးထဲ ကို တေး မရောက်ခဲ့ရပါ။ မေမေ တားမြစ်ထားတာလည်း တစ် ကြောင်း၊ တေးကိုယ်တိုင်ကလည်း မောင် တစ်ယောက်တည်း ရှိနေသည့် အိမ်ကလေးထဲကို တေး တစ်ယောက်တည်း မသွား ဆင့်ဘူးဟု ယူဆခဲ့တာမို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



ခု မောင် မရှိတော့မှ တေးက ဒီအိမ်ကလေးထဲကို ရောက်လာရလေသည်။

တေးက ဧည့်ခန်းကလေးကို ဖြတ်ကျော်လျှောက်ခဲ့ကာ မောင် အိပ်ခဲ့သည့် အိပ်ခန်းကလေးထဲသို့ ဝင်လာခဲ့ပါသည်။

ဒီအိပ်ရာကလေးကို တေး ကိုယ်တိုင် ပြင်ထားပေးခဲ့တာပါ ...။ ကိုယ့်အိပ်ရာတောင် ကိုယ် ပြင်ဖို့ ပျင်းလှသော တေးက မောင့် အိပ်ရာလေးကိုတော့ လှလှပပ ပြန့်ပြန့်စန့်စန့်ကလေးဖြစ်အောင် ကိုယ်တိုင် ပြင်ပေးထားခဲ့တာ ...။

မောင့်အိပ်ရာမှာ ခင်းဖို့ ဖက်ဖူးစိမ်းရောင် အိပ်ရာခင်းကလေးကိုလည်း တေးကိုယ်တိုင် ရွေးချယ်ဝယ်ယူထားခဲ့တာပါပဲ။

မောင့် အိပ်ရာ ခေါင်းရင်းက အဲကွန်းနားမှာ ချိတ်တဲ့ အမွှေးခဲကလေးက အစ၊ မောင့်အိပ်ရာ ခြေရင်းက ပလက်ပေါက်မှာထိုးတဲ့ ညအိပ်မီးပွင့်ကလေးက အစ၊ မောင့်အိပ်ရာဘေး စားပွဲ ပေါ်မှာ တင်ဖို့ ဖုန်းစတန်းလေးနဲ့ ပန်းအိုးသေးသေးလေးအစ တေးကိုယ်တိုင် ဝယ်ယူ ပြင်ဆင်ပေးထားခဲ့တာပါ။

တေးဟာ ဖြစ်စဗျင်းတောင်း နိုင်လှပေမယ့်လည်း စည်းကမ်းမရှိပေမယ့်လည်း ထင်ရာစိုင်းတတ်တဲ့ မရင့်ကျက်တဲ့ကလေး ဖြစ်ပေမယ့်လည်း မောင့်ကိုတော့ နှစ်နှစ်ကာကာ ချစ်တာပါပဲ ... အဟင့် ... ရှုတ် ...။

တေးက တွေးရင်း မျက်ရည်လည်ကာ နှပ်တစ်ချက်ရှုံ့ရသည်။

သေသေသပ်သပ်လေး ထားရစ်ခဲ့တဲ့ မောင့်အိပ်ရာကလေးပေါ်မှာ ထိုင်မိတော့ မောင့် ခေါင်းအုံးလေးနားမှာ ချထားတဲ့ pooh ဝက်ဝံရုပ်ကလေးကို သတိပြုမိသွားသည်။ အဝါရောင်နဲ့ အနီရောင် စပ်ထားတဲ့ ဝက်ဝံရုပ်ကလေးရဲ့ အရွယ်အစားဟာ တေး ဖက်အိပ်နေကျ မမဂီတ ထားရစ်ပေးခဲ့သည့် အရုပ်ကလေးနှင့် အရွယ်အစားအတူတူပင်။





တေးက အရုပ်ကလေးကို လှမ်းယူလိုက်တော့ အရုပ်အောက်မှာ ဖိထားသည့် စာရွက်ခေါက်လေးကို တွေ့ရပါသည်။

တေးက စာရွက်ခေါက်လေးကို ဆွဲယူဖြန့်ဖတ်လိုက်သည်။

မ ...

*ဒီလိုအရုပ်လေးတွေ မ ကြိုက်တတ်မှန်းသိလို့ ကျွန်တော် ဝယ်ထားတာပါ၊ မအတွက် ထားရစ်ခဲ့ပါတယ်။*

*ညချမ်း ...*

သူ့စာလေးကိုဖတ်ပြီးချိန်မှာ တေးစိတ်တွေ ဆောက်တည်ရာမရ ဖြစ်လာပါသည်။

"မမဂီတတုန်းကလည်း ငါ့ကို အရုပ်တစ်ရုပ် အဖော်ထားပေးခဲ့ပြီး ထွက်သွားတယ်၊ နင်ကလည်း ဒီအရုပ်မျိုးပဲ အဖော်ထားခဲ့ပြီး ထွက်သွားတယ်ပေါ့လေ ... ဟုတ်လား၊ အိ ... အင့် ... ရှုတ်"

တေးသည် နှပ်တရှုံ့ရှုံ့နှင့် အိခနဲ အင့်ခနဲ ရှိုက်ကာ မျက်ရည် အသွယ်သွယ် ကျလာပြန်ပါသည်။

မောင်ဟာ တေးကို နားမလည်ခဲ့ပါဘူး ...။ အစ်မ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အစ်ကိုတွေနဲ့ ခွဲခဲ့ရကတည်းက အထီးကျန်စိတ်နဲ့ ကြီးပြင်းလာခဲ့ရတဲ့ တေးဟာ တစ်နေ့ တေး အိမ်ထောင်ပြုတဲ့အခါမှာ တေးရဲ့ အိမ်ထောင်ဘက်နဲ့ မခွဲမခွာ အမြဲသာ နေတော့မယ်လို့ စိတ်ကူးထားခဲ့တာ ... ။

ဘယ်လို အခြေအနေပဲရှိရှိ ကိုယ် လက်ထပ်လိုက်တဲ့ ကိုယ့်ခင်ပွန်းနဲ့ တစ်ရက်ကလေးတောင် မခွဲဘဲ အတူနေချင်စိတ်က ပြင်းပြလှတာမို့ ညချမ်းဘက်ကို ထည့်မတွက်သလို ဖြစ်ခဲ့ရတာ ... ။

ခုတော့ ... တေးဟာ ချစ်သူပစ်မလေး ဖြစ်ရပြီ ... ။ အားလုံးက တေးကို တပည့်မွေးချင်တဲ့ စိတ်ကြီးနဲ့ ယောကျ်ားယူဖို့ စဉ်းစားသူဟု စွပ်စွဲကြပြီ ... ။ တေးကို တေးကို ဘယ်သူမှ နားမလည်ကြပါဘူး ... အူး ... ဟူး ... ဟူး ... အီး ... ။

တေးက ဤသို့ တွေးရင်း တွေးရင်း ဆို့ကာ ငိုသည်။

မောင့် အိပ်ရာကလေးမှာ ခွေခွေလေး လှဲရင်း မောင့် အရုပ်လေးကို ရင်မှာပွေ့ကာ ငိုသည်။

ငိုလို့အားရတော့မှ တေးက လဲလျောင်းနေရာမှ ထထိုင်လိုက်သည်။ ထိုအချိန်မှာပဲ ခေါင်းအုံးလေးဘေးမှာ ချထားသော မောင့် စာရွက်ခေါက်ကလေးကို တေး၏လက်ဖြင့် လျှောခနဲ လျှပ်တိုက်မိကာ စာရွက်ခေါက်ကလေးက နံရံနှင့် ခုတင်ကြားသို့ ပြုတ်ကျသွားပါသည်။

တေးက ခုတင်ဘေး နံရံကြားထဲ လက်နှိုက်ကာ စာရွက်ခေါက်ကို ပြန်ကောက်ဖို့ ကြိုးစားလိုက်သည်။ ခုတင်နှင့်





နံရံကြား နေရာလေးက လက်တစ်ချောင်းဝင်သာရုံ ကျဉ်းကျဉ်းကလေးမို့ အောက်ကို သေချာမမြင်ရ။ လက်ကို ဇွေ့ယမ်းစမ်းရင်း စာကိုရှာရသည်။ စာကို ရှာမရခင်မှာပဲ တေးလက်က မာတာတာ စက္ကူပြားလေး တစ်ခုကို စမ်းမိသွားသည်။ တေးက ထိုအပြားလေးကို အရင် ဆွဲထုတ်ကြည့်လိုက်ပါသည်။

ဓာတ်ပုံကလေး ...

တေး မြင်ရတဲ့ ဓာတ်ပုံကလေးဟာ တေးနဲ့ မောင် စတွေ့ပြီး နောက်တစ်ရက်မှာ ဆည်ပေါက်ရွာကို သွားလည်တုန်းက လမ်းမှာ သန်းကြည်မောင် ဗွတ်အတင်း ရိုက်ပေးခဲ့တဲ့ပုံလေး။

တေးတို့ နှစ်ယောက်ကို လိုက်ဖက်ညီလို့ဆိုပြီး အတူတွဲရပ်ခိုင်းပြီး ရိုက်ယူထားခဲ့တဲ့ ပုံလေးပါ။

ဓာတ်ပုံထဲက သူ့မျက်နှာထားဟာ ရှက်သွေးဖြန်းသလိုလေး၊ တေးပုံစံကလည်း ရှက်ကိုးရှက်ကန်း။

ဒီပုံကို မောင်က သန်းကြည်မောင်ဆီက ပြန်တောင်းထားခဲ့ပုံ ရပါသည်။

တေးက ဓာတ်ပုံရဲ့ နောက်ကျောဘက်ကို လှန်ကြည့်လိုက်တော့ ညီညာသပ်ရပ်စွာ ရေးထားသော စာကြောင်းကလေးတွေကို တွေ့လိုက်ရသည်။

*မ ပြန်ခါနီးတော့ မက ကျေးဇူးတင်တဲ့အကြောင်း ပြောသွားတယ်။*

*ကျွန်တော်လည်း ကျေးဇူးတင်တဲ့အကြောင်း ပြောလိုက်ဖြစ်တယ်။*



www.burmeseclassic.com

www.burmeseclassic.com



*မက ဘာဖြစ်လို့ ကျေးဇူးတင်တာလဲလို့ မေးတယ်။*

*ကျွန်တော် မဖြေဘဲ နေလိုက်တယ်။*

*ကျွန်တော် ပြောချင်တဲ့ စကားက ...*

*'မကြောင့် အချစ်ဆိုတာကို စတင်ခံစားခဲ့မိလို့၊ မကို ကျေးဇူး တင်တယ်'*

*မကို ပြောချင်ပေမယ့် မပြောဖြစ်လိုက်တဲ့ စကားက ...*

*'မကို သတိရနေမှာပါ'*

ထိုစာကြောင်းလေးတွေက တေးရဲ့ နှလုံးသားကို ဆွဲခါပစ်လိုက်သည်။ ဒီစာလေးက တေးတို့ ပထမဆုံးအကြိမ် တွေ့ပြီးခဲ့ချိန်မှာ ရေးထားခဲ့တဲ့ စာသားဆိုတာ တေး သိလိုက်သည်။

"အဲ့ဒါဆိုလည်း အဲဒီတုန်းက ပြောပါလားဟဲ့ ...၊ နင် ပြောရင် ငါ ပီတိဖြစ်မယ်ဆိုတာလောက်တောင် မသိတတ် ဘူးလား ငတုံးရဲ့ ...၊ ဒီလောက်တောင် နှုတ်နှေးရသလား ဟဲ့၊ နင်က ငါ့ကိုထားခဲ့ပြီးမှ ဒီခါတ်ပုံက နမော်နမဲ့ ပြုတ် ကျကျန်ခဲ့တော့ ငါ ခံစားရပြီပေါ့ဟဲ့ ...၊ နင်ကလေ ငါ့ကို နှိပ်ကွပ်ဖို့ အာခံဖို့ဆိုရင်သာ လှတောသားလို စကားကြွယ် နှုတ်သွက်တာ၊ ငါ့ကို ချစ်ကြောင်း လွမ်းကြောင်း ပြောဖို့ ကျတော့ နှုတ်နှေးလိုက်တာများ အမြင်ကိုကတ်ကယ် တကယ်ပဲ အစုတ်ပလုတ်လေး ..."

တေးက ပွစိပွစိ ရေရွတ်ပြောဆိုရင်း မျက်ရည်တွေ လျှောခနဲ လျှောခနဲ ကျလာပြန်တာမို့ ခါတ်ပုံလေးကို စိုမသွား အောင် ဖယ်ထားလိုက်ရပါသည်။ ခုန်လာသော ရင်ကိုတော့ လက် ဖြင့် အသာဖိထားရသည်။





ခဏကြာတော့မှ တေးက မျက်ရည်သုတ်လျက် Pooh ရုပ်ကလေးကို ပွေ့ပိုက်ကာ အိမ်ဘက်သို့ ပြန်လျှောက်လာ သည်။

တေးရဲ့ ခြေလှမ်းတွေဟာ လာတုန်းကလို လေးဖင့် တရွတ်ဆွဲမနေတော့ဘဲ အနည်းငယ် ပေါ့ပါးသွက်လက်နေသည်။

"ကြည့် ... ကြည့် ... အသွားတုန်းကလောက်တော့ အခြေ အနေ မဆိုးတော့ဘူးတော့ ..."

"အလွမ်း နည်းနည်း ပြေသွားလို့ထင်တယ်နော်"

အေးမှုနှင့် သန်းသန်းက မီးဖိုချောင်ထဲကနေ တေး ကို လှမ်းမျှော်ကြည့်ရင်း ထင်မြင်ချက်တွေ ပေးလိုက်ကြသည်။

ကိုယ့်အခန်းလေးထဲ ပြန်ဝင်လာခဲ့သော တေးက ညချမ်းတစ်ယောက်တည်းပုံ ထည့်ထားသည့် တေးရဲ့ ခါတ်ပုံ စတန်းလေးထဲကို နှစ်ယောက်တွဲပုံကလေး အပေါ်က ထပ်ထည့် လိုက်သည်။

ပြီးတော့ ... တေးက ဆော့ပန် တစ်ချောင်းဖြင့် pooh အရုပ်လေးရဲ့ ပါးနှစ်ဖက်မှာ ပါးမြိုင်းမွေးတွေ ရေးခြစ်ထားလိုက် သည်။

ထိုညက အိပ်ရာဝင်တော့ တေးက ရင်ခွင်ထဲ ထည့် အိပ်နေကျ မမဂီတရဲ့ အရုပ်ကလေးကို ဖယ်ထုတ်လိုက်ပြီး ပါး မြိုင်းမွေးနဲ့ pooh အရုပ်ကလေးကို အစားထိုး ဖက်ပိုက်လျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

မောင် ပြန်သွားပြီး မကြာခင်မှာပဲ ဆောင်းရာသီ ကျရောက်လာခဲ့လေသည်။

ဒီဇင်ဘာ ဆောင်းည တစ်ညမှာ တေးတို့ သူငယ်ချင်းတွေအားလုံး ချွာညိုတို့ မိသားစုပိုင် မော်ဘီဘက်က ခြံထဲမှာ စုမိကြသည်။

အဲ့ဒီညဟာ ဒီဇင်ဘာ ၃၁၊ နယူးရီးယားည။

ချွာညိုတို့ ခြံထဲမှာ နယူးရီးယား ပါတီလုပ်ဖို့ စီစဉ်ထားပြီး တေးတို့ သူငယ်ချင်းအားလုံး ချွာညို့အိမ်မှာ စုအိပ်ကြဖို့ မိဘများကို ခွင့်ပန်လာခဲ့ကြသည်။

ညနေစောင်းကတည်းက ခြံထဲမှာ အကင် ကင်ဖို့ မီးဖိုပြင်သူကပြင်၊ စားပွဲတွေ ချသူကချ၊ ညဥ့်နက်လေ တဖြည်းဖြည်း လူစုံလာလေ ...။

အရင်နှစ်တွေတုန်းကဆို ဒီလိုညမျိုးမှာ တေးက





အကဲဆုံး ဖြစ်ပေမယ့် ဒီညတော့ မပျော်နိုင် မကဲနိုင်ဘဲ ခြံထောင့်က ခုံတစ်ခုံမှာ တစ်ယောက်တည်း ခပ်ကုပ်ကုပ် ထိုင်နေသည်။

ညဥ့်နက်လာတော့ လေလည်း ပိုအေးလာကာ နှင်းမှုန်ကလေးတွေလည်း တဖွဲဖွဲကျလာသည်။

ဒီညမျိုးက တေးကို လွမ်းဆွတ်စေပါသည်။

"တေးရေ ... လာဟေ့ ... ကာရာအိုကေ ဟဲရအောင်"

"မဟဲချင်ပါဘူး၊ နင်တို့ဘာသာပဲ ဟဲကြ၊ မိုက်ခဲမတွေ ..."

"အမယ် ... နင်ကရော မိုက်ခဲ မဟုတ်လို့လား၊ အရင်တုန်းက ဒီလိုညမျိုးဆို နင် အဟဲဆုံး ...။

"အရင်က ဟဲပေမယ့် အခု မဟဲချင်လို့ပေါ့ဟယ်"

"ချမ်းရ အေးရတဲ့အထဲ နင်က ချောင်ကပ်ပြီး မျောက်မှိုင်မှိုင်နေတော့ ပိုအေးမှာပေါ့ တေးရဲ့၊ လာပါ ... သွေးပူသွားအောင် တစ်ပုဒ်လောက် ဟဲလိုက်စမ်းပါ"

ချွာညိုနှင့် ယမင်းက ဖွတ်ခေါ်နေတာမို့ တေးက ဒွတ်ငြင်းနေရသည်။ ခုချိန်မှာ ငြိမ်ငြိမ်လေးသာ ထိုင်ပြီး တွေးနေချင်လို့ပင်။

"လာပါဟဲ့ ... တေးရဲ့၊ ငါတို့ သီချင်းအစုံရအောင် ရှာထားပါတယ်၊ နင်ဆိုဖို့ အလွမ်းသီချင်း အစုံရှိတယ်၊ ခုလိုချိန်မျိုးမှာ အလွမ်းသီချင်း တစ်ပုဒ်လောက် ရင်ဖွင့်ဆိုလိုက်ရင် အရမ်းပေါ့သွားမှာ"

"ဘာလို့ ဆိုရမှာလဲ၊ ငါမှ မလွမ်းတာ"

"ဪ ... မလွမ်းဘူးလား၊ ဒါလား မလွမ်းတဲ့ရုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မလွမ်းဘူး၊ ငါက ကိုယ့်အနားမှာ ရှိနေမပေး နိုင်တဲ့ လူတစ်ယောက်ကို တမ်းတတွယ်မက်နေချင်တဲ့သူ မျိုး မဟုတ်ဘူး"

"ပြီးတာပဲ"

ခွာညိုတို့က တေးအနားမှ ဆုတ်ခွာသွားကြသည်။

ခဏနေတော့ ခြံထောင့် ကာရာအိုကေဝိုင်းဘက်က သီချင်းဆိုသံတွေ ထွက်ပေါ်လာသည်။

*"နင်ဟာ ငါ့အား ထားသွားနိုင်ခဲ့တာ xxx အရာရာအကုန် လုံး ငါ မေ့ပျောက်လို့မရလို့ xxx နင်မပါတဲ့ နေ့ညတိုင်း အချိန်ရှိတိုင်း သတိရလို့ xxx ငါတစ်ယောက်တည်း ဖေးမ မယ့်သူ မရှိ"*

သီချင်းသံက တေးကို ပို၍ ဖေးမမယ့်သူ မရှိအောင် လုပ်လိုက်သလိုပင်။

ခြံထောင့်ဝိုင်းကတော့ စည်ကားနေသည်။ နီနီခင်ဇော် ဆိုတဲ့ မယ်လိုဒီပိုဒ်ကို ခွာညိုကဆို၊ Rap စာသားကို ယောကျ်ားလေး သူငယ်ချင်း တစ်ယောက်ကဆို။ သူတို့အုပ်စုနဲ့သူတို့ စည်ကား မြိုင်ဆိုင်နေသည်။

ထိုအချိန်မှာ အကင် ကင်နေသော အုပ်စုဘက်က အသံတွေ ထွက်လာသည်။

"အေးလာပြီဟေ့၊ မီးဖိုလေးဘာလေး ဖိုကြပါဦး၊ နွေးသွား အောင်"

"ဖိုမယ်လေ၊ ခဏနေ မီးပုံပွဲလည်း လုပ်ဦးမှာ"





မီးဖိုသူတွေက စဖိုလိုက်ကြသည်။

တေးသည် မီးညွှန့်ကလေးတွေ တက်လာသော မီးဖို ကိုစိုက်ကြည့်ရင်း မီးညွှန့်တွေနောက်မှာ မောင့် မျက်နှာကို မြင် ယောင်လာသည်။ မောင့် အသံကို ကြားလာသည်။

"အစ်မ ... ချမ်းနေလား"

"အင်း ... ချမ်းတာပေါ့"

"ချမ်းရင် လက်ကို မီးကင်လိုက်လေ"

"ဘယ်လိုကင်ရမှာလဲ"

"ဒီလိုမျိုးလေ"

တေးရဲ့ လက်ဖျားလေးတွေ ပိုအေးလာသည်ဟု ထင် လိုက်မိသည်။ တေးသည် ခြံထောင့်က မီးဖိုကလေးနားသို့ လျှောက် လာပြီး မီးဖိုဘေးမှာ ငုတ်တုတ်ကလေး ထိုင်ချလိုက်သည်။ ပြီးတော့ တေးရဲ့ လက်ဖဝါးလေး နှစ်ဖက်ကို မီးဖိုလေးနားမှာ မှောက်ချည် လှန်ချည် လုပ်လိုက်ပြီး နွေးလာသော လက်ဖဝါးနှစ်ဖက်ကို ပါး နှစ်ဖက်မှာ ကပ်ထားလိုက်သည်။ တေးသည် ကိုယ့်လက်ကလေး တွေကို မီးနားမှာ နွေးအောင် လုပ်လိုက်၊ ပါးနှစ်ဖက်မှာ ပြန်ကပ် လိုက် လုပ်ရင်း မျက်ရည်က သူ့အလိုလို ကျလာသည်။

သီချင်းဆိုရင်း တေးကို လှမ်းကြည့်နေမိတော့ ခွာညို င် သီချင်းဆက်မဆိုနိုင်တော့ဘဲ မိုက်ခရိုဖုန်းကို ပိတ်ကာ ယမင်း ကို လှမ်းပြောလိုက်သည်။

"ယမင်းရေ ... အခြေအနေ မကောင်းဘူးဟေ့"

"အေး ... ရောဂါက တော်တော် ရင့်လာပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါတို့ တစ်ခုခု စီစဉ်ပေးမှဖြစ်တော့မယ် ထင်တယ်"

"အမှန်ပဲ၊ ဒီအတိုင်း လွှတ်ထားလို့တော့ မဖြစ်တော့ဘူး"

"သွားချော့လိုက်ပါဦးဟယ်"

"မသိချင်ယောင် ဆောင်ထားတာက ပိုကောင်းမယ်ထင်တယ်၊ ငါတို့မြင်သွားမှန်း သိရင် ရှက်နေဦးမယ်၊ ဆို ... ဆို နင့်သီချင်းနင် ဟန်မပျက်ဆက်ဆို၊ တော်ကြာ သူ့အကြောင်း သိမထားတဲ့ သူတွေပါ ရိပ်မိပြီး လျှောက်စပ်စုနေဦးမယ်"

နွာညိုက အိုးနင်းခွက်နင်းဖြင့် သူ့သီချင်းသံစဉ်ထဲ သူ ပြန်ဝင်သွားသည်။

အဲဒီညမှာပဲ သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်ကာ တေးအတွက် အစီအစဉ်တစ်ခု ဆွဲခဲ့ကြပါသည်။



တေးသည် နှစ်သစ်၏ နံနက်ခင်းမှာ Pooh ဝက်ဝံရုပ်လေးကို ရင်ခွင်ပိုက်လျက် အိပ်ရာမှ နိုးလာပါသည်။

နွာညိုတို့ မော်ဘီခြံမှာ ညအိပ်မှာမို့ တေးက ဒီအရုပ်လေးကို တေးရဲ့ စလင်းဘတ်အိတ်ကြီးကြီးထဲမှာ ထည့်ယူလာခဲ့ပြီး ညအိပ်ခါနီးမှ ထုတ်ယူကာ ရင်မှာ အပ်၍ အိပ်ခဲ့တာပင်။

နွာညိုတို့ ခြံထဲမှာ ဆောက်ထားတာက ဘန်ဂလိုဆန်ဆန် အခန်းတွဲကလေးတွေပင်။ ရန်ကုန်မှာ ငြီးငွေ့လို့ ဒီကိုလာပြီး အနားယူ အပန်းဖြေတဲ့အခါ နေဖို့ဆောက်ထားတာမို့ အိမ်နဲ့မတူဘဲ ဟိုတယ်လေးနှင့် တူသည်။ ညက တေးတို့ သုံးယောက် ဒီအခန်း တစ်ခန်းထဲမှာ စုအိပ်ခဲ့ကြသည်။

တေးက နိုးနိုးချင်း မျက်လုံးမဖွင့်မိသေးဘဲ ခဏနှပ်နေလိုက်ပြီးမှ မျက်လုံးကို ဖွင့်လိုက်ချိန်မှ တေးမျက်နှာကို ငုံ့မိုးစီးကြည့်နေသော မျက်နှာနှစ်ခုကို ဖြုန်းခနဲမြင်ရကာ လန့်သွားမိပါသည်။

www.burmeseclassic.com



"ဟဲ ... ဟဲ ... နီးပြီလား"

သူတို့မျက်နှာတွေက ပြုံးစေ့ စပ်စပ်ဖြဲဖြဲ ...။

"ဟဲဟဲ ... အရုပ်က အသစ်ပါလား ..."

"အံမယ် ... ကြည့်ပါဦး၊ အရုပ်မျက်နှာမှာ ပါးမြှင်းမွေးလေး တွေလည်း ပါသေးတယ်တော့"

"ဟယ် ... ဟုတ်လား၊ ဟင်း ... ဟင်း ... ဒီအရုပ်က ဘယ် သူနဲ့ တူမှန်းကို မသိပါဘူး ..."

"နင်တို့နော် ...၊ ပေး ... ငါ့အရုပ် ... ပြန်ပေး"

သူတို့က တေး ရင်ခွင်က အရုပ်ကို ဆတ်ခနဲ ဆွဲ ယူကာ သေချာ လှည့်ပတ်ကြည့်ရင်း ဟီးဟီးဟဲဟဲ လုပ်နေတာမို့ တေးက အရုပ်ကို ပြန်ဆွဲလုလိုက်သည်။ ညတုန်းက သူတို့ အိပ် ပျော်သွားပြီးမှ ဆော့ အရုပ်ကို အိတ်ထဲကထုတ်ပြီး စောင်ခြုံထဲ ထည့်ဖက်ဖက်ပွေ့ အိပ်ခဲ့တာ။ ဒီမနက်တော့ စောင် ကွာသွားတာ မို့ သူတို့က တေးအရုပ်ကို မြင်သွားကြပြီ။

"ဟဲ ... တေး ... ထတော့ ..."

"ထချင်သေးဘူး ..."

"ထပါဆိုဟယ် ... ထတော့၊ အရေးတကြီး ကိစ္စ ပြောစရာ ရှိတယ်"

သူတို့က တေးကို တစ်ဖက်တစ်ချက်မှ ဆွဲထူလိုက် ကြတာမို့ တေးက အိပ်ရာမှ မထချင်ထချင် ထလာသည်။ ညက ငိုခဲ့ရတာမို့ တေး ခေါင်းတွေတောင် ကိုက်နေသည်။ တေးက အရုပ်ကို အိတ်ထဲပြန်ထည့် သိမ်းလိုက်ပြီးမှ ...





"အွန်း ... ပြော ... ဘာကိစ္စလဲ"

"ငါတို့ သန်ဘက်ခါဆို ခရီးသွားရမယ်"

"ဘယ်ကိုလဲ ..."

"ပုပ္ပားကို ..."

"နင်တို့ဘာသာ သွားကြ၊ ငါမလိုက်ဘူး"

"ဟဲဟဲ ... အလကား နောက်တာပါဟယ်၊ နင် စိတ်နာတဲ့ ပုပ္ပားကို ဘာလို့သွားရမှာလဲ၊ ငါတို့ သွားရမှာက မန္တလေး ကိုပါ"

"ဘာလုပ်ဖို့လဲ ..."

"ငါတို့ ကားရှိုးရွမ်း ရုံးခွဲ ဖွင့်ဖို့ ကိစ္စလေ၊ အဲ့ဒါ အဆင် ပြေတော့မယ်၊ ငါ့ဒက်ဒီရဲ့ မိတ်ဆွေတစ်ယောက်က မန္တလေး မှာ ဘောစိလေ၊ ဟိုတလောက လမ်းမတန်း မြေနေရာ ကောင်းမှာ မြေတစ်ကွက် ဝယ်လိုက်တယ်တဲ့၊ အဲ့ဒါ သူ့ မြေနေရာကို ပြန်ငှားထားမှာတဲ့၊ ဒက်ဒီနဲ့က ကျေးဇူးခံ ကျေးဇူးစား ရှိတော့ တို့လုပ်ငန်းအတွက် ဈေးသက်သက် သာသာနဲ့ ငှားပေးမှာတဲ့၊ သန်ဘက်ခါကျရင် ငါတို့ မန္တလေးသွားပြီး နေရာအကွက်အကွင်းလေး သွားကြည့်မှ ဖြစ်မယ်"

"မိုးဇေ ပြန်လာတော့မှာပဲဟာ၊ သူလာမှ သူ့အရင်လွှတ် လိုက်လည်းရတာပဲ"

"သူက ဂျပန်မှာ ကြာဦးမှာလေ၊ အလုပ်ကိစ္စကလည်း မပြတ်သေးဘူး၊ တော်တော်နဲ့ ပြန်ရောက်မှာ မဟုတ်သေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါတို့သုံးယောက်ပဲ သွားကြတာပေါ့၊ ငါတို့အလုပ်က မန်နေဂျာတွေကလည်း စိတ်ချရသားပဲဟာ၊ သူတို့ကိုထား ခဲ့ပြီး ငါတို့ သွားကြတာပေါ့၊ ခရီးထွက်လိုက်တော့ နှင်းလည်း စိတ်ပြေလက်ပျောက် ဖြစ်တာပေါ့"

"စိတ်မပြေ လက်မပျောက်စရာ ဘာအကြောင်းမှ မရှိဘူး"

"ဩော် ... ဟုတ်သား၊ အေးဟယ် ... နှင်း စိတ်မာတာ ငါတို့ မေ့သွားလို့ပါ"

ခွာညိုက ခပ်ငေါ့ငေါ့ပြောပြီး ယမင်းဘက်သို့ လှည့်ကာ မဲ့ပြလိုက်သည်။

"အလုပ်ကိစ္စဆိုတော့လည်း သွားရမှာပေါ့၊ သွားမယ်လေ၊ သန်ဘက်ခါ ဘယ်အချိန် ထွက်မှာလဲ ..."

"ထုံးစံအတိုင်းပဲပေါ့၊ ညဘက်ထွက်မယ်လေ၊ ညဘက် မောင်းတော့ အေးတာပေါ့၊ တစ်ယောက် ငိုက်တဲ့အချိန် တစ်ယောက်မောင်းပေါ့၊ နှင်းကတော့ မမောင်းပါနဲ့၊ ငါနဲ့ ယမင်းပဲ မောင်းမယ်"

"ငါက ဘာလို့ မမောင်းရမှာလဲ"

"နှင့်ကြည့်ရတာ ခုတလော စိတ်နဲ့ ကိုယ်နဲ့မှ မကပ်တာ"

"ဘာလို့ မကပ်ရမှာလဲ၊ ကပ်လွန်းလို့ ..."

"ကပ်ကပ် မကပ်ကပ်ဟယ် ... နှင့်လက်ထဲတော့ ငါတို့ အသက် မထည့်နိုင်ဘူး၊ အေးဆေး ဇိမ်လေးနဲ့နှပ်ပြီး လိုက် ခဲ့စမ်းပါ"

"အေးလေ ... ဟုတ်သားပဲ၊ နှင်းတစ်ယောက်တည်း ကား





နောက်ခန်းမှာ လွမ်းဆွေး ဋေးမော တွေးတောပြီး လိုက် ခဲ့ရမှာ၊ ဘယ်လောက် ဇိမ်ကျလဲ၊ ငါတောင် အသည်းမကွဲ လို့၊ ကွဲများကွဲရင် အဲ့ဒီလိုလေးပဲ လိုက်ချင်တာ"

"နှင်တို့နော် ..."

"ဟဲဟဲ ..."

"ဒီတစ်ခါ ခရီးထွက်ရမှာ ပျော်စရာကြီးနော် ခွာညို"

"ဟင်း ဟင်း ... ဟုတ်ပ ... ရင်တွေတောင် ခုန်တယ်၊ ခုကတည်းက စိတ်လှုပ်ရှားနေပြီ"

"ဟင် ... နှင်တို့ နှစ်ယောက်က ဘာတွေ ဒီလောက် ပျော် နေတာလဲ၊ ဒီခရီးနဲ့ ဒီခရီး ချောင်းပေါက်အောင် သွားနေကျ ကို ..."

"ဟဲဟဲ ... အလုပ်ကိစ္စအတွက် ရင်ခုန်တာပါဟယ်၊ နေရာ ကောင်းကို ဈေးပေါပေါနဲ့ ရမှာ ... ပျော်စရာပေါ့ တေးရယ် ဟင်း ... ဟင်း ..."

ခွာညိုနဲ့ ယမင်းက ပါးစပ်မစေ့ တဟဲဟဲ တဟင်း ဟင်းနှင့် ပျော်နေကြပေမယ့် တေးကတော့ ဘယ်လိုမှ မခံစားရပါ။ ခုတလော အလုပ်မှာ အာရုံမရှိလို့လားတော့ မသိပါ။

သူတို့နှစ်ယောက်ကတော့ဖြင့် ဒီတစ်ခေါက် ခရီးသွား ရမှာကို ပုံမှန်ထက် လွန်ကဲစွာ ပျော်ရွှင်နေခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"တစ်ထစ် ... နှစ်ထစ် ... သုံးထစ် ... x x x x သုံးဆယ့်ရှစ်ထစ် ... ကိုကြီးရေ ... ဗျို့ ... ကိုကြီးအောင်ကြဲ ..."

သန်းကြည်မောင်က ညချမ်းတို့ ခြံထောင့် တမာပင်ကို ဓားဖြစ့်ထစ်ထားသည့် အထစ်တွေကို ရေတွက်လိုက်ပြီး အစ်ကိုဖြစ်သူကို လှမ်းအော်ခေါ်လိုက်ပါသည်။ ကိုအောင်ကြဲက ညချမ်းနှင့်အတူ လာနေတာကြာခဲ့ပြီ။ သန်းကြည်မောင်ကတော့ နဂါးမောက်ခြံနှင့် ဆည်ပေါက်ရွာကို လတ်လျားလတ်လျား သွားလာနေသူပင်။

"ဟေ့ကောင် ... အာပြဲကြီးနဲ့ အော်နေရသလား ... ဘာတုန်းပြော၊ ရွာက ဘာမှာလိုက်လို့လဲ ..."

သန်းကြည်မောင်က ကိုအောင်ကြဲ မေးတာကို မဖြေအားဘဲ ပြူးပြူးပျာပျာဖြင့် ...

"ဒီခြံကို ခုတလော သစ်ခိုးထုတ်မယ့်သူတွေ ညဘက်ဝင်ဝင်လာပုံ ရတယ် ကိုကြီး၊ ကိုကြီးတို့ သတိထားနေဦး ..."





"မင်း ဘာသက်သေ အထောက်အထား တွေ့လို့လဲ"

"ဒီမှာလေ ... တမာပင်ကို ဓားနဲ့ထစ်ထားတာ ၃၈ ထစ်တောင်၊ ညည စမ်းတဝါးဝါးနဲ့ လာထစ်ကြည့်လိုက်၊ လူရိပ်မြင်လို့ ထွက်ပြေးသွားလိုက် လုပ်နေတာ ၃၈ ည ရှိပြီ"

"မင်း ... အဘ၊ အဲ့ဒါ ညချမ်း ထစ်ထားတာကွ၊ မင်း ခုမှမြင်လား"

"အစ်ကိုညချမ်းက ဘာလို့ထစ်တာလဲ ..."

"သူ ရန်ကုန်က ပြန်လာပြီးကတည်းက တစ်နေ့ တစ်ထစ် ထစ်နေတာပဲ၊ ငါထင်တာတော့ တေးသီသူနဲ့ ဝေးရတဲ့ ရက်တွေကို မှတ်တာထင်တယ်၊ တောင်ဘက်ခြံထောင့်က အပင်မှာလည်း မှတ်ထားတဲ့ ဓားထစ်တွေ ရှိတယ်၊ အဲ့ဒါကတော့ ဒီခြံက တေးသီသူ ပြန်သွားတုန်းက မှတ်ထားတာ"

"အစ်ကိုညချမ်းဗာ စာမတတ်ဘူးလား"

"မင်းအဘ ... ဘွဲ့ရကွ၊ သူ့ဘာသာ စတန့်ထွင်ပြီး မှတ်ချင်လို့ မှတ်တာနေမှာပေါ့"

"အစ်ကိုညချမ်း အခြေအနေရော ဘယ်လိုရှိလဲ၊ ပုံမှန်ဖြစ်သွားပြီလား ကိုကြီး ..."

"မဖြစ်သေးပေါင်ကွာ ...၊ ဟိုးမှာ ကြည့်လိုက်၊ မင်းမြင်တဲ့အတိုင်းပဲ၊ မျက်နှာမှာ ပါးမြိုင်းမွေး ဗရပွနဲ့ ... ကျွဲငှားလို အဆက်မပြတ် အလုပ်လုပ်နေတာ ...၊ သူ့အလုပ်လုပ်တာက အရေးမကြီးဘူး၊ ခြံအလုပ်သမားတွေကို အရင်



www.burmeseclassic.com

www.burmeseclassic.com



လို စိတ်မရှည်တော့တဲ့ ဒေါသတွေ ထွက်ထွက်နေတာတော့ ကြာရင်မလွယ်ဘူး”

သန်းကြည်မောင်က ကိုအောင်ကြဲ လက်ညှိုးညွှန်ပြသည့်ဘက်ကို လှမ်းကြည့်လိုက်ပါသည်။

ဟုတ်ပါရဲ့ … အစ်ကိုညချမ်းက စိုက်ခင်းတစ်ခုလုပ်ဖို့ ပေါက်တူးတစ်လက်ဖြင့် ကိုယ်တိုင် မြေဆွနေသည်။ ရုပ်က မှုန်ကုပ်ကုပ်၊ မျက်နှာမှာလည်း ပါးမြင်းမွေးတွေ ဗျစ်ထနေသည်။ ခုရုပ်က အစ်မတေးသီသူက အစ်ကိုကြီး ခေါ်ရမယ့် ရုပ်မျိုး။ အစ်ကိုညချမ်းရဲ့ အသည်းကွဲနေတဲ့ ဒီအခြေအနေကို သန်းကြည်မောင်လည်း သိထားပြီးသား။ ဒါကြောင့်သာ အစ်မခွာညို ဖုန်းဆက်တော့ ပိုပိုသာသာလေး ပြောပြလိုက်နိုင်တာပေါ့။

“ညဆိုရင်တော့ အချိုးက တစ်မျိုးဖြစ်သွားပြန်ရောဟော … ဆွေးဆွေးမြည့်မြည့်ရုပ်နဲ့ ခြံထဲ ထွက်ထိုင်နေတာ တော်တော်နဲ့ကို မအိပ်တော့ဘူး၊ ငါထင်တာတော့ ဒင်း အသည်းကွဲလာတာ ဖြစ်မယ်၊ ဟိုက မြို့ကြီးသူမမက ဘာတွေ ပြုစားလိုက်သလဲမှ မသိတာ …”

“မြို့ကြီးသူမမက မပြုစားပါဘူး၊ တောသား မောင်မောင်ကသာ ပြုစားခဲ့တာပါ”

“အံမယ် … မင်းက ဘာသိလို့ ရမ်းပြောနေတာလဲ၊ ညချမ်းက ငါ့ကိုတောင် ဘာမှမပြောတာ၊ မင်းကိုတော့ ပြောမှိုဝေးရော၊ ကဲ … ပြော … ရွာက ဘာမှာလိုက်လဲ”





“အဟဲ … ရွာကတော့ ဘာမှမမှာလိုက်ပါဘူး၊ တခြား မှာတဲ့သူတွေကတော့ မှာလိုက်တာ ရှိတာပေါ့ …”

“ဟော့ကောင် … စကားကို ရှင်းရှင်းပြော၊ ဘယ်သူက ဘာမှာလဲ …”

“အေးဆေးပေါ့ ကိုကြီးရာ၊ ကိုကြီး ကျွန်တော့်ပူဆာတဲ့ ဖုန်း ဝယ်ပေးခါနီးတုန်းက ကျွန်တော့်ကို နှိမ်ပြီး ပြောခဲ့ဖူးတာ မှတ်မိသေးလား၊ မင်းက ဘယ်သူ့ကို ဆက်စရာရှိလို့ ဖုန်းကိုင်မှာလဲ၊ မင်းကိုရော ဘယ်သူက ဆက်မှာမို့လို့လဲ၊ အလုပ်မရှိ အားအားယားယား ဘာကိစ္စ ဖုန်းကိုင်မှာလဲ ဆိုပြီး ကျွန်တော့်ကို အမျိုးမျိုး နှိမ်ချပြောဆိုပြီးမှ မဝယ်ချင် ဝယ်ချင် ဝယ်ပေးခဲ့တာလေ …”

“အေး … ပြောတယ်ကွာ၊ ပြောတော့ ဘာဖြစ်လဲ၊ ငါပြောတဲ့ အတိုင်းရော မဟုတ်လို့လား၊ မင်း ဖုန်းရကတည်းက မင်းသား မင်းသမီး ဖုန်းနံပါတ်တွေ၊ စာရေးဆရာ ဖုန်းနံပါတ်တွေ၊ အဆိုတော် ဖုန်းနံပါတ်တွေ တောင်းပြီး လှမ်းလှမ်းမိတ်ဆက်လွန်းလို့ ကုန်သွားတဲ့ ဖုန်း ကတ်ဖိုးတွေက ဖုန်းဖိုးတောင် မကတော့ဘူး”

“အဲ့ဒီတုန်းက ဆက်ခဲ့တာတွေက အဓိပ္ပာယ်မရှိဘူးလို့ ကိုကြီး စွပ်စွဲချင် စွပ်စွဲလိုက်၊ ဒါပေမယ့် ခုလောလောဆယ်မှာတော့ ကျွန်တော့်မှာ ဖုန်းရှိတဲ့အတွက် အဓိပ္ပာယ်ရှိတဲ့ ကိစ္စကြီးတစ်ခု ဖြစ်ပွားလာတော့မယ်ဆိုတာ ကိုကြီး မှတ်ထားလိုက် …”

www.burmeseclassic.com



"ကဲ ... ပြောစမ်းပါဦး"

"ဟဲဟဲ ... ကိုကြီးက သိချင်တယ်ပေါ့"

"ဟော့ကောင် ... ဈေးကိုင်မနေနဲ့၊ ပြောစရာရှိတာ ပြော၊ ပြောပြီးရင် ပြန်၊ ငါ မအားဘူး"

"အစ်မတေးသီသူရဲ့ သူငယ်ချင်း အစ်မခွာညိုက ကျွန်တော့်ဆီ ဖုန်းဆက်တယ် ကိုကြီး ..."

"ဟင် ... ဟုတ်လား၊ ဘာတဲ့လဲ ..."

"ဒီလို ကိုကြီး ..."

သန်းကြည်မောင်က အစ်မခွာညိုနှင့် ပြောခဲ့တာတွေကို ကိုအောင်ကြွေအား အပြည့်အစုံ စိတ်ပါလက်ပါ ပြန်လည်ပြောပြလိုက်ပါသည်။



တေးသီသူ၊ ခွာညိုအောင်နှင့် ရွှေယမင်းတို့ လိုက်ပါလာသော BMW ကားလေးသည် ရန်ကုန် မန္တလေး အမြန်လမ်းမကြီးပေါ်မှာ တရိပ်ရိပ် ပြေးလျက်ရှိလေသည်။

ကားနောက်ခန်းမှာ လိုက်ပါလာသော တေး၏ အတွေးတွေကလည်း တရိပ်ရိပ် ပြေးလျက်ရှိသည်။

ကောင်းကင်က ပြည့်လုပြည့်ခင် လမင်း၏ အလင်းရောင်အောက်မှာ အမြန်လမ်းမကြီးက ဖွေးဖွေးထင်ထင်။ လမ်းဘေးက ရောင်ပြန်ပြားကလေးတွေ၊ အချက်ပြ မီးစိမ်းပွင့်ကလေးတွေကို ဖျိုးဖျိုးဖျပ်ဖျပ် ဖြတ်ကျော်လာခဲ့သည်။

ဒီလိုအချိန်မျိုးမို့ ပိုလို့ လွမ်းမိလေသလား မသိ။ ဘဝချင်း ဝေးကွာ၊ အနေချင်း ဝေးကွာ၊ အသက်ချင်း ဝေးကွာသူ တစ်ယောက်ကို ချစ်ခဲ့မိတဲ့အတွက် လွမ်းရတဲ့ အလွမ်းက တနင့်နင့် တမြည့်မြည့် ရှိလှပါသည်။ အစစအရာရာ ဝေးကွာသူမို့ အဝေးကသာ ချစ်နေတာကပဲ ကောင်းလိမ့်နိုး ထင်ခဲ့မိဖူးသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အလွမ်းရဲ့ ဒဏ်ကို ခံနိုင်ရည်မရှိခဲ့။ အလွမ်းတွေနဲ့ ဝေးနေမလား၊ ရန်တွေဖြစ်ပြီးတော့ပဲ နီးနီးနေမလားဟု တစ်ခုခုကို ရွေးချယ်ခိုင်းရင် ခုချိန်မှာတော့ နီးနီးနေပြီးတော့ပဲ ရန်တွေဖြစ်နေလိုက်ချင်ပါသည်။ ဘာပဲတွေ ဘယ်လိုပဲဖြစ်ဖြစ် အထီးကျန်တာလောက်တော့ မဆိုးဘူးထင်ပါသည်။

သို့သော် ... ရွေးချယ်ခွင့်က လွန်ခဲ့ပြီ။

ထားခဲ့သူကလည်း လာခဲ့ပါလို့ မခေါ်လို့၊ ကျန်ခဲ့သူကလည်း လိုက်ခဲ့ပါ့မယ် မဆိုလို ...။

ခုချိန်မှာတော့ မောင် ကျန်ခဲ့တဲ့ ဓာတ်ပုံလေး နောက်က စာကြောင်းကလေးတွေနဲ့ မောင့် အငွေ့အသက်တွေ ငြိတွယ်ကျန်ခဲ့တယ်လို့ ယူဆမိတဲ့ pooh အရုပ်ကလေးကသာ တေးရဲ့ ဖြေသိမ့်ရာအဖော် ...၊ ကျေနပ်စရာ ပီတိ ...၊ လွမ်းလောက်စရာ အတိတ် ...၊ မက်ချင်စရာ အိပ်မက် ...။

တေးက ငေးရင်း တွေးရင်း လွမ်းရင်း မျက်လုံးကလေးတွေ မှေးစင်းလာကာ အိပ်ပျော်သွားခဲ့ပါသည်။

တေး အိပ်ရာကနိုးတော့ မနက်ဝေလီဝေလင်းအချိန်လေး ...။ ပတ်ဝန်းကျင်တစ်ခွင်ကို မှုန်မှုန်မွှားမွှား မြင်ရပြီ ...။

တေးက ကားမောင်းနေသော ခွာညို့ကို လှမ်းကြည့်ရင်း ...

"ဘယ်ရောက်နေပြီလဲ ဟင် ..."

"နေပြည်တော်နဲ့ ၂၈၅ မိုင် ကြား"





"ဟုတ်လား ... ငါ အိပ်ပျော်သွားကယ်ဟာ၊ နင်တို့ ပင်ပန်းနေပြီလား ..."

"အေး ... နည်းနည်းတော့ ပင်ပန်းတာပေါ့၊ ၁၁၅ မိုင်မှာ မနားဘဲ ဆက်တိုက်မောင်းလာကြတာလေ"

"ငါတစ်လှည့် မောင်းမယ်လေ ..."

"မောင်းချင်မောင်းပေ့ ...၊ ရှေ့နားကျ လမ်းဘေးကပ်ပြီး ကားခဏရပ်လိုက်မယ်၊ ငါလည်း ညောင်းနေပြီ၊ ခဏတစ်ဖြုတ် အောက်ဆင်းပြီး အညောင်းပြေ လမ်းလေးဘာလေး လျှောက်ပြီးမှ ဆက်မောင်းကြတာပေါ့ ..."

"၂၈၅ မိုင်က မဝေးတော့ဘူး မဟုတ်လား"

"အေး ... မဝေးတော့ဘူးလေ၊ နောက် မိုင် ၂၀ လောက်ဆို ရောက်ပြီ ..."

"အဲ့ဒီရောက်မှ နားမလား၊ ဗိုက်ဖြည့်ရင်း နားမယ်လေ"

"အဲ့ဒီအထိ မစောင့်နိုင်တော့ဘူး၊ ငါ့ခြေထောက်တွေ ကျဉ်နေလို့ ..."

ခွာညိုက ပြောပြောဆိုဆို ကားကို လမ်းဘေးချ၍ ရပ်လိုက်ပါသည်။

အချိန်က နေမထွက်သေးပေမယ့် မိုးစင်စင်လင်းစပြုလာပြီ ...။ ခွာညို ကားရပ်လိုက်သော နေရာလေးက လမ်းဘေးမှာ ကားရပ်နားလို့ အဆင်ပြေအောင် လုပ်ပေးထားသည့် ကွန်ကရစ်ခင်း ပြန့်ပြန့်လေးပေါ်မှာ ...။ ကွန်ကရစ်ခင်းထားသော နေရာလေးက ကားရပ်ပြီး လမ်းဆင်းလျှောက်လို့ရအောင် ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းလှသည်။ မိုးလင်းစအချိန်လေးမို့ ပတ်ဝန်းကျင်က အေးမြကာ လေတဖြူးဖြူးတိုက်နေသည်။ ကားပေါ်မှ ဆင်းလိုက်သည်နှင့် လူက အညောင်းပြေ အိပ်ချင်ပြေကာ ပေါ့ပါးလန်းဆန်းသွားသည်။

ယမင်းကတော့ အရမ်း အိပ်ချင်နေလို့ဟုပြောကာ ကားပေါ်ကမဆင်း ...။

နွဲညိုကတော့ ကားပေါ်ဆင်းလာပြီး ဇက်ချိုး၊ ခါးချိုး၊ အညောင်းပြေအောင် လှုပ်လှုပ်ရှားရှား လုပ်ရင်း လမ်းဟိုဘက်အစပ် ခပ်ဝေးဝေးက သစ်ပင်တန်းတွေ အနားထိ အညောင်းပြေ လမ်းလျှောက်သွားသည်။

တေးကတော့ ကွန်ကရစ်ခင်းထားသည့် နေရာလေးမှာပဲ ရပ်ကျန်ခဲ့ရင်း လက်ကိုဆန့် ခေါင်းကိုမော့ကာ သန့်ရှင်းလတ်ဆတ်သော လေကို ရှိုက်၍ရှူနေလိုက်ပါသည်။

မနေ့က ညနေက နေပြည်တော်ကို နဂါးမောက်သီးလာပို့သော ညချမ်း၏ လိုက်ထရပ်ကားသည် ဒီနေ့မနက် ဝေလီဝေလင်းမှာ နေပြည်တော်က ပြန်ထွက်လျက် မိတ္ထီလာ လမ်းဆုံသို့ ဦးတည်မောင်းနှင်လာပါသည်။

၂၈၅ မိုင် မိတ္ထီလာ သီးကုန်းလမ်းဆုံရောက်လျှင် ညချမ်းတို့ကားက အမြန်လမ်းမကြီးပေါ်က ဖဲ့ဆင်းပြီး ဘယ်ဘက်ကို ချိုးကာ ကျောက်ပန်းတောင်းဘက်သို့ မိုင် ၆၀၊ ကျောက်ပန်းတောင်းမှ ဆက်၍ ညချမ်းရဲ့ နဂါးမောက်ခြံသို့ ၅မိုင်ခန့် မောင်းရဦးမှာပင် ...။ မန္တလေးကို သွားမည့် ကားများကတော့ အမြန်လမ်းမကြီးအတိုင်း ဆက်မောင်းသွားရုံပင်။

ကားရှေ့ခန်းထဲမှာ ညချမ်းက ကားမောင်း၊ ကိုအောင်ကြီးက ဘေးမှ ထိုင်လိုက်လာသည်။ သန်းကြည်မောင်တို့ ကိုယ့်အကြံနှင့်မို့ ကားနောက်ခန်းထဲက လိုက်ပါလာသည်။





www.burmeseclassic.com

www.burmeseclassic.com



“ရွှေဘိုသနပ်ခါးတုံးများ ရန်ကုန်လိမ်းဖို့ယူ xxxဘယ်လို အသားမည်းမည်း ဝါဝါညက်ညက်ဖြူ xxx”

စောင့်မျှော်နေရပါသော ဖုန်းမြည်သံကြောင့် သန်းကြည်မောင်က အမြန်ဖုန်းကိုင်လိုက်ရင်း ...

“ဟဲလို ... ဟဲလို ... အစ်မ ခွာညိုလား”

“အေး ... သန်းကြည်မောင်၊ နင်တို့ အခုဘယ်ရောက်ပြီလဲ”

“နေပြည်တော်နဲ့ ၂၈၅ မိုင် ကြားမှာ အစ်မ ...”

“အေး ... ငါတို့လည်း အဲဒီနေရာလောက်မှာပဲ၊ မိုင်တိုင် (...)လောက်မှာလေ၊ ကားရပ်ဖို့ ကွန်ကရစ်ကျယ်ကျယ် ခင်းထားတဲ့ နေရာလေ ...”

“အစ်မ ကျယ်ကျယ်ပြော၊ သိပ်မကြားရဘူး”

“ဒါ့ထက်ကျယ်ကျယ်ပြောလို့ မရတော့ဘူး၊ တေးနဲ့ ငါနဲ့ သိပ်မဝေးဘူး၊ ဒါ့ထက်ကျယ်ရင် သူ ကြားသွားမှာစိုးလို့၊ နင့်အသံလည်း သိပ်မရှင်းဘူးနော် ...”

“လေတွေတိုက်နေလို့ အစ်မ၊ ကျွန်တော်က ကားနောက်ခန်းထဲမှာမို့လို့လေ ...”

“ဪ ... အေး ... ဟုတ်သားပဲ”

“ကျွန်တော်တို့လည်း အစ်မပြောတဲ့ နေရာရောက်ဖို့ ၁၀မိုင်လောက်ပဲ လိုတော့တယ် အစ်မ”

“အိုခေ ... ဒါဆို သိပ်မဝေးတော့ဘူး၊ ငါတို့ တေးကို ထားခဲ့တော့မယ်နော် ...”

“ထားခဲ့လိုက်တော့ အစ်မ ...”





“နင်တို့ သေချာ ကြည့်လာဦးနော်၊ ညချမ်း မမြင်လည်း နင်က မြင်အောင် သေချာကြည့်၊ အချိန်ကိုက်နိုးပါးဖြစ်မှ ကောင်းမှာ၊ တေးတစ်ယောက်တည်း ထားခဲ့ရမှာ ငါတို့ သိပ်စိတ်ချတာ မဟုတ်ဘူး”

“စိတ်ချ အစ်မ ... စိတ်ချ”

“ငါတို့ တေးဖုန်းကိုပါ ယူသွားမှာ၊ ညချမ်း ဖုန်းတော့ ညချမ်းနဲ့ ပါလာပစေနော်၊ နှစ်ယောက်စလုံး ဖုန်းမပါလို့တော့ မဖြစ်ဘူး”

“ဟုတ်ကဲ့ အစ်မ ... ဟုတ်ကဲ့”

“ညချမ်းကို ထားခဲ့ပြီးရင် နင်တို့ ကားကို ၂၈၅ မိုင်ထိ ဆက်မောင်းလာခဲ့၊ ညချမ်း ဖုန်းလှမ်းဆက်ရင် လုံးဝ မကိုင်မိစေနဲ့၊ ငါတို့ ၂၈၅ မိုင် feel မှာ ဆုံမယ် ... အိုခေနော်”

“အိုခေ ... အစ်မ၊ လုံးဝ အိုခေ ...”

“တေး ... နင့်ဖုန်းရော ...”

“ကားထဲမှာလေ ...”

“ငါ့ဖုန်း ဘက်ထရီ ကုန်သွားလို့ နင့်ဖုန်း ခဏယူဆက်မယ်နော်၊ ခုန ရန်ကုန်က ဖုန်းကောတစ်ခု ဝင်လာတာ လိုင်းပြတ်ကျသွားလို့ ပြန်ခေါ်ရမှာ”

“အေး ... အေး ...”



www.burmeseclassic.com

www.burmeseclassic.com



"နင် အေးဆေး လမ်းလျှောက်နေလိုက်ဦး၊ ငါ ဖုန်းပြန်ဆက်လိုက်ဦးမယ်"

"အေးပါ ..."

ခွာညိုက ဖွေးကို အပြင်မှာထားရစ်ခဲ့ပြီး ကားတံခါးကိုဖွင့်ကာ မောင်းသူနေရာမှာ ဝင်ထိုင်လိုက်ပါသည်။

ယမင်းက မျက်လုံးကလေး ဖွေကြည့်ရင်း ...

"အခြေအနေ ဘယ်လိုလဲ ...

"အိုကေပဲ၊ သွားမယ် ..."

"ဟိဟိ ... ဖွေးတော့ ငါတို့ကို စိတ်ဆိုးတော့မှာပဲ"

"ညချမ်းနဲ့တွေ့ရင် စိတ်ဆိုးရကျိုး နပ်သွားမှာပါဟယ်"

ခွာညိုက ပြောပြောဆိုဆို ကားစက်နှိုးကာ မောင်းထွက်လိုက်ပါသည်။

"ဟင် ... ခွာညို၊ ဟဲ့ ...၊ ဟေး ... နင်တို့ ဘာလုပ်တာလဲ၊ ဟေး ... ငါ့ကို မထားခဲ့နဲ့လေ ..."

မထင်မှတ်ဘဲ မောင်းထွက်သွားသော ကားကို လှမ်းကြည့်ရင်း ဖွေးက အော်ကာ ဟစ်ကာ ဆွေ့ဆွေ့ခုန်ကာ ကျန်ရစ်ခဲ့လေသည်။

"သန်းကြည်မောင် ... မင်းကြည့်ရတာ ဂဏှာမငြိမ်လိုက်တာကွာ၊ နေပြည်တော်က အထွက်တုန်းကတော့ မင်းပဲ





ကားနောက်ခန်းမှာ လေတဖြူးဖြူးနဲ့ ထိုင်ချင်သပဆို၊ လမ်းခုလတ်ရောက်တော့ ကားရပ်ခိုင်းပြီး ကားရှေ့ခန်းထဲ ပြောင်းလာထိုင်ပြန်ရော၊ သုံးယောက်ဆိုတော့ ကျပ်တာပေါ့ကွာ"

"နောက်မှာ ချမ်းလာလို့ပါ ကိုကြီးရ ... ဟဲဟဲ "

ကားရှေ့ခန်းထဲမှာ ကိုအောင်ကြီနှင့် သန်းကြည်မောင်က ယုတ္တိရှိအောင် စကားဆိုရင်း ညချမ်း မမြင်အောင် တစ်ယောက်ကိုတစ်ယောက် မျက်စိမှိတ်ပြလိုက်ကြပါသည်။

"အစ်ကို ... ဖုန်းကို ဘာလို့ ဒက်ရှ်ဘုတ်ပေါ် တင်ထားတာလဲ၊ ရော့ ... အိတ်ထဲထည့်ထား"

သန်းကြည်မောင်က ဒက်ရှ်ဘုတ်ပေါ် တင်ထားသည့် ဖုန်းကို လှမ်းဆွဲယူပြီး ညချမ်းရဲ့ အပေါ်အင်္ကျီအိတ်ထဲ ထိုးထည့်ပေးလိုက်သည်။

ဘာမှမသိသော ညချမ်းကတော့ ကားကိုသာ အာရုံစိုက်၍ မောင်းနေပါသည်။

မောင်းနေရင်းက ညချမ်း မြင်ကွင်းထဲကို မိန်းကလေးတစ်ယောက် ဝင်လာပါသည်။

"ဖွေး ..."

မနက်စောစော ဒီနေရာမျိုးမှာ ကားမပါ ဘာမပါ ဖွေး တစ်ယောက်တည်းကို မြင်လိုက်ရတာမို့ ဟုတ်မှ ဟုတ်ပါလေးဟု တွေးကာ ကားကို အရှိန်လျှော့ပြီး စိုက်ကြည့်ဆဲမှာ ...

"ဟာ ... အစ်ကို ... ဟိုမှာ ... ဟိုမှာ ... အစ်မဖွေးဖွေး၊ ဟိုမှာ အစ်မဖွေးဖွေး၊ အဲ့ဒါ အစ်မဖွေးဖွေးပဲ၊ သေချာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မသေချာရင် ကျွန်တော့်ကို ဇက်ဖြတ်၊ ရပ် ... ရပ် ...
အစ်ကို ရပ် ..."

သန်းကြည်မောင်ကလည်း အလန့်တကြား ထအော်
သူကလည်း အံ့သြရင်ထိတ်ကာ ကားကို အရှိန်လျှော့ပြီး လမ်းဘေး
ချ ရပ်လိုက်ပါသည်။

"အစ်ကို ... ဆင်း ... ဆင်း၊ အစ်မတစ်ယောက်တည်း ဘာ
ဖြစ်တယ် မသိဘူး၊ အမြန်ဆင်း ..."

"ဟာ ..."

"အွတ် ..."

သန်းကြည်မောင် ဆင်းခိုင်းပုံက သူ့ကို တွန်းချလိုက်
တာနဲ့တောင် တူပါသည်။ ကားတံခါးဖွင့်ပြီး ဆင်းဖို့ ခြေလှမ်းပြင်
လိုက်သော သူ့ကျောကုန်းကို နောက်ကနေ ဆောင့်တွန်းချလိုက်
တာမို့ လူက အောက်သို့ အရှိန်ဖြင့် ဒိုက်စိုက် ဒိုက်စိုက် ကျသွား
သည်။ သူ့ခြေထောက်လည်း မြေပြင်နဲ့အထိ၊ ကားလည်းအထွက်

"ဟူး ..."

"ဟာ ... ဟေ့ ..."

"ဟေ့ကောင် ... ဟေ့ကောင် ... ဒါ ဘာလုပ်တာလဲ"



♥ ♥ ♥

ခုတော့ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစွာ
ဖြင့် အမြန်လမ်းမကြီးရဲ့ နံဘေးမှာ သူတို့နှစ်ယောက်တည်း ကျန်
ရစ်လေပြီ။

ဆောင်းလေအေးသည် လမ်းမကြီးရဲ့ တစ်ဝိုက်မှာ
တသုန်သုန် တိုက်ခတ်လျက်ရှိသည်။ တေးရဲ့ ဆံနွယ်စနှင့် ဂါဝန်
ရှည်ရှည်ပွပွကလေးသည် တဖျပ်ဖျပ် လွင့်လူပ်လျက်ရှိ၏။

ညချမ်းက တေးဆီသို့ ခပ်သွက်သွက်လှမ်းသွားလိုက်
ရင်း ...

"မ ... ဘာဖြစ်လို့ ဒီကို တစ်ယောက်တည်း ရောက်နေတာ
လဲ၊ မ သူငယ်ချင်းတွေရော မပါဘူးလား ...၊ ဒီလိုနေရာ
ကြီးမှာ ဒီအချိန် တစ်ယောက်တည်း ရှိစရာလား ..."

"တွေ့လား ... အဲ့ဒါပဲ ... တွေ့တာနဲ့ လူကိုအပြစ်တင်
ကြိမ်းမောင်းဖို့ပဲ၊ ငါက အရူးမို့လို့ ဒီနေရာမှာ တစ်ယောက်
တည်း လာရပ်နေရမှာလား ...၊ ခွာညိုတို့တွေ ငါ့ကို ညာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာတာ၊ နှင့်ကို သန်းကြည်မောင်တို့ ထားခဲ့သလိုမျိုး ငါ့ကို ထားပစ်ခဲ့တာ၊ တမင်သက်သက် လုပ်ကြတာ”

ညချမ်းရော တေးပါ နှစ်ဖက် သူငယ်ချင်းများရဲ့ စည်းဝါးကိုက်ထားသော အကြံအစည်ကို သဘောပေါက်လာကြသည်။

တေးက ခပ်တင်းတင်းပုံစံဖြင့် ...

“သူတို့က သူတို့ ဒီလိုထားခဲ့ရင် သူတို့ ဖြစ်စေချင်သလို ပုံစံမျိုးများ ဖြစ်မယ်ထင်နေသလား မသိဘူး ... ဟင်း ... ဝေးသေးတယ်”

မာနကလေးဖြင့် မျက်နှာကလေး မော့ကာ ပြော လိုက်သော တေးကို ညချမ်းက ငေးခနဲ ကြည့်လိုက်မိသည်။

လွမ်းရသော မကို မထင်မှတ်ဘဲ တွေ့လိုက်ရတာမို့ ရင်တွေလည်း ခုန်ကာ ပျော်လည်းပျော်ရပေမယ့် မ ရောင့်တက်မှာ စိုးလို့ အလျှော့တော့ မပေးချင်။ မ စိတ်တွေ တစ်ယူသန်မဆန်ဘဲ မှုမှုတတ တွေးတတ်တဲ့၊ ရင့်ကျက်လာတဲ့ အခြေအနေလေးကို ရောက်ဖို့ ခုလို ခဏ နောက်ဆုတ် ရှောင်ဖယ်ထားရတဲ့အကြောင်း မကို ပြောမပြချင်။ ဒီလို နောက်ဆုတ် ရှောင်ခွာနေရတဲ့အချိန်တွေ ဟာ ငရဲကျသလို ပူပြင်းလှတာမို့ လောင်မြိုက်လွမ်းဆွတ် တမ်းတ ရတဲ့အကြောင်းလည်း မကို ပြောမပြချင် ...။ အနိုင်ယူတတ်တဲ့ မကို သူ့ခံစားချက်တွေ ထုတ်ပြဖို့ ဝန်လေးနေခဲ့မိတာပင် ...။

“နှင့်မှာ ဖုန်းပါလား ညချမ်း ...”

“ပါတယ် ...”





“ပါရင် နှင့်လူတွေဆီ ဖုန်းဆက်ပြီး လာခေါ်ခိုင်းလိုက်၊ ငါလည်း နွာညိုတို့ဆီ ဆက်ရမယ်၊ သူတို့က ငါ့ဖုန်းကိုပါ ယူသွားကြတာ၊ အယုတ်တမာမကလေးတွေ ...”

ညချမ်းက အပေါ်ဝတ် အနွေးထည် အိတ်တဲ ထည့် ထားသည့် ဖုန်းကို ထုတ်ယူကာ တေးကို အရင်ပေးလိုက်သည်။ တေးက နွာညို့ဖုန်းကို ဆက်သည်။ ဖုန်းမကိုင်။ ယမင်းဖုန်းကို ဆက်တော့လည်း မကိုင်။

“ကျွတ် ... ဖုန်းလည်း မကိုင်ဘူး”

ညချမ်းက တေးဆီက ဖုန်းကိုပြန်ယူပြီး ဆက်ပြန် သည်။ သန်းကြည်မောင် ဖုန်းကို ခေါ်သော်လည်း ဖုန်းမကိုင်၊ ကိုအောင်ကြွဖုန်းကို ခေါ်သော်လည်း ဖုန်းမကိုင် ...။ ဒီကောင် တွေ သက်သက်ညစ်ပြီ။

“ဖုန်းမကိုင်ဘူးဗျ၊ ဒါပေမယ့် မပူပါနဲ့ ...၊ မိတ္ထီလာမှာ ကျွန်တော့်အသိ ရှိပါတယ်၊ မိတ္ထီလာနဲ့ သိပ်မဝေးတော့ပါ ဘူး၊ သူတို့ကို ဒီမှာ လာခေါ်ဖို့ ပြောလိုက်ရင် ရပါတယ်၊ သူတို့လာရင် အနီးဆုံးမြို့ကို သွားပြီး မ ပြန်ဖို့ စီစဉ်ပေး မယ်၊ ခဏတော့ စောင့်ရမယ်၊ စိတ်သာချ ... ဘာမှမပူနဲ့၊ သူတို့ဖြစ်စေချင်သလို မဖြစ်စေရဘူး ...”

ဟင်း ... တွေ့လား။ ဒင်းကလည်း ရောင်းသူ ဝယ် သူ အသံတူ၊ တေး တင်းသလို ဒင်းကလည်း တင်းတယ်ပေါ့လေ။

တေးသည် မချိမဆံ့ လွမ်းဆွတ်ရသော သူနဲ့ မမျှော် လင့်ဘဲတွေ့ကာ ရင်ခုန်လှိုက်မောပျော်ရွှင်ရသော်လည်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကတော့ မလျော့ချင်တာမို့ မျက်နှာတင်း၊ အသံတင်း၊ အတွေးကိုပါ တင်းပစ်လိုက်သည်။

ညချမ်းက မိတ္တီလာက သူ့မိတ်ဆွေဆီ ဖုန်းဆက်အကျိုးအကြောင်း ပြောလိုက်ပြီး တေးဘက်သို့ လှည့်ကာ ...

"နောက် တစ်နာရီလောက်ကြာရင် ရောက်လိမ့်မယ် ..."

"ကြာလိုက်တာ ... ဘယ်နှမိုင်မှဖြင့် မဝေးတော့ဘဲနဲ့ ..."

"မစောင့်ချင်ရင်လည်း လမ်းသာလျှောက်သွားတော့ ..."

"ဘာ ..."

"ဟုတ်တယ်လေ ... စောင့်ရုံအပြင် နည်းလမ်းမရှိတာကို မစောင့်ချင်ဘူးဆိုရင် ဒီနည်းလမ်းပဲ ရှိတော့တာပေါ့ မရဲ့"

"နင် ... ငါ့ကို စကားအကောင်း မပြောတတ်ဘူးလား"

"မကရော အကောင်းပြောလို့လား ..."

"ဟင်း ..."

"အဟမ်း ..."

စကားပြော အပေါက်အလမ်း မတည့်တော့ပြီမို့ တေးက သူ့ကို မျက်စောင်းထိုးကာ ခပ်ဝေးဝေးမှာ သွားရပ်နေလိုက်သည်။ သူကလည်း တေးကို မကြည့်တော့ဘဲ ဘေးတစောင်း အနေအထားဖြင့် ရပ်ကာ ကားလမ်းဘက်သို့ ငေးနေသည်။

တေးက ဘေးတစ်စောင်း မြင်နေရသော သူ့မျက်နှာကို မကြည့်သလို ကြည့်သလိုလေး ခိုးကာ ကြည့်လိုက်ပါသည်။

တွေ့စတုန်းကလိုပဲ ပါးမြိုင်းမွေးတွေ ရှိနေသော သူ့မျက်နှာကို ကြည့်ရင်း တွေ့စတုန်းက အချိန်တွေကို ပြန်တွေး





ဘာ ကြည်နူးသလို ဝမ်းနည်းသလို မျက်ရည်စို့လာသော်လည်း မျက်တောင် တဖျပ်ဖျပ်ခတ်ကာ မျက်နှာလွှဲလိုက်ရင်း ...

"ချမ်းလိုက်တာနော်၊ ဒီနေရာမှာ ကြာကြာရပ်နေရင် အေးခဲသွားတော့မှာပဲ ..."

ဟု ခပ်တိုးတိုး ညည်းရင်း ပခုံးကျုံ့ကာ လက်နှစ်ဖက်ကို ကျစ်ကျစ်ပိုက်ထားလိုက်သည်။

ဇန်နဝါရီ လဆန်းရက်မို့ လေက အေးစိမ့်နေသည်။ ပေါ့ပေါ့ပါးပါး ဂါဝန်ရှည်ကလေးပေါ်မှာ အနွေးထည်ပါးကလေးပဲ ထပ်ဝတ်ထားတာမို့ တစ်ကိုယ်လုံး စိမ့်စိမ့်ချမ်းနေပါသည်။

ဟိုးအဝေး သစ်ပင်တန်းအလွန် လယ်ကွင်းစပ်မှာသော့ အမှိုက်တွေ မီးပုံရှို့ထားတာမို့ မီးခိုးတွေ အူထွက်နေသည်။

မီးခိုးအူနေသော နေရာက သိပ်မဝေးတာမို့ ထိုနေရာသို့ တေးက လျှောက်လာသည်။

"ဟိတ် ... ဘယ်လဲ ..."

"ချမ်းလို့၊ မီးလှုံမလို့ ..."

"ကျွန်တော်လည်း လိုက်မယ်"

"ဘာကိစ္စ လိုက်မှာလဲ ..."

"မီးလှုံမလို့ပေါ့ဗျ၊ ကျွန်တော်လည်း ချမ်းနေတာ"

"ပြီးရော ..."

သူက တေးနောက်မှ လိုက်လာသည်။ သစ်ရွက်ခြောက်တွေ မီးရှို့ထားသည့် နေရာနား ရောက်တော့ မီးက ငြိမ်းနေပြီ။ သို့သော် မီးငြိမ်းစ မီးပုံလေးက နွေးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တေးက မီးပုံနားမှာ ငုတ်တုတ်လေးထိုင်လိုက်သည်။ သူကလည်း မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်သည်။ နှစ်ယောက်လုံး တွေ့စအချိန်တွေကို ပြန်သတိရလာပြန်သည်။ သို့သော် ... စိတ်ကို တင်းကာ ခပ်တည်တည် ပုံဖမ်းထားသည်။

တေးက ညောင်းလှတာမို့ မီးပုံဘေး မြေပြင်မှာ ပြားပြားချထိုင်လိုက်ပြီး ဒူးနှစ်ဖက်ကို ပွေ့ပိုက်ကာ ငြိမ်နေသည်။

ခဏနေတော့ တေး မျက်လုံးကလေးတွေ မှေးစင်းကာ ငိုက်မြည်းလာပါသည်။ တေး ခေါင်းက ဆတ်ခနဲဖြစ်ကာ ငိုက်သွားလိုက်၊ ပြန်မတ်လိုက်ဖြင့် ငိုက်လိုက် နိုးလိုက်ဖြစ်လာသည်။

ညချမ်းက မပုံစံလေးကို ငေးရင်း လှစ်ခနဲ ပြုံးမိသည်။ နှာသီးဖျားကလေး နီရဲနေအောင် ချမ်းနေသော မကို သနားကာ ဟန်ဆောင်တင်းထားသော စိတ်တွေလည်း ပျော့ပျောင်းလာခဲ့ရပါသည်။

ကလေးကြီးလိုပါပဲလား မရယ် ...။ စိတ်ရင်းကလေး ဖြူသလောက် ပြည့်ဝရင့်ကျက်ရင် ဘယ်လောက်ကောင်းမလဲ ...။ မကို ရင့်ကျက်စေချင်ပေမယ့် မရင့်ကျက်လည်း ချစ်ရတာပါပဲ။

ညချမ်းက ကိုယ့်လက်ဖဝါးတွေကို နွေးနေဆဲ မီးပုံကလေးပေါ်မှာ နွေးလာအောင် မီးကင်လိုက်ပြီး နွေးလာသော လက်ဖဝါးနှစ်ဖက်ဖြင့် မရဲ့ ပါးနှစ်ဖက်ကို အုပ်ကိုင်လိုက်ပါသည်။

"ဟင် ..."

ပါးနှစ်ဖက်ဆီက အနွေးဓာတ်နှင့်အတူ တေးရဲ့





မျက်လုံးတွေ ဖျတ်ခနဲအပွင့်မှာ မောင့်မျက်နှာကို အနီးကပ် တွေ့လိုက်ရပါသည်။ တေးသည် ခေါင်းကိုခါကာ ရုန်းပစ်လိုက်ဖို့ စိတ်ကူးသော်လည်း အညှို့ခံထားရသူလို မျောသွားကာ မောင့်မျက်နှာကို စိုက်ကြည့်နေမိသည်။

မောင်က တေးရဲ့ ပါးနှစ်ဖက်ကို ညှပ်ကိုင်ထားတာမို့ တေးရဲ့ မျက်နှာကလေးက မော့နေသည်။ မောင်က တေးကို ငုံ့စိုက်ကြည့်နေသည်။ ထိုခဏမှာ မောင့်မျက်နှာက တေးမျက်နှာဆီသို့ ငုံ့ကပ်လာခဲ့တာမို့ တေးက လန့်ဖျပ်ကာ ဖျတ်ခနဲ မျက်လုံးမှိတ်ချလိုက်သည်။

တေးရဲ့ နှုတ်ခမ်းကလေးတွေ နွေးသွားသည်။ ကြာရှည်စွာ နွေးနေခဲ့သည်။ တေးသည် မေ့လျော့မျောလွင့်ကာ အနွေးဓာတ်ကို မငြင်းပယ်မိဘဲ ငြိမ်သက်နေခဲ့ပြီးမှ သတိဝင်လာကာ မောင့်ကို တွန်းထုတ်ပစ်လိုက်သည်။

"နင် ... နင် ... ဒါ ... ဘာလုပ်တာလဲဟင်၊ ဒီလိုလုပ်စရာလား ... အစုတ်ပလုတ် ကောင်လေးရဲ့"

တေးက ရှက်စိတ်မွန်ထူကာ ရန်တွေ့ရင်း ဆတ်ခနဲ သရုပ်ပြီး အမြန်လမ်းဘက်ဆီသို့ ပြန်လျှောက်လာသည်။ ဟင်း ... ဘောသားက တောသားလို မနေဘဲ လူကို ပြင်သစ်အနမ်းမျိုး နမ်းစရာလား ...။

"မ ... မ ... နေပါဦး၊ ကျွန်တော် ချစ်လို့ နမ်းတာပါ၊ မကို ချစ်လို့ပါ"

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



တေးက ခြေလှမ်းတုံ့ကာ ခါးတစ်ဖက်ယောက်ပြီး သူ့ကို ချာခနဲ လှည့်ကြည့်လိုက်ရင်း ...

"ဘာချစ်တာလဲ၊ ဘာချစ်တာလဲ! ချစ်တဲ့လူက ငါ့ကို ဖြတ်ခဲ့စရာလား၊ ငါ့သဘောကို မလိုက်လျောဘဲ ဆန့်ကျင်ရလား"

"အမြဲ မသဘောအတိုင်း ကျွန်တော် နေလိုက်ရင် မဒုက္ခရောက်သွားမှာပေါ့ဗျ"

"ဘာ၊ ဘာဒုက္ခ ရောက်စရာရှိလဲ"

"မဘက်က မှန်မှန် မှားမှား ကျွန်တော် အမြဲလိုက်လျောနေရင် မ က မ လုပ်သမျှ အမှန်လို့ထင်ရင်း အမှားတွေ တွေ့လာမယ်၊ အထိန်းအကွပ်မရှိ ဖြစ်လာမယ်၊ ကျွန်တော့်ကို နိုင်လို့ ရမှန်းသိရင် မ ကျွန်တော့်ကို လေးစားမှာလည်း မဟုတ်တော့ဘူး ...၊

"အိမ်ထောင်တစ်ခုမှာ မယားက လင်ကိုနိုင်တယ်ဆိုတာ ကျက်သရေမရှိဘူး၊ ကျွန်တော်လည်း မကို မနိုင်ချင်ဘူး၊ တစ်ယောက်က တစ်ယောက်ကို အမြဲ နိုင်နေတဲ့ အိမ်ထောင်ဟာ ဘယ်တော့မှ မအောင်မြင် မတိုးတက်ဘူး၊ ကျက်သရေလည်း မရှိဘူး ...၊

"မ ကျွန်တော့်ကို အမြဲ အနိုင်ယူ လွှမ်းမိုးသွားမှာစိုးလို့ ကျွန်တော့်ကို ခန့်အောင် ရှိန်အောင်လေးစားအောင် နေခဲ့တာပါ၊ မ မျှမျှတတ တွေးတတ်အောင် ခဏလေးဝေခွဲထားခဲ့တာပါ၊ ဒီနေ့ မနဲ့ခွဲရတာ ရက် ၄၀ ပြည့်တဲ့နေ့ပါ၊ မကို ကျွန်တော် မလွမ်းဘဲနေတဲ့နေ့ တစ်နေ့မှ မရှိခဲ့ပါဘူး"





တေးသည် သူ့ကို ငေးကြည့်ရင်း သူ့စကားတွေကို နားထောင်ရင်း ငိုချင်လာကာ နှုတ်ခမ်းကလေး မဲ့ကျလာလျက် ...

"မက ... မက ငယ်ငယ်လေးကတည်းက မ ချစ်တဲ့ အစ်မနဲ့ အစ်ကိုတွေနဲ့ ခွဲခဲ့ရပြီးကတည်းက မ ချစ်တဲ့သူတွေ့ရင် ဘယ်တော့မှ မခွဲဘူးလို့ တွေးထားမိလို့ မောင်နဲ့ မခွဲနိုင်လို့ မဆီကို မောင် လိုက်နေမှာပဲလို့ အပိုင်တွက်မိလို့ မသဘောတစ်ခုတည်းနဲ့ ပြောမိတာ၊ မကလည်း မောင့်ကို လွမ်းလို့ သေတော့မှာ၊ အင့် ... အိ ... အီး ... ဟီးဟီး"

"ဟာ ... မ ...၊ မရယ် ... မငိုပါနဲ့ မရယ်"

တေးက ပြောရင်း ငိုသံပါလာကာ ကွင်းပြင်ကျယ်မှာ လွှတ်လွှတ်လပ်လပ်ကြီး ရင်ဖွင့်ငိုချလိုက်တော့သည်။

ညချမ်းက မကို သနားသွားကာ မဆီပြေးလာပြီး မရဲ့ ခန္ဓာကိုယ်လေးကို ရင်ခွင်မှာ ဆွဲကပ်လျက် တင်းတင်းဖက်ထားလိုက်မိသည်။ မရဲ့ မျက်ရည်တွေက သူ့နှလုံးသားကို အရည်ပျော်စေပါသည်။ ဒီမျက်ရည်တွေနဲ့ပဲ တစ်ဘဝလုံး အနိုင်ယူမယ်ဆိုလည်း ယူပါတော့ မရယ် ...၊ ကျွန်တော် အနိုင်ခံလိုက်ပါတော့မယ်။

"မရယ် ... မငိုပါနဲ့၊ တိတ်ပါ ... တိတ်ပါ၊ မ မခွဲချင်တာ မခွဲရပါဘူး၊ ကျွန်တော့်ခြံကိစ္စတွေ လာလုပ်စရာရှိရင် မကို ခေါ်လာမယ်၊ ပြီးရင် မနဲ့အတူ ရန်ကုန်ပြန်ပြီး မအလုပ်တွေ လုပ်မယ်၊ ဘယ်တော့မှ ချန်မထားခဲ့ဘူးနော်၊ တိတ် တိတ် ... လိမ္မာတယ်"



www.burmeseclassic.com

www.burmeseclassic.com



တေးသည် မောင့်ရင်ခွင်မှာ တရှိုက်ရှိုက် ငိုရင်း မောင့် စကားတွေကြောင့် တစိမ့်စိမ့် ကြည်နူးချမ်းမြလာခဲ့ရပါသည်။

မောင့်ရင်ခွင်က နုနယ်သော်လည်း အတိုင်းမသိ ရင့်ကျက် ကျယ်ပြန့် နွေးထွေးလုံခြုံလှပါသည်။

ငယ်ရွယ်သော မောင်က ရင့်ကျက်သော မေတ္တာဖြင့် တေးဘဝကို အုပ်ထိန်းပဲ့ကိုင် ဦးဆောင်နိုင်လိမ့်မည်ဟု တေးက အကျွင်းမဲ့ယုံကြည်လာခဲ့ရပါသည်။

"မောင် ..."

တေးက မောင့်မျက်နှာကို မော့ကြည့်လိုက်ရင်း ...

"မတို့ အခုကစပြီး မခွဲတော့ဘူး"

"အခုစပြီး ဆိုတာက ..."

"မောင့်ခြံကို မလိုက်ခဲ့မယ်လေ၊ ပြီးမှ မေမေ့ကို အကြောင်းကြားတာပေါ့"

"မဆိုလိုတာက ..."

"မကို မောင် ခေါ်သွားတော့လေ ..."

"ဟို ... ခိုးပြေးဖို့ ပြောတာလား ..."

"အင်းပေါ့၊ ဒါမှ အမြန်ဆုံး နီးရမှာ၊ မတို့ မြန်မြန်အတူ နေဖို့ ဒီဖြတ်လမ်းကို သုံးမှဖြစ်မှာ ..."

"ဟာ ... မကလည်း မကောင်းပါဘူး၊ မမိဘတွေကို အား နာစရာ ကောင်းပါတယ်၊ နောက်မှ သေချာ တောင်းရမ်း စေ့စပ်ပြီး မင်္ဂလာကိစ္စ စီစဉ်ရအောင်ပါ"

"ဟင် ... အဲ့ဒါဆို ကြာဦးမှာ၊ မမဂီတတို့ ကိုကြီးတို့က





လည်း အမျိုးမျိုး နှောင့်နှေးကြန့်ကြာအောင် လုပ်ကြဦးမှာ၊ ခုကတည်းက ခိုးပြေးလိုက်တော့ အေးရော ..."

"ဟာ ... မဖြစ်ပါဘူး မရာ၊ မအရွယ် မဂုဏ်သိက္ခာနဲ့ ဒီလိုလုပ်ဖို့ မသင့်တော်ပါဘူး"

"လာပြန်ပြီလား ... ဒီအရွယ်၊ ဒီအရွယ်ကို စကားထဲ ထည့် ထည့်ပြောတာ မကြိုက်ပါဘူးဆို ..."

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ပြောတာ မကြိုက်ရင် မပြောပါ ဘူး၊ ဒါပေမယ့် ဒီလိုလုပ်လို့တော့ မဖြစ် ..."

"မောင်နော်၊ ပြောတဲ့အတိုင်း လုပ်မလား မလုပ်ဘူးလားပဲ ပြော ..."

"မကဗျာ ... တကယ်ပါပဲ၊ ကျွန်တော့်ကို အမြဲ နိုင်ချင်နေ တော့တာပဲ၊ ကဲ ... သဘောဗျာ ... သဘော၊ ခိုးပြေးစေချင် လည်း ခိုးပြေးပါ့မယ်"

"ဟင်း ... ဟင်း ... ဒါမျိုးကျတော့ မောင့်ကို ခန့်အောင် ရှိန်အောင် လေးစားအောင်ဆိုပြီး မကို မဆန့်ကျင်တော့ဘူး လား ..."

"ဒါတော့ ... ကျုပ်ကလည်း မခွဲချင်ဘူးကိုးဗျ"

"ဟင်း ... ဟင်း ... ဟင်း ..."

တေးက ပျော်မြူးရယ်မောဆဲမှာ မိတ္ထီလာက ကား လည်း ရောက်လာပြီမို့ တေးက မောင့်လက်ကို ခိုတွဲကာ ကားပေါ် သို့ လှမ်းတက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

မောင့် ခြံကျယ်ကြီးထဲသို့ မောင့် လက်ကို ခိုတွဲ၍ လှမ်းဝင်လိုက်ချိန်မှာ တစ်ခြံလုံး တိတ်ဆိတ် ငြိမ်သက်နေခဲ့ပါသည်။

ဟိုးအဝေးက ပုပ္ပားတောင်မကြီးသည် ကောင်းကင်ပြာအောက်မှာ စိမ့်ညို၍နေဆဲပင်။ စိမ်းစိုသော သစ်ပင်များနှင့် နဂါးမောက်ပင်တန်းများကြားမှ တေးတို့ အတူလျှောက်ဝင်လာချိန်မှာ တစ်ခဲနက် အော်ဟစ်သံကြီးကို ကြားလိုက်ရပါသည်။

"ဝေး ... ဟေး ... ဟေး ..."

"ဟေး ..."

"ဟား ... ဟား ... ထင်တဲ့အတိုင်းပဲဟေ့ ..."

"အောင်မြင်ပြီဟေ့ ..."

ခြံထဲသို့ ရောက်နှင့်နေသော နွားညို၊ ယမင်း၊ သန်းကြည်မောင်၊ အောင်ချိုနှင့် ကိုအောင်ကြဲတို့ အုပ်စုက သစ်ပင်တွေကြားမှ ဘွားခနဲ ပေါ်လာကာ သံပြိုင် အော်ဟစ်လိုက်ကြသည်။





တေးက ရှက်လှတာမို့ ပြုံးစိစိဖြင့် မောင့်လက်မောင်းမှာ မျက်နှာဖွက်ထားလိုက်သည်။

မောင်က တေးကို တိုးတိုးကျိတ်စယ်သည်မှာ ...

"မ ကျွန်တော့်ကို လက်ထပ်လိုက်တဲ့အတွက် ဘယ်တော့မှ မအိုတော့ဘူး ... သိလား"

"ဟင် ... ဘာလို့လဲ"

"ကျွန်တော် စိုက်ထားတဲ့ နဂါးမောက်သီးတွေထဲမှာ အရွယ်တင် နုပျိုစေတဲ့ လိုင်ကိုပိန်းဓာတ်တွေ အများကြီး ပါတယ်လေ၊ မ နေ့တိုင်း နဂါးမောက်သီးတွေ စိတ်ကြိုက် စားပေါ့၊ ဒါမှ အမြဲ အရွယ်တင်နုပျိုနေမှာ ..."

"ပြောပြန်ပြီ ... ဒီအရွယ်ကို၊ တို့က နဂါးမောက်သီး မစားလည်း နုပျိုပြီးသား ..."

"ထားပါတော့ ..."

"မောင်နော် ..."

"ဟား ... ဟား ..."

မောင့် ရယ်သံမောသံကပင် နဂါးမောက်သီးထက် အစွမ်းထက်စွာဖြင့် တေးကို နုပျိုသွားစေပါသည်။

ထိုညက အားလုံး စုဝေးကာ မီးပုံပွဲလေး တစ်ပွဲ လုပ်ခဲ့ကြပါသည်။

ကောင်းကင်မှာ ကြယ်ကလေးတွေ စုံညီကာ လသည်လည်း သာနေခဲ့သည်။

နှင်းမှုန်ကလေးတွေကလည်း တဖွဲဖွဲကျနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလေအေးကလည်း အေးအေးသာသာ တိုက်ခတ်နေခဲ့သည်။

အဝေးချစ် ချစ်ခဲ့ကြသော်လည်း မဝေးတော့ပြီဖြစ်သော တေးတို့ နှစ်ယောက်ကတော့ တစ်ယောက်နဲ့ တစ်ယောက် အကြည့်ချင်းဆုံလိုက်ရုံကလေးနဲ့တောင် နွေးထွေးနေခဲ့ကြပါသည်။

အချစ်ကြောင့်ပင် တေးတို့ရဲ့ ဘဝတွေ ညီညီညာညာ အောင်ကြောင်းဖြာရလိမ့်မည်ဟု တေးတို့ နှစ်ဦးလုံး အခိုင်အမာ ယုံကြည်မိလေသည်။

ပုညခင်

10.2.2014

3 : 38 Am

BURMESE CLASSIC .com



www.burmeseclassic.com